www.burmeseclassic.com

ပုညခင်စာအုပ်တိုက်

# ပုညခင်

## တစ်နေ့မှာ အချစ်ကိုတွေ့ရင် ...



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၁၁၆၀၆၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၀၆၂၀၆၀၉ |
| ထုတ်ဝေခြင်း | - | ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ<br>ပထမအကြိမ် |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ကွန်ပျူတာစာစီ | - | ကိုသက်အောင်(ကမ္ဘာအေး) |
| ထုတ်ဝေသူ | - | ဒေါ်သင်းသင်းမာ( ယာယီ-၈၅၆ )<br>ပုညခင်စာအုပ်တိုက်<br>တိုက်-၆၁၊ အခန်း-၁၁၊<br>ကမ္ဘာအေးဘုရားလမ်း၊<br>( ပါရမီလမ်းထောင့် )<br>မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ |
| အတွင်းပုံနှိပ် | - | ဒေါ်ခင်ခင်ဝင်း ( ၀၂၆၇၀ )<br>ကလျာပုံနှိပ်တိုက်<br>၁၅၂၊ ကျွန်းရှေ့မြိုင်လမ်း၊<br>သုဝဏ္ဏ၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | - | ဦးမြသိန်း<br>သိန်းမြင့်ဝင်းပုံနှိပ်တိုက်<br>၉၆၊ ၁၁-လမ်း၊ ရန်ကုန်။ |


BURMESE CLASSIC .com

ပုညခင် စာအုပ်တိုက်

# ပုညခင်

# တစ်နေ့မှာ အချစ်ကိုတွေ့ရင်



ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

ဒုက္ခပါပဲ … လူတွေ အများကြီးပဲ …။

နှင်းမခသည် UFL ကျောင်းဝန်းထဲက ပြုံခဲကာ ထွက်လာသော ကျောင်းသားတွေကို လှမ်းမျှော်ကြည့်ရင်း သူမအတွက် ဘယ်တော့မှ ရိုးအီမသွားသော စကားလုံးလေးကို ကြောက်လန့်တကြား ရေရွတ်လိုက်မိသည်။ ပြီးတော့ ထုံးစံအတိုင်း ဘယ်ဘက် လက်မကလေးက နှုတ်ခမ်းနား ကပ်သွားကာ ထိုလက်မရဲ့ လက်သည်းကလေးကို သူမရဲ့ ယုန်သွားကလေးများဖြင့် တကျစ်ကျစ် ကိုက်ကိုက်နေလိုက်ပါသည်။ မေသွယ် … သစ်သစ်နှင့် အိစံတို့ရဲ့ မျက်နှာတွေက ချက်ချင်း ရှုံ့မဲ့သွားကြကာ …

“မခရယ် … ရှင့်တစ်ယောက်နဲ့တော့ ခက်တော့တာပဲ၊ ဒီလောက် အကြိမ်ကြိမ် သတိပေးလာရက်နဲ့ ဒီရောက်တော့လည်း ဒီပုံစံအတိုင်းပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... သူ့ကို တို့ သုံးယောက် ဝိုင်းပြောလာတာ တစ်နာရီလောက်တောင် ကြာတာနော် ..."

"တစ်နာရီနဲ့ ကိုးမိနစ် ကြာတယ်ဟဲ့ ...၊ ငါ သေသေချာချာ ကြည့်မှတ်ထားတာ"

"အေးဟာ ... ပြောရတာ အာပေါက်မတတ်ပဲလေ၊ ကိုယ်က အရင်လို အထက်တန်းကျောင်းသူ မဟုတ်တော့ဘူး၊ လူကြီးတစ်ပိုင်း ဖြစ်နေပြီ၊ သူငယ်ချင်းဆိုတာ ဘဝတစ်လျှောက်လုံး အားကိုးသွားလို့ရတာ မဟုတ်ဘူး၊ သူငယ်ချင်းကို ချစ်တာလည်း ချစ်ပါ၊ အားကိုးသင့်သလောက်လည်း အားကိုးပါ၊ ဒါပေမယ့် ဒီသူငယ်ချင်းတွေမှ မရှိရင် မနေတတ်၊ မထိုင်တတ်၊ ဘယ်မှမသွားတတ်၊ လူတောမတိုးရဲတာမျိုး မဖြစ်ပါစေနဲ့၊ ဟဲ့ ... အိစံ ပြီးတော့ ဘာရှိသေးလဲ၊ ငါတို့ ပြောခဲ့တာ ..."

"ရှိသေးတယ် ... ရှိသေးတယ်၊ လူကြောက်တဲ့ အကျင့်ကို ပြင်ပါ၊ လူလူချင်း ဘာမှ ကြောက်စရာမရှိဘူး၊ လူတွေ အများကြီး မြင်တိုင်း ဒုက္ခပဲလို့ မညည်းနဲ့၊ ခေါင်းကြီး ငုံ့မသွားနဲ့၊ ငါတို့ လက်ကို နင့်ရဲ့ အေးစက်စက် လက်တွေနဲ့ ကြောက်အားလန့်အား လာမဆုပ်နဲ့၊ ပြီးတော့ ... ဘာပြောသေးလဲဟေ့ ..."





"ရွှေသစ် ... နင်ကလည်း နင်ပြောပြီး နင်ပဲ ပြန်မေ့ပြီးတော့ အဲဒီတုန်းက ငါဘာပြောမိလဲလို့ သူများကို ပြန်မေးတဲ့ အကျင့်ကို ပြင်ဦး ..."

"အေးပါ ... အေးပါ၊ အဲဒါ ခဏထား၊ မခ ကိစ္စကိုပဲ ဆက်ရအောင်"

"အဲဒီတုန်းက နင်ရော ငါရော အိစံရော တစ်ယောက် တစ်မျိုး ဝိုင်း သတိပေးခဲ့တာပဲလေ၊ မခကို အဲ့ဒီလို ပုံစံမျိုးကြီးမှ ဖြစ်မနေစေချင်တာ၊ တက္ကသိုလ်ကျောင်းသူ ဖြစ်မှတော့ တက္ကသိုလ်ကျောင်းသူလို ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိရှိနဲ့ လှလှပပ ဝံ့ဝံ့စားစားလေး ဖြစ်နေစေချင်တာကိုး၊ မိန်းကလေးဆိုတာ အရှက်အကြောက် ရှိရတယ် ဆိုပေမယ့် ရှက်သင့်တာကိုပဲ ရှက်ဖို့၊ မရှက်သင့်တာကို အလွန်အမင်း ရှက်၊ လူကြားထဲသွားရမှာလည်း ရှက်၊ တစိမ်းနဲ့တွေ့လည်း ရှက်၊ လူရှေ့မှာ အများသုံး အိမ်သာထဲ ဝင်သွားရမှာလည်း ရှက်၊ ရှက်ချင်တိုင်း ရှက်ရှက်ပြီး လက်သည်းတကျိုကျိုကိုက်နေတဲ့ အကျင့်ကိုလည်း ပြင်ခိုင်းကြရသေးတာ၊ ဟဲ့ ... သြော် ပြောနေရင်း လက်သည်းက ကိုက်ထားရပြန်ပြီ၊ မခရယ် ... နင့်လက်ကို ဖယ်စမ်း၊ သစ်သစ် သူ့လက်ကို ဆွဲချုပ်ထားစမ်းဟယ်၊ လက်ကိုင်ပဝါနဲ့ဖြစ်ဖြစ် သူ့လက်ချောင်းတွေကို စုစည်းထားလိုက် ..."



www.burmeseclassic.com

www.burmeseclassic.com



"လတ်ကိုင်ဝေါတော့ မရှိဘူး၊ ခါးပတ်ကြိုးပဲ ရှိတယ်"

သစ်သစ်က သူဝတ်ထားသည့် ကုတ်အင်္ကျီပုံစံလိုလို ခါးရှည်ရှည်အင်္ကျီလေးရဲ့ ခါးပတ်ကွင်းထဲက ခါးပတ်ကြိုး၊ အဝတ်စ ပျော့ပျော့လေးကို လျှောခနဲ ဆွဲထုတ်လိုက်ပါသည်။ ပြီးတော့ မခရဲ့ ဘယ်လက်ကို ဆွဲယူကာ လက်ချောင်းကလေးတွေကို စုစည်းလိုက်သည်။

"နင်တို့ကလည်းဟယ် ... အဲဒီလိုမလုပ်ပါနဲ့၊ ငါက အကျင့် ပါနေပြီကိုး၊ မတတ်နိုင်ဘူးပေါ့"

မခက ပြောနေရင်းက ညာလက်ကလေးကို မြှောက်ကာ လက်မ လက်သည်းကလေးကို သွားဖြင့် တကျိုကျို ထိပြန်ရာ ...

"ဟဲ့ ... ပြောနေတာ မရဘူးလား၊ ကဲ ... လာ ... တွေ့မယ်"

သစ်သစ်က စိတ်တိုလာကာ ညာလက်ကိုပါ ဖမ်းဆွဲပူးချည်ပေးလိုက်သည်။ ပြီးတော့ ချည်ထားသည့် လက်ကို လူမမြင်အောင် မခ စလွယ်သိုင်းထားသည့် လွယ်အိတ်ထဲ ထိုးထည့်ပေးထားလိုက်ပါသည်။

"နင်တို့ကလည်းဟယ် ..."

"ဘာ နင်တို့ကလည်းဟယ်လဲ ...၊ တို့ သုံးယောက် ဝိုင်း





နားချတုန်းကတော့ ရှင်က ခေါင်းထည်ိတ်ညိတ်နဲ့လေ မခရဲ့၊ ရှင့်ကို ဒီအကျင့်ကြီး တစ်သက်လုံး စွဲသွားမှာစိုးလို့ တက္ကသိုလ် စ,တက်တဲ့နေ့ကစပြီး ပြုပြင်ပြောင်းလဲဖို့ ငါတို့မှာဖြင့် အာပေါက်အောင် ပြောလိုက်ရတာ၊ ဒီပုံအတိုင်းဆို တစ်သက်လုံး လူတောမတိုး ဖြစ်သွားလိမ့်မယ် မခရဲ့၊ အကျင့်ဆိုတာ သတိထား ပြင်ရင် ရတာပဲ"

"ကဲ ... ကဲ ... လာ ... ဟိုဘက်က ကန်တင်းမှာ ခဏထိုင်ပြီး တစ်ခုခု စားကြရအောင်"

"အို ... ကန်တင်းထဲမှာ ဒီလောက် လူတွေများနေတဲ့ ဥစ္စာ"

"အဲဒီလို လူများလို့ကို နင့်ကို တမင်ခေါ်သွားမှာ ... လာခဲ့"

အိစံနှင့် မေသွယ်က မခရဲ့ လက်မောင်းတစ်ဖက်တစ်ချက်စီကို တရားခံဖမ်းသလို ခပ်ကျစ်ကျစ်ကိုင်ကာ လူရှုပ်ထွေးလွန်းသော ကန်တင်းထဲ ဆွဲခေါ်လာခဲ့ကြပါသည်။

မခကို အဲဒီလို မလုပ်လို့မရပါ။ မခရယ် ... အိစံရယ် ... မေသွယ်ရယ် ... သစ်သစ်ရယ် ... ဒီသုံးယောက်ဟာ အိမ်နီးနားချင်းတွေလည်း ဖြစ်ကြကာ သူငယ်တန်းကတည်းက တတွဲတွဲပေါင်းလာကြသည့် သူငယ်ချင်းများမို့ မခ အကြောင်းကို သစ်သစ်တို့က အူကျေးခါးမကျန် သိခဲ့ကြပါသည်။

မခက အလွန်အမင်း ရှုကြောက်သည်။ လူများများ



www.burmeseclassic.com

www.burmeseclassic.com



ထဲဆို မသွားချင်။ သူ့ကို လူတိုင်းက ဝိုင်းကြည့်နေတယ်ပဲထင်ကာ ခေါင်းကြီးအောက်စိုက်၊ လက်သည်းကိုက်လို့ မျက်ရည်တွေ ဝဲဝဲလာတတ်ပါသည်။ ငယ်ငယ်တုန်းကဆိုရင် လက်သည်းကိုက်ရင်း သွားရည်တွေဘာတွေတောင် ကျလို့လေ ...။ တော်တော်ရုပ်ဆိုးခဲ့တာပေါ့ ...။

လူများများရှိရာ ကျောင်းကိုတောင် မနည်းရအောင်ထားခဲ့ရတာပင် ...။ မခရဲ့ မိဘတွေကလည်း မခကို လူမကြောက်အောင် အမျိုးမျိုး ကြိုးစားခဲ့ကြပါသေးသည်။ သို့သော် ဘာမှ ထူးခြားပြောင်းလဲမလာခဲ့ပါ။

ငယ်ငယ်လေးကတည်းကပင် မခက သစ်သစ်တို့ သူငယ်ချင်းသုံးယောက်ကို အလွန်အားပြု ရပ်တည်ခဲ့ပါသည်။ ကျောင်းမှာလည်း ဘယ်သူ့ကိုမှ အရောတဝင် မပေါင်း၊ စကားလည်း ဟဟမပြော၊ လူများများ ရှိတဲ့ ကျောင်းထဲ ဝင်လာကတည်းကပင် အလိုလိုနေရင်း ခပ်ကုပ်ကုပ် ခပ်လျှိုလျှို ဖြစ်သွားကာ ခေါင်းကို ငုံ့ငုံ့ထားတတ်ပါသည်။

ဘယ်သွားသွား ဒီသူငယ်ချင်းတွေထဲက တစ်ယောက်ပါမှ သွားတတ်သော မခဟာ ဟိုနား ဒီနားလေးတောင် တစ်ယောက်တည်း လမ်းလျှောက်သွားတတ်သူ မဟုတ်ပါ။ သူမနံဘေးမှာ အဖော်မပါလျှင် ခြေလှမ်းတွေက မှားပြီ၊ ကချော်ကချွတ်





ဖြစ်လာပြီ။ ပြီးတော့ အဆိုးဆုံးတစ်ခုက အများသုံး Toilet နားမှာ လူရှိလျှင် အိမ်သာထဲ ဝင်မသွားရဲခြင်းပင်။ အဲ့ဒီကိစ္စအတွက် မခနှင့် သူမတို့ မကြာခဏ စကားများဖူးကြပါသည်။ မခက လူတွေ ရှိနေလို့ဟုဆိုကာ ကျိတ်မှိတ် အောင့်အည်းနေတိုင်း သူမတို့ စိတ်တိုကြရမြဲပင် ...။

မခ ဖြစ်နေပုံဟာ ရိုးရိုးသာမန်တော့ မဟုတ်ပါ။

မခ မိဘတွေ ပြောတာတော့ Social Phobia ဆိုလား ...။ လူအများကို ကြောက်တတ်သော အစွန်းရောက်ကြောက်စိတ်တစ်မျိုးကြောင့်ဟု ဆိုပါသည်။ စိတ်ရောဂါလိုမျိုးကြီးတော့ မဟုတ်ပါ။ ကျန်တာအားလုံးကတော့ ပုံမှန်အတိုင်းပါပင်။ တချို့ လူတွေဖြစ်တတ်သလို ပိုးဟပ်ကြောက်တာ၊ မိုးခြိမ်းသံကြောက်တာ၊ သွေးကြောက်တာ ... စသဖြင့် တစ်ခုခုကို ပုံမှန်ထက်ပိုပြီး လွန်လွန်ကဲကဲ ကြောက်တတ်တာမျိုးပင်။

"ကဲ ... ထိုင် မခ၊ ဒီနေ့ကစပြီး နင့်ကို ပြုပြင်မှ ဖြစ်တော့မှာ၊ ဘာစားမလဲ မှာ၊ ခေါင်းကို မော့ထား၊ မျက်လွှာမချနဲ့၊ ကဲန်တင်းထဲကို ခပ်တည်တည်မှန်မှန်ထဲကြည့်ပြီး လေ့လာ"

အိစံက အမိန့်ပေးသံဆန်ဆန်ဖြင့် ပြောလိုက်ပါသည်။ မခက အသနားခံသံကလေးနှင့် ...

"ငါ့လက်ကို ဖြုတ်ပေးကြဦးလေဟယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အခု ဖြုတ်ပေးလိုက်ရင် နင်က လက်သည်း ပြန်ကိုက်မှာ မဟုတ်လား၊ ငါသိတယ်နော်"

"နင်တို့ ဖြုတ်မပေးတော့ ငါက ဘယ်လို အစားစားမလဲ၊ နင်တို့ ခွံ့ကျွေးမှာလား"

သစ်သစ်က မခကို မျက်စောင်းထိုးလိုက်ရင်း ...

"ခွံ့တော့ မကျွေးနိုင်ဘူးဟေ့၊ ခဏနေဦး ... ပြီးမှ ဖြုတ်ပေးမယ်၊ စားခါနီးမှ ..."

အိစံက ခပ်ဝေးဝေးက စားပွဲထိုးလေးကို မခ မြင်အောင် ညွှန်ပြလိုက်ရင်း ...

"ဟိုးမှာ တွေ့လား ... စားပွဲထိုးလေး၊ သူ ဒီဘက်လှည့်လာမှာကို နင် စောင့်ကြည့်နေ၊ သူလှည့်လာတာနဲ့ လက်ပြပြီးတော့ပဲဖြစ်ဖြစ် ခေါင်းညိတ်ပြီးတော့ပဲဖြစ်ဖြစ် လှမ်းခေါ်၊ ပြီးတော့ ဘာတွေရမလဲ မေး၊ ပြီးရင် နင်ကြိုက်တာမှာ"

"နင်တို့ မှာမပေးဘူးလား ..."

"ငါတို့က ဒီနေ့ကစပြီး နင်မှီခိုတာ မခံတော့ဘူး ကိုယ့်ဘာသာ ကိုယ့်အားကိုယ်ကိုးနိုင်အောင် ကြိုးစား"

"ဘာဖြစ်လို့လဲ ..."

"ဪ ... ဒုံးဝေးပါ၊ ငါတို့လည်း ကိုယ့်ဘာသာ ရည်းစား ထားပြီး ရည်းစားနဲ့ တွဲချင်သေးတာပေါ့၊ နင်နဲ့ပဲ အမြဲ တွဲမနေနိုင်ပေါင်"





"အံမယ် ... နင်တို့နော်၊ ငါ့ကို တစ်ယောက်တည်း မထား ခဲ့နဲ့ ..."

မခက ငိုမဲ့မဲ့လေး ဖြစ်သွားပါသည်။ အိစံကတော့ တစ်ဖက်လှည့်ပြီး ကျိတ်ရယ်နေပါသည်။

မခက တစ်နေရာရာမှာ သူငယ်ချင်းတွေနဲ့ ထမင်း သွားစားတိုင်း သူမ ဘာစားချင်တယ်ဆိုတာ သူငယ်ချင်းတွေကို သာ ကပ်ပြောတတ်ပြီး စားပွဲထိုးကို ဘယ်တော့မှ တိုက်ရိုက် မှာလေ့မရှိ။ ဘယ်တော့မဆို ဘယ်နေရာမဆို ရှုကြဲ ရှက်ကြောက်၊ လူတောမတိုးချင်သော မခကို ဒီနေ့မှာတော့ အိစံတို့ သူငယ်ချင်း သုံးယောက်က အကြမ်းကိုင် ပြုပြင်ပညာပေးဖို့ တိုင်ပင်ထားကြ ပါသည်။

"ဟော ... ဟော ... ဟိုမှာ တွေ့လား၊ waiter လေး ဒီဘက် လှမ်းကြည့်နေပြီ၊ ခေါ်လိုက် ... ခေါ်လိုက် ..."

မခက လှမ်းတော့ကြည့်သည်။ သို့သော် ... ကြောင် ကြောင်ကြီးသာ ကြည့်နေတော့သည်။ ပါးစပ်ကလည်း ပွင့်မလာ။ ခေါင်းကလည်း လှုပ်မလာတာမို့ အားလုံး အသည်းယားသွားကြ တာ ...

"ခေါ်လေ ... ခေါ်လိုက်လို့ ဆို၊ မခေါ်ဘူးလား၊ ရွတ် ... ရွတ်"



www.burmeseclassic.com

www.burmeseclassic.com



သစ်သစ်က မခကို တိုက်တွန်းလို့ မရတာမို့ သူမကပဲ အကျင့်ပါနေတဲ့အတိုင်း တရွတ်ရွတ် လှမ်းခေါ်ရင်း မခကို မျက်စောင်းထိုးလိုက်ပါသည်။ စားပွဲထိုးလေးက အနားရောက်လာကာ ...

"ဘာမှာမလဲ အစ်မ ..."

"ဘာမှာမလဲတဲ့ မေးနေတယ်၊ စားချင်တာ မှာလေ မခ"

"ဟို ... ဟို နန်း ... နန်းကြီးသုပ် ..."

"အံမယ်လေးဟဲ့ ... နန်းကြီးသုတ်ကလေး ပြောဖို့အရေး ဒီလောက်တောင် ဖင့်နွှေးနေရသလား ..."

အိစံတို့ အားလုံးက မခကို တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းနှိပ်ကွပ် ပညာပေးနေကြတာမို့ မခ မျက်နှာလေး ငယ်နေသည်။ ထိုခဏမှာပင် အိစံက သစ်သစ်နဲ့ မေသွယ့်ကို မျက်ရိပ်ပြလိုက်ပြီး ...

"မခရေ ... နင် ဒီမှာ ခဏစောင့်နေဦးနော်၊ ငါတို့ Toilet ခဏသွားလိုက်ဦးမယ်"

"ဟင်ႇ... ငါလည်း လိုက်မယ်"

"လိုက်မနေပါနဲ့၊ မုန့်တွေလည်း မှာထားတဲ့ဟာ၊ ဒီစားပွဲမှာ တစ်ယောက်တော့ ကျန်ခဲ့မှဖြစ်မှာပေါ့၊ ခဏပဲ ... မကြာဘူး"





"မြန်မြန် ပြန်ခဲ့နော်"

"အေးပါ ..."

"မကြာနဲ့နော် ..."

"အေးပါဆို ..."

အိစံတို့ သုံးယောက် အလျှိုအလျှို ထ,ထွက်လာခဲ့ကြပါသည်။ မခကို အဲဒီလိုထားခဲ့ရင် မခတစ်ယောက်တည်း သူ့ဘာသာ အရဲကိုးတတ်သွားလိမ့်မည်ဟု မျှော်လင့်ခဲ့မိခြင်းပင်။

မခရဲ့ လက်ချောင်းကလေးတွေကို ကြိုးဖြည်ပေးခဲ့ဖို့ကိုတော့ သူမတို့ သုံးယောက်လုံး အမှန်တကယ်ပင် မေ့လျော့သွားခဲ့ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

'နယုန်မိုး' သည် သူ့ပတ်ဝန်းကျင်မှာတော့ အလွန်ပင် နာမည်ကျော်ကြားသော လူငယ်လေးတစ်ယောက် ဖြစ်လေသည်။ သူ့မိဘတွေဟာ ချမ်းသာရုံမက အလှူအတန်းလည်း ရက်ရောလှလေရာ ဘယ်သူ ဘယ်ဝါဟု နာမည်ရွတ်ပြလိုက်ရုံနှင့်ပင် လူအတော်များများက 'သြော် … သိတယ် … သိတယ်၊ ဘယ်တုန်းက ဘယ်မှာ ဘာလှူသွားတာလေ' ဟု အမှတ်ထင်ထင် ပြောနိုင်ကြသူများ ဖြစ်သည်။

နယုန်မိုးရဲ့ အသိုက်အဝန်းဟာ အလွန်ကြီးပါသည်။ ဦးအောင်ခေတ်မိုးရဲ့ သား' ဟု ဆိုလိုက်တာနှင့်ပင် လူတကာက စိတ်ဝင်တစား လိုက်ကြည့်တတ်တာကို ခုတော့ သူ ရိုးတောင်နေပြီ။

သူက လူငယ်ပီပီ လွတ်လပ်မှုကို ကြိုးစားသည်။

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်တက်ကြွနေသည်။ မကြိုက်တာဆို လုံးဝ လှည့်မကြည့်၊ ကြိုက်တာဆို မရ ရအောင် ယူတတ်သော အကျင့် ဗီဇကတော့ သူ့ဆီမှာ အလွန်ခိုင်မာစွာ ရှိနေခဲ့သည်။

နယုန်မိုးဟာ မိဘကြောင့်သာ နာမည်ကြီးရတာ မဟုတ်၊ ရည်းစားများကာ မွေ့ရှုပ်လှသူလို့လည်း နာမည်ကြီးရသူ ဖြစ်သည်။ သူ့မှာ မိန်းကလေးသူငယ်ချင်းတွေ ရှိသည်။ ဘာဂလို တိုတိုလေးတွေလည်း ရှိသည်။ ကိုယ့်ဘက်က ဘာရယ် ညာရယ် မဟုတ်ပေမယ့် တစ်ဖက်က သိပ် ဘာဂလိုနေတာမို့ အထင်မှား ခံရတာတွေလည်း ရှိသည်။ ပြီးတော့ ရည်းစား တစ်ယောက်ကို နှစ်လပဲ တွဲသည်ရယ်လို့ နာမည်ဆိုးကလေးလည်း ရှိနှင့်နေလေသည်။

အဲဒီနေ့ကတော့ နယုန်မိုးသည် ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် သူငယ်ချင်းများနှင့် ချိန်းထားသော UFL ကန်တင်းဘက်သို့ လျှောက်လာခဲ့တာဖြစ်သည်။ အမှန်ပြောရလျှင် မိန်းကလေးတွေနဲ့ တွဲရတာထက် ယောကျ်ားလေး သူငယ်ချင်းတွေနဲ့ တွဲရတာကို သူပိုပျော်ပါသည်။ မိန်းကလေးဆိုတာက ဘာညာသာရကာ ကြံဖန်ဂျီကျ ခြေဆောင် စိတ်ကောက်၊ ဆန္ဒပြ ရန်တွေ့၊ သဝန်တို ပူဆာ၊ သူများက လိုက်ချင်မှန်း မသိ မလိုက်ချင်မှန်း မသိ ဟိုဟိုဒီဒီ အဖော်ခေါ်၊ ဟိုဟာလုပ်ခိုင်း၊ ဒီဟာလုပ်





ခိုင်း၊ Shopping ထွက်ရင် အထုတ်ဆွဲခိုင်း၊ သူတို့ ဆံပင်ညှပ်တာကို မိန်းမတွေ တလှေကြီး ရှိသည့် Beauty saloon ထဲမှာ ထိုင်စောင့်ခိုင်း၊ သူတို့ ဝယ်သည့် ဖိနပ်တွေ၊ အိတ်တွေ၊ အဝတ်အစားတွေကို ဝတ်ပြ၊ လွယ်ပြ၊ စီးပြပြီး လှမလှ အကဲဖြတ်ခိုင်း၊ အကြံပေးခိုင်း၊ ကူရွေးခိုင်း ဘာတွေမှန်းမသိ ရှုပ်ယှက်ခတ်နေတတ်သည်။ အဲ့ဒါမျိုးတွေကို ကြာတော့ စိတ်ကုန်သည်။

ယောကျ်ားလေး သူငယ်ချင်းများမှာတော့ ဒါမျိုးတွေ မရှိတာမို့ သူကြိုက်သည်။

"ဟိတ် ... ရှုတ် ... ရှုတ် ... နယုန်မိုး"

ဟိုက်ရော ... ဒါ သဇင့် အသံပါလား ...။ ရုတ်တရက် စာသင်ခန်းထောင့်ချိုးနားက ထွက်ပေါ်လာသော ခေါ်သံကြောင့် သူ နည်းနည်းစိတ်ပိန်သွားသည်။ မတွေ့ချင်လို့ ရှောင်နေကာမှ မရမက လှမ်းခေါ်နေတာမို့ သူက ဉာဏ်ကို လှာပြီး ဆုံဖို့ ဆုံးဖြတ်လိုက်ပါသည်။

"ဟိတ် ... ယုန် ခေါ်နေတာ မကြားဘူးလား"

"ကြားတယ် ... ကြားတယ် သဇင်ရေ ..."

"ကြားရင် ဘာဖြစ်လို့ ယူ့ ခြေလှမ်းတွေကို ရပ်မပစ်တာလဲ"

"ဒီခြေထောက်တွေကို ခုချိန်မှာ ဘရိတ်အုပ်ပစ်လိုက်ရင် ဘယ်လောက် အန္တရာယ်ကြီးတယ် မှတ်လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"အပိုတွေ လျှောက်ပြောမနေပါနဲ့"

"ခုပြောနေတာလည်း အပိုကိစ္စအတွက်ပဲလေ၊ အပိုတွေကို သွားစွန့်ပစ်ရမှာမို့ သခင်နဲ့ စကားရပ်မပြောနိုင်တာ ဆောရီး ကွာ"

"ဟင် ... ဘာတွေ ပြောနေတာလဲ"

"အပိုလေ ... အပို၊ အပိုသွားစွန့်ရမှာမို့လို့ အရမ်း ဗိုက်နာနေလို့၊ Toilet ကို သွားရမှာမို့လို့ ..."

"အမလေး ... သွား ... သွား၊ အမြန်သွားတော့ ..."

သူမက နှာခေါင်းရှုံ့ကာ နှင်လွှတ်လိုက်တော့ သူ စိတ်လက်ပေါ့ပါးစွာ လှစ်ခနဲ ပြေးထွက်လာခဲ့မိပါသည်။ ပြေးရင်းက တီရှပ်ပေါ်မှာ ထပ်ဝတ်ထားသည့် ဂျင်းရှပ်အဖြူလေးကို ချွတ်ပြီး မြှောက်ကစားလိုက်မိသေးသည်။ ပြီးမှ ထိုအင်္ကျီကလေးရဲ့ လက်နှစ်ဖက်ကို ဆွဲကာ ခါးမှာ ပတ်ချည်ပစ်လိုက်ပါသည်။

သခင့်ကို သူ အရင်က ကြိုက်သလိုလို ရှိခဲ့ပေမယ့် ခုတော့ လုံးဝ မကြိုက်တော့တာ သေချာသည်။ အဲ့ဒါကြောင့် ကွေ့ပတ်ရှောင်နေခဲ့တာပင် ...။

ကန်တင်းရှေ့ရောက်တော့ သူက ကန်တင်းထဲ ဖော့ဖော့ ကြည့်လိုက်ပါသည်။ စားပွဲတစ်လုံးမှအပ ကျန်စားပွဲတွေအားလုံး လူပြည့်နေပြီ။ သူ့သူငယ်ချင်းတွေကိုလည်း မတွေ့ရပါ။ သူက



ကောင်မလေး တစ်ယောက်တည်း ခေါင်းငုံ့ထိုင်နေသည့် စားပွဲမှာ ဝင်ထိုင်လိုက်ပါသည်။

"အစ်ကို ဘာမှာမလဲ"

"မမှာသေးဘူး၊ သူငယ်ချင်းတွေ စောင့်လိုက်ဦးမယ်"

သူက စားပွဲထိုးလေးကို ပြန်ပြောလိုက်ပြီး သူ့ရှေ့က ကောင်မလေးကို တစ်ချက်လှမ်းကြည့်လိုက်မိပါသည်။ ပထမတော့ အမှတ်တမဲ့ ကြည့်မိတာပင်၊ နောက်တော့ စိတ်ထဲမှာ ထူးဆန်းသလိုလို ခံစားလာရသည်။

ကောင်မလေးက သူ့ ခေါင်းကို စက်ကျိုးကျ သလောက်နီးနီး ငုံ့ထားသည်။ ပုံမှန် ရာသီဥတုကြီးမှာ ချွေးတွေ တုတ်တုတ်ကျနေသည်။ လက်နှစ်ဖက်ကိုလည်း စလွယ်သိုင်းပြီး ရှေ့ဘက်ပို့ထားသည့် အိတ်ထဲမှာ ထည့်ဖွက်ထားသည်။ သူမ ရှေ့မှာတော့ လုံးဝ မတို့ထိရသေးသည့် နန်းကြီးသုပ် တစ်ပွဲ ရှိနေပါသည်။

နယုန်မိုးက စားပွဲကို တတောက်တောက် ခေါက်ရင်း ဟိုကြည့် ဒီကြည့်လုပ်ရင်း သူငယ်ချင်းတွေကို စောင့်သည်။ စောင့်ရင်းက ကောင်မလေးကို ကြည့်မိပြန်တော့လည်း အရင်အတိုင်း ပုံမပျက်ပင်။ သူက နည်းနည်း ထူးဆန်းလာတာမို့ ကောင်မလေးရှေ့ စားပွဲမျက်နှာပြင်ကို လက်နှင့် လှမ်းခေါက်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ဘာဖြစ်နေတာလဲ၊ မုန့်မစားဘူးလား"

ကောင်မလေးက ဆတ်ခနဲ တုန်သွားသည်။ ဘာမှတော့ မပြောပါ။

"ဟော့ ... ခေါင်းကြီး တအားငုံ့မထားနဲ့လေ၊ မင်းကြည့်ရတာ တစ်ခုခုကို သွေးပျက်နေသလိုပဲ၊ ဘာအခက်အခဲတွေကြုံနေရလို့လဲ ..."

သူမက ဘာမှပြန်မပြောချေ။ နဖူးပေါ်မှ ချွေးစတချို့သာ ပေါက်ခနဲ ပေါက်ခနဲ ပြုတ်ကျလာသည်။

"ဟိတ် ... ရှုတ် ... ရှုတ် ... ခဏ"

သူက စားပွဲထိုး ကောင်လေးကို လှမ်းခေါ်လိုက်ရင်း တီးတိုးကပ်မေးရသည်။

"ဒီမှာ သူက စကားပြောတတ်လား"

"ပြောတတ်ပါတယ် အစ်ကို၊ ခုနတောင် နန်းကြီးသုပ်မှာသေးတယ်၊ အဲ ... ပြောတတ်တယ် ဆိုပေမယ့် နည်းနည်းလေးပြီး ထစ်နေသလိုပဲ၊ တခြားသူတွေနဲ့ သိပ်မတူဘူး အစ်ကို"

"ကြည့်စမ်းကွာ ... သူ ဘာဖြစ်နေတာလဲ၊ ဒီအတိုင်းကြီးထိုင်နေတာ ကြာပြီ၊ ဘာမှလည်း မေးလို့မရဘူး"

"ခုနတော့ သူ့သူငယ်ချင်းတွေနဲ့ အတူလာတာပဲ အစ်ကို





နောက်တော့ ဟိုသုံးယောက်က ထွက်သွားပြီး သူက တစ်ယောက်တည်း အဲဒီလို ပုံစံနဲ့ ကျန်ခဲ့တာပဲ"

နယုန်မိုးက ကောင်မလေး ရှေ့နားကို လက်ချောင်းတွေနှင့် မြင်းပြေးသလို ခေါက်လိုက်ရင်း ...

"ဟေ့ ... စကားပြောတတ်တယ် မဟုတ်လား၊ ဘာဖြစ်နေလဲ ပြောဦးမှပေါ့"

မခသည် မေးနေတာကို ကြားသော်လည်း ဘာမှ ပြန်မပြောနိုင်ချေ။ ရှက်လှသည်၊ ကြောက်လှသည်။ အဲ့ဒီစိတ်တွေပဲ လွှမ်းမိုးဖိစီးခံထားရကာ တစ်ကိုယ်လုံး အေးစက်တုန်ရင်လာသည်။ မခက လွယ်အိတ်ထဲ ထည့်ဖွက်ကာ ကြိုးဖြင့်ချည်ထားသော လက်ချောင်းကလေးတွေကိုသာ ကျိတ်ပြီး ရုန်းဖြုတ်နေလိုက်ပါသည်။

အိစံတို့ ထွက်သွားတာ နာရီဝက်လောက် ရှိသွားပြီမို့ မခကို ထားရစ်ခဲ့မှန်း သိပါသည်။ ရှေ့မှာ နန်းကြီးသုပ်ပွဲချထားသော်လည်း ဒီလက်နဲ့ ဘယ်လိုစားမလဲ ...။ ပိုက်ဆံထုတ်ရှင်းလို့လည်း မရ။ လူအများကြီးထဲကနေ တစ်ယောက်တည်းလည်း ထ,ထွက်မသွားရဲတာမို့ ရင်ထဲမှာ ပူလောင်ဆို့နင်လာရလေသည်။ ဒီအတိုင်းဆို မခ ဘယ်လိုလုပ်ရမည်နည်း။ ရှေ့ကလူကလည်း မရမက မေးခွန်းထုတ်လျက် ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး ... ဘာဖြစ်နေတာလဲ၊ ဘာကူညီရမလဲ ..."

ရှေ့ကလူက မခ မျက်နှာရှေ့နားကို လက်ဖြင့်ယမ်းရင်း မေးပြန်သည်။ မခသည် ဒီလူ့ကို ပြောပြပြီး အကူအညီတောင်းရင် ကောင်းမလားဟု စဉ်းစားမိ၏။ သို့သော် မခ ပါးစပ်က အာစေးထည့်ထားသလို စေ့ပိတ်နေသည်။

"ဟေး ... ဘယ်လိုလေးလဲ၊ မေးနေတာ မကြားဘူးလား"

ဒီတစ်ခါတော့ မခက အားတင်းလိုက်ရင်း ...

"ဟို ... ဟို ... လက် ... လက် ..."

"လက် !လက် ဘာဖြစ်လို့လဲ ..."

"ကြိုး ... ကြိုးနဲ့ ချည် ..."

နယုန်မိုးသည် ကြားရတာ မယုံနိုင်သလို မျက်ခုံးပင့်ထားဆဲ သူမရဲ့ လွယ်အိတ်ထဲက လက်ကလေးက တဖြည်းဖြည်း မြှောက်လာလေသည်။

"ဟာကွာ ... ဆယ်လိုကြိုးလဲကွာ၊ မင်းသူငယ်ချင်းတွေ နောက်ထားတာလား"

"ဟိုလေ ... နောက်တာတော့ မဟုတ်ဘူး ထင်ပါတယ်၊ ကြိုးဖြည်ပေးဖို့ မေ့သွားတာ ဖြစ်မှာပါ"

"အေးလေ ... ကြိုးဖြည်တာကို ခဏထားလိုက်ပါဦး၊ ကြိုးချည်ပေးသွားတာကိုက နောက်တာ မဟုတ်လို့ ဘာလဲ ... ဘာကြိုးကြီးနဲ့ ချည်သွားတာလဲ"





"ဟို ... ခါးပတ်ကြိုးနဲ့ပါ"

"ဘာ ... ခါးပတ်ကြိုး !"

"ဟုတ် ... ဟုတ်ကဲ့၊ အင်္ကျီမှာပါတဲ့ ခါးပတ်ကြိုးပါ"

နယုန်မိုးက သူမလက်က ကြိုးကို ဆွဲဖြည်ပေးလိုက်သည်။ လက်တွေ ကြိုးကလွတ်တာနှင့် သူမက ဘယ်ဘက်လက်မ လက်သည်းကလေးကို ကိုက်ရင်း ခေါင်းငုံ့ငြိမ်သက်နေလေသည်။

နယုန်မိုးသည် သူမ ပုံစံကို တအံ့တဩ ကြည့်နေလိုက်မိပါသည်။ လက်သည်းကိုက်ပြီး ထိုင်ရာက လုံးဝ မရွေ့၊ စကားလည်း မပြော။ သူ့ကိုလည်း တစ်ချက်ပဲ ကြည့်ပြီးနောက် မကြည့်တော့။ မုန့်လည်း မစား။ ငွေလည်း မရှင်း။ ထ,လည်း မသွားချေ။

ပုံမှန်အတိုင်းဆို ကျေးဇူးတင်စကားလေး ပြော၊ မုန့်စားရင်လည်း စား၊ မစားရင် နှုတ်ဆက်ပြီး ထ,သွားရောပေါ့။

"ဟော့ ... ဘာလုပ်နေတာလဲ"

သူက မနေနိုင် မထိုင်နိုင် မေးမိပြန်သည်။

"ထိုင် ... ထိုင်နေတာပါ"

"အေးလေ ... ထိုင်မှန်းတော့ သိတာပေါ့၊ ဒီတိုင်း ငုတ်တုတ်ကြီး ဘာလို့ ထိုင်နေမှန်း မသိလို့ မေးတာပေါ့"

"သူငယ်ချင်းတွေကို စောင့်နေတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းသူငယ်ချင်းတွေက နောက်သွားတာ မဟုတ်လား၊ လာပါဦးတော့မလား"

"မသိဘူး ..."

"မသိရင် လိုက်ရှာပေါ့"

"မရှာရဲလို့ပေါ့"

"မုန့်မစားဘူးလား"

"ဟင့်အင်း ..."

သူမက လက်သည်းကိုက်ရင်း ဆက်ထိုင်နေသည်။ သူ ဘာမှမပြောတော့ဘဲ အသာစောင့်ကြည့်နေလိုက်ပါသည်။

သူမက သူရှိနေတာကိုလည်း စိတ်ကျဉ်းကြပ်နေပုံရကာ ဘာကိုမှန်းမသိ ကြောက်ရွံ့နေပုံလည်း ရှိသည်။

နယုန်မိုးသည် သူမကို ပထမတော့ အထူးအဆန်းမို့ သတိထားမိရာက သူမကို ငေးရင်း ငေးရင်း စိတ်ထဲမှာ တစ်မျိုးတမည် နူးညံ့ကာ ရယ်ချင်လာမိလေသည်။

ဂျပန်မလို မျက်နှာ ဖူးဖူးပြည့်ပြည့်လေးမှာ မျက်ခွံကလေးတွေ အစ်လျက် နှုတ်ခမ်းကလေးတွေကလည်း ထူထူအိအိကလေး။ ဆံပင်ရှေ့စတွေကို နဖူးပေါ်မှာ တိတိညီညီ ချထားပြီး အဖျားလိပ်ထားသည့် ဆံပင်တွေက ပခုံးပေါ်မှာ ဝဲနေသည်၊ လှရုံလှတာမဟုတ်ဘဲ ချစ်စရာ တစ်မျိုးကောင်းတာကတော့ အမှန်တည်း။





နယုန်မိုးက အေးအေးဆေးဆေး ထိုင်နေဆဲ သူ့သူငယ်ချင်းသုံးယောက်က ကန်တင်းထဲ ဝင်လာကာ ...

"ဟေ့ကောင် ... ရောက်နေတာ ကြာပြီလား"

"ဟာ ... ဟေ့ကောင် မင်းက အဖော်နဲ့လား၊ ဟာ ... ဒီလိုမှန်းသိ မလာပါဘူးကွာ"

"ဟေ့ကောင် ... မင်းပါးစပ် ပိတ်ထား"

ဟောင်ဖွာ ဟောင်ဖွာ ထ,အော်လိုက်သော အောင်နေညို့ ပါးစပ်ကို အမြန်ပိတ်နိုင်းလိုက်ရပါသည်။ သူမ ခေါင်းကပိုင့်သွားပါသည်။ ထူးကျော်လှက သူ့နားနားကပ်ကာ ...

"ဟေ့ကောင် ... ယုန် ဒါ နောက်ဇာတ်လမ်း တစ်ပုဒ်လား"

"မဟုတ်ပါဘူးကွာ"

"လျှို့ပြန်ပြီ ..."

"ဘာလျှို့လို့လဲ ..."

"မင်းရှေ့မှာ ရှက်စနိုးကြီးနဲ့ ထိုင်နေတဲ့ ဥစ္စာ ..."

"သူ့ရှက်စနိုးကြီးက ငါ့ကြောင့် ဟုတ်မယ် မထင်ဘူးကွ၊ ကြည့်ရတာ တစ်လောကလုံးကို ရှက်စနိုးဖြစ်နေတဲ့ ပုံ ..."

"လက်သည်းကလည်း ကိုက်သေး ..."

"အေး ... အဲဒါလည်း တစ်မျိုးပဲ၊ သူ့လက်တွေ လွတ်လပ်သွားကတည်းက အဲဒီ လက်သည်းကို မလွတ်တမ်း ကိုက်နေတော့တာ ..."



www.burmeseclassic.com

www.burmeseclassic.com



"လက်သည်းထဲမှာ ချေးတွေနဲ့ဆို ဒုက္ခပဲ"

"လက်ကလေးတွေကတော့ သန့်ပါတယ်ကွာ"

သူတို့အုပ်စုက တီးတိုး တီးတိုး ဖြစ်နေကြပါသည်။ နယုန်မိုးက ကောင်မလေးကို ဘာအကူအညီ ပေးရင်ကောင်းမလဲ စဉ်းစားကာ …

"ဒီမှာ ခင်ဗျားလေးက အခု ဘာဖြစ်နေတာလဲ၊ ကျွန်တော်တို့ ဘာအကူအညီ ပေးရမလဲ …"

သူ မေးနေဆဲ သူမ မျက်ဝန်းထဲက မျက်ရည်ဥတွေ တလိမ့်လိမ့် စီးကျလာသည်။ သူတို့ တစ်အုပ်စုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြတာ …

"ဟာ … ငိုပြီဟ … ငိုပြီ"

"ငိုတာမဟုတ်ဘူး၊ ရှိုက်မှ မရှိုက်တာ၊ မျက်ရည်ကျတာကွ"

"မင်းက အရေးထဲ လာသရုပ်ခွဲနေရပြန်ပါပြီ ထူးကျော်လ ရာ"

နယုန်မိုးက သူ့အိတ်ထဲက တစ်ရှူးတွေ နှိုက်ယူပေးလိုက်ရင်း …

"သူများတွေ မြင်ကုန်လိမ့်မယ်၊ ရော့ … ရော့ … သုတ်လိုက်"

သူက တစ်ရှူးလှမ်းပေးရင်း ပြဿနာပဲဟု တဖွဖွ





ရေရွတ်ကာ ထပြန်ရင်ကောင်းမလား၊ ဆက်ထိုင်ပြီး စောင့်ပေးရကောင်းမလား ဇဝေဇဝါ ဖြစ်နေသည်။ နောက်ဆုံးတော့ သူတို့သူငယ်ချင်း လေးယောက်လုံး စိတ်ပျက်လက်ပျက် ဆက်ထိုင်နေရင်း သူမကို စောင့်ရှောက်ပေးနေလိုက်လေသည်။ တစ်ခုခုပြောလာလျှင်တော့ ကူညီနိုင်ရင် ကူညီပေးဖို့ သူ စဉ်းစားမိပါသည်။

နယုန်မိုးသည် ဒီအရွယ် ဒီလိုပုံပန်းကို ခုမှ မြင်ဖူးတာတော့ အမှန်ပင် …။ ဒီအရွယ် ဘယ်အပျိုကလေးကမှ ခုလိုလက်သည်းကိုက်ပြီး ငိုင်ငိုင်ကြီး ငိုက်ကာ ကြောက်အားလန့်အားဖြစ်မနေချေ။ သူတွေ့ဖူးတာတော့ ဒီအရွယ် မိန်းကလေးတွေဟာဆန့်ကျင်ဘက် ယောကျ်ားလေးတွေ ရှေ့မှာ လှလှပပလေး ရှက်ပြတတ်သည်။ မကြည့်သလိုလိုနှင့် ခိုးခိုးကြည့်တတ်သည်။ အေးအေးလေးပဲ ဖြစ်ဖြစ်၊ သွက်သွက်လေးပဲဖြစ်ဖြစ်၊ မြန်မာစကားကိုလှလှပပ အချိုးမတကျ ပြောတတ်သည်။ သူမကတော့ ဘာတစ်ခုမှ အချိုးမပြေလှချေ။ ကြည့်ပါလား … လက်သည်းကိုက်နေတဲ့ပုံဟာ သူငယ်နာ မစင်သေးသည့်ပုံ …။

"မခ … မခရေ …"

"ဟယ် … ရှိသေးတယ်တော့်၊ တို့ ထားခဲ့တဲ့ အတိုင်းပဲ ပုံမပျက်ပဲ …"

"ဟင် … ငိုထားတယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မိန်းကလေး သုံးယောက် အုပ်စုက သူမထံ ကသုတ်ကယက် ဝင်ရောက်လာကြသည်။ သူမရဲ့ ကုန်းနေသော ခါးက မတ်စန့်လာပါသည်။

"နင်တို့ ... နင်တို့ ငါ့ကို ဘာလို့ထားခဲ့တာလဲ ..."

"ဟယ် ... တကယ်ပဲ ဆောရီးပါပဲ မခရယ်၊ ငါတို့ တောင်းပန်ပါတယ်ဟာ၊ ငါတို့က နင့်ကို တစ်ယောက်တည်း ထားခဲ့ရင် နင့်ဘာသာ အရဲကိုးပြီး သွားတတ်၊ လာတတ် ဖြစ်သွားမလားလို့ တမင် ထားခဲ့တာ၊ နင့်လက်ကို ကြိုးချည်ထားတာ ဖြည်ပေးဖို့ ငါတို့ တကယ်မေ့သွားတာ၊ အဲဒါ ခုမှ သတိရပြီး နင့်ကို စိတ်မချလို့ လာပြန်ရှာတာ"

"မခ တစ်ယောက်ကတော့ တကယ်ပါပဲ ...၊ ငါတို့သာ လာမခေါ်ရင် ဒီမှာ ဘယ်လောက်ထိကြာအောင် ဆက်ထိုင်နေဦးမယ် မသိဘူး"

"ဟဲ့ ... လက်သည်း မကိုက်နဲ့လေ၊ ဒီလောက်ပြောထားတဲ့ဟာ ..."

"ဟင် ... သူ့လက်က ကြိုးကို ဘယ်သူဖြုတ်ပေးသွားလဲ"

"သူ ... သူ ဖြုတ်ပေးတာ"

မခက ရှက်မျက်နှာကလေးနှင့် သူမရှေ့က နယုန်မိုးကို လက်ညှိုးထိုးပြတော့မှ အိစံတို့ အာရုံက နယုန်မိုးတို့ဆီ ရောက်သွားကာ ...





"ရှင်တို့က ..."

"ကျွန်တော် နယုန်မိုးပါ၊ ဒါ ကျွန်တော့် သူငယ်ချင်းတွေ၊ သူက ထူးကျော်လှ၊ သူက အောင်နေညို၊ သူက ခင်မောင်ဖုန်း"

"အို ... နာမည်ကို မေးနေတာ မဟုတ်ဘူးရှင့်၊ ဘယ်လိုက ဘယ်လို ရောက်ပြီး မခရှေ့မှာ တစ်ချိန်လုံး ဘာလုပ်နေကြလဲ မေးတာ"

"ဘာမှမဟုတ်ပါဘူး၊ ခုံလွတ်လို့ ဝင်ထိုင်ပြီး ကြိုးတွေ့လို့ ဖြုတ်ပေးလိုက်ပြီးတော့ ထူးဆန်းလို့ ထိုင်ကြည့်နေတာ၊ တစ်ခုခုဆိုရင်တော့ ကူညီမလို့ပါပဲ"

"မခမှာ social phobia ရှိတယ်ရှင့်၊ လူတွေအများကြီးထဲကို တစ်ယောက်တည်း သွားရဲတာ မဟုတ်ဘူး၊ အရမ်းကြောက်တတ်တယ်၊ အဲဒါ ကျွန်မတို့က သူ မကြောက်အောင် လေ့ကျင့်ပေးချင်လို့ ရှောင်ထွက်သွားကြတာ ..."

"ဟော ... ဟိုမှာ ခင်ဗျားတို့ သူငယ်ချင်း လက်သည်း ကိုက်နေပြန်ပြီ၊ ခင်ဗျားတို့ မပြောနဲ့ဗျာ၊ ကျွန်တော်တောင် အဲ့ဒီလက်ကို ကြိုးချည်ပစ်လိုက်ချင်ပြီ"

"ဟဲ့ ... မခရဲ့ လက် ဖယ်ထားစမ်းပါ"

သစ်သစ်က မခ လက်ကို လှမ်းဆွဲကာ သူ့ချိုင်းကြားမှာ ညှပ်ထားလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



“ဟဲ … ဟဲ … ပိုက်ဆံရှင်းပြီး သွားကြရအောင်၊ မခကို [illegible]တ်ပေးတဲ့အတွက် ရှင့်ကိုလည်း ကျေးဇူးတင်ပါတယ် ကို … နေပါဦး … ဘာ မိုး …”

“နယုန်မိုး ဗျ၊ နယုန်မိုး …”

“သြော် … ဟုတ်ပြီ … ဟုတ်ပြီ မှတ်မိပြီ၊ ရှင်က နယုန်လမှာ မွေးတယ်ထင်ရဲ့နော်”

“ဟုတ်ပ့ါ ခင်ဗျာ၊ ခင်ဗျား ထင်တာ ကွက်တိပဲ၊ အရမ်းဉာဏ်ကောင်းတယ်”

နယုန်မိုးက ပြုံးစိစိပြောတော့ သစ်သစ်က မျက်စောင်းထိုးသလိုလို တစ်ချက်ကြည့်ကာ ထွက်ခွာသွားပါသည်။ မခဆိုသူကလေးကတော့ သူငယ်ချင်းရဲ့ လက်ကို ဆုပ်ကိုင်ကာ ပါသွားရင်း သူ့ကို ကျေးဇူးတင်သလိုလေး တစ်ချက်ကြည့်သွားသည်။

“မခ တဲ့ကွ …၊ မခ … မခ …”

သူက ခပ်တိုးတိုး ရေရွတ်လိုက်တော့ သူငယ်ချင်းတွေရဲ့ ခေါင်းတွေက သူ့မျက်နှာနား စုပြုံလာကာ …”

“ယုန် … မင်း ဘယ်လို သဘောရလို့လဲ …”

“အထူးအဆန်းလေးကွ …”

“လက်သည်း ကိုက်တတ်တာကြီးကိုကွာ …”





“ဒါက ကိစ္စမရှိပါဘူး”

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက် ပြောနေကြတာမို့ သူက ရယ်မောလိုက်မိရင်း …

“သူက ငါ့ကို သိပ်မဆွဲဆောင်နိုင်ပါဘူးကွာ၊ တကယ့်ကို ရိုးရိုးလေးပါ၊ ငါ့အတွက် မထူးခြားပါဘူး”

ဟု ပေါ့ပေါ့ပါးပါး ပြောမိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

❋ ❋ ❋

"အဲ့ဒီ နယုန်မိုးက ရူပါတဲ့ ဆရာ…"

"ရူပါဆိုတာ ခြင်နိုင်ဆေးပြားလားဟင်…"

"သူက ရှုပ်တဲ့ ပွေတဲ့ နေရာမှာ ရူပါတဲ့၊ ရည်းစားတွေ အများကြီး ထားပြီး သူ့သဘောမကျရင် ရှောင်သွားရောတဲ့၊ တစ်ယောက်ကို ယေဘုယျအားဖြင့် နှစ်လဝန်းကျင်ပဲ တွဲတာတဲ့"

မခတို့ အုပ်စုထဲမှာ စပ်စုတတ်လွန်းသူက အိစံမို့ ခုလည်း သူရလာသည့် သတင်းတွေကို အချဉ်ထုပ်စားရင်း အားရ ပါးရ ဖောက်သည်ချနေလေသည်။ မခက သူငယ်ချင်းတွေချည်း သီးသန့်ရှိနေချိန်မှာတော့ ဘာကိုမှ မကြောက်တော့ဘဲ လက်သည်း ကိုက်ဘဲ မေးစေ့မှာ လက်ထောက်ကာ အေးအေး ဆေးဆေး နားထောင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နယုန်မိုးကို သူ့သူငယ်ချင်းတွေကရော ကောင်မလေးတွေကပါ 'ယုန်' လို့ပဲ အတိုကောက် ခေါ်ကြတာတဲ့"

"ခု ကြားရတဲ့ သတင်းအတိုင်းဆိုရင်တော့ သူက လုံးဝ ယုန်မဟုတ်ဘူး"

"ဟင် ... ဒါဆို ဘာလဲ မေသွယ်ရဲ့ ..."

"ကျားလေ ... ကျား ... ကျား၊ ဦးကျားကြီး ..."

"ဟယ် ... အဲလိုမျိုးကြီး နာမည်တပ်ရအောင်တော့ တအားဆိုးဝါးယုတ်မာမယ် မထင်ပါဘူး၊ လူငယ်သဘာဝ အီစီကလီလေးတွေကတော့ ဘယ်သူမဆို ရှိမှာပဲ၊ နည်းတာနဲ့ များတာပဲ ကွာမှာ၊ သူ့ကျမှ ပိုနာမည်ကြီးသွားတာက သူက ဦးအောင်ခေတ်မိုး သား ဖြစ်နေတာကိုး၊ ကောင်မလေးတွေကိုကဲ သူ့ကိုဆို ပိုစိတ်ဝင်စားကြတာ၊ သူက ပြင်သစ်ဘာသာ သင်နေတာတဲ့ ...၊

"တို့ အင်္ဂလိပ်စာတန်းက ကောင်မလေးတွေတောင် သူ့ကို စိတ်ဝင်စားလို့ သွားကြည့်ရတယ်တဲ့ ... အံ့ရော"

မခက ငြိမ်ငြိမ်သက်သက် နားထောင်ရင်း သူ့ပုံစံကို ပြန်မြင်ယောင်ကြည့်မိပါသည်။ မခက သူ့ကို သေသေချာချာတော့





စိုက်ကြည့်ရဲခဲ့တာ မဟုတ်ပါ။ ကိုယ်လည်း ကိုယ့်ရှက်စိတ်နှင့်ကိုယ် မှုန်ထူနေခဲ့တာမို့ ကိုယ့်ရှေ့ကလူဟာ ဘယ်လိုလူလဲဆိုတာ စဉ်းလည်း မစဉ်းစား၊ စိတ်လည်း မဝင်စားခဲ့မိပါ။ ခဏလေး ဖျတ်ခနဲ ကြည့်လိုက်မိတာဟာ မခ လက်ကို ကြိုးဖြည်ပေးတုန်းကပဲ ထင်ပါရဲ့ ...။ အဲ့ဒီ တစ်ချက်အကြည့်မှာပဲ သူ့ရဲ့ ထူးခြားထင်ရှားမှုကို မခ သတိထားမိခဲ့ပါသည်။

အရမ်းထူထဲ နက်မှောင်နေသော သူ့မျက်ခုံးတွေအောက်က တောက်ပတဲ့ မျက်လုံးလေးတွေဟာ တစ်စုံတစ်ရာကို စွဲမြဲနေတတ်သော မျက်လုံးတွေဟု မခက နုသေးတဲ့ ကိုယ့်အကဲခတ်ဉာဏ်ကလေး လက်တစ်ဆစ်လောက်နဲ့ မှတ်ချက်ချခဲ့မိသေးသည်။

သို့သော် ခု ကြားရတာကတော့ သူဟာ ဘာကိုမှ မစွဲမြဲတဲ့ ခပ်ပေါ့ပေါ့ ယောကျ်ားမျိုး ဖြစ်သည်တဲ့ ...။

ယောကျ်ားတွေရဲ့ အကျင့်စရိုက်မျိုးစုံထဲမှာ မခ အမုန်းဆုံးက အဲဒီလို သစ္စာမဲ့ပေါ့သွမ်းတာ၊ မိန်းကလေးတွေကို တန်ဖိုးမထားတတ်တာ၊ တန်ဖိုးထား လေးမြတ်အပ်တဲ့ အချစ်ဆိုတာကို ပေါ့ပေါ့ပဲပဲ သဘောထားတတ်တာတွေ ဖြစ်သည်။ မခ ငယ်ငယ်ကတည်းကပင် အဲဒီလို ယောကျ်ားမျိုးတွေကို အထင်



www.burmeseclassic.com

www.burmeseclassic.com



သေးခဲ့ပြီး ဝေးဝေးက ရှောင်ခဲ့သည်။ သူတို့လို လူမျိုးကို မခရဲ့ သာမန် မိတ်ဆွေစာရင်းထဲမှာတောင် မထည့်ချင်ခဲ့ ...။

လွန်ခဲ့တဲ့ နှစ်အနည်းငယ်က မခ ဖေဖေဟာလည်း မေမေ့အပြင် တခြား အသဲဗလဲတွေ ထွက်ခဲ့ဖူးတာမို့ မေမေ စိတ်ဆင်းရဲရတာလည်း မခ မျက်မြင်။ မခရဲ့ အစ်ကိုကလည်း ခုပ်ပွေပွေပဲမို့ မခက မနှစ်မြို့ချင် ...။ အစ်ကို ဆိုပေမယ့် မခတို့ မောင်နှမဟာ နည်းနည်းစိမ်းကြပါသည်။ မခ အစ်ကိုရဲ့ ထွေလီကာလီ အရှုပ်ကလေးတွေကို သိနေရက်နဲ့ တားလည်း မတားနိုင်ဘဲ စိတ်မချမ်းသာစွာပင် ကြည့်နေခဲ့ရပါသည်။

ခုလည်း မတော်တဆ ကြုံကြိုက်ပတ်သက်မိတဲ့ နယုန်မိုးဟာ အဲဒီလို လူစားမျိုးပဲတဲ့။

မခ သိပ်နားမလည်တဲ့ လောကကြီးမှာ ဒီလို ယောကျ်ားတွေ တော်တော်များပါလား ...။

"ဟဲ့ ... မခ ... နင့်ကိုရော သူ ဘာလုပ်သွားသေးလဲ ..."

"အမေ့ ..."

မိသစ်က မေးထောက်ထားသော မခရဲ့ လက်ကို လာတွန်းလိုက်တာမို့ မခ ခေါင်းက ငိုက်ခနဲ ပြုတ်ကျကာ လန့်သွားရပါသည်။

"ဘာလဲ ... ဘာလုပ်ရမှာလဲ"





"သူက နင့်လက်ကိုလည်း ကြိုးဖြုတ်ပေးတယ်လေ၊ ပြီးတော့ နင့်ရှေ့မှာလည်း အကြာကြီး ထိုင်နေရင်း နင့်ကို မေးခွန်းတွေ ထုတ်နေတာ မဟုတ်လား"

"အေးလေ ..."

"အဲဒီလို နီးစပ်မှုလေး ရှိနေတုန်းမှာ သူ့ဘက်က နင့်ကို ဖျားယောင်းညှို့ငင်သလို အမူအရာ အပြောအဆိုတွေ လုပ်ခဲ့သေးလား"

"နင်ပြောတဲ့ ဖျားယောင်းညှို့ငင်သလို အမူအရာ အပြောအဆို ဆိုတာ ဘယ်လိုမျိုးလဲ"

"မယ်အ,နော်၊ မိန်းကလေးဖြစ်ပြီး ဒါတောင် နားမလည်ဘူးလား၊ သူ့ကို မခလို့ မခေါ်နဲ့နဲ့တော့ဟေ့၊ မယ်အ,ပဲ ခေါ်တော့ ..."

"ဟုတ်သားပဲ မယ်အ,ရယ်၊ ရှင်က သိပ်ဒုံးဝေးတာကိုး"

"ဒုံးနီးစေချင်ရင် ရှင်တို့ ရှင်းပြပေါ့"

မေသွယ်က မခကို မျက်စောင်းထိုးလိုက်ပြီးမှ ...

"ဒီလိုဟာ ... ဒီလိုလေး အကြည့်စူးစူးနဲ့ စိုက်ကြည့်တာမျိုး၊ အဲဒီလို စိုက်ကြည့်နေချိန်မှာ သူ့မျက်လုံးတွေထဲမှာ မျက်ရည်ကြည်လေးတွေနဲ့ လဲ့လဲ့ကလေး ဖြစ်နေမယ်၊ ဟိုဟာလေ ရုပ်ရှင်တွေထဲကလိုပေါ့၊ ရှန်စောက သူ့ကောင်မလေးကို ကြည့်သလိုမျိုး"



www.burmeseclassic.com

www.burmeseclassic.com



မသွယ်က ဥပမာပြချင်စောအားကြီးကာ မခကို ပြူးပြူးကြီး စိုက်ကြည့်ပြနေသည်။ မျက်ရည်ပါလည်လာအောင် မျက်တောင်မခတ်အဲ နေတာမို့ မသွယ့် မျက်လုံးတွေက ပြူးကြောင်ကြောင် ဖြစ်နေသည်။ အိစံတို့က တခွိခွိရယ်ကြရင်း ...

"အဲဒီလို အကြည့်ပြူးကြီးနဲ့သာ ဖျားယောင်းညို့ငင်ရရင် အကြည့်ခံရတဲ့ မိန်းကလေးတော့ မသိဘူး၊ ဘေးကကြည့်နေတဲ့ လူတောင် လန့်ပြီး ပြေးနိုင်တယ်"

"ဒါက ဥပမာလေဟာ ... ဥပမာ၊ တကယ့် ယောကျ်ားအစစ်က မိန်းမကို ကြည့်တာနဲ့တော့ ဘယ်တူမလဲ ...၊ နင်တို့ ငါ့ကို လာကဲ့ရဲ့မနေနဲ့၊ ငါက မခကို ပြောနေတာ၊ အဲဒီလို ကြည့်တာမျိုးပေါ့ မခရယ်၊ ပြီးတော့ လေသံနဲ့ဟန်ပန်ကလေးက အကြင်နာလွန်ကဲ နူးညံ့ပြနေတာမျိုး၊ လိုတာထက် ပိုပြီး ဂရုစိုက်ပြနေတာမျိုး၊ အဲဒါမျိုးလေးတွေကိုလည်း ဖျားယောင်း ညို့ငင်တယ်လို့ ခေါ်တာပေါ့"

"အဲ့ဒါတွေ ငါ ဘာမှ ဂရုမစိုက်မိပါဘူးဟာ၊ ဒါပေမယ့် ငါ သေချာပြောရဲတာ တစ်ခုတော့ ရှိတယ် သိလား၊ အဲ့ဒါက အဲဒီလို ပွေရှုပ်တဲ့လူမျိုးကို ငါ မုန်းတယ်၊ အထင်သေးတယ် ..."

"ဟဲ့ ... မခရယ်၊ လူတစ်ယောက်ကို အဲဒီလို အသားလွတ်





ကြီး မမုန်းရဘူးတဲ့၊ နောက်ကျတော့ အဲ့ဒီ မုန်းမိတဲ့လူကို ချစ်မိသွားတတ်တယ်တဲ့"

"ဒီလိုလူမျိုးတော့ လုံးဝ မချစ်ဘူး၊ သေချာတယ်"

မခက ကိုယ့်ကိုယ်ကို သေချာပိုင်နိုင်စွာ ပြောခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

❁ ❁ ❁

မခသည် နယုန်မိုးကို ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲက လို တစ်ခေါက်တွေ့ပြီးကတည်းက ခဏခဏစဉ်းစားမိကာ အမှတ်ထင်ထင်လည်း ဖြစ်မနေဘဲ သိပ်မကြာခင် မေ့လျော့သွားလေသည်။

မခသည် ပုံမှန်ဘဝလေးထဲမှာပင် အေးချမ်းငြိမ်သက်စွာ ဖြတ်သန်းနေခဲ့သည်။ မခက အရင်တုန်းကလိုပဲ လူများများကို ကြောက်တတ်ဆဲ၊ ရှက်ရွံ့ကြောက်လန့်လာတိုင်း လက်သည်းတကျိုကျိုကိုက်တတ်မြဲ၊ သူငယ်ချင်းတွေကို မှီခိုဆဲပင်။ လူများများနဲ့ရောက်ရင် စိတ်ညစ်ရတာကလွဲလို့ မခ ဘဝလေးက အေးချမ်းသည်။ မခစိတ်ကလည်း သိပ်လှုပ်လှုပ်ခတ်ခတ် မရှိလှဘဲ ငြိမ်သက်အေးဆေးနေတတ်ပါသည်။ မခ ဘဝဟာ ရိုးရိုးစင်းစင်းလေးပင်။ ထူးထူးထွေထွေ အဖြစ်အပျက်များ၊ အရမ်းပျော်ရွှင်စရာ၊ အရမ်းစိတ်ဆင်းရဲစရာ အဖြစ်အပျက်များကိုလည်း မခ တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မကြုံဖူးခဲ့ချေ။ ဖေဖေ့ရဲ့ ဇာတ်လမ်း တချို့တလေကို ရိပ်မိခဲ့ဖူးချိန်၊ မခ အစ်ကိုရဲ့ ထွေလီကာလီ ကိစ္စလေးတွေကို သိခဲ့ချိန်က စိတ်မချမ်းမသာ ဖြစ်ခဲ့ဖူးပေမယ့် သူတို့ဘဝရော မခ ဘဝပါ ဘာမှ ထူးခြားဖြစ်ပျက်ပြောင်းလဲသွားတာမျိုး မရှိတာမို့ နင့်နင့်နဲနဲ နာကျင်ခံစားရတာမျိုးတော့ မရှိခဲ့တာ အမှန်ပင်။

မခက တစ်သက်လုံး ဒီအတိုင်းလေး သမားရိုးကျဘဝလေးကို ဖြတ်သန်းသွားချင်ခဲ့ပါသည်။

အဲဒီ တစ်နေ့ကတော့ မခနှင့် သူငယ်ချင်းတစ်သိုက်သည် Toilet နားမှာ (ထုံးစံအတိုင်း) အငြင်းပွားနေခဲ့ကြလေသည်။

"မခရယ် ... ရှင့်နှယ် ဒီလိုချည်းလုပ်နေလို့ ဖြစ်မလား၊ ခု နင်ဖြစ်နေပုံက နင် Toilet ဝင်ချင်တိုင်း အိမ်ပြန်ပို့ပေးရမလို ဖြစ်နေပြီ၊ ဝင်သွားစမ်းပါဟယ်၊ အန္တရာယ်ဆိုတာ လွယ်မထားကောင်းပါဘူး"

"အို ... ဟိုမှာ လူတွေ မတွေ့ဘူးလား၊ ငါ မသွားချင်ပါဘူး"

"ဘယ်မှာလဲ ... လူတွေ"

"ဟိုမှာ ထိုင်နေကြတဲ့ သူတွေလေ ... အများကြီးပဲ၊ သူတို့က ဒီဘက်ကို လှမ်းကြည့်နေကြတာ၊ သူတို့ရှေ့က ဖြတ်ပြီး အိမ်သာဘက် သွားရမှာ ရှက်စရာကြီး"





"ဘာရှက်စရာ ရှိလဲ ..."

"သူတို့က ဟိုတွေး ဒီတွေး တွေးချင်တွေးနေမှာပေါ့"

"မခရယ် ... နင် နည်းနည်းလွန်တယ်ဟယ်၊ လူများများကို ကြောက်တဲ့ ကိစ္စက ငါတို့ သည်းခံနိုင်သေးတယ်၊ ဖေးမနိုင်သေးတယ်၊ ဒီ Toilet ကိစ္စက ငါတို့လည်း ဘာမှ မတတ်နိုင်ဘူး၊ သည်းမခံချင်တော့ဘူးဟယ်၊ တကယ်ပဲ"

"ကဲ ... ပြောမနေနဲ့တော့ ရွှေသစ်ရယ်၊ သူလည်း သူ့ဒုက္ခနဲ့သူပါ၊ သူနဲ့ သူငယ်ချင်းဖြစ်မှတော့ သူ့ဝဋ်ကြွေးကို ခံရတော့မှာပေါ့၊ လူရှင်းတဲ့အထိ စောင့်ပေးကြရုံပေါ့"

အိစံ၊ သစ်သစ်နဲ့ မေသွယ်က မျက်နှာတွေ ရှုံ့မဲ့ထားကာ အိမ်သာနားမှာ လူရှင်းတဲ့အထိ စောင့်ပေးနေကြရပါသည်။ ခဏနေတော့ လူရှင်းသွားတာမို့ အိစံက မခကို အိမ်သာဘက် တွန်းလွှတ်လိုက်သည်။

"ကဲ ... မြန်မြန်ဝင်၊ ရှင့် ဘယ်သူမှ ကြည့်မနေတော့ဘူး"

"အမေ့ ..."

"ဟယ် ..."

မခက အိမ်သာဘက် ကွေ့အဝင်၊ အထဲက ပြေးထွက်လာသော မိန်းကလေးတစ်ယောက်နဲ့ အရှိန်ပြင်းပြင်း တိုက်မိသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... မေမိုးပါလား၊ ဟင် ... ငိုလို့ပါလား၊ ဘာ ... ဘာဖြစ် ..."

မခသည် ကောင်မလေးရဲ့ မျက်နှာကို သေသေချာချာ ကြည့်မိတော့မှ အိစံ ညီမလေးရဲ့ သူငယ်ချင်း မေမိုးကို မှတ်မိသွားပါသည်။ မေမိုး ပုံစံက ရှိုက်ကြီးတငင် ငိုထားတဲ့ပုံ၊ နှာခေါင်းတွေ မျက်လုံးတွေလည်း ရဲတွတ်နေကာ မျက်ရည်တွေ တောင် သေသေချာချာ မခြောက်သေး။ အိမ်သာထဲမှာ လာငိုနေ ပုံပင်။ သူမ ပခုံးမှာ ချိတ်လွယ်လာသော အိတ်က မခနဲ့ ဝင်တိုက် မိသော အရှိန်ဖြင့် လွင့်ကျသွားကာ ဇစ်လည်းပွင့်နေခဲ့တာမို့ အိတ် ထဲက တိုလီမုတ်စ ပစ္စည်းလေးတွေ ပြန့်ကျဲလွင့်ထွက်သွားပါသည်။

"ဆောရီးနော် ... မေမိုး၊ ခဏလေး ... မခ ကောက်ပေး မယ်"

မခက ပြန့်ကျဲနေသော ဘောလ်ပဲန်၊ မိတ်ကပ်ဘူး၊ နှုတ်ခမ်းနီဘူး၊ ဘီး၊ တစ်ရှူးအိတ် ... စသည်တို့ကို တစ်ခုချင်း လိုက်ကောက်ပေးမိသည်။ ပစ္စည်းတချို့က အိမ်သာအုတ်နံရံ အောက် နေရာလွတ်ကလေးမှ လိမ့်ကာ အပြင်သို့ ထွက်သွားတာ မို့ အပြင်က စောင့်နေသော အိစံတို့ကပါ လိုက်ကောက်ပေးရင်း မခတို့အားလုံး စုစည်းမိသွားပါသည်။

"ဟယ် ... မိမိုးကို၊ ညီမလေး ဘာဖြစ်လို့လဲဟင်၊ မမသ[illegible] တို့ ဘာကူညီရမလဲ ..."





အားလုံးက ဂရုတစိုက် ဝိုင်းမေးကာမှ မေမိုးက တအီးအီး ငိုချလိုက်လေသည်။ မခလည်း အိမ်သာသွားချင်တာကို မေ့ကာ မေမိုးကို ကြောင်ကြည့်နေမိသည်။ အိစံတို့လည်း ဘာလုပ် ရမှန်းမသိအောင် ပျာသွားကာ ...

"မိမိုး ... ဘာဖြစ်လို့လဲ ... ပြောလေ၊ မိမိုး အစ်မကို ဖုန်း ဆက်ခေါ်ပေးရမလား"

"မခေါ် ... မခေါ်ပါနဲ့ မမသစ်ရယ်၊ မမ သိရင် မေမိုးကို သတ်မှာ၊ မေမိုးကိုက မမ တားတဲ့ကြားက ဖွတ်တိုးမိခဲ့ တာကိုး"

"ငါ စိတ်တွေပူလာပြီဟယ် ... အကျိုးအကြောင်း ပြောပါ ဦး"

"ခုချိန်ကြီး အတင်းမမေးနဲ့လေဟယ် ရွှေသစ်ရယ်၊ လာလာ ညီမလေး ဟိုဘက်နားမှာ အေးအေးဆေးဆေး သွားထိုင် ရအောင်၊ မျက်ရည်တွေ သုတ်လိုက်ဦး၊ ပြောချင်စိတ်ရှိရင် စိတ်အေးအေးထားပြီး ပြောပြ၊ မမတို့ ကူညီနိုင်တာရှိရင် လည်း ကူညီမယ်"

အိစံတို့အားလုံးက မေမိုးကို ဖေးမကာ ချောင်ကျကျ နေရာဘက်သို့ ခေါ်လာခဲ့ကြပါသည်။ မခလည်း ကိုယ့်ကိစ္စကိုယ် မေ့ကာ သူတို့နှင့်အတူ လိုက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမိုး အငိုတိတ်အောင် မခတို့ စောင့်ပေးကြရပါသည်။ ခဏကြာမှ မေမိုးက ရင်ဖွင့်တော့သည်။

"သူ့ကို မိုး တကယ်ချစ်တာပါ မမသစ်ရယ်၊ သူ မိုးကို ချစ်တာလည်း မိုး သိပါတယ်"

"နေ ... နေပါဦး၊ အဲဒီ သူဆိုတာက ..."

"နယုန်မိုးပါ ..."

"အင် ..."

မေခတို့ အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြပါသည်။ မခက မျက်လုံးကလေး တွန့်ရှုံ့ကာ စိတ်ဝင်စားသွားမိပါသည်။ အဲဒီ နယုန်မိုးဆိုတဲ့ နာမည်ဟာ ခပ်ရှားရှားမို့ မခတို့ သိထားတဲ့ နယုန်မိုးပဲ ဖြစ်ဖို့များသည်။ အဲဒီ နယုန်မိုးနဲ့ မခဟာ မကြာသေးခင်ကမှ ကြုံကြိုက်ပတ်သက်မိထားပြီး နယုန်မိုးအကြောင်းကိုလည်း အိစံဆီက ကြားထားပြီးသားမို့ ဘယ်လိုစာတ်လမ်းပါလိမ့်ဟု သိချင်မိခြင်းပင်။

"ဘယ်က နယုန်မိုးလဲဟင် ..."

အိစံက သေချာအောင် မေးလိုက်ပုံရသည်။

"ပြင်သစ်စာ တက်နေတာလေ၊ ဦးအောင်ခေတ်မိုး သား"

"ဪ ... ဟုတ်ပါပြီ၊ အဲဒီတော့ ဆက်ပြောပါဦး မေမိုးရယ်"





"သူနဲ့ မိုးတို့ တွဲဖြစ်တာ နှစ်လလောက် ရှိပါပြီ၊ မိုးတို့ ချင်း သမီးရည်းစားဆိုတာ မိုးသူငယ်ချင်းတွေလည်း သိပါတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ တစ်ပတ်လောက်က စပြီး သူ မိုးကို ရှောင်နေတယ်၊ မိုးက လိုက်ခေါ်ပြီး ချော့ပါသေးတယ်၊ ဒါပေမယ့် သူက မိုးကို လုံးဝ ဂရုမစိုက်တော့ဘူး၊ ဒီနေ့တော့ သူက မိုးကို ဖြောင်ပြောတယ်၊ မိုးကို သူ မကြိုက်ဘူးတဲ့၊ ချစ်လည်း မချစ်ဘူးတဲ့၊ သူက သူကြိုက်ရင် ဘယ်အရာမဆို ရအောင် ကြိုးစားတယ်တဲ့၊ သူမကြိုက်ရင် လုံးဝလှည့်မကြည့်တတ်တာ သူ့အကျင့်ပဲတဲ့ ..."

"ဟယ် ... ရိုင်းလိုက်တာ၊ ရုပ်ကလေးနဲ့မှ မလိုက် ..."

အိစံတို့ မေသွယ်တို့ အားလုံးဆီမှ ရေရွတ်သံတွေ ထွက်လာသည်။ မေမိုးက မခတို့အားလုံးကို မျက်လုံးပြူးကြည့်ရင်း ...

"မမသစ်တို့နဲ့ နယုန်မိုးနဲ့ သိလို့လား"

"တစ်ခါတော့ ဆုံဖူးပါတယ်"

"ဒါဆို သိတာပေါ့နော်"

"သိရုံပါပဲ မေမိုးရယ်၊ သူ့အကြောင်းတော့ ကြားဖူးပါတယ်"

"ဘယ်လိုကြားတာလဲဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"သူက ပွေတယ်တဲ့ ..."

"အဲဒါ မိုးလည်း သိပါတယ်၊ မမကလည်း ပြောဖူးပါတယ်၊ သူက မိဘအရှိန်အဝါကို အသုံးချပြီး ထင်တိုင်း ကျဲနေတဲ့ သူတဲ့၊ ကောင်မလေးတွေလည်း သူ့ကြောင့် ခဏခဏ အသည်းကွဲရတယ်တဲ့"

"အဲဒါတွေ သိရက်နဲ့မျာ:ဟယ်"

"မိုးက ချစ်မိတာကိုး ..."

ကောင်မလေးက ပြောရင်း ငိုပြန်သည်။ မေမိုးနဲ့ မခနဲ့က သိပ်မရင်းနှီးပေမယ့် သစ်သစ်ရဲ့ အိမ်နီးချင်း မေမိုးအစ်မနဲ့ သစ်သစ်နဲ့က ခင်မင်ကြတာမို့ မခတို့ပါ လိုက်ခင်ရင်း မေမိုးကို သိခဲ့ရတာပင်။ ပြီးတော့ မေမိုးက အိစံ ညီမလေးရဲ့ သူငယ်ချင်းလည်း ဖြစ်သေးသည်လေ။ ကောင်မလေးက လှလည်း လှကာ သွက်သွက်ကလေးမို့ ချစ်စရာလေးဟု မခတို့အားလုံး အသိအမှတ် ပြုထားခဲ့ကြသည်။ မေမိုးကို တွေ့တိုင်း အမြဲ ရွှင်မြူးသွက်လက်နေတတ်တာကိုသာ မြင်ဖူးတာမို့ ခုလိုပုံကို မြင်တော့ မခရင်ထဲ တစ်ဆို့ဆို့ကြီး ခံစားရပါသည်။ ပြီးတော့ နယုန်မိုးကိုလည်း ခါးသည်းလာမိသည်။

"သူ ... ဟိုတလောက သဇင်နဲ့လည်း တွဲလိုက်သေးတယ် ဒါပေမယ့် ခုတော့ ဘာမှမဟုတ်ပြန်ဘူးတဲ့၊ အဲဒါတွေလည်း





မိုး ကြားမိပါတယ်၊ မိုးကတော့ ဘယ်သူ ဘာပြောပြော သူ့ကို မမုန်းပါဘူး"

"ဒီလိုတော့ ဘယ်ဟုတ်မလဲ မိမိုးရဲ့၊ မုန်းသင့်ရင် မုန်းရမှာပေါ့၊ ကိုယ့်ကို ဒီလောက် ဒုက္ခပေးထားတဲ့ ဥစ္စာ"

"ဟင့်အင်း ... မိုး သူ့ကိုချစ်တယ် ..."

"ဩော် ... ခက်တော့နေပါပြီ၊ မေ့လိုက်စမ်းပါ မိုးရယ်၊ ဒီလို လူမျိုးများ မလွမ်းလောက်ပါဘူး"

"ခုချက်ချင်းကြီးတော့ မိုး မမေ့နိုင်သေးဘူး မမသစ်ရယ်၊ ဒီအကြောင်းတွေကို မိုး အစ်မကို သွားမပြောလိုက်ပါနဲ့နော်၊ မိုးလည်း ရင်ဖွင့်လိုက်ရတာ နည်းနည်းပေါ့သွားတယ်၊ နားထောင်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးပါပဲ၊ မိုး သွားတော့မယ်နော် ..."

မေမိုး ထွက်သွားတော့ သစ်သစ်က ပခုံးတွန့်ရင်း [illegible]က်နှစ်ဖက်ကို ဖြန့်ကာ ဘာမှမတတ်နိုင်ဘူးဟု ပြော၏။ မခက [illegible]တော့ ခေါင်းငိုက်စိုက်ချ ထွက်သွားသော မေမိုးကို သမင်လည် [illegible] လှည့်ကြည့်ရင်း စိတ်ထဲ လေးလေးပင်ပင်ကြီး ခံစားလိုက် [illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

အဲ့ဒီနေ့ ညနေက မေမိုး ထွက်သွားတာကို စိတ်မကောင်းစွာ သမင်လည်ပြန် ကြည့်နေခဲ့မိသော မခသည် အဲ့ဒီနေ့ ညဦးမှာပင် အဖြစ်ဆိုးတစ်ခုကို သိလိုက်ရလေသည်။

"မေမိုး ဆုံးပြီတဲ့ မခရယ် ..."

"ဟင် ..."

မခသည် ကိုယ့်နားတောင် ကိုယ်မယုံနိုင်ဘဲ အံ့ဩတုန်လှုပ်စွာ ဖုန်းခွက်ကို တင်းတင်း ဆုပ်ကိုင်ထားမိပါသည်။

"ဆိုင်ကယ်ကို နှုတ်ဆက်ပြီး သူ့အိမ်အပြန်မှာ ကား အက်ဆီးဒင့်ဖြစ်တာတဲ့ ..."

"ဘုရား ... ဘုရား ... ဖြစ်ရလေ"

မခသည် ရင်ထဲ ဆို့လာကာ မျက်ရည်ကျမိလေသည်။ ဒီလိုဆို အဲ့ဒီနေ့ ညနေက မခ လိုက်ငေးကြည့်မိခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



မေမိုးရဲ့ နောက်ဆုံး ပုံရိပ်ကလေးပေါ့။ ခေါင်းငိုက်စိုက်ချပြီး သူ့ ကားဆီ ထွက်သွားတဲ့ အဲဒီ ပုံစံလေးကို မခ ခုချိန်ထိ မြင်ယောင်နေမိဆဲပင်။

တကယ်ဆို မေမိုးနဲ့ မခဟာ သိပ်ပြီး ရင်းနှီးခင်မင်လှတာတော့ မဟုတ်ပါ။ သို့သော် မေမိုး ဘယ်လိုခံစားသွားရရှာတယ် ဆိုတာကို သိလိုက်ရတာမို့ မခ ပိုပြီး စိတ်မကောင်းဖြစ်ရပါသည်။

"အဲ့ဒါ နယုန်မိုးကြောင့် ..."

မခ နှုတ်မှ လွှတ်ခနဲ ထွက်သွားသည်။ တစ်ဖက်က သစ်သစ်က ...

"ဟဲ့ ... အဲဒီလိုကြီးတော့ မပြောပါနဲ့ မခရယ်၊ အားလုံးဟာ ကံတရားပါ ..."

"အို ... ရှင်းနေတာပဲ ရွှေသစ်ရဲ့၊ နယုန်မိုးစိတ်နဲ့ စိတ်လှုပ်ရှားပြီး ကားမောင်းပြန်သွားခဲ့လို့ ဒီလိုဖြစ်ရတာ မဟုတ်လား၊ မခတို့နဲ့ စကားပြောပြီး အပြန်မှာ ဒီလိုဖြစ်ရတာ မဟုတ်လား"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် တခြားအကြောင်းလည်း ရှိဦးမှာပေါ့၊ ကာယကံရှင်ကလွဲရင် ဘယ်သူကမှ တပ်အပ်သေချာ မပြောနိုင်တဲ့ ကိစ္စတွေလည်း ရှိတတ်ပါတယ်





မခရယ်၊ နင် ကြားထဲက ဝင်ခံစားမနေပါနဲ့တော့၊ ကိုယ်နဲ့ မဆိုင်တဲ့ ယောကျာ်းတစ်ယောက်ကို သိပ်မုန်းတာလည်း မကောင်းပါဘူး၊ မေ့လိုက်ပါတော့ဟာ၊ မေမိုး အတွက်ပဲ ဆုတောင်းပေးကြရအောင်ပါ"

"ဒီအဖြစ်အပျက်ကြီးက ရုပ်ဆိုးလွန်းတယ်ဟာ၊ ငါ လွယ်လွယ်နဲ့ မေ့မှာမဟုတ်ဘူး"

မခသည် တီးတိုးပြောပြီး ဖုန်းချလိုက်သည်။ မခ ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိ တလှိုက်လှိုက် နင့်နေသည်။ မခ မျက်လုံးတွေကို မှိတ်လိုက်မိတော့ တစ်ခါသာ ဆုံခဲ့ဖူးသော နယုန်မိုးရဲ့ ပုံရိပ်က ပေါ်လာသည်။

အဲ့ဒီတုန်းကတော့ နယုန်မိုးဟာ ဒီလိုလူဟု မခ ယုံဝမထင်ခဲ့မိပါ။ မခ လက်က ကြိုးကိုဖြုတ်ပေးတာ၊ မခကို ညီပေးခဲ့တာတွေကြောင့် မခ စိတ်ထဲ ကျေးဇူးတင်ခဲ့မိသည်။ ဒီအခိုက်အတန့်လေးမှာတော့ သူဟာ မခရဲ့ အားကိုးရာတစ်ခု ဖြစ်ခဲ့ဖူးပါသည်။

သို့သော် အိစံရဲ့ သတင်းစကားတွေက မခစိတ်ထဲက သူနဲ့ပတ်သက်တဲ့ အပိုင်းအစ သေးသေးလေးတွေကိုပင် ဆွဲဖြတ်သွားနိုင်ခဲ့သည်။ ပြီးတော့ မေမိုးရဲ့ ရင်နာစရာ အဖြစ်သနစ် ...ကို မခ သိလိုက်ရသည်။ ခုတော့ မခ သူ့ကို ခပ်နင့်နင့် ... လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နောက် သုံးရက်အကြာမှာတော့ မခသည် မေမိုးရဲ့ ရှာပနကို သူငယ်ချင်းများနှင့်အတူ လိုက်ပါပို့ဆောင်ပေးခဲ့ပါသည်။

"သမီးလေးရေ…"

ငယ်သံပါအောင် အော်ခေါ်လိုက်ပြီး သမီးဖြစ်သူရဲ့ အခေါင်းကို ပွေ့ပိုက်ထားသော မေမိုး မိခင်ကို မကြည့်ရက်တာ မို့ မခ မျက်နှာလွှဲမိသည်။

အော်ဟစ်ငိုယိုသံတွေ… တွန်းထိုးရုန်းကန်သံတွေ ပြီးတော့ အခေါင်းကို မီးသင်္ဂြိုဟ်စက်ထဲ သွင်းသွားသော အသံ ဂိမ်းခနဲ ပိတ်သွားသော တံခါးရှေ့မှာ သတိလစ်ပြီး လဲသွားသော မေမိုးရဲ့ မိခင်…။ မိုးတွေ ညို့နေသော ထိုတစ်နေ့ရဲ့ မြင်ကွင်းက မခရဲ့ စိတ်နှလုံးကို ထိခိုက်လှပါသည်။

မသေဆုံးမီ နာရီပိုင်းအလိုက နောက်ဆုံးအကြိမ် အဖြစ် တွေ့လိုက်ရသော မေမိုးရဲ့ မျက်ရည်စက်လက် ညှိုးနွမ်း အားငယ်ပုံကလေးဟာ မခ မျက်လုံးထဲကကို မထွက်တော့ပါ။

ရှာပန မြင်ကွင်းကို အားတင်းကြည့်နေရင်း မခက နယုန်မိုးကို ပြင်းပြစွာ သတိရသည်။ အမှန်းဖြင့် သတိရခြင်း ဖြစ်ပါသည်။ မေမိုး မျက်နှာ၊ နယုန်မိုး မျက်နှာ၊ မေမိုး စကား နယုန်မိုးရဲ့ စကားတွေဟာ မခ အာရုံမှာ ရောနှောရှုပ်ယှက်ခတ် နေသည်။





ယောကျ်ားတစ်ယောက်ရဲ့ ပယောဂဖြင့် သေဆုံး သွားရရှာသည့် မေမိုး အဖြစ်က မခ အာရုံကို လာရောက် ခြောက် လှန့်နေသည်။

လူအများကြီးထဲ မသွားရဲသော မခသည် မေမိုးရဲ့ ရှာပနကိုတော့ လိုက်ပို့ချင်လွန်းတာမို့ အိစံတို့က ခေါ်လာခဲ့ရခြင်း ဖြစ်သည်။ သူတို့က ခန်းမထဲထိ သွားပေမယ့် မခကတော့ မီး သင်္ဂြိုဟ်စက်ရှေ့ နားမှာ ရပ်ထားသည့် မှန်အလုံပိတ်ကားထဲမှာ ထိုင်ကျန်နေခဲ့ရသည်။ ကားပေါ်ကနေ မီးသင်္ဂြိုဟ်စက်ရှေ့က မြင် ကွင်း အားလုံးကို မခ စီးမိုးမြင်နေရပါသည်။

အဲ့ဒီနေ့က မခသည် မျက်ရည်တွေ ဝဲကာ လက် သည်းလေးကို ကိုက်ကာ ခြေဖျား လက်ဖျားတွေလည်း အေးစက် လျက် မေမိုးရဲ့ နောက်ဆုံး ခရီးကို ငေးကြည့်ရင်း နာကျင်စာနာ လှုပ်၍ နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

ထိုအဖြစ်အပျက် ဖြစ်ပြီး လအနည်းငယ်ကြာသော တစ်နေ့တွင် မခ၊ အိစံနှင့် သစ်သစ်တို့ သုံးယောက်သည် ကျောင်းမှအပြန် အင်းလျားလမ်းထဲက လူရှင်းသော ကော်ဖီဆိုင်လေးမှာ ဝင်ထိုင်မိကြပါသည်။ မေသွယ်ကတော့ ဖျားနေတာမို့ ကျောင်းမတက်နိုင်ပေ။

အိစံက ဘာဂါကို အားပါးတရ ကိုက်ရင်း မခကို မျက်စောင်းလှမ်းထိုးကာ . . .

"အဲဒီ မခနဲ့တော့ တမျောင့်ပဲ သိလား၊ သူနဲ့ သွားရင် လူရှင်းတဲ့ဆိုင်ကို ရွေးသွားရတယ်၊ ငါကလေ လူတွေအများကြီး လာစားတတ်တဲ့ ချစ်တီး ထမင်းဆိုင်တို့၊ ကြက်ဆီထမင်းဆိုဖ်တို့၊ ဒန်ပေါက်ဆိုင်တို့မှာ စားချင်တာ သိလား"

"ဘာဂါလည်း နင်ကြိုက်သားပဲ မဟုတ်လား"

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်သေမယ့် ဒါချည်းစားရတာ ရိုးတယ်၊ ဒီလို ဆိုင်မှာချည်း ထိုင်နေရတာ ပျင်းတယ်"

"ဒါဆိုလည်း တစ်ခါတလေ နင်ကြိုက်တဲ့ ဆိုင်မျိုးကို သွားပေါ့၊ ငါ အားတင်းပြီး လိုက်ခဲ့မယ်"

"အံမယ် ... တော်ပါပြီ၊ အဲ့ဒီကျရင် လက်သည်းကြီးကိုက်ပြီး ခေါင်းငုံ့နေတဲ့ နင့်ပုံစံကြီးကို ငါ ရှက်တယ်"

"မခနဲ့ ပေါင်းရတာ လူညွန့်တုံးတယ်ဟာ"

"အံမယ် ... နင်တို့နော်"

"ဟုတ်တယ်လေ ... နင်နဲ့ဆို ယူဇနပလာဇာလည်း မသွားရ၊ ရုပ်ရှင်လည်း မကြည့်ရ ..."

"အဲဒါဆိုလည်း ငါ့ထားခဲ့ပြီး နင်တို့ ဘာသာ သွားကြပေါ့"

"အဲဒီလိုဆို နင်က အားကိုးရာမဲ့ပြီး ကျန်ရစ်ခဲ့တော့ ငါတို့က ဘယ်ထားခဲ့ရက်မှာလဲ"

မခ သူငယ်ချင်းတွေက ပါးစပ်က ဘာပြောပြော မခကို ချစ်ကြ၊ ငဲ့ညှာကြတာကိုတော့ မခ သိပါသည်။

မခတို့ သုံးယောက်သား စားသောက်ပြီးကြတော့ ကော်ဖီဆိုင် မှန်တံခါးကို တွန်းဖွင့်ကာ အပြင်သို့ ထွက်လိုက်သည်။

မခတို့မှာ ကားလည်း ပါမလာခဲ့ကြပါ။ ခဏအား တုန်း ကျောင်းကနေ လမ်းလျှောက်လာခဲ့ကြတာ ဖြစ်ပါသည်။





"အပြန်တော့ လမ်းမလျှောက်ချင်တော့ဘူးဟာ၊ တက္ကဆီပဲ ငှားရအောင်"

"ကောင်းသားပဲ၊ ငှားလေ ..."

အိစံရဲ့ အဆိုပြုမှုကို သစ်သစ်က ခပ်မြန်မြန် ထောက်ခံလိုက်သည်။

"ဟိုထောင့်ဘက်က နေရိပ်တယ်၊ အဲဒီမှာ နင်တို့ သွားစောင့်နေ၊ ငါ တက္ကဆီ တားလိုက်ဦးမယ်"

မခနဲ့ သစ်သစ်က ကော်ဖီဆိုင်ဘေး လမ်းကြားက သစ်ပင်ကြီးအောက်ကို လျှောက်သွားပြီး အိစံက ကားငှားဖို့ လမ်းမဘက် ထွက်သွားသည်။

အိစံက တက္ကဆီ ငှားဖို့ လမ်းဘေးမှာ ရပ်နေစဲ ကားတစ်စီးက အိစံကို ကျော်သွားပြီးမှ နောက်ပြန်ဆုတ်လာကာ

"ဟိတ် ... အိစံ"

"ဟယ် ... ဖိုးဖိုး ..."

မတွေ့တာကြာသော သူငယ်ချင်းကို တွေ့လိုက်ရတာမို့ အိစံ မြူးသွားသည်။

"နင် တစ်ယောက်တည်း ဘယ်သွားမလို့ ကားငှားနေတာလဲ ..."

"ဒီကော်ဖီဆိုင်ကို လာတာ၊ အခု ကျောင်းပြန်မလို့"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်စမ်းနေနဲ့၊ ငါနဲ့လိုက်ခဲ့ ..."

"ဟယ် ... နင်ကလည်း အတင်းပဲ၊ ဒါနဲ့ နင် နိုင်ငံခြားရောက်နေတယ်ဆို ..."

"အေး ... ဟုတ်တယ်၊ ပြန်ရောက်တာ တစ်လရှိပြီ"

"ဒါနဲ့များတောင် ငါ့ဆီ ဖုန်းတစ်ချက် မဆက်ဘူး"

"နင့်ဖုန်းနံပါတ် မှတ်ထားတဲ့ စာအုပ်က ပျောက်သွားလို့"

"ဖြစ်ရမယ်၊ နင်က တကယ့် နမော်နမဲ့ သမားပဲ၊ နင် ဘယ်တော့ ပြန်သွားဦးမှာလဲ"

"မနက်ဖြန် ..."

"ဟယ် ... တကယ်"

"ဟုတ်တယ်၊ ဒက်ဒီရော မာမီရော ဟိုရောက်နေပြီ၊ ငါတို့ ဟိုမှာပဲ အခြေချရတော့မှာ၊ နောက်ဆို နင် ငါနဲ့တွေ့ချင်လို့တောင် မတွေ့ရတော့ဘူး၊ ငါလည်း ဒီနေ့ တစ်နေ့လုံး သူငယ်ချင်းတွေကို လိုက်နှုတ်ဆက်နေတာ၊ လာ ... လိုက်ခဲ့ဟာ၊ တခြား သူငယ်ချင်းတွေနဲ့ပါ ဆုံရတာပေါ့"

ဖူးဖူးက ကားတံခါးကို ဖွင့်ပေးလိုက်ပြီး သူမလက်ကို လှမ်းဆွဲလိုက်သည်။ သူမ ကားထဲရောက်တာနှင့် ကားကို ဝေါခနဲ မောင်းထွက်လိုက်ပါသည်။

သစ်သစ်က မခနဲ့ အိစံကို သတိရလိုက်ပါသေး





သည်။ သို့သော် နောက်ကြောင်း ပြန်လှည့်မခိုင်းချင်တော့။ ဖူးဖူးက သင်တန်းတစ်ခုမှာ ဆုံကာ အလွန်ခင်ခဲ့ရသော သူငယ်ချင်းဖြစ်ပါသည်။ သူလည်း မနက်ဖြန် သွားရတော့မှာမို့ ဒီနေ့တော့ အတူရှိနေလိုက်ချင်သည်။ ဖုန်းရှိသည့်နေရာ ရောက်တော့မှပဲ ကားရပ်ခိုင်းကာ အိစံဖုန်းကို လှမ်းဆက်ပြောလိုက်တော့မည်ဟု စဉ်းစားလိုက်သည်။

ထိုအချိန်တွင် ...

သစ်သစ် ကားသွားတားနေတာကို စောင့်နေသော အိစံရဲ့ GSM ဖုန်းလေးမှ တီးလုံးလေး မြည်လာပါသည်။ အိစံက ဖုန်းဖွင့်နားထောင်လိုက်တော့ မေမေ့ရဲ့ အလောတကြီး အသံကို ကြားလိုက်ရပါသည်။

"သမီးရေ ... အိစံ၊ သမီး အဖေ သွေးတွေ အရမ်းတိုးနေလို့ ဆေးရုံတင်ထားလိုက်ရတယ်၊ အခု မေမေလည်း (...) ဆေးရုံမှာ၊ သမီး အမြန်လာခဲ့ပါ"

အိစံက ဖုန်းကို ပိတ်ပစ်လိုက်ပြီး မခဘက် လှည့်ကာ ...

"မခရေ ... ဖေဖေ နေမကောင်းလို့ ဆေးရုံတင်ထားရတယ်တဲ့၊ ငါ အမြန်လိုက်သွားရမယ်၊ ဒီနေ့တော့ ကျောင်းမတက်ဖြစ်တော့ဘူး၊ နင် ဒီမှာ ခဏစောင့်နေလိုက်ဦးနော်၊ ခုပဲ



www.burmeseclassic.com

www.burmeseclassic.com



သစ်သစ် ကားငှားလို့ရရင် လာခေါ်လိမ့်မယ်၊ ငါလည်း ကားငှားပြီးတော့ပဲ သွားလိုက်တော့မယ်”

အိစံ့ ပြောနေဆဲ တက္ကဆီတစ်စီးက အိစံတို့ ရပ်နေသော လမ်းကြားလေးထဲမှ ထွက်လာပါသည်။

“တက္ကဆီ ...”

အိစံက ကားဆီပြေးသွားသည်။ သွားမည့်နေရာ ပြောလိုက်တော့ ကားသမား ဦးလေးကြီးက အမြန်ရောက်အောင် ဖြတ်လမ်းမှ သွားပေးမည်ဟုဆိုကာ လမ်းမပေါ်မတက်တော့ဘဲ လမ်းကျဉ်းကလေးအတိုင်း ကွေ့ဝိုက်မောင်းနှင်သွားခဲ့လေသည်။

ထိုခဏမှာပင် အိတ်ထဲထည့်ထားသော GSM လေး ထဲမှ အသံမြည်လာပါသည်။

သစ်သစ်က ဖုန်းဖုန်းကို ကားခဏရပ်ခိုင်းပြီး အကျိုး အကြောင်း ပြောပြဖို့ ဖုန်းဆက်ခြင်းဖြစ်ပါသည်။

သို့သော် တက္ကဆီကား စုတ်စုတ်ရဲ့ ဆူညံသော စက်သံ၊ ကားကက်ဆက်ဆီမှ သီချင်းသံ၊ လမ်းပေါ်မှာ သွားလာ နေကြသော ကားများရဲ့ အသံဗလံများကြောင့် ဖုန်းသံကို အိစံ မကြားတော့ချေ။



သစ်သစ်ကို စောင့်နေခဲ့ရသော အချိန်ဟာ နာရီဝက် ကျော်ခဲ့ပြီမို့ မခ တဖြည်းဖြည်း တုန်လှုပ်လာလေသည်။

မခက မရဲတရဲ ခြေလှမ်းများဖြင့် လမ်းမဘက်သို့ တရွေ့ရွေ့ လျှောက်ထွက်လာပြီး ကားသွားငှားသည်ဆိုသော သစ်သစ်ကို ရှာသည်။ သို့သော် သစ်သစ်က ပျောက်နေပါသည်။ မခသည် ဥဒဟို သွားနေသော လမ်းမပေါ်က ကားတွေကို လိုက် ကြည့်ရင်း ခေါင်းမူးလာသည်။

သူ မလာတော့ဘူးဆိုလျှင် မခ ဘာလုပ်ရမလဲ ...။ ဒီလို လမ်းမကြီးမှာ မခ တစ်ယောက်တည်း လမ်းလျှောက်သွားဖို့ ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါ။ အဖော်တစ်ယောက် မပါဘဲလည်း ဘယ်တုန်းကမှ လမ်းမလျှောက်ရဲခဲ့ပါ။ သူငယ်ချင်းတွေ မပါရင် တောင် အိစံက မေမေ ဒါမှမဟုတ် အဖော်ကောင်မလေးတစ် ယောက်ကို လက်တွဲပြီးမှသာ မခ လမ်းလျှောက်တတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် … အခုတော့ မခနားမှာ ဘယ်သူမှ မရှိတော့ပြီ။ စောင့်နေရတာလည်း ကြာခဲ့ပြီ။

မခက ကြံရာမရ တုန်လှုပ်လာကာ ဘယ်မှလည်း မသွားရဲဘဲ နေရာမှာပင် ခပ်တောင့်တောင့် ရပ်ရင်း ခေါင်းငုံ့ထားမိသည်။ မခကို လမ်းသွား လမ်းလာတွေ အားလုံးက ဝိုင်းကြည့်နေသည်ဟု ခံစားရကာ ရှက်ရွံ့အနေကျုံ့လာသည်။ မခ တစ်ကိုယ်လုံး ချွေးများဖြင့် စေးထန်းအေးစက်လာသည်။

မခက အနေကျုံ့လာချိန်မှာ ထုံးစံအတိုင်း လက်သည်းကိုက်မိလျက်သား ခေါင်းငုံ့ပြီးသား ဖြစ်သွားသည်။

မခသည် ထိုပုံစံအတိုင်း နာရီဝက်ကျော်ကြာအောင် ရပ်မိတော့ ဟိုလူ ဒီလူက အမှတ်ထင်ထင် လှမ်းကြည့်သွားကြပြန်သည်။ ခုချိန်မှာ လမ်းမပေါ်က တက္ကစီတစ်စီးစီးကို လှမ်းတားလိုက်ဖို့တောင် မခမှာ သတ္တိမရှိတော့ပါ။ ပြီးတော့ တက္ကစီကလည်း ရှားလှကာ တွေ့မိသမျှ တက္ကစီပေါ်မှာလည်း လူပါသည်။

ဒီပုံအတိုင်း ဆက်ရပ်နေလို့ မဖြစ်တော့ပြီမို့ မခ ခြေလှမ်းတွေကို ရွှေ့ရသည်။

မခ ကြိုးစားပြီး ခပ်မှန်မှန် လျှောက်သွားဖို့ ကြိုးစားသည်။

တစ်လှမ်း … နှစ်လှမ်း … သုံးလှမ်း … ။ သုံးလှမ်း





မြောက်မှာ မခ ခြေထောက်တွေ လေးလာတာမို့ ခြေစုံရပ်ပစ်လိုက်ရသည်။

ကျောင်းကတော့ သိပ်မဝေးတော့ပါ။ ကျောင်းကို ပြန်ရောက်ရင်တော့ အိစံတို့ မဟုတ်တောင် မခကို ဖေးမမည့် သူငယ်ချင်း တစ်ယောက်ယောက်နှင့် ဆုံနိုင်သေးသည်။ ကျောင်းကို ပြန်ရောက်ဖို့သာ အရေးကြီးပါသည်။

မခသည် အံတစ်ချက်ကြိတ်မိကာ တလှစ်လှစ် ပြေးထွက်လိုက်သည်။ ကျောင်းကို အမြန်ဆုံး ရောက်ချင်သည်။ တစ်ယောက်တည်း အကြာကြီး တရွေ့ရွေ့ လမ်းလျှောက်မနေချင်။ မခ မျက်လုံးတွေလည်း ပြာဝေနေသည်။

“ဟာ … မခ၊ မခ ပါလား”

အင်းလျားလမ်းအတိုင်း ကားမောင်းလာခဲ့သော နန်းမိုးသည် ပလက်ဖောင်းအတိုင်း ပြေးနေသော မခကို လှမ်းတွေ့မှာ ကားကို ရပ်ပစ်လိုက်မိသည်။ ပြီးတော့ ရုတ်တရက် ဖြတ်ချက်ဖြင့် ကားပေါ်မှဆင်းကာ မခနောက်သို့ ပြေးလိုက်ခဲ့မိပါသည်။

လူများများနဲ့ တွေ့လည်း ကြောက်၊ အပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းလည်း မသွားတတ် မလာတတ်သော မခ အကြောင်းကို သိထားခဲ့တာမို့ သူ တကယ်ပဲ စိုးရိမ်သွားခဲ့ရသည်။

"မခ ... မအ ... နေပါဦး"

မခက ကြားပုံမရပါ။ ရှေ့တည့်တည့်ကိုသာ စွတ်ပြေးနေသည်။ သူ မခကို တဖြည်းဖြည်း မီလုမီခင် ဖြစ်လာပါသည်။

ထိုအခိုက်မှာ မခက အင်းလျားလမ်းကို ဖြတ်ကူးဖို့ ကြိုးစားလိုက်သည်။ ရုတ်တရက် မီးပွိုင့်က စိမ်းသွားကာ တက္ကသိုလ်ရိပ်သာလမ်းဘက်က ကားတွေက အင်းလျားလမ်းဘက် ကွေ့ချလိုက်သည်။

"မခ ..."

သူ တအားပြေးထွက်ကာ မခကို ဖမ်းဆွဲထားလိုက်သည်။ မခက မျက်လုံး မှိတ်ထားကာ တုန်ရင်နေတာမို့ သူက မခ ပခုံးနှစ်ဖက်ကို ဆွဲလှုပ်ရင်း ...

"မခ ... မခ သတိထားပါဦး၊ စိတ် အေးအေးထားပါ ကျွန်တော်ပါ ... နယုန်မိုးပါ"

နယုန်မိုး ...။ မခသည် ရုတ်တရက် လန့်ဖျပ်သွားကာ မှိတ်ထားသော မျက်လုံးလေးတွေ ဖျတ်ခနဲ ပွင့်ဟလာသည်။ ဘုရားရေ ... ဒီလို လူနဲ့ ဘာ့ကြောင့် ကြုံဆုံရပြန်ပါလိမ့်





ဒီလို လူတစ်ယောက်ရဲ့ ရင်ခွင်နား နီးနီးမှာ ဘာ့ကြောင့် ရှိနေရပါလိမ့်။

"ဖယ်စမ်းပါ ..."

မခသည် ဘယ်လိုက ဘယ်လို ရောက်လာမှန်းမသိသော ခွန်အားသတ္တိဖြင့် နယုန်မိုးရဲ့ ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်ပါသည်။

"ဟာ ... မခ ..."

နယုန်မိုးသည် မခရဲ့ ရိုင်းပျသော အပြုအမူကို အံ့သြသွားမိပါသည်။ သူမက သူ့ကို ရန်သူကြီးတစ်ယောက်ကို ကြည့်သော အကြည့်မျိုးဖြင့် ခပ်စိမ်းစိမ်းကြည့်နေခဲ့သည်။ ပြီးတော့ သူမ နှုတ်ခမ်းတွေက တစ်ခုခုကို ရွံရှာသလို မဲ့နေသည်။

"မခ ... ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် နယုန်မိုးလေ၊ ဟိုတစ်ခါ ..."

"မှတ်မိတယ် ... မှတ်မိတယ်၊ နယုန်မိုး ... နယုန်မိုး ...၊ သိပ် နာမည်ကြီးတဲ့ နယုန်မိုးပဲ၊ သိပ်မှတ်မိတာပေါ့"

"မခ ကျွန်တော့်ကို ဆက်ဆံပုံက တစ်မျိုးကြီးပဲ၊ ကျွန်တော်က မခ တစ်ယောက်တည်း ပြေးနေတာ တွေ့လို့ လိုက်ကူညီရတာလေ၊ မခအပေါ် ကျွန်တော် ဘာမှ အပြစ်မလုပ်မိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ... မခက ရှင့်ကို မသိတာ"

"ဟာကွာ ... ဘလိုင်းကြီး"

နယုန်မိုးသည် ရုတ်တရက် မြွေဟောက်လို ပါးပြင်းထောင်ချင်လာသည်။ မိန်းမတစ်ယောက်က အဲဒီလိုပုံစံမျိုး ဆက်ဆံတာ သူ လုံးဝမခံခဲ့ရဖူးပါ။ နယုန်မိုးဆိုတာလည်း ကိုယ့်မာနနဲ့ ကိုယ်မို့ အသည်းတဆတ်ဆတ် တုန်အောင် ခံပြင်းမိပါသည်။

"ရှင် ... ကျွန်မကို ဘယ်တော့မှ ဘယ်လိုပုံစံနဲ့မှ လာမပတ်သက်ပါနဲ့ ..."

"ဟော့ ... နေဦး"

သူမက ချာခနဲ လှည့်အထွက်မှာ သူက သူမလက်ကို လှမ်းဆွဲထားလိုက်ပါသည်။

"ဖယ်စမ်းပါ ..."

သူမက ဆတ်ခနဲ ရုန်းဖယ်လိုက်သော်လည်း သူက လွှတ်မပေးဘဲ ...

"မဖယ်ဘူးကွာ၊ ကိုယ့်ကို ဒီလို မဆက်ဆံနဲ့၊ ကိုယ်မခံနိုင်ဘူးကွ၊ မင်းက ဘလိုင်းကြီး ကိုယ့်ကို စော်ကားနေတာ"

"ရှင် ... ဖယ်စမ်းလို့ ပြောနေတယ်နော်"

"မဖယ်ဘူး ..."

"ရှင့်အကျင့်က ဒီလိုမျိုးပဲလား ..."

"မင်း စကားက ဘာအဓိပ္ပာယ်လဲ"





"ရှင့်အကြောင်း ရှင်အသိဆုံးပါ၊ ရှင်နဲ့ ဒီလိုအတူရပ်ပြီး စကားပြောရတာတောင် မခ သိက္ခာကျလှပါပြီ"

"ဟာ ..."

နယုန်မိုးသည် အသားလွတ် နိုပ်ကွပ်နေသော သူမကို ကြည့်ရင်း ဒေါသထွက်လာသည်။

"ဒီမှာ မခ ... နယုန်မိုးကို မင်း ဒီလိုလုပ်လို့ မရဘူးဆိုတာ သေသေချာချာ မှတ်ထား၊ ငါ တကယ့်စေတနာနဲ့ မင်းကို ကူညီခဲ့ပေမယ့် မင်းက ငါ့ကို စော်ကားတယ်၊ မင်းလို နုနုနယ်နယ် မိန်းကလေးက ဒီလောက် အဆိပ်ပြင်းလိမ့်မယ်လို့ ငါ မထင်ဘူး"

"ရှင် ... လွှတ်နော်"

"မလွှတ်ဘူး၊ မင်း အကြောင်းရင်းကို ပြောခဲ့၊ ကိုယ့်ကို ဘာဖြစ်လို့ ဒီလိုဆက်ဆံရသလဲဆိုတာ သိရမှ ဖြစ်မယ်"

"ဘာဖြစ်လို့လဲဆိုတော့ ရှင့်ကို ကြည့်မရလို့ပေါ့၊ ရှင့်ကို မုန်းလို့ပေါ့ ..."

မခသည် သူ့ကို ကြောက်သော်လည်း အားတင်းကာ ကြောက်ကန် ကန်ရင်း ပြောလိုက်သည်။

"မခ လက်ကို လွှတ်ပေးပါ"

မခက ပြောရင်း လက်ကို ဆောင့်ရုန်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မခက လှည့်အထွက်မှာ သူက မခဲ ငှဲ့ယ်အိတ်ကို လှမ်းဆွဲထား လိုက်ပြန်ပါသည်။

"မင်း ... ငါ့အပေါ် ဘာရန်ငြိုးရှိသလဲ ... ပြော"

"ဟင် ... ဖယ်စမ်း၊ ကဲ ..."

မခက ရုတ်တရက် နောက်ပြန်လှည့်လာကာ သူ့ လက်ဖျံကို လက်သည်းဖြင့် ဆွဲကုပ်လိုက်လေသည်။

နယုန်မိုးသည် ချက်ချင်း သွေးတွေ စိမ့်ထွက်လာ သော ကိုယ့်လက်ကို ကိုယ် ကြက်သေသေပြီး ကြည့်နေလိုက်မိ သည်။

မခက သူ့လက်မှ ဒဏ်ရာကို အတွေ့မှာ လွတ်ခန် အော်တော့မည့် ကိုယ့်ပါးစပ်ကို ကိုယ် ပြန်ပိတ်ထားရင်း တုန်ရင် နေသည်။

နယုန်မိုးသည် သူမ မျက်နှာကို စေ့စေ့စူးစိုက်ကြည့် လိုက်မိလေသည်။ ပါးစပ်ကို ပိတ်ထားတာမို့ မျက်လုံးရဲ့ အလှက ပိုထင်ရှားနေသည်။ အရည်လည်နေသော မျက်လုံးတွေက အသက် ဝင်လှပါသည်။ ယောကျ်ားတစ်ယောက်အဖို့ နှစ်သက်စရာကောင်း သော အလှတစ်ခုဖြစ်ပါသည်။

သူမက သူ့ကို ကြောက်အားလန့်အား ကြည့်ထား နောက်သို့ တစ်လှမ်းချင်း ဆုတ်နေသည်။ သူက တစ်လှမ်းချင်း





ရှေ့တိုးသွားလိုက်ရင်း မျက်လုံးတွေကလည်း သူမကို စူးစိုက် ကြည့်နေရင်း ...

"မင်းက ငါ့ကို ပထမဦးဆုံး ဒဏ်ရာ အနာတရဖြစ်အောင် လုပ်နိုင်တဲ့ မိန်းကလေးပဲ၊ မင်း သိပ်ထူးဆန်းတာပဲ၊ ဒီလို သတ္တိကြောင်ပြီး ကြောက်တတ်တဲ့ မိန်းကလေးတစ်ယောက် ဒီလောက် ရဲရင့်တာ အံ့သြစရာပဲ၊ မင်းကို ငါ သိပ်ကြိုက် သွားပြီ မခ၊ မင်းကို ငါ ဘယ်တော့မှ မေ့တော့မှာ မဟုတ် ဘူး။ မင်း ဘယ်လို မိန်းကလေးလဲဆိုတာတော့ ငါ သေသေ ချာချာ မသိဘူး၊ ငါကတော့ ငါသိပ်ကြိုက်တဲ့ ဘယ်အရာ မဆို ရအောင်ယူတတ်တဲ့ သူပဲ မခ၊ မင်းရဲ့ ရဲရင့်မှုကို ငါ ချီးကျူးပါတယ်"

နယုန်မိုးက သူမရှေ့က ချာခနဲ လှည့်ထွက်သွား သည်။ ထိုစဉ် သစ်သစ် စီးလာသော ကားက မခနားမှာ ထိုးရပ် သွားပါသည်။ သစ်သစ်က ကားပေါ်မှ အပြေးအလွှား ဆင်းလာ ရင်း ...

"မခရယ် ... ငါ စိတ်ပူလို့ နောက်ပြန်လှည့်ပြီး နင်တို့ကို ရှာနေတာ၊ အိစံဆီ ဖုန်းဆက်တာလည်း ဖုန်းမကိုင်တာနဲ့ ဒီနားတစ်ဝိုက်မှာ ပြန်လာရှာနေတာ၊ နင်တစ်ယောက်တည်း ဖြစ်နေတာကိုး၊ အိစံရော ..."

"သူ ... သူ့အဖေ ဆေးရုံတက်လို့ ပြန်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် နင်တစ်ယောက်တည်း ဒီအထိ လျှောက်လာတာပေါ့၊ သတ္တိကောင်းသားပဲ"

မခရာတော့ သစ်သစ် ဘာတွေပြောနေသလဲ မသိပါ။ သစ်သစ်ကိုသာ ပြူးကြောင်ကြောင် စိုက်ကြည့်မိရင်း တုန်တုန်ရင်ရင် ခေါ်မိသည်။

"ရွှေ ... ရွှေသစ် ..."

"ဟင် ... ဘာဖြစ်လို့လဲ မခ၊ ဟယ် ... လက်တွေလည်း အေးစက်လို့ပါလား"

"ငါ ... ငါ ဘာတွေပြောပြီး ဘာတွေ လုပ်မိသလဲ မသိဘူး ငါ အခု သူ့ကို အရမ်းကြောက်တာပဲ"

"ဘာကိုလဲ ... ဘယ်သူ့ကို ကြောက်တာလဲ ..."

"နယုန်မိုးကို ..."

"ဟင် ... ရှင် နယုန်မိုးနဲ့ တွေ့လို့လား"

"အခု ... အခုပဲ တွေ့တာ၊ သူ့ကို ငါ ကုပ်ဆွဲမိတယ်"

"ဘုရားရေ ... ရှင်တော့ မိုးကို မီးနဲ့ရှို့မိပြီ"

ရွှေသစ်က ရင်ဘတ်ကလေးဖိကာ ဘုရားတလိုက်သည်။ မခကတော့ ကြောက်အားလန့်အားဖြင့် ရွှေသစ် လက်ကို တင်းတင်း ဆုပ်ကိုင်ထားမိလေသည်။



❀ ❀ ❀

နယုန်မိုးသည် ကျောင်းကို မသွားတော့ဘဲ သူ့ရဲ့ Evalution ကားအဖြူလေးကို မြို့ပြင်ဘက်သို့ ခပ်ကြမ်းကြမ်း မောင်းထွက်လာခဲ့လေသည်။ ပျော်ရွှင်ပေါ့ပါး လွတ်လပ်စွာ နေခဲ့သော သူ့ဘဝမှာတော့ ဒါ ပထမဆုံးအကြိမ် သောက်လိုက်ရသည့် ခပ်ခါးခါး ကော်ဖီတစ်ခွက် ဖြစ်သည်။ လည်ချောင်းဝမှာ တစ်ခုခု တစ်ဆို့နေသလိုကြီး၊ ရင်ဝမှာ မီးလောင်နေသလိုမျိုးကြီး၊ ဘာကြီးမှန်းလည်း မသိချေ။ ခုနတုန်းက အခိုက်အတန့်လေးမှာ သူ့ဘဝဟာ သူမရှေ့မှာ ပြောင်းပြန်လန်သွားသလို ခံစားလိုက်ရသည်။

"နယုန်မိုး ဘဝမှာ ဒါမျိုး မရှိဘူးကွ"

သူက မခံမရပ်နိုင်တော့မို့ ကားလီဗာကို ဖိနင်းရင်း အော်ဟစ်စိတ်ဖြေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မိန်းကလေးကမှ သူ့ကို ဒီလိုမျိုး မဆက်ဆံခဲ့ပါ။ ကိုယ့်ရုပ်ရည်နဲ့ရော၊ ကိုယ့် မိဘအရှိန်အဝါပါ ရောပေါင်းကာ နယုန်မိုးဟန်မှာ မိန်းကလေးတွေ စိတ်ဝင်စားခြင်း ခံရသော ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ပါသည်။

သူ တွေ့ဖူးသမျှ မိန်းကလေး အတော်များများဟာ မဆွတ်မိက ကြွေနင့်သည် ဆိုတာမျိုးတွေသာ ဖြစ်ပါသည်။ သူက အရောတဝင် လိုက်လုပ်နေစရာ မလိုဘဲ ကောင်မလေးတွေက လာအရောဝင်ကြသည်။ တချို့ကလည်း သူ့ရုပ်ရည်နှင့် သူ့စရိုက် ခပ်မိုက်မိုက်ကို ကြိုက်လို့၊ တချို့ကျတော့လည်း သူ့မိဘအရှိန်အဝါနှင့် ငွေကြေးကို စိတ်ဝင်စားလို့ ... အမျိုးမျိုး ကြုံတွေ့ဖူးသည်။ တချို့ကို သူက ပြတ်ပြတ်သားသား ရှောင်ဖယ်နိုင်ခဲ့သလို တချို့ကိုကျတော့ အားနာပါးနာ ရေလိုက်သင့် ငါးလိုက်သင့် ကလေး မျှောထားမိတာလည်း ရှိသည်။ နောက်ဆုံးတော့ နယုန်မိုးဟာ ရည်စားများသည်၊ ပွေသည်ဟူသော နာမည်ကလေးတစ်ခု အဖတ် တင်ကျန်ရစ်ခဲ့သည်။

သူ့ကို ခုချိန်ထိ ဘယ်လိုမိန်းကလေးကမှ စကားမာမာ မပြောခဲ့ဖူးပါ။ မခလို ကိုယ်ထိလက်ရောက်စော်ကားသွားဖို့ဆိုတာ အဝေးကြီးမှာပင်။ သူ့ဘဝဟာ ခုချိန်ထိ ဘယ်မိန်းမကမှ အောက်မကျခဲ့ဖူးပါ။ ခုကျမှကွာ ... ရာဇဝင် ရိုင်းလိုက်တာ





သူက ကားစတီယာရင်ကို လက်ဖနှောင့်နှင့် ဆောင့်ချ၍ ခပ်ပြင်းပြင်း တစ်ချက်ရိုက်လိုက်မိသေးသည်။ ပြီးတော့ CD ကက်ဆက်ကို အသံကုန်မြှင့်ကာ ဖွင့်လိုက်တော့ လေးဖြူရဲ့ 'အသုံးမကျတဲ့ နှင်းဆီသီချင်း' က ကျယ်လောင်စွာ လွင့်ထွက်လာသည်။

*"အို ... ရိုစီ ... ရိုစီ ... အနွံ့ရာယ်တွေ ပေညီးမလား ...*
*အို ... ရိုစီ ... ရိုစီ ... ဆူးနဲ့ အဆိပ်ကို လက်ဆောင်ပေး ...*
*ရိုစီ ငါ့ကို ကြင်နာနေတာ မဖြစ်နိုင်ဘူး ...*
*ဆူးတေးများစွာ နစ်မြုပ်နေပြီ ...*
*ညရဲ့ အိပ်ရာ တွန့်ကြေချိန်မှာ မအိပ်သေးဘူး ...*
*ပြန်စဉ်းစား ... ငါ အဆိပ်တက်နေပြီ ..."*

အဲ့ဒီ သီချင်းထဲကလိုပဲ သူမက သူ့အတွက် ဆူးနဲ့ အဆိပ်ကို လက်ဆောင်ပေးသွားသည်။

နောက်တော့ သူက ကားကို လမ်းဘေးမှာ ရပ်ပစ်လိုက်ပြီး နားဘောနက်ပေါ်မှာ ပက်လက်လှဲကာ ကောင်းကင်ကြီးကို ငေးကြည့်နေမိလေသည်။

သို့သော် ကောင်းကင်ကြီးကို သေချာမမြင်ရဘဲ ကောင်းကင်နဲ့ သူ့ကြားမှာ မခက ရှုပ်နေသည်။ သူ့စတွေ့စဉ်က ကြောက်ရွံ့နေသော သူမရဲ့ပုံ၊ လက်သီးကိုက်နေသော ပုံစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ မျက်နှာ၊ ပြီးတော့ ဒီနေ့မှာမှ တွေ့ခဲ့ရတဲ့ သူမရဲ့ ဒေါသတကြီး ဟန်ပန်တွေ…အသံတွေ…။ ဟား…သူမဟာ သူ့အတွေးထဲ သူ့အာရုံထဲမှာ ဝဲလည်လှည့်နေပါရောလား…။

ဒီနေ့အဖြစ်အပျက်က သူမကို ထူးဆန်းစွာ အမှတ်ရသွားစေသည်။ ရင်ထဲမှာ ဒေါသနှင့်အတူ ဘာမှန်းမသိသည့် တစ်ခုခု ဝင်လာသည်။

သူ အဲဒီတစ်နေ့လုံး စိတ်တွေ လေလွင့်နေကာ ကားလျှောက်မောင်းနေခဲ့သည်။ လက်ကဒဏ်ရာကို လေတိုးကာ ဖျင်းခနဲစပ်သွားတိုင်း သူ့ရင်ဘတ်ထဲမှာ စစ်ခနဲ နာသွားသည်။ ရင်ထဲက တနုံ့နုံ့နှင့် မခံချိမခံသာဖြစ်ရသော ခံစားချက်ကြီးက သူ့ရှေ့မှာ ပိတ်ဆို့နေသည်။

သူက သူခံခဲ့ရတာတွေကို သူ့သူငယ်ချင်းတွေဆီမှာ ရင်သွားဖွင့်မိတော့ သူငယ်ချင်းတွေကလည်း သူ့ဘက်က မခံမရပ်နိုင် ဖြစ်ကြသည်။

“ ဒါတော့ မင်း ဘာလိုင်းကြီး ခံရတာပဲ ယုန်”

“မခကကွာ…ကြည့်တော့ဖြင့် မခုတ်တတ်တဲ့ ကြောင်လို ပုံစံမျိုးနဲ့….ခုတော့…”

“ခုတော့ ကုတ်တတ်တဲ့ကြောင်ဝေါ့ကွာ၊ ကြည့်ပါလား… ယုန့်လက်ကို ကုတ်ထားတာများ…”





“တော်စမ်းပါကွာ…ဒေါသဖြစ်ရတဲ့ကြားထဲ၊ တကယ်ပါကွာ၊ တွေးမိရင် ဒေါသဖြစ်တယ်၊ ငါ့ကိုများ မသတိဘူးတဲ့”

“မင်း ရှုပ်တာကို သိသွားလို့လားမှ မသိတာ”

“လူငယ်လေးကွာ…ကိုယ့်အပေါ် ညွှတ်တဲ့မိန်းကလေးတွေကို တစ်ခါတစ်ခါတော့ သာယာမိမှာပေါ့ကွာ၊ အဲဒါ ဆန်းသလား၊ ပြီးတော့ ဒါ ငါ့ကတ္တာ၊ သူနဲ့လည်း ဘာမှမပတ်သက်ဘူး”

“မင်း…အခု မခနဲ့ ပတ်သက်ပြီး ရင်ဘတ်ထဲမှာ ဘာရှိလဲ”

“ဒေါသရှိတယ်၊ ပြီးတော့…ကြိုက်သွားတယ်”

“ဟာ…ဟော့ကောင်၊ မင်းဟာက တစ်မျိုးပါလား၊ ဘာကြီးလဲ”

“ငါလည်း ဘာကြီးမှန်းတော့ မသိဘူး၊ ဒါပေမယ့် ခုချိန်မှာ သူနဲ့ပတ်သက်ပြီး တစ်ခုခု လုပ်ချင်နေတယ်၊ သူ့ကို သွားရှာဦးမယ်”

သူ သူငယ်ချင်းတွေနားက ထ,ထွက်လာကာ မခကို လိုက်ရှာမိလေသည်။

အဲဒီနေ့….။ ပြီးတော့ နောက်နေ့….နောက်နေ့တွေလည်း မခ နောက်ကနေ သူ လိုက်ကြည့်မိသည်။ ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း မခက သူ့မျက်စိထဲမှာ စွဲလာသည်။ သူ့စိတ်ထဲမှာ စွဲလာသည်။ အလွန် ထူးဆန်းစွာပင် မခကို ပိုင်ဆိုင်ရယူချင်လာသည်။ နဝေတိမ်တောင်နိုင်လှသော မခကို ကောက်ယူကာ လွယ်အိတ်ထဲ ထည့်သွားချင်လာသည်။ တစ်ခါတလေတော့ ခံပြင်းဒေါသဖြင့် မခကို ကျောခိုင်းပစ်လိုက်ချင်သည်။ သူ့ရင်ဘတ်ထဲမှာ မခအတွက် ဒေါသတွေ...ခံပြင်းစိတ်တွေလည်း ရှိသည်။ မခကို တွေ့တိုင်း သူ့ရင်ထဲမှာ တနုံ့နုံ့ နာလာတတ်သည်။

သူက မခကို လိုက်ကြည့်ပြီး ပြန်လာတိုင်း သူငယ်ချင်းတွေကို သူ့ခံစားချက်ကို ပြောပြမြဲပင်...။ သူမမေ့နိုင်သော မခရဲ့ စကားလုံးတွေကို ရေရွတ်ပြမြဲပင်။

"ရှင်နဲ့အတူ စကားရပ်ပြောနေတာတောင် မခ သိက္ခာကျလှပါပြီတဲ့...၊ ငါက ဘာဖြစ်နေလို့လဲ...ဘယ်လောက်ဆိုးဝါးယုတ်မာ နေလို့လဲ၊ အလကား သက်သက် ငါ့ကို နှိပ်ကွက်သွားတာကွာ"

"မင်း ဒီလောက်ကြီး ခံစားမနေစမ်းပါနဲ့ကွာ၊ မင်းရင်ထဲကဟာတွေကို တစ်နည်းနည်းနဲ့ ဖွင့်ထုတ်ပစ်လိုက်စမ်းပါ"

သူက အံကြိတ်ကာ စဉ်းစားနေမိသည်။

နောက်တစ်နေ့မှာတော့ သူက ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပြီး သူငယ်ချင်းတွေကို ကြေညာလိုက်သည်။



"ငါ မခကို မရ,ရအောင်လိုက်မယ်၊ သူ ငါ့ကို လက်ခံလာစေရမယ်"

သူငယ်ချင်းတွေက သူ့ကို ဝိုင်းကန့်ကွက်ကြလေသည်။

"မဖြစ်ဘူးထင်တယ် ယုန်၊ ဒီကောင်မလေးက တစ်မျိုးလေး၊ သူတစ်ယောက်တည်းလည်း ဘယ်မှသွားတာမဟုတ်ဘူး၊ အရမ်းလည်း ရက်တတ် ကြောက်တတ်တယ်"

"အဲဒါ သူ့အားနည်းချက်ပဲလေ၊ အားနည်းချက်ကို သိထားရင် ဘာမဆိုလုပ်လို့ ရတာပဲ"

"မင်းက ဘယ်လိုလုပ်မှာလဲ"

"ပတ်ဝန်းကျင်က သူနဲ့ငါ့ကို သမီးရည်းစားလို့ ထင်အောင်လုပ်ရမှာပေါ့ကွာ"

သူက ခပ်တိုးတိုးပြောပြီး တိတ်ဆိတ်စွာ ပြုံးနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

❁ ❁ ❁

နယုန်မိုးရဲ့ ပထမနည်းလမ်းမှာ ပတ်ဝန်းကျင်မှ မြင်သာအောင် မခနောက်သို့ တကောက်ကောက် လျှောက်လိုက်ခြင်းဖြစ်လေသည်။ မခတို့ သူငယ်ချင်းတွေက တစ်နေရာရာမှာ ထိုင်ကြလျှင် သူလည်း ထိုနေရာနှင့် မလှမ်းမကမ်းမှာရှိသည်။ မခရဲ့ အတန်းနားမှာလည်း သူ့ကို မကြာခဏ တွေ့နိုင်သည်။ မခတို့တွေ ကျောင်းဝန်းထဲမှာ လျှောက်သွားနေလျှင် သူလည်း နောက်က လျှောက်လိုက်နေပြီး မခတို့ အပေါ်ထပ်တက်လျှင် လိုက်တက်၊ အောက်ဆင်းလျှင် လိုက်ဆင်း၊ တစ်ခါတရံ မခ တစ်ယောက်တည်း အခန်းလွတ်ထဲမှာ စာထိုင်ဖတ်နေလျှင် သူက လည်း အခန်းအပြင်နားလောက်မှာ စာထိုင်ဖတ်နေလိုက်သည်။ ထိုအခါ ဖြတ်သွားဖြတ်လာများက သူ့ကိုကြည့်သွားသလို မခကိုလည်း လှမ်းကြည့်သွားတတ်သည်။





မခ ကိုယ်တိုင်က သူလိုက်နေတာကို ရိပ်မိသလား၊ မရိပ်မိသလားတော့ မသိ။ ကြာတော့ ပတ်ဝန်းကျင်က မခကို နယုန်မိုး လိုက်နေသည်ဟု သတ်မှတ်သွားကြပါသည်။

တစ်နေ့တော့ သူတစ်ယောက်တည်း လှေကားထောင့်မှာ ထိုင်နေဆဲ အောက်ဘက်နားဆီက ကောင်မလေးအုပ်စုရဲ့ ပြောစကားတွေကို ကြားလိုက်ရသည်။

"ဟဲ့ ... နယုန်မိုးရယ်လေ ... နှင်းမခကို လိုက်နေတယ် သိလား"

"ဟယ် ... ဟုတ်ပါ့မလား၊ နယုန်မိုးက ဒီလောက် မိုက်တာ၊ နှင်းမခကဖြင့် သူကြောင်ကျားလေး၊ လက်သည်းကလည်း ကိုက်သေး"

"အူကြောင်ကျားဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် လှတာတော့ လှတာပဲ၊ ချစ်စရာလည်း ကောင်းတယ်လေဟာ၊ နယုန်မိုးနဲ့ ကြိုက်ဖူးတဲ့သူတွေထဲမှာ အဲဒါမျိုးမှ မပါဖူးတာ၊ သူ့အတွက် အသစ်အဆန်းဖြစ်နေလို့ လိုက်နေတာနေမှာပေါ့"

"သေချာလို့လား"

"သေချာတယ်၊ နှင်းမခ သွားလေရာမှာ နယုန်မိုးကို အရိပ်လို တွေ့နေရတာပဲ၊ နင်သာ မသိတာ၊ တစ်ကျောင်းလုံး လောက်နီးနီး ဒီကိစ္စကိုသိတယ်၊ နယုန်မိုးက နာမည်ကြီး ပဲဟာ၊ လောင်းထားတဲ့ လူတွေတောင် ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို လောင်းတာလဲ"

"နယန်မိုးကို နှင်းမခ ပြန်ကြိုက်မကြိုက်ဆိုတာကိုပေါ့၊ နင်နဲ့ ငါရော လောင်းမလား"

"အေး…လောင်းမယ်၊ ငါက ပြန်မကြိုက်တဲ့ ဘက်က"

"ငါက ပြန်ကြိုက်တဲ့ ဘက်က…"

"လောင်းကြေးက…"

"သိပ်မများပါဘူး၊ ငါနိုင်ရင် ငါကြိုက်တဲ့ မွှေးပွရုပ်ကြီး တစ်ရုပ် ဝယ်ပေး"

နယုန်မိုးသည် လှေကားထောင့်ချိုးမှ စီးမိုးမြင်နေ သော ကောင်မလေးနှစ်ယောက်ကို သေသေချာချာ လှမ်းကြည့် မှတ်သားလိုက်လေသည်။ ပြန်ကြိုက်တဲ့ဘက်က လောင်းသူဟာ သူတို့အခန်းထဲက 'ချာပါတီ' ဖြစ်သည်။ (ကုလားမလေးမို့ ထိုသို့ ခေါ်ပါသည်။) ပြန်မကြိုက်တဲ့ဘက်က လောင်းသူဟာ မခ… အတန်းထဲက တရုတ်မလေး အီကွေ့ဖြစ်သည်။ (တရုတ်မ… ထိုသို့ခေါ်ပါသည်။) သူတို့နှစ်ယောက်လုံးဟာ အလွန် နှုတ်မြ… သူများ ဖြစ်ကြောင်းကိုလည်း သူသိထားသည်။

ထိုအလောင်းအစားကိစ္စကို တစ်ချိန်ချိန်မှာ သူ… အသုံးချရမည် ဖြစ်သည်။

ခုချိန်မှာတော့ သူ့အကွက်ဆင်မှုဟာ အလွန်…





မြင်နေပါသည်။ ထိုရက်ပိုင်းအတွင်းမှာပင် တစ်ကျောင်းလုံးက သူတို့နဲ့သိသမျှ သူငယ်ချင်းတွေက သူ့ကိုတွေ့တိုင်း ထိုကိစ္စကို အသိအမှတ်ပြု စကားပြောသွားတတ်ကြသည်။

"ဟော့ကောင် ယုန်၊ မင်း နှင်းမခကို လိုက်နေတယ်ဆို"

"မင်းဘက်ကစပြီး ဒီလောက် ကြိုးကြိုးစားစား တစ်ဖက်သတ် လိုက်ရတာ ဒါ ပထမဆုံးပဲထင်တယ်"

"ဒီတစ်ယောက်က နောက်ဆုံး အချစ်လား ယုန်…"

သူကလည်း ထိုသို့အပြောခံရတိုင်း ဖီလင်ပါသော …က်နှာလေးဖြင့် ပြန်ပြောရသည်မှာ…

"ငါ သူ့ကိုတော့ တကယ်ကြီးပါကွာ၊ သူက ငါ့ရဲ့ တကယ့် အစစ်ကြီးပါ၊ ဒါပေမယ့်ကွာ ငါ အခု အရမ်းစိတ်မာတတ် ကျနေတာကွ"

"ဘာဖြစ်လို့လဲ"

"သူက အရမ်းရိုးပြီး အရမ်းကြောက်တတ်တာကွ၊ ငါ လိုက်နေတာ သိပေမယ့်လည်း မသိချင်ယောင်ဆောင်နေ တာပဲ၊ သူ ငါ့ကို ပြန်ကြိုက်မယ်မထင်ဘူး၊ ငါ ကံကောင်း ပါစေလို့ ဆုတောင်းပေးကြပါကွာ"

"ဒီတစ်ခါက မင်းရဲ့ ရင်းတွင်းဖြစ် အစစ်ဆိုရင်တော့ ဆုတောင်းပေးပါ့မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အစစ်ကြီးပါကွာ...တကယ့် အစစ်ကြီးပါ"

သူ့ရဲ့ဖီလင်မျက်နှာပေးလေးကို ကပ်စေးနဲ့သည့်နေရာမှာ နာမည်ကျော်သော ချစ်တီးက ယုံကြည်သွားလေသည်။ ချစ်တီးက အလွန်ကပ်စေးနဲ့ကာ သူ့ပစ္စည်းဆို မရ,မက ကုပ်ကပ်တွန့်တိုတတ်ပြီး သူများပစ္စည်းကျတော့ လိုချင်မျက်စိရှိသူ ဖြစ်သည်။ သူငယ်ချင်းတွေစုပြီး အတူတူစားကြလျှင် သူများပိုက်ဆံရှင်းရင် ပြုံးပျော်နေတတ်ပြီး သူ ရှင်းရပြီဆိုလျှင်တော့ မျက်နှာကို အီးမှန်ထားသလို ရှုံ့မဲ့နေတတ်သည်။ အလကားရလျှင် ဘာမဆို လိုချင်သေးသည်။ ထို့ကြောင့် သူ့ကို ချစ်တီးဟု နာမည်ပြောင်ပေးထားပါသည်။

ချစ်တီးကိုလည်း အသုံးချဖို့ သူ့စိတ်ထဲမှာ မှတ်ထားလိုက်ပါသည်။

ချစ်တီးက သူ့ပခုံးကို ပုတ်ကာ...

"မင်း ကံကောင်းပါစေကွာ...ကံကောင်းပါစေ"

"မင်း ပေးတဲ့ဆုနဲ့ သေချာပေါက် ပြည့်ပါရစေကွာ"

"အေးပါကွာ...အေးပါ"

"တခြားသူငယ်ချင်းတွေကိုလည်း ဆုတောင်းပေးဖို့ ပြောပေးပါကွာ သူငယ်ချင်းရာ...နော်"

"အေးပါကွာ...ပြောပေးပါ့မယ်"





"ဆက်ဆက်ကြီးနော်"

"အေးပါကွာ...ဆက်ဆက်ကြီး ပြောပေးပါ့မယ်"

"မင်းကျေးဇူးကို ငါမမေ့ပါဘူးကွာ၊ ငါ ကံကောင်းရင် မင်း စားသမျှရော ငါ့အတွက် ဆုတောင်းပေးတဲ့သူတွေအားလုံး စားသမျှကိုပါ တစ်လတိတိ မငြူမစူ ရှင်းပေးပါ့မယ်"

"တကယ်လား"

ချစ်တီး မျက်လုံးတွေ ဝင်းခနဲ ဖြစ်သွားသည်။

"တကယ်ပေါ့ကွာ"

ချစ်တီးက တက်တက်ကြွကြွထက်ခွာသွားပါသည်။

သူဖြန့်လိုက်သော သတင်းစကားတွေဟာ ဒီပတ်ဝန်းကျင်မှာ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားလိမ့်မည်ဆိုတာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့...ဟိုမှာ နယုန်မိုးကို တွေ့ပြန်ပြီ"

လူရှင်းသည့် အုတ်ခုံလေးမှာ ပြွတ်သိပ်နေအောင် စုထိုင်ရင်း နေကြာစေ့ စားနေရာက ရွှေသစ်ရဲ့ အထိတ်တလန့် အသံကြောင့် မခ ကိုယ်ခန္ဓာက တောင့်ခနဲ ဖြစ်သွားသည်။ ခု တလော နယုန်မိုး အသံကြားလျှင် လန့်ချင်နေသည်။

"ဒီကောင် လုံးဝ မရိုးသားဘူးနော်၊ နင်တို့နောက်ကို နောက် ယောင်ခံလိုက်နေတာ သေချာနေပြီ"

"ဟယ်...ဒုက္ခပါပဲ၊ ငါ့ကိုမကျေနပ်လို့ အန္တရာယ်ပြုချင် လို့များလား"

"ဘယ်လို အန္တရာယ်ပြုမှာလဲ"

"နင်တို့အလစ်မှာ ချောင်းရိုက်တာတို့ ဘာတို့ပေါ့၊ နင်တို့ နော်...ဒီလို အခြေအနေမျိုးမှာ ငါ့ကို ဂရုစိုက်ကြ၊ တစ်ယောက်တည်း ထားထားမသွားနဲ့၊ ငါကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မခ တစ်ယောက်ကတော့ ဈာတုန်းက သွားဈာပြီး ခုမှ ကျောချမ်းနေလိုက်တာ၊ နင် ပြောသလိုမျိုးကြီးတော့ အန္တရာယ်ပြုမယ် မထင်ပါဘူး မခရယ်၊ သူလို ခပ်မိုက်မိုက် ဒီဇိုင်းနဲ့ နာမည်ကြီးကြီး လူမျိုးက နင်လို ချောချောလှလှ မိန်းကလေးတစ်ယောက်ကို ချောင်းရိုက်ပါ့မလား"

"မပြောနိုင်ဘူးလေ၊ သူက ငါ့ကို ကြိမ်းသွားတာကိုး"

မခက ခပ်တိုးတိုးပြောရင်း သူ့စကားတွေကို ပြန်သတိရလာကာ ခြေဖျား လက်ဖျားတွေ အေးစက်လာသည်။

"သူက ဘယ်လို ကြိမ်းသွားတာလဲ၊ ငါတို့ကို သေသေချာချာ ပြည့်ပြည့်စုံစုံ ပြန်ပြောပြစမ်းပါ မခရယ်..."

"သူက ငါ့ကို ကြိုက်တယ်တဲ့၊ ပြီးတော့ သူက သူကြိုက်တဲ့ ဘယ်အရာမဆို ရအောင်ယူတတ်တယ်တဲ့"

"ဘုရားရေ...အဲဒီလို ကြီးလား"

မခရဲ့ သူငယ်ချင်းတွေ အားလုံး ပြိုင်တူဘုရားတလိုက်ကြပါသည်။ မသွယ်က နယုန်မိုးဘက်ကို တစ်ချက်လှည့်ကြည့်လိုက်ပြီးမှ မျက်လုံးပြူး၍ ပြောသည်မှာ...

"ဒါဆို...သူ နင့်ကို လိုက်နေတာထင်တယ်"

"လိုက်နေတယ် !"

"အေးလေ...ကြိုက်လို့ လိုက်နေတာ၊ နင့်ကို ရည်းစားတော်ချင်လို့"





"ဟာ...အဓိပ္ပာယ် မရှိတာ"

"ဘာလို့ အဓိပ္ပာယ် မရှိရမှာလဲ၊ ရှိတယ်...ရှိတယ်၊ တချို့ယောကျ်ားလေးတွေဟာ မိန်းကလေးတစ်ယောက်က သူတို့ကို ရိုင်းရိုင်းပျပျ ဆက်ဆံရင်လည်း မခံချင်စိတ်နဲ့ လိုက်တတ်ကြတယ်၊ အဲဒီနည်းမျိုးနဲ့ မာနကို ချိုးပစ်တတ်ကြတယ်"

"သူ့ကြည့်ရတာတော့ ရည်းစားစကား လိုက်ပြောချင်တဲ့ပုံမျိုး မဟုတ်ဘူးဟ၊ ကြည့်လိုက်ရင် ခပ်အေးအေးပဲ၊ ငါတို့နောက်နားမှာ တွေ့တွေ့နေပေမယ့် ငါတို့ကို ကြည့်တာ မဟုတ်ဘူး၊ သူ့ဘာသာ စာဖတ်ချင် ဖတ်နေတာ၊ ငါတို့နောက်က လျှောက်လိုက်နေရင်လည်း သူ့ဘာသာ MP 4 ကို နားမှာတပ်ပြီး သီချင်းလိုက်ဆိုရင်း ခြေလှုပ်လက်လှုပ်နေတာ၊ ငါတို့ကို အရေးစိုက်တာမှ မဟုတ်တာ"

အိစံက တွေးတွေးဆဆ ပြောရင်း နယုန်မိုးကို လှမ်းအကဲခတ်လိုက်သည်။ ခုလည်း နယုန်မိုးက စာအုပ်တစ်အုပ်ကို စိတ်ဝင်တစား ငုံ့ဖတ်နေပါသည်။ ရွှေသစ်က သက်ပြင်းချရင်း...

"အဲဒီတော့လည်း အခက်သားပေါ့၊ သူက ဘာသိဘာသာနေတော့ လိုက်နှောင့်ယှက်နေပါတယ်လို့လည်း ပြောလို့ မရတော့ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေသစ်တို့ ပြောနေချိန်မှာ မခကတော့ ရင်ထိတ်ခုန်၍ နေလေသည်။ သူ့ကို မခတို့နောက်မှာ နေ့စဉ်ရက်ဆက် ဆိုသလို တွေ့နေတွေ့နေခဲ့ရသည်။ မခသည် သူ့ကိုတွေ့တိုင်း ကြောက်စိတ်ဖြင့် ရှောင်ပြန်လာလေ့ရှိသည်။ သူဟာ မခ အပေါ် တစ်ခုခုကြံစည်နေပြီဟု စိတ်ထဲမှာ ထင်မိနေသည်။

မခသည် စိတ်လှုပ်ရှားတုန်လှုပ်လာကာ လက်သည်းကိုက်လိုက်ရင်း ခေါင်းငုံ့ငြိမ်သက်နေမိသည်။

"ဟဲ့...ဒီလက်သည်းက အရေးဆို ကိုက်ပြီ"

ရွှေသစ်က မခလက်ကို ပုတ်ချလိုက်သည်။ မခ သူငယ်ချင်းတွေက အမြဲတမ်း မခ အကျင့်ကိုပြင်ဖို့ ကြိုးစားတတ်ကြပါသည်။

"ငါ...ငါ...သူ့ကို ကြောက်လို့ပါဟာ၊ သူ့ကြည့်ရတာ ငါ့ကို ဒုက္ခပေးဖို့ တစ်ခုခုကြံနေသလိုပဲ၊ သူ့ကြောင့် မေမိုးလည်း သေပြီးပြီ၊ ငါလည်း သူ့ကြောင့် တစ်ခုခု..."

"ကဲ...မခရယ်၊ အဲဒီအစွဲကြီးကို ဖျောက်ဖို့ ဘယ်နှခါ ပြောရမလဲဟယ်၊ မေမိုး သေတာ သူ့ကြောင့်လို့ အတပ် ပြောလို့မှ မရတာကြီးကို၊ ငါတို့လည်း မေမိုးဘက်က ခံပြင်းပါတယ်၊ နယုန်မိုးကိုလည်း သိပ်ကြည့်မရပါဘူး ဒါပေမယ့် တစ်ချိန်လုံးကြီးတော့ မုန်းမနေနိုင်ပါဘူး၊ သူများကိုမုန်းရင် ကိုယ့်လည်း ပင်ပန်းတာပဲ"





မခကတော့ အိစံတို့လိုစိတ်မျိုး မထားနိုင်လို့ သူ့ကို နှစ်နှစ်နှာနှာပြောဖြစ်ခဲ့ပြီးမှ သူ့ဘက်က တုံ့ပြန်လာမှာကို ကြောက်ရွံ့နေခဲ့သည်။

မခက ရည်းစား ထားဖူးသူလည်း မဟုတ်ခဲ့။ ယောကျ်ားလေး သူငယ်ချင်းထားဖို့တောင် မရဲခဲ့သူဖြစ်ပါသည်။ ယောကျ်ားတစ်ယောက်နဲ့ ရင်းနှီးပတ်သက်ရမှာကိုတောင် ရှက်ခဲ့သော မခသည် ခုလို ကိုယ့်နောက်က ယောကျ်ားတစ်ယောက် တကောက်ကောက် လိုက်နေသော ကိစ္စကို လူတွေသိမှာ တွေးကြောက်လာသည်။

"ဒီကောင် ငါတို့နောက် ဆက်မလိုက်နိုင်အောင် ပညာပြလိုက်ဦးမယ်"

ရွှေသစ်က ပြောတာမို့ မခက ရွှေသစ်လက်ကို ဆွဲထားရင်း...

"ဘာလုပ်မှာလဲ"

"အသာကြည့်နေ...သူနဲ့ ငါတို့နဲ့ ပြောဆိုသိကျွမ်းဖူးတာပဲ၊ အသာလေး စကားပြောဆိုကြည့်လိုက်တာပေါ့၊ ဟေး နယုန်မိုး..."

အိစံက လက်ခုပ်နှစ်ချက်တီးလိုက်ပြီး နယုန်မိုးကို လှမ်းခေါ်လိုက်သည်။ နယုန်မိုး လှည့်ကြည့်လာတော့ လက်လှမ်းပြလိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"စာတွေ သိပ်ကြိုးစားနေပါလား"

နယုန်မိုးက အသာလက်ပြန်ပြ နှုတ်ဆက်ရင်း...

"နည်းနည်းပါးပါးပါဗျာ၊ စာကြွေးတွေ ခုမှ ဖိဆပ်နေရတာပါ၊ ဒါနဲ့ ခုတလော ခင်ဗျားတို့ အုပ်စုနဲ့ ကျွန်တော်နဲ့ ခဏခဏ ဆုံနေသလိုပဲနော်၊ ခင်ဗျားတို့ရော စာတွေ ရပြီလား"

"ဒီလိုပါပဲ...နည်းနည်းပါးပါးပေါ့"

အိစံက မခတို့ဘက် ပြန်လှည့်လာရင်း...

"ငါပြောမယ့်စကားကို သူက ဦးသွားတယ်ဟ"

"သူ့ကြည့်ရတာ မင့်သေသေပဲ၊ သူ့နိုး လူမိသလိုမျိုး အိုးအိုးအအ လုံးဝမဖြစ်ဘူး"

"ဒီကျောင်းဝန်းထဲမှာ ဒီလူနဲ့ဒီလူ မတော်တဆဆုံတာပဲ ဖြစ်မှာပါဟာ"

အိစံတို့အားလုံးက ထိုကိစ္စကို ခပ်ပေါ့ပေါ့သာ ယူဆလိုက်ကြပြီး ထိုနေရာမှ ထ,ထွက်လာခဲ့ကြပါသည်။ မခကလည်း သူတို့ထင်သလို ဖြစ်ပါစေဟု ဆုတောင်းနေခဲ့ရသည်။

တစ်နေ့မှာ ထူးဆန်းသော မြင်ကွင်းတစ်ခုကို မခတို့အားလုံး မြင်တွေ့ကြရသည်။

အဲ့ဒီနေ့က ကျောင်းဆင်းချိန်မှာ မခတို့တွေ ကျောင်း





စာဆက်ကူးရင်း နည်းနည်းနောက်ကျမှ အခန်းထဲက ထွက်ဖြစ်ကြသည်။ အခန်းတစ်ခုရှေ့ကအဖြတ်မှာ ထူးဆန်းသော အသံတချို့ကို ကြားလိုက်ရလေသည်။

"ကံကောင်းပါစေ...သူ တကယ်ကံကောင်းပါစေ...နယုန်မိုးတစ်ယောက် အမှန်တကယ် ကံကောင်းပါစေ"

နယုန်မိုးဆိုသော အသံကြောင့် မခတို့ မျက်လုံးပြူးသွားကြသည်။ ပြီးတော့ ဖြိုင်တူလိုလိုပင် တံခါးအကွယ်မှာ ရပ်လိုက်မိသည်။ ကြားရသည့်အသံ လေယူလေသိမ်းဟာ ဆုတောင်းမေတ္တာပို့သသံလိုလို ဘာလိုလိုနှင့် တစ်မျိုး ထူးဆန်းလှတာမို့ အသံလာရာဆီ ချောင်းကြည့်လိုက်မိကြသည်။

မခတို့ မြင်တွေ့ရသည်မှာ ချစ်တီးဟု မခတို့အားလုံး သိထားသော ကျောင်းသားတစ်ယောက် အပါအဝင် ကျောင်းသား လေးယောက်က ခေါင်းချင်းဆိုင်လျက် တစ်ယောက်လက်ကို တစ်ယောက်က ဆုပ်ကိုင်ရင်း 'ကံကောင်းပါစေ' ဟု တတွတ်တွတ် ရွတ်ဆိုနေကြခြင်းဖြစ်သည်။ ထိုခဏမှာ သူတို့အားလုံး လက်ချင်းဖြုတ်လိုက်ကြပြီး ချစ်တီးက မြောက်ကြွကြွ ပြောသည်မှာ...

"ကဲ...အဲဒီလို ခဏလေးလုပ်တော့လည်း ပြီးသွားတာပဲ၊ လိမ်ရာမကျတော့ဘူး၊ ယုန်ဖိုဘာသာ ကံကောင်းပြီ သူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်နေတဲ့ ကောင်မလေးနဲ့ အဆင်ပြေသွားရင်လည်း ငါတို့အားလုံး တစ်လလောက် မုန့်အလကား စားရတာပေါ့"

မခတို့အားလုံးသည် ချစ်တီးရဲ့စကားကြောင့် စိတ်ထဲသက်မကောင်း ဖြစ်သွားကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ အိစံက တိုးတိုးလေး စ,ပြောသည်။

"အဲဒါ မခနဲ့များ ပတ်သက်နေမလား၊ နယုန်မိုးလိုက်နေတဲ့ ကောင်ကလေးဆိုတာ မခများလား"

"ကြားရတာတော့ စိတ်ထဲမှာ တမျိုးကြီးပဲ၊ ဒါပေမယ့်ဖြစ်တော့ မဖြစ်နိုင်ပါဘူး၊ နယုန်မိုးက ဒီလောက်ပွေတာ သူလိုက်နေတဲ့ ကောင်မလေးတွေ တန်းစီနေမှာပေါ့၊ လိုက်တယ်ဆိုတာက ရိုးရိုးလျှောက်လိုက်နေရတာမျိုးမှ မဟုတ်တာ၊ အနည်းဆုံးတော့ တစိုက်မတ်မတ်ကြည့်မယ်၊ စကားပြောဖို့ကြိုးစားမယ်၊ ခုဟာက နယုန်မိုးက ဒါမျိုး တစ်ခုမှမလုပ်တာ၊ ချစ်လို့ကြိုက်လို့ လိုက်တယ်ဆိုတာ ဒီလိုပုံစံမျိုးမဟုတ်ဘူး"

"ချစ်တီးကို သွားမေးမယ်ဟာ"

"ဟာ...မလုပ်နဲ့ ရွှေသစ်၊ မဖြစ်ဘူး၊ တော်ကြာ ချစ်တီးက သွားပြန်ပြောရင် နယုန်မိုးက ဟားနေမှာပေါ့"



အိစံတို့အားလုံး လက်လျှော့လိုက်ကြရသည်။

သို့သော် မကြာမီ ရက်ပိုင်းအတွင်းမှာ မခ ကြုံလိုက်ရသည်မှာ...

● ● ●



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

"ဟဲ့...မခ...ရှင်နဲ့ နယုန်မိုးနဲ့က ဘယ်လိုလဲ..."

"ဟင်...ဘာကို ဘယ်လိုရမှာလဲ"

အတန်းထဲက ချယ်ရီက မခ ပခုံးကို လာပုတ်ပြီး မေးလိုက်တာမို့ မခ အံ့သြသွားသည်။ အိစံတို့ သုံးယောက်လည်း ကြားသွားကာ နားရွက်ကလေးတွေ ထောင်သွားသည်။

"အံမယ်...လုပ်မနေပါနဲ့၊ နယုန်မိုး ရှင့်ကိုလိုက်နေတာ တစ်ကျောင်းလုံးသိပါတယ် မခရဲ့..."

"ဟယ်...ဒုက္ခပဲ၊ အဲ့ဒါ ကောလာဟလတွေပါ၊ ရှင် ဒီသတင်း ဘယ်ကရလဲ"

"ဘယ်ကမှ ရစရာမလိုပါဘူး၊ အားလုံးမြင်နေရတာပဲဥစ္စာ၊ ခုချိန်မှာ နယုန်မိုးက ရှင့်နောက်က အရိပ်ကလေးလို လိုက်နေတာပဲလေ..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး…မဟုတ်ဘူး၊ အဲ့ဒါ လုံးဝမဟုတ်ဘူး"

"ရှက်မနေပါနဲ့ မခရဲ့၊ မခက လှလို့ နယုန်မိုးလိုလူက ဖွဲ့နဘဲနဲ့ ကြိုးစားနေတာ၊ ကျေနပ်ဖို့တောင် ကောင်းသေးတယ် မဟုတ်လား"

ချယ်ရီက ရယ်ရယ်မောမောပြောပြီး ထွက်သွားတော့ မခက မေသွယ်တို့ကို အားကိုးတကြီး ကြည့်လိုက်မိရင်း အသံဖျော့ကလေးဖြင့်…

"ဘယ်လိုလုပ်မလဲ"

ဟု မေးမိတော့ အိစံ၊ မေသွယ်နှင့် ရွှေသစ်တို့ ပြိုင်တူ ပခုံးတွန့်ကာ 'မတတ်နိုင်ဘူး' ဟူသော သဘောဖြင့် လက်ဝါးဖြန့်ပြလိုက်ကြလေသည်။



✽ ✽ ✽

'နယုန်မိုးက နှင်းမခကို လိုက်နေတယ်' ဟူသော သတင်းစကား ပြန့်ကားသွားပြီးနောက် တစ်လအကြာတွင် နယုန်မိုးရဲ့ ဒုတိယ အစီအစဉ်ကို စတင်လိုက်လေသည်။

အစီအစဉ် စ,တင်သောနေ့မှာ သူက ခါတိုင်းနေ့တွေထက် ပိုမိုလှပသစ်လွင်တောက်ပြောင်စွာ ဝတ်စား ပြင်ဆင်လာခဲ့သည်။ မနေ့ကမှ ညှပ်ထားခဲ့သော သူ့ဆံပင်တိုလေးတွေဟာ ဂျဲလိမ်းထားသဖြင့် ထောင်ကော့နေပြီး သူ့တစ်ကိုယ်လုံး မွှေးရနံ့ဖြင့် သင်းပျံ့လတ်ဆတ်နေသည်။ သူ့လက်သူကြွယ်မှာတော့ မခ ဝတ်သည့် လက်စွပ်နှင့် ဆင်တူ တစ်လုံးတည်း စိန်တစ်လုံးနှင့် ကွင်းထားသည့် ခပ်ရှင်းရှင်း လက်စွပ်လေးကို ဝတ်လာခဲ့သည်။ ပြီးတော့ သူ့မျက်နှာပေါ်မှာ လှိုက်လှဲသော အပြုံး တစ်ခုကို ဆင်မြန်းထားသည်။ သူက တေးသွားလေး တစ်ပုဒ်ကို ခပ်တိုးတိုး လေချွန်နေလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့မှာ သူက နှင်းဆီပန်းတစ်စည်းနှင့် မွေးပွ ရုပ်ကြီး တစ်ရုပ်ကို ယူဆောင်ကာ ကျောင်းသို့ရောက်လာခဲ့တာ ဖြစ်သည်။ သူ့မျက်နှာဟာ အင်မတန်မှ ပီတိဖြစ်စွာ ပျော်ရွှင်နေ သော မျက်နှာမျိုး။ သူ့ခြေလှမ်းတွေဟာလည်း ပုံမှန်ထက်ပိုပြီး မြောက်ကြွကြွ ဖြစ်နေသည်။ သူက သူအလွန်ချစ်မိသော မိန်း ကလေးထံမှ ချစ်အဖြေရသူတစ်ဦးရဲ့ ပျော်ရွှင်တက်ကြွမှုမျိုး ဖန်တီး လာခဲ့တာဖြစ်သည်။ သူ့ကိုတွေ့သူတိုင်းက သမင်လည်ပြန် ကြည့် သွားကာ တီးတိုးပြောသွားကြသည်။

"ယုန်တစ်ကောင်တော့ ကြောင်သွားပြီထင်တယ်၊ တစ် ယောက်တည်း ပြုံးနေတာပဲ"

"ကေန္တ…ဒီကောင် ဖွဲ့နဘဲနဲ့လိုက်နေတဲ့ နှင်းမခနဲ့ အဆင် ပြေသွားပြီ ထင်တယ်"

သူဆင်သည့်အကွက်ထဲကို သူ့ပတ်ဝန်းကျင်က ရှု တွေအားလုံး တိုးဝင်လာခဲ့ကြသည်။

အားလုံးက သူ့လက်ထဲက ပန်းစည်းနဲ့ အရုပ်ဟာ မခကို ပေးဖို့ဟုသာ ထင်ကြသည်။

သို့သော် သူပထမဆုံး ရှာမိသည့် မိန်းကလေးက ကုလားမလေး ချာပါတီ ဖြစ်သည်။

အဆင်သင့်ပင် ချာပါတီနှင့် အိကွေ့ကို အတူတွေ့





ဆုံတွေ့ရသည်။ သူက သူမတို့ထံ လျှောက်သွားပြီး လက်ထဲ က မွေးပွရုပ်ကို ချာပါတီထံ လှမ်းပေးလိုက်သည်။

"ရော့…ချာပါတီ…နင့်အတွက်"

"ဟင်…ဘာလုပ်တာလဲ"

"နင် နိုင်ပါတယ် ချာပါတီ၊ ယူလိုက်ပါ"

"နင်…ဒါ…"

"နင်လောင်းထားတာ နင်သိမှာပါ၊ ပျော်လွန်းလို့ အိကွေ့ အစား ငါက ဝယ်ပေးတာပါ"

သူက ချာပါတီလက်ထဲ အရုပ်ထည့်ပေးပြီး လေ အလေးချွန်ကာ လှည့်ထွက်လာသည်။ ထိုခဏမှာ ချာပါတီ့အသံ နုနုးက သူ့ထံ လွင့်လာသည်။

"ဟယ်…ဒီကောင့်ကို မခ ပြန်ကြိုက်လိုက်ပြီထင်တယ်၊ ငါတို့လောင်းထားတာ သူဘယ်လို သိသွားပါလိမ့်…"

ထိုအစီအစဉ်မှာ လုံးဝကွက်တိ အောင်မြင်သွားပြီ ဖြစ် သူက နှင်းဆီပန်းစည်းကိုပိုက်ကာ ကဲန်တင်းဘက်သို့ လျှောက် လာခဲ့လေသည်။ ပြီးတော့ လှရုပ်သောနေရာမှာရပ်ကာ လာသမျှ လူကို နှင်းဆီပန်း တစ်ပွင့်စီ ဝေပေးရင်း…

"ပျော်ရွှင်မှုကို ဝေငှတာပါ ခင်ဗျား၊ ဒီနေ့ ကျွန်တော် တကယ်ချစ်ရတဲ့ မိန်းကလေးဆီက အဖြေရတဲ့နေ့မို့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပါးစပ်ကလည်း တဖွဖွပြောပေးနေရလေသည်။ ပြီးတော့ သူ့လက်မှာဝတ်ထားသည့် မခနှင့် ဆင်တူ လက်စွပ်လေးကို လှမြင်အောင်ပြပြနေကာ လက်စွပ်ဝတ်သည့် လက်ချောင်းကလေးကို မကြာခဏကိုင်ရင်း...

"ဒီလက်စွပ်က ခုမှ ဝတ်လာတာ၊ နည်းနည်းချောင်တော့ ကျွတ်မကျအောင် သတိထားနေရတယ်"

ဟု အမှတ်တမဲ့လိုလိုနှင့် ပြောလိုက်သေးသည်။

နှင်းဆီပန်း ဝေပြီးသောအခါ သူက ချစ်တီးနှင့် သူငယ်ချင်းတစ်သိုက်ထိုင်နေသော ကန်တင်းထဲသို့ ဝင်လာကာ အသံကျယ်ကျယ်ဖြင့် ကြေညာလိုက်သည်မှာ...

"ဟေ့ကောင်တွေ ဒီနေ့ကစပြီး တစ်လတိတိ မင်းတို့ အားလုံး စားသမျှကို ရှင်းမယ်ကွာ၊ ကြိုက်တာ စားကြ"

ချစ်တီးတို့အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကာ...

"ဒီကောင် နှင်းမခနဲ့အဆင်ပြေသွားပြီထင်တယ်၊ ဟုတ်လား ယုန်"

"ဒါကတော့ မင်းတို့ဘာသာ တွေးကြည့်ပေါ့ကွာ၊ ဟဲ...ဟဲ ဒီနေ့ ငါအရမ်းပျော်တယ်ကွာ"

"ငါတို့ ဆုတောင်းပေးရကျိုး နပ်တာပေါ့ကွာ၊ ဒီကောင် တွေကို မေးကြည့်ပါလား၊ ငါတို့ တကယ်ဆုတောင်းခဲ့ကြ တာ"





"အဲဒါကြောင့်မို့လို့လည်း ငါက ငါ့ကတိအတိုင်း မင်းတို့ကို ကျွေးတာပေါ့ကွာ၊ ဟာ...လက်စွပ်ကလည်း ချောင်တယ်ကွာ"

သူက ချစ်တီးတို့အားလုံးရှေ့မှာ မြင်သာအောင် သူ့လက်စွပ်ကို ပြလိုက်သည်။ ချစ်တီးက မျက်ခုံးပင့်သွားကာ...

"အံမယ်...မင်းတို့က ဒီအဆင့်တောင် ရောက်သွားပြီလား၊ ဒါမျိုး လက်စွပ် မခ ဝတ်တာ မြင်ဖူးပါတယ်၊ မင်းတို့ လက်စွပ်ဆင်တူ လုပ်ဝတ်ကြတာလား"

"ပြောမပြဘူး"

သူက ပြုံးစိစိနှင့် ဘာမှ မပြောဘဲနေလိုက်သည်။ ဘယ်တုန်းက ဝတ်နေသည်မသိသော ချစ်တီးတို့ကတော့ စားချင်သမျှကို အလကားရတိုင်း အုန်းအုန်းကျွတ်ကျွတ် ပွက်ပွက်ဆူအောင်မှာ စားနေကြသည်။ သူတို့ကြောင့်ပင် ကန်တင်းတစ်ဝိုက်က ရှိရှိသမျှ လူအားလုံးလည်း ထိုကိစ္စကို သိရှိပျံ့နှံ့သွားလေသည်။

"နယုန်မိုးကို နှင်းမခက ပြန်ကြိုက်လို့တဲ့၊ ဒီကောင် ပျော်ပြီး အလှူကြီးပေးနေတယ်လေ"

ထိုသတင်းသည် တစ်ကျောင်းလုံးသို့ တစ်မဟုတ်ချင်း ပျံ့နှံ့သွားသည်။ ချစ်တီးတို့ကလည်း ထိုအကြောင်းကို ဖွသည်။ ချာပါတီနှင့် အီကွေးကလည်း ထိုအကြောင်းကို ဖွသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြံ အောင်မြင်သွားလေပြီ။

နယုန်မိုးနှင့် နှင်းမခကို အားလုံးက ချစ်သူရည်းစားအဖြစ် သတ်မှတ်သွားကြလေပြီ။

ပြောမယ့်သာပြောရတယ်၊ အဲဒီနေ့က သူ့စကားတွေထဲမှာ နှင်းမခ ဆိုသည့် နာမည်တစ်လုံးမှမပါခဲ့။ သူ့နှုတ်ဖျားကလည်း နှင်းမခနဲ့သူ ကြိုက်သွားပြီဟု မပြောခဲ့ဘဲ ပညာသားပါပါ လှလှပပလေး ကစားသွားခဲ့တာဖြစ်သည်။ ခုတော့ နှင်းမခကို သူ ရည်းစားစကား တစ်ခွန်းမှ ပြောစရာမလိုဘဲ အများတကာက သူမနဲ့ သူ့ကို သမီးရည်းစားအဖြစ် သတ်မှတ်ခဲ့ပြီဖြစ်သည်။ သူ့အကြံသည် လှလှပပကလေး အောင်မြင်သွားခဲ့တော့သည်။

သူက…

"နယုန်မိုးကို မင်း လျော့မတွက်နဲ့ မခ"

ဟု မထိတရီ အပြုံးကလေးဖြင့် တီးတိုးရေရွတ်မိလေသည်။



"မခနဲ့ နယုန်မိုးတို့ သမီးရည်းစား ဖြစ်သွားကြပြီတဲ့"

"ဟယ်…ငါလည်း ဘာမှ မသိရပါလား"

ရွှေသစ်က ထိုသို့လာပြောချိန်မှာ မခက တအံ့တသြ ရေရွတ်လိုက်ခြင်းဖြစ်လေသည်။ ကြားရတဲ့ ကိုယ့်အကြောင်းဟာ ကိုယ်နဲ့လည်း ဘာမှ မဆိုင်ပေ။

"နင်…ဒါ ဘယ်က ကြားလာတာလဲ"

အိစံကမေးတော့ ရွှေသစ်က ဆက်ပြောသည်မှာ…

"တစ်ကျောင်းလုံးက ပြောနေကြတာဟေ့၊ နယုန်မိုးက မခဆီက အဖြေရလို့ဆိုပြီး အရမ်းပျော်ပြီး လူတကာကို နှင်းဆီပန်းတွေ လျှောက်ဝေနေတယ်တဲ့"

"ဟယ်…ရက်စရာ ကောင်းလိုက်တာ"

"ဒါတင်မကသေးဘူး၊ မခက နယုန်မိုးကို ပြန်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



မကြိုက် လောင်းထားတဲ့ ချာပါတီနဲ့ အီကွေးတို့နှစ်ယောက် အနက်က ပြန်ကြိုက်တဲ့ဘက်က လောင်းထားတဲ့ ချာပါတီကို သူက အရုပ်ကြီးတစ်ရုပ် ဝယ်ပေးလိုက်တယ်တဲ့"

"ဟယ်...ကြည့်စမ်း"

"ပြီးတော့ ရှိသေးတယ်၊ မခနဲ့ သူနဲ့ အဆင်ပြေအောင် ဆုတောင်းပေးကြတဲ့ ချစ်တီးတို့အုပ်စု တစ်လတိတိ စားသမျှကို သူက ဒိုင်ခံရှင်းပေးဦးမှာတဲ့..."

"အဲဒါကြောင့်မို့လို့ ချစ်တီးတို့ ဆုတောင်းနေတာ တွေ့ကတည်းက ငါ့စိတ်ထဲ သင်္ကာရန့်မကင်းသလို ခံစားရပေါ့"

"ခုဆိုရင် နှုတ်ဖွာတဲ့ ချာပါတီနဲ့ အီကွေ့ရော၊ ဘာမဆို ဖွတတ်တဲ့ ချစ်တီးတို့အုပ်စုရော မခနဲ့ နယုန်မိုးအကြောင်း တစ်ကျောင်းလုံးကို လျှောက်ပြောနေတာ ပွဲနေတာပဲ ငါတောင်မှ နောက်ဆုံးမှ ကြားလာရတာ၊ သြော်...ပြီးတော့ ရှိသေးတယ်၊ နယုန်မိုးနဲ့ မခက လက်စွပ်တောင်မှ ဆင်တူ ဝတ်ထားကြပြီဆိုပဲ"

"ဒီကောင် ယုတ်မာတယ်ဟာ၊ ဒါ တမင်သက်သက် နာမည်ဖျက်တာ"

ရွှေသစ်၊ အိစံနှင့် မေသွယ်တို့သုံးယောက်သား မခံ





မခံသာ ရေရွတ်ပြောဆိုနေကြသော်လည်း မခကတော့ ရှက်ကြောက်စိတ်ဖြင့် မြေကြီးထဲပဲ လျှိုးသွားတော့မလို မိုးပဲ ပျံသွားရတော့မလိုလို နေစရာမရှိအောင် စိုးရွံ့ညှိုးနွမ်းနေသည်။ ခဏကြာတော့ မခထံမှ ရှိုက်သံကလေး ထွက်လာကာ...

"ငါ...ငါ သေချင်လောက်အောင် ရှက်တယ်ဟာ၊ ငါ့ကို လူတကာက သူ့ရည်းစားလို့ ထင်နေပြီ၊ ငါ ဘယ်လိုလုပ်ရမလဲ"

"ငိုမနေနဲ့ မခ၊ ဒီကိစ္စကို ငါတို့ရှင်းမှဖြစ်မယ်"

"ဘယ်လိုရှင်းမှာလဲ"

"နယုန်မိုးကို သွားရှာပြီး ရှင်းရမှာပေါ့၊ ဒီကောင် တမင်အကွက်ဆင် သတင်းဖြန့်နေတာ"

ရွှေသစ်တို့သုံးယောက်က မခကို ဆွဲခေါ်လာခဲ့ကြသည်၊ မခက သူတို့နောက်မှ တွန့်ဆုတ်ဆုတ် လိုက်လာခဲ့သည်။ တစ်ကျောင်းလုံးအနှံ့ လျှောက်သွားကာ နယုန်မိုးကို မြေလှန်ရှာနေဆဲ လမ်းမှာ မခတို့အတန်းထဲက စုဇန်နှင့် တွေ့လေသည်။ စုဇန်က မခကိုတွေ့တော့ ပြုံးစိစိဖြစ်သွားရင်း...

"မခ...ရှင်ဒီနေ့ ပိုလှနေပါလား၊ အေးလေ လှရတော့မှာပေါ့"

"ဘာတွေပြောနေတာလဲ စုဇန်၊ မခက ပုံမှန်ပဲ၊ ဘာမှ မထူးခြားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သတင်းတွေကြားပါတယ်၊ နင် ကံကောင်းတယ်သိလား၊ ယုန်က နင့်ကို အပိုကြွေတာတဲ့"

"ဟဲ့...ရှုဇန်..."

မခက အသံတုန်တုန်ကလေးဖြင့် ညည်းမိတော့ ရှေ့သစ်က မခလက်ကို ဆွဲရင်း...

"နယုန်မိုးကို မြန်မြန်တွေ့မှ ဖြစ်မယ်"

ဟု ကြိမ်းဝါးကာ ခြေလှမ်းတွေကို ပိုသွက်ပစ်လိုက်သည်။ အိစံနှင့် မေသွယ်တို့ကလည်း မခတို့ကိုမီအောင် အပြေးတစ်ပိုင်း လိုက်လာသည်။

ထိုစဉ် နောက်နားဆီမှ အော်ခေါ်သံနှင့်အတူ ပြေးလာသော ခြေသံတဖျပ်ဖျပ်ကို ကြားလိုက်ရပြန်ပါသည်။

"မခ...မခ...ခဏလေး နေပါဦး"

မခတို့ ချာခနဲလှည့်ကြည့်လိုက်တော့ နယုန်မိုးတို့ အတန်းထဲက လင်းမောင် ပြေးလိုက်လာနေတာကို တွေ့ရပါသည်။ လင်းမောင်က မခတို့ရှေ့ရောက်မှ သူ့ခြေထောက်တွေကို ဘရိတ်အုပ်လိုက်ပြီး စာအုပ်တစ်အုပ် လှမ်းပေးကာ...

"ဒါလေး ယုန့်ကို ပေးပေးပါ မခ..."

"ဟမ်...ဘာ"

"ဒီမှတ်စုစာအုပ်လေးကို နယုန်မိုးနဲ့တွေ့ရင် ပေးပေးပါလို့





ပြောတာ၊ ဒီစာအုပ်က သူ့စာအုပ်၊ ကျွန်တော် ခဏငှား လာတာ၊ အခု သူ့ကို ရှာမတွေ့တာနဲ့ မခနဲ့ အကြုံပေးလိုက်တာ၊ မခတို့ကတော့ တွေ့ဖြစ်ကြမှာ မဟုတ်လား၊ ပြောလိုက်ပါ၊ ကျွန်တော် ဒီနေ့ စောစောပြန်သွားတယ်လို့"

"သွား...သွား...နင့်စာအုပ် ပြန်ယူသွား"

"ဩော်...မခတို့က စိတ်ကောက်နေကြတာလား"

"လင်းမောင်..."

"ဆောရီး...ဆောရီး၊ စိတ်ကောက်နေတုန်း လာပေးမိတာ ကျွန်တော့် အမှားပါ"

လင်းမောင်က ပျာယာခတ်ပြီး ထွက်သွားသည်။ မခမျက်နှာလေးက တဖြည်းဖြည်း သွေးဆုတ်လာကာ...

"ငါ တကယ်ကြောက်လာပြီ၊ ငါ့ကို တွေ့တဲ့သူတိုင်းက နယုန်မိုးရဲ့ သက်ဆိုင်သူအဖြစ် ဆက်ဆံနေကြပြီ၊ အို... အားလုံးက ငါ့ကို နယုန်မိုး ရည်းစားအဖြစ် ဝိုင်းကြည့်နေကြသလိုပဲ ခံစားရတယ် မယ်အိရယ်..."

"အေး...ဒါဆို နင် အတန်းထဲမှာပဲ အေးအေးဆေးဆေး ထိုင်စောင့်နေတော့ ငါတို့ဘာသာပဲ နယုန်မိုးကိုသွားရှာပြီး ရှင်းလိုက်တော့မယ်"

"ကောင်းသလိုသာ လုပ်ကြဖါတော့ဟယ်"



www.burmeseclassic.com

www.burmeseclassic.com



ရွှေသစ်၊ မယ်အိနှင့် မေသွယ်တို့ သုံးယောက်မှာ မခကို ချန်ထားခဲ့ကာ နယုန်မိုးကို ဒေါင်းတောက်အောင် ရှာလေသည်။ နောက်ဆုံးတော့ ကျောင်းဝန်းထောင့် ခုံတန်းလေးမှာ အေးအေးဆေးဆေး ရေခဲမုန့်ထိုင်စားနေသော နယုန်မိုးကို သွားတွေ့သည်။

ခပ်စွာစွာ မယ်အိက နယုန်မိုးလက်ထဲက ရေခဲမုန့်ကို ဆတ်ခနဲ ဆွဲယူလွှင့်ပစ်လိုက်ရင်း...

"နင်ကတော့ ဒီမှာ အေးအေးဆေးဆေး မုန့်ထိုင်စားနေတယ်ပေါ့လေ...ဟုတ်လား"

"ဟာ...မအိစံတို့ပါလား၊ အတော်ပဲဗျာ...ကျွန်တော်လည်း ခင်ဗျားတို့ကို လိုက်ရှာနေတာ"

"နင်က ငါတို့ကိုရှာတယ်"

"ဟုတ်တယ်...ရှာတာမှ ဒေါင်းတောက်နေတာပဲဗျာ၊ ခုမောလာလို့ ရင်တွေလည်း ပူလွန်းလို့ ရေခဲမုန့်ဝယ်စားနေတာ"

"ဘာကိစ္စ ရှာတာလဲ"

အိစံတို့မှာ နယုန်မိုး၏ လှိုက်လှိုက်လှဲလှဲပုံကြောင့် ကိုယ်ပြောချင်တာတွေကို မေ့သွားကာ မအူမလည်လေးတွေ ဖြစ်သွားကြပါသည်။





"ကောလာဟလကိစ္စပေါ့၊ ကောလာဟလတွေ ခင်ဗျားတို့ ကြားပြီးပြီလား၊ မခနဲ့ ကျွန်တော့်ကို ကြိုက်နေပြီလို့ ပြောနေကြတာလေဗျာ၊ ဘယ်လောက်ဆိုးသလဲ၊ ကြားတယ် မဟုတ်လား"

"အင်း...ကြား...ကြားပါတယ်"

"မခ ဘယ်လောက်ရှက်မလဲ...ခင်ဗျားတို့ပဲ စဉ်းစားကြည့်လေ၊ မခလို မိန်းကလေးမျိုးက ဒီလိုအပြောခံရတယ်ဆိုတာ သူများအပြောခံရတာထက်တောင် ဆယ်ဆလောက် ပိုရှက်မယ်ဆိုတာ ကျွန်တော် နားလည်ထားတယ်၊ ကိုယ်ချင်းစာတယ်"

"ကျွန်မတို့လည်း ဒီကိစ္စအတွက်ပဲ ရှင့်ဆီလာတာပါ"

"ဟုတ်တယ်...ကျွန်တော်လည်း ဒီကိစ္စအတွက်ပဲ ခင်ဗျားတို့ကို ရှာတာ၊ အဲဒါ နှုတ်ဖွာတဲ့ ချာပါတီတို့ အိကွေ့တို့ လက်ချက်ဗျ၊ ကျွန်တော့်ဘာသာ စာမေးပွဲအောင်ဖို့ ယတြာချေတဲ့အနေနဲ့ နှင်းဆီတွေ လိုက်ဝေတာကို သူတို့က ထင်ချင်ရာထင်ပြီး လျှောက်ပြော..."

"ယတြာချေတယ်...ဟုတ်လား"

"ဟုတ်တယ်လေ...ဗေဒင်ဆရာက ခုလာမယ့် စာမေးပွဲမှာ အောင်ချင်ရင် နှင်းဆီသက်စေ့ ဝေရမယ်ဆိုလို့ ဝေရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်...ဒီလိုလား"

"ဟုတ်တယ်ဗျာ...အဲဒီလိုပါပဲ၊ ပြီးတော့ ချစ်တီးတို့အုပ်စု ကလည်း တစ်မျိုး..."

"ဘယ်လိုတစ်မျိုးလဲ"

"ဒီကောင်တွေအုပ်စု ဘိုင်ပြတ်နေတာ သနားလို့ ပိုက်ဆံ ဝင်ရှင်းပေးတာကို ကျွန်တော်ကပဲ မခဆီက အပြေရလို့ ဝယ်ကျွေးသလိုလို ကလိန်စေ့ငြိမ်းဆင် ကောလာဟလတွေ ထုတ်လွှင့်တယ်လေ၊ မအိစံတို့ မသစ်သစ်တို့လည်း ကြားပြီး ပြီ မဟုတ်လား"

"ကြားပါတယ်"

"ပြီးတော့ ရှိသေးတယ်၊ ဒီမှာကြည့်ကြဗျာ...ဒီလက်စွပ် တွေ့လား"

နယုန်မိုးက သစ်သစ်တို့ရှေ့သို့ သူ့လက်ကို ထိုးပြ လိုက်ပြန်သည်။

"အင်း...တွေ့တယ်လေ၊ မခမှာလည်း ဒါမျိုးရှိတယ်"

သစ်သစ်တို့က အူကြောင်ကြောင်လေး ပြန်ပြော လိုက်ကြသည်။

"အဲဒါပေါ့ဗျာ...အဲဒါကိုလည်း သူတို့က အကွက်ဆင် လိုက်ပြန်သေးတယ်၊ ကျွန်တော်နဲ့ မခက လက်စွပ်ဆင်တူ





ဝတ်ကြတယ်တဲ့၊ အဲ့ဒါ မခက်ဘူးလား၊ တကယ်တော့ ဒီလက်စွပ်ဟာ ကျွန်တော့်အဖေလက်စွပ်၊ အဖက ဝတော့ ကျွန်တော်နဲ့ဆို နည်းနည်းတောင် ချောင်နေသေးတယ်၊ အဖေက ငါ့သား အဖေ့လက်စွပ် ယူလိုက်တော့ဆိုလို့ ကျွန်တော် ယူဝတ်လိုက်တာ"

ရွှေသစ်တို့သည် ဘာတစ်ခုမှ မပြောနိုင်တော့ဘဲ နယုန်မိုးရဲ့စကားတွေကို နားထောင်ရင်း ဟုတ်နိုးနိုး ထင်လာပါ သည်။ ရွှေသစ်နဲ့ မေသွယ်က အိစံနောက်နားမှကပ်၍ တိုးတိုး လေး ပြောသည်မှာ...

"ကြည့်ရတာ ဒီကိစ္စမှာ တကယ်ပဲ သူအကွက်ဆင်တာ မဟုတ်ဘူးထင်တယ်"

"အေးလေ...ငါတောင် ဖဝေဖဝါဖြစ်လာပြီ"

"သူက ငါတို့ထက်တောင် ပိုပြီး မခံမရပ်နိုင် ဖြစ်နေတဲ့ ပုံကြီးဟ"

ရွှေသစ်တို့ သူငယ်ချင်းတွေသည် သွက်လက်ချက် ချာကြသည်မှန်သော်လည်း ဘဝမှာ ရိုးရိုးစင်းစင်းနေထိုင်လာကြ သူများမို့ နယုန်မိုးရဲ့ဉာဏ်ကိုတော့ လိုက်မမီနိုင်ချေ။ အိစံသည် နယုန်မိုး စကားတွေကို နားထောင်ရင်း နဝေတိမ်တောင် ဖြစ်လာ တာ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲပြောပြော ဒီကိစ္စကို လူတွေအထင်မလွဲအောင် ရှင်းမှ ဖြစ်တော့မယ်၊ ဘယ်လိုရှင်းကြမလဲ"

"မအိစံကော့ ဘယ်လိုရှင်းချင်လို့လဲ"

"အထင်မှားနေတဲ့သူတွေအကုန်လုံးကို မဟုတ်ရကြောင်း လိုက်ပြောမှာပေါ့"

"အဲ့ဒါမှ ကောလာဟလက နှစ်ဆပွားသွားမှာ"

"ဘာဖြစ်လို့လဲ"

"ကောလာဟလဆိုတာ မရှင်းဘဲထားမှ ကောင်းတာလေ၊ အဲဒီလို သတင်းထွက်နေတာ မဟုတ်ရပါကြောင်း ရှင်း လိုက်တော့မှ အရင်က ကောလာဟလကို မကြားမိတဲ့သူ တွေပါ ထပ်ကြားပြီး ပိုပွသွားတော့မှာပေါ့၊ ရှင်းပြီဆိုမှတော့ ထွက်နေတဲ့ ကောလာဟလကို ပြန်တင်ပြရဦးမှာလေ၊ အဲဒီလို အဲဒီလို သတင်းတွေဟာ မဟုတ်ပါဘူးလို့ ပြောရဦး မှာလေ၊ ချာပါတီတို့ ချစ်တီးတို့ကို သွားပြောပြီး ရှင်းရင် လည်း ဒီကောင်တွေက မခတို့ဘက်က လိုက်ရှင်းနေတဲ့ အကြောင်း ထပ်ဖွချဲ့ကား လုပ်ဇာတ်ဆင် လျှောက်ပြော ကြဦးမှာပဲ၊ အဲဒီလို လျှောက်ပြောတာကိုက သူတို့ဝါသနာ လေ၊ သူတို့ဝါသနာကို သွားမဆွဘဲ မသိချင်ယောင်ဆောင် ထားတာ အကောင်းဆုံးပဲ၊ ကိုယ် တကယ်မဟုတ်ရင် ကောလာဟလဆိုတာ မကြာခင် ပျောက်သွားမှာပါဗျာ"





"အင်းလေ ... ဒါလည်း ဟုတ်တာပါပဲ"

အိစံတို့ သုံးယောက်သားသည် ခုတော့ နယုန်မိုး ပြောသမျှ ခေါင်းလေးတညိတ်ညိတ်ဖြင့် လှည့်ပြန်လာရလေသည်။

သူတို့သုံးယောက် အဝေးသို့ ရောက်သွားတော့မှ နယုန်မိုးက ဟိုးဟိုးဟားဟား ရယ်လိုက်ရင်း လက်ညှိုးကလေး ထောင်ကာ ...

"နင်တို့လောက်တော့ ဟောဒီလို လက်ညှိုးလေးပေါ် တင်ပြီး မွှေ့ပစ်လိုက်လို့ရတယ် သိလား"

ဟု ရေရွတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

❁ ❁ ❁

မခတို့ဘက်က ပြဿနာမလုပ်ဘဲ ငြိမ်သက်သွားကြပြီးနောက် မကြာမီအချိန်အတွင်းမှာပင် နယုန်မိုးက သူ့ရဲ့ တတိယမြောက် အစီအစဉ်ကို စတင်လိုက်လေသည်။

အဲ့ဒီနေ့မှာ သူက သူ့ရဲ့အရောင်စုံစုံ အဝတ်အစားများ၊ ဖိနပ်များ၊ အိတ်များကို သူ့ရဲ့ Evalution ကားထဲသို့ သယ်ချနေဆဲ မေမေက တအံ့တသြ လာကြည့်ကာ...

"ဟဲ့ သား...အထုပ်အပိုးတွေ များလှချည်လား၊ ဘယ်သွားမလို့လဲ"

"သူငယ်ချင်းတွေနဲ့ စတူဒီယိုတစ်ခုမှာ ဓာတ်ပုံ အပျော်သွားရိုက်ကြမလို့ပါ မေမေ"

သူက မေမေ့ကို အလွှဲယ်တကူလိမ်ကာ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နယုန်မိုးသည် ကျောင်းသို့အစောကြီးရောက်လာ ကျောင်းရှေ့မှာ ကားရပ်ထားလိုက်ပြီး မခ ကျောင်းအလာ စောင့်ကြည့်လေသည်။

မကြာခင် မခတို့ သူငယ်ချင်းတစ်သိုက် ရောက်လာ တာကို လှမ်းမြင်ရသည်။ မခ ဝတ်လာသည်မှာ မိုးပြာရော ကလေးဖြစ်သည်။ အင်္ကျီကလေးက မိုးပြာရောင် ပြောင်လေး လုံချည်က မိုးပြာရောင် အဆင်နုတ်နုတ် ပျော့တွဲတွဲကလေး ဖြ သည်။ လွယ်ထားသည့် ကြိုးရှည်ရှည် အိတ်ကလေးရော ဖိန ကလေးရော အားလုံး အပြာရောင်ချည်းဖြစ်ပြီး ဆံပင်စကလေးရေ ကို သိမ်းစည်းထားလာသည့် ခေါင်းစည်းကြိုးကလေးကအစ အပြ ရောင် အရုပ်ကလေး နှစ်ရုပ်ပါသော ကြိုးမျိုးဖြစ်သည်။

နယုန်မိုးသည် မခဝတ်လာသော အရောင်ကို သ ပြီးနောက်တွင် အသင့်ယူလာသော အိတ်ကိုဖွင့်လိုက်ပြီး အပြ ရောင် ရှပ်အင်္ကျီနှင့် ပုဆိုးတစ်ထည် ဆွဲထုတ်လိုက်သည်။ ဖိန အိတ်ထဲမှ ကတ္တီပါ အပြာရင့် မှိုင်းမှိုင်း ဖိနပ်ကို ထုတ်သည ပြီးတော့ ကျောပိုးအိတ် အပြာရောင်ကလေးကိုပါ ထုတ်ယူလိ သည်။

သူဝတ်လာသည်မှာ နီညိုရင့်ရောင် ရှပ်အင်္ကျီ ပုဆိုးကွက် နီရင့်မှိုင်းမှိုင်းမို့ သူက မခနှင့်ဆင်တူ မိုးပြာ ဝတ်စုံကို ကားထဲမှာပင် လဲလှယ်ဝတ်ဆင်လိုက်လေသည်။





အဲ့ဒီနောက်တော့ နယုန်မိုးသည် မိုးပြာရောင် ဖက်ရှင်ကိုဆင်ယင်လျက် လူအများမြင်သာသော နေရာများသို့ လျှောက်သွားနေခဲ့သည်။

နောက်တစ်နေ့မှာလည်း ထိုနည်းတူပင် မခကို စောင့်ကြည့်ပြီး မခနှင့် အရောင်ဆင်တူဝတ်ပြီး မခတို့အတန်းနား တစ်ဝိုက်မှာ လမ်းသလားပြရလေသည်။

ထိုနည်းဖြင့် ရက်အနည်းငယ်ကြာသောအခါ သူ မျှော်လင့်ထားသော ထင်မြင်ချက်တွေ ထွက်လာခဲ့သည်။

"မခနဲ့ နယုန်မိုးတို့ကတော့ တကယ့် ရိုမန်တစ်ပဲနော်၊ နေ့တိုင်း အရောင်ဆင်တူ ဝတ်နေကြတာ၊ လွယ်တဲ့အိတ် အရောင်ကအစ နေ့တိုင်း အတူတူပဲ"

"နယုန်မိုးတို့ကတော့ မခနဲ့မှ ကြွေတော့တာပဲ၊ မခကလွဲပြီး ဘာသတင်းမှ မကြားရတော့တာ..."

သူ့အကြံအစည် အောင်မြင်သည်ဟု ဆိုရပေမည်။ ဒီလိုနှင့် မခနဲ့ နယုန်မိုးတို့ရဲ့သတင်းက ပိုပြီးခိုင်မာပျံ့နှံ့လာသည်။

တစ်နေ့တော့ သူက စတုတ္ထမြောက် အစီအစဉ် တစ်ခုကို စ,တင်ပြန်သည်။

အဲ့ဒီနေ့မှာ နယုန်မိုးသည် ဝတ်နေကျ မခနှင့်ဆင်တူ လက်စွပ်ကလေးကို ဝတ်မလာခဲ့ဘဲ လူရှုပ်သည့်နေရာများသို့ ရှေး



www.burmeseclassic.com

www.burmeseclassic.com



သွားကာ ဟိုဟိုဒီဒီ ငုံ့ကြည့်ရှာဖွေရင်း ပါးစပ်ကလည်း ပွပန်တကြီး ပြောသည်မှာ...

"ဒုက္ခပါပဲဗျာ... ကျွန်တော့် လက်စွပ်လေး ဘယ်ကျပျောက်သွားသလဲ မသိဘူး၊ ပြန်ရှာမတွေ့ရင်တော့ ဒုက္ခပါပဲဗျာ။ ပိုက်ဆံကို မနမြောပါဘူး၊ ကျွန်တော့်ချစ်သူနဲ့ ဆင်တူလုပ်ဝတ်ထားတဲ့ လက်စွပ်ကလေးမို့ပါ"

သူက ထိုသို့ လက်စွပ်ရှာဖွေရေးလုပ်ရင်း မျက်နှာကိုလည်း ညှိုးနွမ်းပြထားရသေးသည်။ သူ့အတန်းထဲက... ပြီးတော့ မခတို့ အတန်းထဲက သူများနှင့်တွေ့လျှင် သူ့နှုတ်က ပိုသွက်လာပြီး အသနားခံ အကူအညီတောင်းရပြန်သည်။

"ကျေးဇူးပြုပြီး ဒီနားလေးတစ်ဝိုက်မှာ ကူရှာပေးကြပါဗျာ။ လက်စွပ်က စိန်ကလေးတစ်လုံးတည်းနဲ့ လုပ်ထားတာပါ"

"လက်စွပ်က ဒီနားမှာပဲ ပျောက်တာလား၊ ဘယ်လိုဖြစ်ပြီး ပျောက်ရတာလဲ"

"နည်းနည်းချောင်နေတော့ လက်ယားလို့ကုတ်ရင်း ကျွတ်ထွက်သွားတာပါ၊ ဒီနားလေးမှာပဲဗျာ... ဒီနားမှာပါပဲ"

သူက လူအစည်ကားဆုံးနေရာကိုသာ ညွှန်ပြရသည်။ မနေနိုင်သူတချို့ကလည်း ကုန်းကုန်း ကုန်းကုန်းနှင့် ကူရှာပေးကြသည်။





ထိုအချိန်တွင် မခတို့ သူငယ်ချင်းတစ်စုသည် ထိုနားသို့ ရောက်ရှိလာကာ တစ်စုံတစ်ခုကို အကြိတ်အနယ်ရှာဖွေနေပုံရသော လူတစ်စုကို လှမ်းကြည့်ရင်း...

"ဟဲ့... ဟိုမှာ ဘာပျောက်လို့လဲ မသိဘူး၊ လူတွေအများကြီး ဝိုင်းရှာနေကြတယ်"

အမှတ်တမဲ့မို့ နယုန်မိုးကိုလည်း သူတို့ မမြင်ပေ။

"လာလာ... သွားစပ်စုရအောင်"

ရွှေသစ်က စပ်စုစိန်မို့ ရှေ့က ဦးဆောင်သွားသည်။ မခကလည်း တစ်ယောက်တည်း မကျန်ခဲ့ချင်တာမို့ တွန့်ဆုတ်ဆုတ် လိုက်လာသည်။ ရွှေသစ်က ရှာနေသူတစ်ယောက်ကို မေးလိုက်သည်။

"ဘာပျောက်လို့လဲဟင်"

"လက်စွပ်ပါဗျာ၊ ကူရှာပေးကြစမ်းပါ"

"အင်း... ရှာပေးမယ်လေ၊ အိစံတို့ လာကြ၊ လက်စွပ်ပျောက်လို့တဲ့၊ ကူရှာပေးလိုက်ပါဟယ်"

မခတို့အားလုံးလည်း ခါးကလေး ကုန်းကာ ကုန်းကာ ဟိုဟိုဒီဒီ လိုက်ရှာပေးလိုက်ပါသည်။ တဖြည်းဖြည်းနှင့် လက်စွပ်ရှာသည့်လူတွေ ပိုများလာသည်။ ရွှေသစ်က ရှာဖွေနေရင်းကပင် ခုနလူကို လှမ်းမေးလိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ လက်စွပ်က ဘယ်သူ့လက်စွပ်လဲဟင်"

"နယုန်မိုး လက်စွပ်ပါဗျာ၊ သူ့ကောင်မလေး နှင်းမခ ဆင်တူရုပ်ဝတ်ထားတဲ့ လက်စွပ် ပျောက်လို့တဲ့၊ သေမလို ဖြစ်နေတာနဲ့ ကြည့်မနေနိုင်လို့ ကူရှာပေးနေကြရတာ"

ထိုသူက မော့မကြည့်ဘဲ ဖြေလိုက်သည်။ ရွှေသစ်တို့ အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်မိကြရင်း မျက်လုံးတွေ ပြူးထွက်လာသည်။

"ဟမ်...ဘာလဲ ပြန်ပြောစမ်းပါ၊ နယုန်မိုးက အဲဒီလို ပြောသလား၊ သူ့ ကောင်မလေးဟာ နှင်းမခလို့ ပြော သလား"

"နှင်းမခလို့တော့ မပြောဘူးပေါ့ဗျာ၊ ဒါပေမယ့် သူ့ ကောင် မလေးဟာ နှင်းမခ၊ နှင်းမခဟာ သူ့ကောင်မလေးဆိုတာ အားလုံးလည်း သိနေကြတာပဲ"

"အဲဒါ လုံးဝမဟုတ်ဘူးရှင့်"

"ခင်ဗျားကလည်းဗျာ အရေးထဲမှာ ဆင်သေကို ဆိတ် သရေနဲ့ လာဖုံးမနေစမ်းပါနဲ့"

ရွှေသစ်သည် ဒေါသထွက်လာကာ အနားတစ်ဝိုက် မှာ နယုန်မိုးကို ရှာလိုက်လေသည်။ ဟော...တွေ့ပါပြီ။ နယုန် မိုးက သူမကိုတွေ့တော့ ပါးစပ်ကိုပြဲနေအောင် လှိုက်လှိုက်လှဲလှဲ ရယ်ပြလိုက်ပြီး သူမတို့နားသို့ လျှောက်လာကာ...





"မသစ်သစ်တို့ပါလား...ဒီမှာဗျာ ကျွန်တော့်အဖေလက်စွပ် ပျောက်သွားလို့ အားလုံး ဝိုင်းရှာပေးနေကြတာ၊ လက်စွပ် သာ ပြန်မတွေ့ရင် အဖေက မလွယ်ဘူးဗျ၊ ဒီလက်စွပ်က အဘိုးလက်ထက်ကတည်းက ဝတ်ခဲ့တဲ့ လက်စွပ်လေ၊ ဒီလိုပဲ မျိုးရိုးစဉ်ဆက် လက်ဆင့်ကမ်းလာတာ"

ရွှေသစ်သည် ဒီတစ်ခါတော့ နယုန်မိုးကို သိပ် မသက်သာချင်တော့ပေ။ နယုန်မိုးကို တစ်ချက်သာ စိုက်ကြည့်ခဲ့ပြီး လှည့်ထွက်လာခဲ့သည်။ မခက မျက်ရည်ဝဲနေကာ ဒေါသလည်း ထွက်လျက်...

"ငါ အရမ်းစိတ်တိုလာပြီ ရွှေသစ်၊ အားလုံးက ဒီလိုမျိုးကြီး ဘယ်လောက်ကြာကြာ ထင်နေကြမှာလဲ၊ ဒီကိစ္စက နယုန် မိုး အကွက်ဆင်နေတာကော မဖြစ်နိုင်ဘူးလား"

"မသေချာဘဲနဲ့ သွားစွပ်စွဲလို့တော့ မဖြစ်ဘူး မခ၊ တော်ကြာ ကိုယ်က ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးနေသလိုဖြစ်မယ်၊ ယောကျ်ားတစ်ယောက်ကို နင် ငါ့ကိုကြိုက်လို့ ဒီလိုလုပ် နေတာ မဟုတ်လားလို့ သွားမေးလို့မှ မဖြစ်တာ"

"ခုတလော ငါ့စိတ်ထဲမှာ တစ်ခုခု အန္တရာယ်တွေ့တော့ မလို ခံစားနေရတယ်၊ နယုန်မိုးအကြောင်း တွေးမိရင် စိတ်ထဲမှာ တစ်မျိုးကြီး စိမ့်ကြောက်လာတယ်၊ သူ ငါ့ကို တစ်ခုခု ဒုက္ခပေးတော့မယ်လို့ ထင်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လည်း စိတ်ရှုပ်တာပါပဲ မခရယ်၊ ဒါမေမယ့် သူက နင့်ကို တိုက်ရိုက်ကြီး လာပြီး နှောင့်ယှက်နေတာမဟုတ်တော့ မြှောရခက်တယ်၊ သူ တကယ်ကြိုက်ရင် ရည်းစားစကားပြောဖို့ မခကို ချဉ်းကပ်ရမှာပေါ့၊ ခုဟာက အဲဒီလိုလည်း မဟုတ်ပြန်ဘူး"

"နင် သတိထားမိလား ရွှေသစ်၊ သူ ခုတလော မခနဲ့ဆင်တူ ဝတ်ဝတ်နေသလိုပဲ"

"ဒါတော့ တိုက်ဆိုင်တာလည်း ဖြစ်ချင်ဖြစ်မှာပါ"

"နေ့တိုင်း တိုက်ဆိုင်နေတာတော့ တစ်မျိုးကြီးပဲ၊ သိုးသိုးသန့်သန့်ကြားမိတာတော့ မခနဲ့ နယုန်မိုးက တမင်တိုက်ပြီး အရောင်ဆင်တူဝတ်နေကြသလိုမျိုး ပြောနေကြတာပဲ"

"ကောလာဟလကတော့ ပြောကြမှာပဲ၊ လိုက်ရှင်းလို့လည်း မဖြစ်၊ တကယ့် ပြဿနာပဲ"

မခသည် နှုတ်ခမ်းကလေး တင်းတင်းစေ့လျက် ရွှေသစ်တို့ပြောသမျှကို ငြိမ်သက်စွာ နားထောင်ရင်း ...

"ငါ သူနဲ့ သွားရှင်းမယ်"

ဟု ဒေါသဖြင့် ပြောလေသည်။ သူငယ်ချင်းတွေအားလုံးက ဒါကိုတော့ လက်မခံနိုင်ချေ။

"နင် သူနဲ့ထိပ်တိုက်တွေ့လို့တော့ လုံးဝမဖြစ်နိုင်ဘူး





နင်က အူလည်လည်၊ ဟိုကဖြင့် မှတ်နေအောင် လည်တာ၊ ငါတို့တောင်မှ သူပြောသမျှ နားထောင် ခေါင်းညိတ်ပြီး ပြန်လာရတာ"

"ငါကတော့ ထွက်လာသမျှ သတင်းတွေကို သူပဲဖန်တီးလိုက်တာလို့ ထင်တယ် ရွှေသစ်၊ သူဘာရည်ရွယ်ချက်နဲ့ လုပ်နေသလဲဆိုတာ ငါ သိမှဖြစ်မယ်"

"စိတ်အေးအေးထားပါ မခရယ်၊ အခြေအနေ စောင့်ကြည့်ကြသေးတာပေါ့"

အားလုံးက မခကို ဝိုင်းနားချကြသည်။ မခရင်ထဲမှာတော့ ကြောက်ရွံ့တာရော ... ဒေါသရော ... ရှက်တာရော အားလုံးပေါင်းကာ ဆူပွက်၍နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

အခြေအနေကတော့ တစ်နေ့ထက်တစ်နေ့ ပိုဆိုးဝါး ာလေသည်။ သို့နှင့် အဆိုးဝါးဆုံး အခြေအနေတစ်ခုကို ရင်ဆိုင် ရသော နေ့သို့ ရောက်ရှိလာသည်။

ထိုနေ့က မခတို့တွေ ကန်တင်းမှာ မုန့်စားနေဆဲ သူ့ကိုယ်သူ အလွန်ပြင်ဆင်ခြယ်သထားသော မိန်းကလေး တစ် ယောက် မခတို့နားသို့ ရောက်လာကာ...

"ဒီလေးယောက်ထဲမှာ နှင်းမခဆိုတာ ဘယ်သူလဲ"

ဟု ခပ်ကြောကြော မေးလိုက်လေသည်။ မခက သူမကို ကြောင်အအကြည့်နေမိဆဲ ရွှေသစ်တို့က မခကို ပြိုင်တူ ာက်ညှိုးထိုးပြရင်း...

"သူပဲ...ဘာကိစ္စလဲ"

ဟု ခပ်တင်းတင်း ပြန်မေးလိုက်ပါသည်။ သူမက ာက်ပိုက်ရပ်လျက် မခကို စိုက်ကြည့်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"နှင်းမခ ... နှင်းမခနဲ့ နာမည်ကြီးလွန်းလို့ လာကြည့်တာလေ"

"နေစမ်းပါဦး ... ရှင့်ပုံစံက ရင့်ကြောလှဲ့ချည်လား၊ ရှင်က ဘယ်သူလဲ"

အိစံက မေးလိုက်တော့ သူမက ရပ်ရှင်ထဲက ဗီလိန်မလို ဟက်ခနဲ ရယ်လိုက်ရင်း ...

"တို့က နယုန်မိုးရဲ့ ချစ်သူလေ ..."

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ ... နယုန်မိုးမှာ တို့တစ်ယောက်လုံး ရှိရက်နဲ့ သူ့ချစ်သူဟာ နှင်းမခပါလို့ နာမည်ကြီးပြီး လူပြောသူပြော များလွန်းလို့ လာကြည့်ရတာပေါ့"

"ကောလာဟလတွေအကြောင်း လာပြောမနေနဲ့၊ နယုန်မိုးကို ရှင်မို့လို့ ကြိုက်တာ၊ မခက လုံးဝစိတ်မဝင်စားဘူး"

"ကာယကံရှင်နဲ့ပဲ ပြောချင်တယ်၊ ရှင်တို့ ဝင်မပါပါနဲ့"

သူမက မခကို စ,တင်စိန်ခေါ်လိုက်လေသည်။ မသည် ထိုကိစ္စကို ပြောရမှာရှက်လွန်းလို့ ငြိမ်ကုပ်နေရသော်လည်း ရင်ထဲမှာတော့ ဝုန်းဒိုင်းကျဲနေသည်။ ထိုခဏမှာ ကန်တင်းထဲသို့ လူတွေတဖွဲဖွဲထပ်ရောက်လာသည်။ မခတို့ဝိုင်းဘက်ကိုလည်း ရှုးရှူးစမ်းစမ်း ကြည့်လာကြသည်။ အစကတည်းက





လူများလျှင် ကြောက်တတ်သော မခသည် နေစရာမရှိအောင် ရှက်ကြောက်စိုးထိတ်လာသည်။

"ဘယ်လိုလဲ ... သူများရည်းစားကို လုထားပြီး ဒီလိုပဲ မခုတ်တတ်တဲ့ကြောင်လို ငြိမ်နေတော့မှာလား နှင်းမခ"

မခသည် ဆတ်ခနဲထရပ်ကာ သူမနှင့် မျက်နှာချင်းဆိုင်လိုက်ရင်း ...

"မဟုတ်တာတွေ လာမပြောပါနဲ့၊ နယုန်မိုးနဲ့ မခနဲ့က ဘာမှမဆိုင်ဘူး၊ သူ့ကိုလည်း လုံးဝကြည့်မရဘူး၊ ချစ်ဖို့ဝေးလို့ မုန်းတောင် မုန်းသေးတယ်"

"အပိုတွေ လာမပြောနဲ့၊ ရှင်တို့နှစ်ယောက်အကြောင်း လူတိုင်းသိတယ်၊ ရှင် ရှေ့ဆက်ပြီး မျက်နှာပြောင်မတိုက်ဖို့ တို့ သတိပေးလိုက်မယ်"

သူမက အသံကိုမြှင့်၍ပြောကာ ချာခနဲလှည့်ထွက်သွားသည်။ မခသည် ဝိုင်းကြည့်နေကြသော လူတွေရဲ့အလယ်မှာ ဒေါသစိတ်တွေပြာကာ သတိလစ်ချင်လာသည်။

"မခ ... မခ ... သတိထားပါဦး"

"ငါ ... ငါ နယုန်မိုးကို သတ်မယ်"

"ဟဲ့ ... တိုးတိုးပြော၊ လာ ... လာ ... သွားကြရအောင်"

သွေးသစ်တို့က မခကို တွဲခေါ်သွားသည်။ မခကတော့



www.burmeseclassic.com

www.burmeseclassic.com



လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ချွေးစေးတွေ စိမ့်ထွက်လျက် သူငယ်ချင်းတွေ ခေါ်ရာနောက်သို့ ပါသွားသည်။

"ငါ နယုန်မိုးကို သွားရှာပြီး ဒီကိစ္စကို ရှင်းမှဖြစ်တော့မယ် ငါ သွားမှဖြစ်မယ်"

မခက ရုန်းထွက်လိုက်တော့ ရွှေသစ်တို့က လိုက်ဆွဲရင်း...

"နင် အခုနေ သွားရှာနေရင် နယုန်မိုး အရင်ရည်းစားက လာချဲသွားလို့ နင်က နယုန်မိုးကို သွားချဲပြီး ပြဿနာတွေ ဖြစ်ကြတယ်လို့ အားလုံးက ယူဆသွားမှာပေါ့၊ စိတ်ထိန်းမှပေါ့ မခ..."

"ငါ ရှက်တယ်၊ ငါ အရမ်းရှက်တယ်ဟာ၊ လူကြားထဲမှာ အပြောခံရတာ ဘယ်လောက်ရှက်ဖို့ကောင်းလဲ..."

မခက ပြောရင်း ကတုန်ကယင်ဖြစ်လာကာ ငိုရှိုက်လိုက်တာမို့ ရွှေသစ်တို့က ဝိုင်းဝန်းချော့မော့ဖျောင်းဖျရလေသည်။

မခ စိတ်ထဲမှာတော့ နယုန်မိုးကို နာကြည်းမုန်းမုန်းလာပါပြီ။ အခုနေများတွေ့ရလျှင် စိစိညက်ညက်ချေပစ်မိမလား မပြောတတ်ချေ။

အဲဒီကစ,လို့ နယုန်မိုးကို သွားရှာဖို့ အခွင့်အရေးကိုပဲ ချောင်းနေခဲ့ပြီး ရွှေသစ်တို့ကလည်း ချော့မော့တားမြစ်နေခဲ့သည်။





မခသည် နယုန်မိုးအကြောင်းကို တွေးမိရင်း အထင်မှားခံရသမျှကို နယုန်မိုး ဖန်တီးနေတာဟု ပို၍ သံသယဖြစ်လာသည်။ မခကို ကြိမ်းဝါးသွားခဲ့သောနေ့က စိုက်ကြည့်သွားသည့် နယုန်မိုးရဲ့ အကြည့်တစ်ချက်ထဲမှာ အခိပ္ပာယ်တွေ အများကြီး ပါဝင်နေသည်ဟု ထင်သည်။

ထိုနေ့ အတွန်းခဏနားချိန်မှာ မခက ပြဿနာကို ရှာမ်းဖို့ ဆုံးဖြတ်လိုက်ပြီး ရွှေသစ်တို့အလစ်ကို စောင့်ရလေသည်။ တလောမှာ ရွှေသစ်ကလည်း မခကို အလစ်မပေးဘဲ စောင့်ကြည့်နေကြတာဖြစ်သည်။ သူတို့အားလုံးက မခကို နယုန်မိုးနှင့် ထိပ်တိုက်မတွေ့စေချင်ကြချေ။ မခမှာတော့ ခံစားရတာတွေဟာ ပေါက်ကွဲထွက်မတတ် ဖြစ်နေခဲ့ပြီဖြစ်သည်။ မခသူငယ်ချင်းတွေဟာ နောက်က ဘယ်လောက်ခံစားပေးကြပါစေ ကာယကံရှင် မခကိုယ်တိုင်လောက်တော့ ခံစားကြရမည်မဟုတ်ချေ။ မခရဲ့ ဘဝမှာ ဘာကျြားသနာကိစ္စ ကင်းရှင်းစွာ ဖြူစင်သန့်ရှင်းစွာ နေထိုင်ခဲ့ပါလျက်, နယုန်မိုးလို ပွေရှုပ်သူတစ်ယောက်ရဲ့ ရည်းစား အဖြစ်သူတကာက ဝိုင်းဝန်းသတ်မှတ်ခံရတာ ဘယ်လောက်ဆိုးသနည်း။ ပြီးတော့ နယုန်မိုးရဲ့ ရည်းစား ဆိုသူက မခကို လူရှေ့မှာလာပြီး ရှုက်ခွဲသွားခဲ့သေးသည်။

နယုန်မိုးဟာ မိန်းမတစ်ယောက်ကို သူ့ပယောဂ



www.burmeseclassic.com

www.burmeseclassic.com



မကင်းစွာ သေစေခဲ့သူအဖြစ်နဲ့တင် မခက မုန်းလှပြီ။ ခုလိုကိစ္စတွေ ထပ်ဖြစ်လာတော့ အဲ့ဒီအမုန်းဟာ ချေဖျက်လို့မရတော့အောင် ထပ်မံအုံဖွဲ့ကြီးမားလာသည်။

"မခရေ Toilet ဝင်ဦးမလား"

ရွှေသစ်တို့ မခကို မေးချိန်မှာ မခရဲ့ အာရုံက နိုးကြားသွားသည်။

"ဟင့်အင်း...မဝင်တော့ဘူး၊ နင်တို့အိတ်တွေထားခဲ့၊ ငါ စောင့်ပေးမယ်"

သူတို့ထွက်သွားတော့ အိတ်တွေနားမှာ မခ တစ်ယောက်တည်း ကျန်ရစ်သည်။ မခသည် အနားကဖြတ်သွားသည့် သူငယ်ချင်း တစ်ယောက်ကို လှမ်းခေါ်လိုက်ပြီး...

"မိုမိုဟန် ဒီအိတ်လေးတွေ ခဏကြည့်ပေးထားပါဟယ် ငါ Toilet ခဏဝင်ချင်လို့"

"အော်...အေး သွားလေ"

မခသည် မိုမိုဟန်ကို ထားခဲ့ပြီး အသာလေး လစ်ထွက်လာခဲ့ကာ ချာပါတီကို ရှာလေသည်။ သိပ်ကြာကြာ မရှာလိုက်ရဘဲ ချာပါတီကို တွေ့ရပါသည်။

"ချာပါတီ"

"အော်...နင်းမခ"





"တို့ တစ်ခုလောက် မေးချင်လို့"

"ဘာလဲ...နယုန်မိုး အကြောင်းလား"

"ဟုတ်တယ်"

"သူက အရင်တုန်းကသာ ရည်းစားများပေမယ့် နင့်ကိုတော့ တကယ်ချစ်တာပါ"

"မဟုတ်ဘူး...အဲဒါ မဟုတ်ဘူး ချာပါတီ၊ ငါသိချင်တာက နင့်ကို နယုန်မိုး အရုပ်ဝယ်ပေးတယ်ဆိုတာ တကယ် ဟုတ်မဟုတ်ရယ်၊ ဝယ်ပေးတဲ့ အကြောင်းရင်းရယ်ကို သိချင်တာပါ"

"အော်...နင်က သဝန်တိုနေတာကိုး၊ အရုပ်ဝယ်ပေးတာက ငါ့ကို သဘောကျလို့ ဝယ်ပေးတာမဟုတ်ပါဘူး၊ ငါက သူ့ကို နင်ပြန်ကြိုက်မယ်လို့ အိမ့်ကွေ့နဲ့ လောင်းနေတာကို သူ ကြားသွားပြီး သူနင့်ဆီက အဖြေရတဲ့နေ့မှာ လာပေးသွားတာ၊ လောင်းကြေးက မွေးပွရုပ်ဆိုတော့ မွေးပွရုပ်ပဲ ပေးတာပေါ့"

"ငါ သူ့ကို ဘယ်တုန်းကမှလည်း အဖြေမပေးခဲ့ဘူး၊ ဘယ်တုန်းကမှလည်း မချစ်ခဲ့ဘူး သိလား"

မခသည် ချာပါတီရှေ့က ချာခနဲ လှည့်ထွက်လာပြီး အဟုန်ပြင်းသော ဒေါသဖြင့် နယုန်မိုးကို ရှာလေသည်။ ခိုက်စွ



www.burmeseclassic.com

www.burmeseclassic.com



ဟာ သူ တမင်ဖန်တီးတယ်ဆိုတာ သေချာနေပြီမို့ မခရင်ထဲမှာ ပူလောင်လှပါသည်။ မခ ဘဝမှာ ဒီလောက်ဒေါသထွက်ရ၊ စိတ်ဆင်းရဲရသည့်အဖြစ်မျိုး ဘယ်တုန်းကမှ မကြုံဖူးခဲ့။ မခဘဝဟာ ရိုးစင်းအေးငြိမ်းလှပါသည်။ ခုတော့ နယုန်မိုးကြောင့် မခဘဝဟာ ကြီးစွာသော လှိုင်းတွေ ထလာသလိုပင်။

ခြေလှမ်းသွက်သွက်ဖြင့် ဟိုမေး ဒီမေးလိုက်ရှာနေမိဆဲမှာပင် ကဲန်တင်းထဲမှာထိုင်နေသော နယုန်မိုးကို လှမ်းမြင်လိုက်ရလေသည်။

ပုံမှန်အချိန်တွေမှာဆို လူများများရှိတတ်သည့် ဆိုင်ထဲက ယောကျ်ားတစ်ယောက်ဆီ မခတစ်ယောက်တည်း ဝင်သွားဖို့ ဘယ်လိုမှမရဲပါ။ သို့သော် ခုတော့ ဒေါသဖြင့် မွန်နေတာမို့ မခ သူ့ဆီ တန်းတန်းမတ်မတ် လျှောက်သွားလိုက်သည်။

"ရှင်နဲ့ စကားပြောစရာရှိတယ်၊ ကျွန်မနဲ့ ခဏလိုက်ခဲ့ပါ နယုန်မိုး"

သူမက မခကို ခပ်အေးအေးမော့ကြည့်ရင်း...

"လိုက်ခဲ့မယ်လေ ... ခဏလေး ... ဒါလေးကုန်အောင် စားလိုက်ဦးမယ်၊ ခဏထိုင်စောင့်နော်"

သူက ခပ်ဖြည်းဖြည်းပဲ ငုံ့စားနေသည်။ မခသည် ဒေါသကို ထိန်းရင်း...





"ကျွန်မ မစောင့်နိုင်ဘူး၊ အဲ့ဒါထားပြီး ခုချက်ချင်း လိုက်ခဲ့ပါ"

"ဟာ ... ဒုက္ခပဲ၊ ခင်ဗျားက မတ်ထတ်ကြီးရပ်ပြီး ဒေါသတကြီးပြောနေတော့ လူတွေ ခင်ဗျားကို ဝိုင်းကြည့်နေပြီ၊ ထိုင် ... ထိုင် ... ထိုင်ချလိုက်"

မခသည် ရုတ်တရက် လန့်ဖျပ်သွားကာ သူ့ရှေ့မှာ ထိုင်ချလိုက်သည်။ ပတ်ဝန်းကျင်ကို ကြည့်မိတော့ တချို့က တကယ်ပဲ အကဲခတ်သလို လှမ်းကြည့်နေကြသည်။

"အေးအေးဆေးဆေးပေါ့၊ တစ်ခုခု မှာစားလေ"

"မလိုဘူး၊ ရှင် လိုက်မှာသာ လိုက်ခဲ့ပါ"

"လိုက်တာပေါ့"

သူက ခပ်တိုးတိုးပြောရင်း သူ့ စားလက်စ ထမင်းပေါင်း ပန်းကန်ထဲက ငုံးဥတစ်လုံးကို တူနှင့်ညှပ်ယူကာ မခရှေ့သို့ မြှောက်ယူလာပြီး ...

"မခ ... ပါးစပ်ဟာ၊ ဒါလေး စားလိုက်ပါ"

"ဟင် ... ရှင်"

"မခ ဒေါသတကြီး အော်ဖို့တော့ မစဉ်းစားနဲ့နော်၊ ကျွန်တော့်လက်ကိုလည်း ပုတ်ချဖို့ မကြိုးစားနဲ့၊ အခု အားလုံးရဲ့ အာရုံက ကျွန်တော်တို့ နှစ်ယောက်ဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ကျွန်တော် အရက်မကွဲချင်ဘူး၊ မခလည်း အရက်မကွဲချင်ပါနဲ့၊ အေးအေးဆေးဆေးသာ စားလိုက်ပါ"

"သေတ္တောင် မစားဘူး"

"အဲဒါဆို မခ နောက်ကို ကျွန်တော် မလိုက်နိုင်ဘူး"

"ဘာ ..."

"ဟုတ်တယ်လေ ... ကျွန်တော့်ဆန္ဒကို မလိုက်လျောရင် မခဆန္ဒကို လိုက်လျောစရာ အကြောင်းမရှိဘူး၊ ကျွန်တော် ခွံကျွေးတာကို မခ လက်ခံမှ လိုက်နိုင်မယ်"

"ရှင် တော်တော် ယုတ်မာပါလား"

"ဟော ... လူတွေက ကျွန်တော်တို့ အငြင်းပွားနေတာကို ပိုအာရုံစိုက်လာကြပြီ၊ စိတ်ကောက်နေကြတယ် ထင်တော့မှာပဲ၊ ဒီငုံးဥက လေထဲမှာ အကြာကြီး တန့်နေရင် လူငါးယောက် မြင်ရာကနေ လူဆယ်ယောက် မြင်လာမယ်၊ ပါးစပ်ထဲ ရောက်သွားမှ အေးမှာပေါ့"

မခသည် ဒေါသစိတ်ဖြင့် ငိုချင်းပြင်းပြစွာ အခက်တွေ့ရစေသည်။ ဒီနေရာမှာပဲ မကျေနပ်သမျှ ကိစ္စတွေကို ရှင်းလင်းလို့ မဖြစ်တာမို့ ဒီကနေ ထွက်ခွာမှ ဖြစ်မည်။ သို့သော် သူ မလိုက်ရင်လည်း မခ ဘာမှမတတ်နိုင်။ ခုလို လူတွေ ဝိုင်းကြည့်ခဲ့ရသည့် အခြေအနေကြီးမှာ ကြာကြာနေရရင် မခလည်း





မူးနောက်ပြာဝေ သတိလစ်သွားနိုင်သည်။ ကောင်းပြီလေ ...။ မခသည် ဆုံးဖြတ်ချက်ကိုချကာ သူခွံ့ကျွေးသော ငုံးဥကို လက်ခံလိုက်သည်။

"အိုကေ ... ဒီလိုမှပေါ့၊ ကဲ ... သွားကြမယ်"

သူက အရင်ရှေ့က ဦးဆောင်ကာ ထွက်သွားတာမို့ မခက အပြေးတစ်ပိုင်း လိုက်ခဲ့ရသည်။ လူရှင်းသည့် နေရာနားရောက်တော့ မခက သူ့ရှေ့ကို ကြိုပြေးထားလိုက်ပြီး သူ့ဘက်သို့ လှည့်၍ မျက်နှာချင်းဆိုင် ရပ်လိုက်လေသည်။

"ကဲ ... ယုတ်မာဦး"

မခက ရုတ်တရက် စိတ်လွတ်သွားကာ သူ့ကို လွှဲချ လိုက်သည်။ သူက သူ့ပါးကို သူပွတ်ကာ မထိတရီ ပြုံးလိုက် ရင်း ...

"မင်း ဒီလိုလုပ်လို့လည်း မင်းနဲ့ ပတ်သက်တဲ့ သတင်းစကားတွေက ပျက်ပြယ်မသွားပါဘူး မခ၊ မင်း ဒီလိုလုပ်မှ ကိုယ့်ဆုံးဖြတ်ချက်က ပိုပြီး ခိုင်မာသွားတယ်"

"ရှင် တော်တော်ယုတ်မာတဲ့လူပဲ နယုန်မိုး၊ ဒီလို သတင်းတွေ ဖြစ်လာအောင် ရှင် တမင်လုပ်ခဲ့တာ မဟုတ်လား"

"ဟုတ်တယ်လေ ... သေသေချာချာ အကွက်ချပြီးတော့ကို သတင်းပြန့်အောင် လုပ်ခဲ့ရတာ၊ အဲဒီအတွက် ကိုယ် အယ်လောက်အချိန်ကုန် အပင်ပန်းခံခဲ့ရတယ် မှတ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် သွားသေလိုက်ပေါ့ နယုန်မိုး၊ ရှင်ဘာဖြစ်လို့ ဒီလို လုပ်ရတာလဲ၊ ရှင့်မှာ ဘာရည်ရွယ်ချက်ရှိလဲ၊ ကျွန်မ သိချင်တယ်"

"ရည်ရွယ်ချက်က ရှင်းရှင်းလေးပါ၊ မင်းကို လိုချင်လို့ပေါ့"

"ဘာ ..."

"ကိုယ်ထပ်ပြောမယ်၊ မင်းကို လိုချင်လို့၊ မင်းနဲ့ လက်ထပ်ချင်လို့ ဒီလိုလုပ်ခဲ့တာ၊ ခုဆို ပတ်ဝန်းကျင်က ကိုယ်တို့နှစ်ယောက်ကို သိပ်ချစ်ကြတဲ့ ချစ်သူတွေအဖြစ် သတ်မှတ်ထားကြပြီ၊ ခုလောက်ဆို လူပုံအလယ်မှာ ကိုယ်က မင်းကို တယုတယ ခွံ့ကျွေးတဲ့ သတင်းတောင် ပျံ့လောက်ရောပေါ့"

"ဟင် ... ရှင်"

"သိပ် မတုန်လှုပ်နဲ့ ... ရိုးရိုးလေးပါ၊ ပြီးတော့ ကိုယ်က ဒီလို လှည့်ကွက်ကလေးတွေ ဆက် ဖန်တီးနေဦးမှာ၊ မင်းကိုယ့်ကို လက်မထပ်လို့ မဖြစ်တော့တဲ့ အခြေအနေအထိပေါ့၊ ကိုယ် ဆုံးဖြတ်ပြီးပြီလေ၊ ကိုယ့်မှာ ဘယ်လို ဓာတ်လမ်းမျိုးတွေပဲ ရှိခဲ့ရှိခဲ့ မင်းကိုပဲ လက်ထပ်မယ်၊ မင်းက သိပ်ရှက်တတ် ကြောက်တတ်တယ် မဟုတ်လား၊ ပတ်ဝန်းကျင်မှာ ကိုယ်နဲ့ ချစ်သူတွေဆိုတာ အခိုင်အမာ သတင်း





ထွက်ပြီးမှ တခြားတစ်ယောက်နဲ့ လက်ထပ်ဖို့ မင်းလည်း ဝန်လေးမှာပါ၊ တစ်ချိန်ချိန်မှာ ကိုယ်တို့ လက်ထပ်ကြတာပေါ့"

"ဘယ်တော့မှ လက်မထပ်ဘူး၊ သေတောင် လက်မထပ်ဘူး"

မခသည် အံကြိတ်၍ ပြောလိုက်ပြီး ပြေးထွက်လာခဲ့သည်။

မခသည် အသားဆတ်ဆတ်တုန်မျှ တုန်လှုပ်ချောက်ချား နာကျင်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

❁ ❁ ❁

မခက ရွှေသစ်တို့ မသိအောင် နယုန်မိုးနှင့် သွားတွေ့မိသည့် ကိစ္စကို ရွှေသစ်တို့ကို ဖွင့်ပြောရကောင်းနိုး စဉ်းစားနေဆဲမှာပင် ကျောင်းရက်ရှည် ပိတ်သွားပြီးရွှေသစ်တို့က ခရီးထွက်ဖို့ စီစဉ်လေသည်။ ထုံးစံအတိုင်း သူတို့က မခကို မရမက ခေါ်ကြပြီး မခကလည်း ထုံးစံအတိုင်း အကြောက်အကန် ငြင်းရလေသည်။

"မခကလည်းဟယ် နင်တစ်ယောက်တည်း ကျန်ခဲ့ရမှာ ပျင်းစရာကြီးပါ၊ လိုက်ခဲ့ပါဟာ ..."

"မပျင်းပါဘူး၊ ငါက အေးအေးဆေးဆေး နေရတာကို ကြိုက်တယ်၊ နင်တို့က လူတွေအများကြီးနဲ့ စုပြီးသွားကြမှာ၊ ငါ မလိုက်ချင်ဘူး၊ ပြီးတော့ ငါက ခရီးသွားတာလည်း ဝါသနာ မပါဘူး၊ အိမ်မှာပဲ နေချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"Tourအဖွဲ့ ခရီးစဉ်နဲ့ သွားတာက ပိုပျော်စရာ ကောင်းတာ မခရဲ့၊ သူငယ်ချင်းအသစ်တွေ ရတာပေါ့၊ လိုက်ခဲ့ပါလား"

"လူများများကြီးနဲ့ ငါ မပျော်တတ်တာ နင်တို့ သိပါတယ်၊ ငါက လူနည်းနည်းလေးနဲ့ပဲ နှစ်နှစ်ကာကာ ပေါင်းချင်တယ်၊ လူအများကြီးနဲ့ ခပ်ပေါ့ပေါ့ မပေါင်းချင်ဘူး"

"နှစ်နှစ်ကာကာ ပေါင်းတဲ့ လူနည်းနည်းလေးက နင့်အနားမှာ အမြဲရှိရင်တော့ ဟုတ်မှာပေါ့၊ မရှိတော့ရင် နင် အထီးကျန်မှာ၊ နင့် Typeက နင့်ကို အရမ်းဂရုစိုက်တဲ့ ယောက်ျားကောင်း တစ်ယောက်နဲ့ စောစောစီးစီး လက်ထပ်ပြီး အိမ်ရှင်မဘဝနဲ့ အေးအေးဆေးဆေးနေမှ အဆင်ပြေမယ့် Typeမျိုး" ...

"အိမ်ထောင်ရေးအကြောင်း လာမပြောစမ်းပါနဲ့ ရွှေသစ်ရယ်၊ စောပါသေးတယ်၊ ရှင်တို့ကလည်း ကျုပ်ကို မစောင့်ရှောက်ချင်တာနဲ့ အတင်း အိမ်ထောင်ချပစ်ချင်ပြီ ထင်တယ်"

"ဒါပေါ့ ... ငါတို့မှာ ဘယ်သွားသွား နင့်အတွက်ပဲ စိတ်ပူနေရတဲ့ ဥစ္စာ"

"နယုန်မိုးကလည်း တမှောင့်ဆိုတော့ ပိုစိတ်ပူရတယ်"

"ကျောင်းပိတ်ထားလို့ တော်သေးတယ်၊ ဒီကောင် ကျောင်း





မှာသာ နှောင့်ယှက်ရဲမှာ၊ အိမ်အထိတော့ လိုက်မနှောင့်ယှက်လောက်ပါဘူး"

မခက နယုန်မိုး အကြောင်းကို ခရီးက ပြန်လာမှပဲ ပြောပြတော့မည်ဟု စိတ်ကူးထားလိုက်သည်။ သူငယ်ချင်းတွေကို စိတ်အနှောင့်အယှက် ကင်းကင်း ပျော်စေချင်သည်။

"နင်တို့က ဘယ်လောက်ကြာမှာလဲဟင်"

"တရုတ်ပြည်၊ ရွှေလီ၊ ဝမ်တိန်ဘက်အထိ သွားမှာဆိုတော့ ၁၀ ရက် လောက်တော့ ကြာမယ်"

"ဟိုရောက်ရင် ငါ့ဖို့ လက်ဆောင်ဝယ်ဖို့ မမေ့ကြနဲ့နော်"

"အေးပါ ... ဝယ်ခဲ့မှာပေါ့၊ ချစ် သူငယ်ချင်းလေးအတွက် မမေ့ဘူး စိတ်ချ ..."

ရွှေသစ်တို့က ခရီးသွားရမှာမို့ တက်ကြွစွာ ပြင်ဆင်ကြသည်။

ဆယ်ရက် ... တဲ့။

မခ အနားမှာ သူတို့မရှိသည့် အဲဒီ ဆယ်ရက်ဆိုသာ အချိန်ကာလလေးမှာ မခ ဘဝတစ်ခုလုံး မရှုမလှ ပြောင်းသွားရလိမ့်မည်ဟုတော့ မခ မထင်ခဲ့မိချေ။



www.burmeseclassic.com

www.burmeseclassic.com

❁ ❁ ❁

ရွှေသစ်တို့ ခရီးထွက်သွားပြီး နောက်တစ်နေ့မှာပင် မခတို့ အိမ်သို့ အလွှန်လှပသော ပန်းတစ်စည်းနှင့် စာတစ်စောင် ရောက်ရှိလာခဲ့တာ ဖြစ်သည်။ ထိုပစ္စည်းများကို လက်ခံရရှိသူက မခရဲ့ မေမေ ဖြစ်သည်။

ထိုနေ့ ညနေ မွန်းလွဲ ၂ နာရီလောက်မှာ မေမေက အခန်းအောင်း၍ စာဖတ်နေသော မခကို အခန်းထဲမှ ထွက်ခဲ့ဖို့ ခေါ်လိုက်ပြီး သံသယ မျက်လုံးများဖြင့် စောင့်နေခဲ့သည်။ မေမေ့ မျက်နှာပေါ်မှာ မခ ခုချိန်ထိ မမြင်ဖူးသော ဒေါသနှင့် အရှက် အရာများကို တွေ့ရသည်။

"မခ ... မေမေ့ ရှေ့မှာ လာထိုင်စမ်း"

"ဟုတ်ကဲ့ မေမေ ..."

ဘာတစ်ခုမှ အပြစ်လုပ်မထားမိသော မခက မေမေ ညွှန်ပြသည့် ခုံပေါ်မှာ အေးအေးဆေးဆေး ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဘာလဲ"

မေမေက မခရေ့စားပွဲပေါ်သို့ ပန်းစည်းကို ပစ်ချလိုက်သည်။ မခသီည် မျက်လုံးကလေး ဝိုင်းသွားကာ ...

"ဒါ ပန်းစည်းလေ မေမေ၊ မေမေ ဘယ်ကရတာလဲ"

"အေး ... အဲ့ဒီ ပန်းစည်းက ညည်းရည်းစား ပို့လိုက်တဲ့ ပန်းစည်း၊ ဒီစာက ညည်း ရည်းစားက ပို့လိုက်တဲ့ စာ၊ အားလုံး လက်ပူးလက်ကြပ်ပဲ၊ ငြင်းမယ်မစဉ်းစားနဲ့၊ နဝေတိမ်တောင် မသိချင်ယောင် ဆောင်မနေနဲ့၊ ငါ့မှာတော့ ငါ့သမီးလေး ရိုးလိုက် နုံလိုက် အေးလိုက်တာ၊ ရှက်တတ်ကြောက်တတ်လိုက်တာ ဆိုပြီး သနားလိုက်ရတာ၊ ဒီတစ်သက်တော့ ငါမှ မပေးစားရင် ယောကျ်ားတောင် ရမှာမဟုတ်ဘူးလို့ ထင်ခဲ့မိတာ၊ ခုတော့ ညည်းက အမေ့ရှေ့တော့ ကုပ်ကုပ်ကလေး အ,ချင်ယောင် ဆောင်နေပြီး ကျောင်းကျတော့ ဖြစ်ချင်တိုင်း ဖြစ်နေတယ်ပေါ့လေ ... ဟုတ်လား"

"နေ ... နေပါဦး မေမေရယ်၊ မေမေ ဘာတွေပြောနေတာလဲ၊ သမီး ဘာမှ နားမလည်ဘူး၊ သမီးမှာ ရည်းစားလည်း မရှိပါဘူး"

"လက်ပူးလက်ကြပ် မိတာတောင် ငြင်းချင်သေးသလား





မခရယ်၊ ညည်းစာကို ညည်းပြန်ဖတ်ကြည့်စမ်း၊ ငါဖြင့် ရှက်လွန်းလို့ မျက်နှာကို ဓားနဲ့သာ လှီးပစ်ချင်တော့တယ်"

မခသည် မကြုံစဖူး ပြင်းထန်လှသော မေမေ့ဒေါသကြောင့် ကြောက်ရွံ့တုန်ရီလာကာ စားပွဲပေါ် ပစ်တင်ထားသော စာကို ကောက်ယူဖွင့်ဖတ်လိုက်သည်။

မောင့်ချစ်သည်းစေား မခရေ ...

လွမ်းလိုက်တာကွာ ... မောင်တို့ မတွေ့ကြရတာ ၄၈ နာရီတောင်ကြာပြီ၊ ဒါပေမယ့် မောင့်စိတ်ထဲမှာတော့ ၄၈ ကမ္ဘာ ကြာတယ်လို့ ထင်မိတယ်၊ ခုချိန်မှာ မောင် ထပ်ခါ ထပ်ခါ တောင်းမိတဲ့ဆုက "ကျောင်းပိတ်ရက်တွေ မရှိပါစေနဲ့" ဆိုတဲ့ ဆုပါပဲ မောင့်ချစ်သည်း ...

သူငယ်ချင်းတွေ အားလုံးက မောင်တို့အတွဲကို သိပ်သည်းတဲ့အတွဲလို့ ပြောလည်း ဘာဖြစ်လဲကွာနော်၊ ကိုယ့်ဘာသာ ကိုယ်ချစ်တာဘာဖြစ်လဲလို့ ပြန်ပြောလိုက်မယ်၊ မောင်တို့နှစ်ယောက် ခုလိုလေးပဲ လက်စွပ် ဆင်တူ ဝတ်ကြမယ်၊ အင်္ကျီဆင်တူ၊ လွယ်အိတ်ဆင်တူ၊ ကျောပိုးအိတ် ဆင်တူ၊ ဖိနပ်အရောင်တူ ဝတ်ကြမယ်၊ တချို့တွေကဆို မောင်တို့ အတွဲကို အရမ်းအားကျကြတာ။

မောင့်ချစ်သည်းက အတူနေချင်ပြီလို့ ပြောတယ်နော်၊ မောင်နဲ့သာ နေရရင် အားလုံးကို စွန့်လွှတ်နိုင်တယ်တဲ့၊ ကျောင်းတွေ မပိတ်အောင် စွန့်စားကြရအောင်လို့ ပြောတဲ့ မခရဲ့ အသံလေးကို မောင်အမြဲ



www.burmeseclassic.com

www.burmeseclassic.com



*ကြား ယောင်ပြီး ပိတ်ဖြစ်ရတယ်၊ မောင့်ကို မခ သိပ်ချစ်ပါလားလို့ပေါ့ မောင် လည်း မခနဲ့အတူ နေချင်တာပေါ့ကွာ၊ မောင်တို့ အမြန်ဆုံး အတူနေရ အောင် ကြိုးစားနေတယ်...။*

*မီခကို လွမ်းလွန်းလို့ ဒီစာကိုရေးလိုက်တာ၊ ပြီးတော့ မောင့်ရဲ့ အချစ်တွေကို နှင်းဆီပန်းကလေးတွေထဲ ဖွက်ပြီး မောင့် ချစ်သည်းဆီ ပို့လိုက်တယ်။*

*ပန်းကလေးတွေကို ငုံ့မွှေးတိုင်း မောင့်ရဲ့ ချစ်ရနံ့ကိုပါ ရှူရှိုက် ခွင့် ရအောင်လို့ပေါ့...။*

**မောင့်ချစ်သည်းကို ချစ်တဲ့**

**မောင်**

**(နယုန်မိုး)**

*Ps; မောင့် ဖုန်းနံပါတ် ပြောင်းလိုက်လို့ နံပါတ်အသစ် ရေးပေး လိုက်တယ်...*

*09-501...*

မခသည် စာအဆုံးမှာ ချောက်ချားသွားသလို ထို စာကို ကြောက်အားလန့်အား လွှတ်ချလိုက်မိသည်။ သွားပြီ... မခတော့ နယုန်မိုးရဲ့ ထောင်ချောက်ထဲမှာ ပိတ်မိနေပြီ။

"မဟုတ်ဘူး ...မဟုတ်ဘူး မေမေ၊ ဒါ မခ အကွက်ဆင် ခံရတာ၊ မခနဲ့ သူနဲ့က ဘာမှမဟုတ်ဘူး"





မခက သွေးရူးသွေးတမ်း ငြင်းလိုက်သည်။ မေမေက မယုံပါ ...။

"ယောကျ်ားပျိုလေး တစ်ယောက်က မိန်းမပျိုလေး တစ်ယောက်ကိုဘာတွေများ အကွက်ဆင်ရမှာလဲ မခ ...၊ ညာ မနေနဲ့ မေမေ့ကို အမှန်အတိုင်း ဝန်ခံစမ်း"

"မခ မညာဘူး မေမေ၊ အဲဒီ နယုန်မိုးက လူလည်၊ တမင် သက်သက် မခကို လိုချင်လို့ အကွက်ဆင်နေတာ၊ ဒီ အကြောင်းတွေ ရွှေသစ်တို့လည်း သိတယ်၊ မယုံရင် မေမေ မေးကြည့်ပါ"

"ညည်း သူငယ်ချင်းတွေက ညည်းနဲ့ တစ်ကျိတ်တည်း တစ်ဉာဏ်တည်းပဲ နေမှာပေါ့"

"မခ ပြောတာ ယုံပါ မေမေ၊ သူတို့ ခရီးကပြန်လာရင် မေမေ မေးပါ၊ နယုန်မိုးရဲ့ လုပ်ဇာတ်တွေကို သူတို့အားလုံး သိပါတယ်"

"ညည်း သူငယ်ချင်းတွေ ပြန်လာတဲ့အထိ မစောင့်နိုင်ဘူး၊ ဒီကိစ္စကို ငါ့ဘာသာ စုံစမ်းမယ်"

မေမေက မခရှေ့ကနေ ဒေါသဖြင့် ထွက်ခွာသွားသည်။ မခ ရင်ထဲမှာတော့ မီးတောက်ကျန်ခဲ့သည်။ မခရဲ့ သိမ်မွေ့နူးညံ့သော စိတ်နှလုံးသားသည် နယန်မိုးနဲ့ ပတ်သက်လာတိုင်း ဖောက်ပြန်သွားလို ထက်ရှပြီး မီးလို လောင်မြိုက်လာခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စဟာ မခတို့ကျောင်းမှာ ကောလဟာလအဖြစ် ပျံ့နှံ့နေခဲ့ပြီမို့ ရွှေသစ်တို့ သုံးယောက်က လွဲပြီး တခြားသူတွေကို သွားမေးလျှင်တော့ မခတို့ဟာ ချစ်သူတွေဖြစ်ကြောင်း ပြောကြမှာပင်။ အရေးထဲကျမှ ရွှေသစ်တို့ကလည်း မရှိချေ။

မခသည် ဒေါသဖြင့် ဝုန်းခနဲ ထ,ရပ်လိုက်မိကာ တယ်လီဖုန်းရှိရာသို့ စိတ်လိုက်မာန်ပါ လျှောက်သွားလိုက်မိသည်။ ဒီပြဿနာဟာ နယုန်မိုးကို ရှင်းခိုင်းမှ ရသည့်ကိစ္စဟု မခက ယူဆခဲ့မိလို့ပင်။ မခသည် နယုန်မိုးရဲ့ စာအောက်ခြေမှာ ရေးထားသော ဖုန်းနံပါတ်ကို လှမ်းကြည့်လိုက်သည်။ ပြီးတော့ တုန်ရင်သော လက်ကလေးဖြင့် ဖုန်းနံပါတ်တွေကို နှိပ်လိုက်သည်။

"ဟလို ... နယုန်မိုးပါ"

နယုန်မိုး အသံက မခရဲ့ ဒေါသမီးကို တငြိုးငြိုး တောက်လောင်စေသည်။

"ရှင် ... တော်တော် ယုတ်မာတဲ့ လူပဲ နယုန်မိုး၊ ကျွန်မ အမေ အထင်မှားအောင် ရှင် အကွက်ဆင်လိုက်ပြန်ပြီ၊ ဒီကိစ္စကို ရှင် အမှန်အတိုင်း လာရှင်းပြပါ၊ ကျွန်မ မေမေ ယုံအောင် လာရှင်းပြပါ၊ ရှင့်အပြစ်တွေကို ဝန်ခံပါ၊ ရှင် ဖြေရှင်း မပေးရင် ရှင့်ကို ကျွန်မ သတ်မိလိမ့်မယ်"

"ဟဲလို ... ဟဲလို ... မခ ... သိပ်မကြားရဘူး၊ အသံက





ပြတ်တောင်းပြတ်တောင်း ဖြစ်နေတယ်၊ ကျွတ် ... ဖုန်းလိုင်းတွေကလည်းကွာ"

"နယုန်မိုး ... ရှင် ကျွန်မပြောတာ ကြားရဲ့လား"

"ဟဲလို ... သိပ်မကြားရဘူး မခ၊ မခပြောတာကို လုံးစေ့ပတ်စေ့ နားမလည်ဘူး၊ ကိုယ့်ဖုန်းက ဘက်ထရီလည်း အရမ်းနည်းနေပြီ"

"အဲဒါဆို တခြားဆက်လို့ရမယ့် ဖုန်းတစ်ခုခုနားကို ရှင် သွားနေပါ၊ ဖုန်းနံပါတ်ကို ပြောပါ၊ ကျွန်မ ဆက်လိုက်မယ်"

"ဟော ... အသံက အရမ်းတိုးသွားပြန်ပြီ၊ ကိုယ်က အခု ကန်တော်ကြီးထဲ ရောက်နေတာ မခ၊ အနားမှာ လက်လှမ်းမီတဲ့ ဖုန်း မရှိဘူး"

"ကောင်းပြီ ... အဲဒါဆို ရှင့်ဖုန်းကို ဘက်ထရီလဲပါ"

"ဟဲလို ... ကျွတ်၊ အသံက အရမ်းတိုးတာပဲကွာ၊ မခ အသံ ကျယ်ကျယ် ပြောပါ"

"ဘက်ထရီ လဲပါ ... ဘက်ထရီ လဲပါ"

"အဲဒါမှ ပြဿနာပဲ၊ ဘက်ထရီလည်း အပိုပါမလာဘူး"

"အဲဒါဆို ရှင့်အိမ်ကိုပြန်ပါ၊ ညကျမှ ကျွန်မပြန်ခေါ်မယ်"

"ဟဲလို ... မခ ... ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညကျမှ ...၊ ညကျမှ ပြန်ခေါ်မယ်"

"ဟာ ... ညဆိုရင် ကိုယ်မရှိတော့ဘူး၊ ကိုယ် ဒီည Flight နဲ့ Oversea သွားမှာ၊ ဖေဖေနဲ့ လိုက်သွားမှာ၊ တစ်လ ကြာမယ်"

"မဖြစ်ဘူး ... မဖြစ်ဘူး၊ ရှင် မရှိလို့ မဖြစ်ဘူး၊ ရှင်သွားလို့ မဖြစ်ဘူး"

"ဟမ် ... ဘာလဲ ... မကြားရတော့ဘူး"

"ရှင် အခုဘယ်မှာလဲ ... ပြော၊ အမြန်ပြောပါ၊ ကျွန်မ ပြောတာ ကြားလား"

"တိုးတိုးလေးတော့ ကြားပါတယ်၊ ကိုယ်အခု ကန်တော်ကြီး မျှော်စင်ကျွန်းမှာ"

"ကောင်းပြီ ... ရှင် အဲဒီမှာပဲ စောင့်နေ၊ ကျွန်မ အခုချက်ချင်း လာခဲ့မယ်၊ ကြားရဲ့လား ..."

"ကြားတယ် ... ကြားတယ် ... စောင့်နေမယ်"

"ဘယ်နားမှာ စောင့်မလဲ"

"မခ လိုက်ရှာမနေနဲ့လေ၊ ကျွန်းထဲကိုရောက်ရင် တစ်နေရာရာမှာသာ ထိုင်နေလိုက်၊ ကိုယ် မခကို လိုက်ရှာမယ်"

မခစိတ်သည် ထူပူနေကာ ဘာကိုမှ မဝေခွဲနိုင်ဘဲ နယုန်မိုးရှိရာသို့ ထွက်လာခဲ့မိလေသည်။ မခ စိတ်ထဲမှာ နယုန်မိုး





နိုင်ငံခြား မသွားခင် ဒီကိစ္စကို ဖြေရှင်းပေးခဲ့မှ ဖြစ်မည်ဟုသာ စွဲမြဲနေသည်။ နယုန်မိုး ပြန်မလာခင်စပ်ကြားမှာ မေမေရဲ့ သံသယတွေကိုလည်း မခ မခံစားနိုင်ချေ။

တစ်ယောက်တည်း အပြင်ထွက်ရဲလေ့ မရှိသော မခသည် ခုတော့ ဒေါသ၏တွန်းအားဖြင့် တစ်ယောက်တည်း ထွက်လာခဲ့မိပြီ ဖြစ်သည်။

တကယ်တော့ အဲ့ဒါဟာ သူ့ ထောင်ချောက်ထဲသို့ တိုးဝင်ခြင်းပဲ ဆိုတာကိုတော့ မခ လုံးဝ မတွေးခဲ့မိတာ အမှန်ပင်တည်း။



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

မခသည် ကန်တော်ကြီး ဥယျာဉ်ထဲသို့ တစ်ယောက်တည်း ဖွတ်ရွတ် ဝင်လာခဲ့မိပြီး အတွင်းပိုင်းသို့ ရောက်လာတော့မှ 'တစ်ယောက်တည်းပါလား' ဟူသော အသိဖြင့် ကြောက်ရွံ့စပြုလာလေသည်။

မျှော်စင်ကျွန်းကိုတော့ သူငယ်ချင်းတွေနှင့်အတူ လာခဲ့ဖူးတာမို့ မခ သိနေသည်။ မခသည် တစ်ယောက်တည်း လျှောက်နေရသည့် အဖြစ်ကို ရှိုးတိုးရှန့်တန့် ဖြစ်လာကာ ခြေလှမ်းတွေက အပြေးတစ်ပိုင်း ဖြစ်လာသည်။ နောက်တော့ မြန်မြန် ရောက်ရင်ပြီးရောဟု သဘောထားကာ မခက မျှော်စင်ကျွန်းကို ဦးတည်၍ ပြေးလေသည်။

တံတားလေးကို ဖြတ်ကျော်ပြီး မျှော်စင်ကျွန်းထဲ ခြေချမိတော့မှ မခ နည်းနည်း အသက်ရှူ ချောင်သွားသည်။

---



www.burmeseclassic.com

www.burmeseclassic.com



အချိန်က ညနေ လေးနာရီမို့ ကျွန်းထဲမှာ လူ သိပ်မရှိချေ။ မခသည် ဟိုဟိုဒီဒီကိုလည်း မျက်စိ သိပ်မစားရဲဘဲ မြက်ခင်းစိမ်းတွေ လွှမ်းနေသော ကုန်းမို့မို့လေးမှာ ကုပ်ကုပ်လေး ထိုင်ချရင်း နယုန်မိုးအလာကို စောင့်နေလိုက်သည်။

ခုချိန်မှာတော့ မခသည် ဘာကိုမှ ရှည်ရှည်ဝေးဝေး မစဉ်းစား။ အရေးကြီးတာက နယုန်မိုးနဲ့ တွေ့ပြီး မခ ပြောချင်သည့် စကားကို ပြောရဖို့ပင်။

မခသည် ပြေးလာရတာမို့ အသက်ရှူသံတွေလည်း မြန်ဆန်ကာ မောဟိုက်တုန်ရီနေသည်။ မခက အလွန် စိတ်လှုပ်ရှားနေခဲ့တာလို့ လက်သည်းလေးကို ကိုက်ကာ ခေါင်းငုံ့ ငြိမ်သက်နေသည်။

အချိန်တွေသည် တရွေ့ရွေ့ ကုန်ဆုံးလျက် ရှိသည်။ နယုန်မိုးကလည်း ရောက်မလာသေးချေ။ ထိုခဏမှာ အသံဗလံတွေ ဆူညံလာသလို ထင်ရသည်။ မခက ခေါင်းငုံ့ထားပြီး အကြည့်က မြက်ခင်းဆီသို့သာ စိုက်ထားတာမို့ မခရှေ့မှာ ခြေထောက်တွေ ပြည့်နေတာကို မြင်ရသည်။

မခ ခေါင်းမော့ကြည့်မိတော့ ကျွန်းထဲသို့ လူတွေ တဖွဲဖွဲ ဝင်ရောက်လျက် ရှိတာကို တွေ့ရသည်။ အဝေးကို လှမ်းမျှော်ကြည့်လိုက်တော့လည်း လူတန်းကြီးကို တမျှော်တခေါ် မြင်လိုက်ရသည်။





မခသည် လူများများကို မြင်ရတာမို့ ကြောက်ဒူးတုန်ချင်လာကာ အနားက ဖြတ်သွားသော ကောင်မလေးတစ်ယောက်ကို လှမ်းမေးလိုက်သည်။

"ဒီ ... ဒီမှာ ဒီနေ့ ဘာအစီအစဉ် ရှိလို့လဲဟင် ..."

"ဟင် ... ဒီလောက် နာမည်ကြီးနေတာတောင် မသိဘူးလား၊ ဖြူဖြူကျော်သိန်း မွေးနေ့ စတိတ်ရှိုး ရှိတယ်လေ"

မခသည် ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွားသည်။ စတိတ်စင်မြင့်ဆီ ခုမှ မော့ကြည့်မိတော့ အထူးတလည် ပြင်ဆင်ထားတာကို တွေ့လိုက်သည်။

နယန်မိုးကိုတော့ အရိပ်အယောင်တောင် မတွေ့ရချေ။

မခ ကျွန်းထဲက ပြန်ထွက်ဖို့ ကြိုးစားမိချိန်မှာတော့ ကျွန်းထဲမှာ လူတွေ ပြည့်ကြပ်ညပ်လျက် ရှိလေပြီ။ မခသည် ထို လူအုပ်ကြားမှ ထွက်ဖို့ အမျိုးမျိုး ကြိုးစားသော်လည်း မရချေ။ ထိုးနေရင်းက မခရဲ့ အရိုးတွေပင် ကျိုးကြေသွားသလား ထင်ရအောင် ညပ်ပါသွားသည်။ အရှေ့ကိုတိုးရင်း အနောက်ကို ရောက်သွားကာ တောင်ဘက်ကိုတိုးရင် မြောက်ဘက်သို့ မျောပါချင်သွားသည်။

အနီးတစ်ဝိုက်က သစ်ပင်တွေပေါ်သို့ပင် လူတွေ



www.burmeseclassic.com

www.burmeseclassic.com



တက်ကြည့် နေရာယူထားကြသည်။ မကြာမီ သစ်ကိုင်းကျိုးသံ တဖြောင်းဖြောင်းကို ကြားရသည်။ လူအုပ်ကြီးသည် များပြား သထက် များပြားလာကာ ထွက်ပေါက်တွေ ပိတ်ဆို့သွားသည်။

မခသည် တိုးနေရင်းက မျက်စိတွေပင် ပြာလာကာ တစ်ချက် တစ်ချက် သတိလစ်ချင်သလို ဖြစ်သွားသည်။

မကြာခင် အဆိုတော်ရဲ့ အသံကို ကြားရသည်။ မခ သည်လည်း လူကြားထဲမှာ တိုးရင်း နစ်ရင်း ဖြစ်နေသည်။

သီချင်း နှစ်ပုဒ် သုံးပုဒ် ဆိုပြီးချိန်မှာတော့ ရုတ်တရက် မီးများ ပြတ်တောက်သွားလေသည်။

"ဟာ ... မီးပြတ်သွားပြီ"

လူအုပ်စုကြီးသည် ရုတ်ရုတ်သဲသဲ ပြန်ဖြစ်လာကာ ထွက်ပေါက်သို့ စုပြုံ တိုးဝှေ့နေကြသည်။ တံတားလေးနားမှာ လူတွေ ပြုံတိုးနေသည်။ ကလေးအမေတွေရဲ့ အော်ဟစ်သံကိုလည်း ကြားရသည်။

"သားရေ ... ရေထဲပြုတ်ကျမယ်နော်၊ သတိထား"

"အမယ်လေး ... ကျွန်မ သားလေး ညပ်ပါသွားပြီ"

"ဖြည်းဖြည်း တိုးကြပါ၊ တောင်းပန်ပါတယ်ရှင်"

"မေမေရေ ... သား ညပ်နေပြီ"

အခြေအနေသည် ရုတ်တရက် ရှုပ်ထွေးဆူညံသွား





သည်။ မခ တစ်ကိုယ်လုံး ချွေးတွေ နစ်နေကာ အမြင်အာရုံတွေ မှုန်ဝါးလာသည်။

ထိုခဏမှာ နယုန်မိုးရဲ့ မျက်နှာကို မသဲမကွဲ မြင်လိုက်ရသည်။ မခလက်ကို တစ်စုံတစ်ယောက်က လှမ်းဆွဲလိုက်သည်။ မခသည် ထိုသူ့ ရင်ခွင်ထဲသို့ ယိုင်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

နယုန်မိုးသည် မခကို ပွေ့ချီကာ လူအုပ်ကြားထဲမှ ရမက တိုးထွက်လာသည်။

“ခဏလေးပါဗျာ ... ခဏလေး ဖယ်ကြပါ၊ ဒီမှာ သတိလစ် သွားလို့ပါ”

သူက တဖွဖွ မေတ္တာရပ်ခံရင်း လူအုပ်ရဲ့ အပြင်သို့ ရောက်သွားသည်။ သူ့ တစ်ကိုယ်လုံးလည်း ရေချိုးထားသလို ချွေးတွေ ရွှဲနစ်လျက် ရှိလေသည်။

နယုန်မိုးသည် သူ့ ကားရပ်ထားသည့် နေရာသို့ မခကို ပွေ့ခေါ်သွားကာ ကားနောက်ခန်းထဲမှာ တင်ပေးလိုက်ပြီး ကားကို မောင်းထွက်လာခဲ့သည်။

မခကတော့ သူ့ ထောင်ချောက်ထဲကို အလွယ်တကူ ဆက်ဆင်းလာခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူက ကြိုတင် ကြံစည်ထားသည့်အတိုင်းပင် သူ့ကားကို မိတ်ဆွေတစ်ယောက် ပိုင်ဆိုင်သော Hotel တစ်ခုဆီ ဦးတည်မောင်းနှင်လိုက်လေသည်။



ခုချိန်မှာ သူမဟာ သူ့လက်ခုပ်ထဲက ရေဖြစ်ခဲ့ပြီ။

နယုန်မိုးသည် မခံချင်စိတ်၏ တွန်းအားဖြင့် မခကို အမျိုးမျိုး အကွက်ဆင်ကာ သူနဲ့ ကောလဟာလတွေ ဖန်တီးပြီးမှ (မခ မငြင်းနိုင်တော့မှ) သူ့ ထောင်ချောက်ထဲသို့ ကျဆင်းစေဖို့ ကြံရွယ်ခဲ့တာ ဖြစ်သည်။ ခုတော့ သူ့အကြံသည် အလွယ်တကူပဲ အောင်မြင်ခဲ့ရပြီ။

ခုချိန်မှာ မခ မိဘ သူ့မိဘတွေက သူတို့နှစ်ယောက် ပျောက်လို့ ရှာဖွေလျှင်လည်း နိုင်လုံသော သတင်းစကားများအရ သူတို့နှစ်ယောက် ပြိုင်တူပျောက်သွားကြောင်း ခြေရာခံမိကာ ခိုးပြေးသွားကြသည်ဟုသာ ယူဆကြလိမ့်မည်။ ပြီးလျှင်တော့ သူ့မိဘတွေကလည်း သူတို့ရဲ့ ဂုဏ်သိက္ခာအရ၊ မခ မိဘတွေက လည်း သူတို့ရဲ့ ဂုဏ်သိက္ခာနှင့် သမီး၏ ဂုဏ်သိက္ခာအရ လက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပေးကြဖို့သာ ဆုံးဖြတ်ကြလိမ့်မည်ဟု သေချာပြီးသား ဖြစ်သည်။ မခနှင့် သူ့ကို သမီးရည်းစားဆိုသည့် သတ်မှတ်ချက်မျိုး ပတ်ဝန်းကျင်က သတ်မှတ်ပေးပြီးသား ဖြစ်အောင်လည်း သူ စနစ်တကျ အကွက်ဆင် သတင်းဖြန့်ပေးခဲ့ပြီး ဖြစ်သည်။

ဒီနေ့ လှုပ်ရှားခဲ့သည့် သူ့ရဲ့ နောက်ဆုံး အစီအစဉ်ကလည်း အလွန်အကွက်စေ့ခဲ့သည်။ မခ လူကြောက်တတ်တာကို သိခဲ့ပြီးသော သူက လူတွေကြားထဲ ပိတ်မည့်သွားမည့် အချိန်ကို ရွေးချယ်ကာ အချိန်ကိုက် စီစဉ်ခဲ့တာဖြစ်သည်။ သူ့စာနှင့် ပန်းစည်းကိုရလျှင် မခ သူ့ကို ဆက်သွယ်လိမ့်မည်ဟု သူ ကြိုး ခဲ့သည်။ ဖုန်းဖြင့် ဆက်သွယ်စေလိုတာမို့ ဖုန်းနံပါတ်ကိုပါ ထည့်ပေးခဲ့သည်။ မခ ဆက်လာသည့် အချိန်မှာတော့ ဖုန်းလိုင်း သိပ်မကောင်းတာကို အခွင့်ကောင်းယူကာ သေသေ ချာချာ ကြားရပါလျက် မကြားချင်ယောင်ဆောင်ပြီး သူမကို သူ့ထံ လာ မှားခေါ်ခဲ့သည်။

မခကသာ သူ့ကို မမြင်ရပေမယ့် သူကတော့ မ ကန်တော်ကြီးထဲ ဝင်လာကတည်းက နောက်ကနေ ထပ်ချပ်မ လိုက်လာခဲ့သည်။ သို့သော် မထင်မှတ်ဘဲ စတိတ်ရှိုးလာကြည့် သည့် ပရိသတ်က အံ့ဩစရာကောင်းလောက်အောင် များပြား ခဲ့တာမို့ မခ အလွန်အမင်း ကြောက်ရွံ့နေတာကို သူ မြင်ခဲ့ရသည်





နောက်ဆုံးတော့ သူ ကြိုတင် ကြံစည်ထားသလိုပင် အရာအားလုံးဟာ အံဝင်ခွင်ကျ ဖြစ်ပျက်လာခဲ့တာ ဖြစ်သည်။

နယုန်မိုးသည် မခကို ငေးကြည့်နေရင်း သူမနှင့် စတင် တွေ့ဆုံခဲ့ရသည့် အဖြစ်အပျက်တွေကိုလည်း သတိရလျက်ရှိသည်။ စ,တွေ့တုန်းကတော့ သူမက အင်မတန် ရယ်စရာကောင်းသော ယုန်ဖြူကလေး ဖြစ်သည်။ လက်တွေကို ကြိုးဖြင့် ချည်ခံထားရကာ ခေါင်းငုံ့လျက် ချွေးတွေ တုတ်တုတ်ကျနေသော သူမပုံစံကို သူက ရယ်ချင်မိခဲ့သည်။ ကြိုးဖြည်ပေးပြီးသည့်နောက်မှာ လက်သည်းကိုက်နေတဲ့ ပုံစံလေးကလည်း ကလေးတစ်ယောက်လိုပင်။ မျက်ရည်ပေါက်တွေ ကျလာကာ မဲ့မဲ့လေး ငိုလိုက်တဲ့ပုံစံက ဘာပရိယာယ်မှ မပါ။ ပကတိ ဖြူစင်လေသည်။

မိန်းမတွေ မျက်ရည်ကျတာကို သူ မကြာခဏ မြင်ဖူးခဲ့ပါသည်။ သူ့ရဲ့ရှိခဲ့ဖူးသော အိစိကလီလေးတွေဟာလည်း သူတို့ စိတ်ကောက်ပြသည့် အခါတွေမှာ မျက်ရည်ကျပြတတ်သည်။ သူတို့ လိုချင်တာကို တောင်းဆိုမှုဆာလို့ မရခဲ့လျှင်လည်း သူ ယိုင်လာအောင် မျက်ရည်ကျပြသည်။ သို့သော် သူ မတုန်လှုပ်ခဲ့။ ဘယ်လိုမှလည်း မခံစားရပါ။ အဲဒါ မာယာတွေပဲဆိုတာ သူ နားလည်သည်။ သူမြင်ဖူးသည့် မျက်ရည်တွေထဲမှာ မာယာမပါသော မျက်ရည်ဆိုလို့ မခရဲ့ မျက်ရည်ကိုသာ မြင်ဖူးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံများအရ မိန်းခလေး အတော်များများကို သိပ်အထင်ကြီး လေးစားမှု မရှိခဲ့သော သူက မခနဲ့ ပထမဦးဆုံး တွေ့ရသည့် နေ့မှာပင် မခရဲ့ ဖြူစင်မှုကို အသိအမှတ်ပြုခဲ့၊ လေးစားခဲ့မိတာ ဖြစ်သည်။ မခဟာ တစ်ခါမှ ရည်းစားထားဖူးသူ မဟုတ်မှန်း၊ ယောကျ်ားတွေနှင့် ရင်းရင်းနှီးနှီး ရှုပ်ရှုပ်ထွေးထွေး နေလေ့ရှိသူ မဟုတ်မှန်း သူ အဲဒီကတည်းကပင် သိခဲ့သည်။

သို့သော် သူမက ဒုတိယအကြိမ် တွေ့ဆုံစဉ်မှာပင် သူ့အတွက် ဆူးနှင့် အဆိပ်တွေ ပေးသွားခဲ့လေသည်။ သူ့မှာ ဘာမှန်းမသိဘဲ အဆိပ်သင့် နာကျင်ခဲ့ရတာ ဘယ်လောက်ဆိုးသနည်း။ သူ့ရဲ့မာနတွေကို သူမက အမှုန့်ဖြစ်အောင် စကားလေး တစ်ခွန်းဖြင့် ချနင်းသွားခဲ့သည်။ မခက ရှင့်ကို မသတီဘူးတဲ့။ အဲဒီစကားလုံးလေးက သူ့ရင်ကို ဟက်တက်ထိုးခွဲသွားစေသည်။

သူ့ကို မခ ဘာဖြစ်လို့ ဒီလောက် ခါးသည်းသွားတာလဲဆိုတာ သူ နားမလည်နိုင်အောင် ဖြစ်ရသည်။ မခ အပေါ် သူ ဘာမှ အများမလုပ်ခဲ့တာလည်း သေချာသည်။ ပြီးတော့ သူဟာ အခြေအနေအရ ရည်းစားများသလို ဖြစ်ခဲ့ပေမယ့် ဘယ်မိန်းကလေးကိုမှ ဖျက်လိုဖျက်ဆီး ဒုက္ခမပေးခဲ့။ ကိုယ်ဟာ လူယုတ်မာကြီး မဟုတ်တာလည်း ကိုယ့်ကိုယ်ကို သေချာသည်။ သူ့မှာ မခ မသတီလောက်စရာ ဘာတစ်ခုမှ ဆိုးဝါး ညစ်ပတ်မနေခဲ့ချေ။





သူက သူ့လက်ဖျံဆီကို ငုံ့ကြည့်မိသည်။ အဲဒီဒဏ်ရာဟာ ခုထိ နာနေတုန်းလို့တောင် ထင်ရသည်။ လက်သည်းခြစ်ရာ အဖြူစင်းကလေးကိုပင် မြင်နိုင်သေးသည်။ သူ့က ပါးတစ်ဖက်ကို လက်ဖြင့် အုပ်ကိုင်မိပြန်သည်။ မခ ရိုက်သွားသော ပါးတစ်ဖက်က သူ့ကို တစ်သက်လုံး နာကျင်စေနိုင်မလား။

မခံချင်စိတ်က လမ်းပြသဖြင့် ဒီလမ်းကို ရွေးချယ်မိသော သူသည် ဘာကြောင့်မှန်းမသိ တွေဝေနေသော သူ့စိတ်ကို ပြန်လည် ခက်ထန်လာအောင် ကြိုးစားနေရပြန်သည်။

သူ့ရင်ထဲမှာ မခနဲ့ ပတ်သက်ပြီး အဆိပ်တွေသာ ရှိနေသည်ဟု ထင်သည်။ အဲဒီအဆိပ်တွေဖြင့် မခ ဘဝကို မတရားသဖြင့် ဝါးမျို သိမ်းပိုက်လိုက်ဖို့ ကြံစည်ခဲ့သည်။ မခ ဘဝကို သူ တစ်သက်လုံး လွှမ်းမိုး သိမ်းပိုက်သွားတော့မည်ဟု ဆုံးဖြတ်ချက် ချခဲ့ပြီးဖြစ်သည်။ အဲ့ဒါ မာနကို အထိခံရတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ကလဲ့စားပဲဟု သူက ရူးမိုက်စွာ ယုံကြည်ယူဆလိုက်သည်။

နယုန်မိုးသည် ခုချိန်မှာတော့ မခကို ဘာကြောင့်များ မေ့တမော ငေးကြည့်ရင်း လက်ဖျားကလေးနှင့် မထိရက် မကိုင်ရက် တန်ဖိုးထားမိနေသလဲ မသိချေ။

မခရဲ့ အင်္ကျီ လည်ပင်းကလေးသည် မခရဲ့ ပခုံး



www.burmeseclassic.com

www.burmeseclassic.com



စွန်းဘက်သို့ ရွှဲယိုင်ကြွေတွန့်လျက်ရှိရာ သူက လက်ဖျားကလေးဖြင့် မရဲတရဲ ဆွဲယူပြီး လုံခြုံအောင် ပြင်ဆင်ပေးလိုက်မိသည်။ မျက်နှာပေါ်သို့ ဖုံးအုပ်နေသော ဆံစတချို့ကို အသာအယာ ဖယ်ပေးလိုက် စဉ်မှာ မခထံမှ ပလုံးပထွေး ညည်းတွား ရေရွတ်သံကို ကြားရသည်။

"နယုန်မိုး ... ရှင့်ကို ကြောက်တယ်၊ ရှင့်ကို မုန်းတယ်"

ဖျော့တော့လှသော အသံတိုးတိုးလေးက သူ့ရင်ထဲ လာရိုက်သွားသည်။ ထိုခဏမှာ အဆိပ်တွေအားလုံး ထူးဆန်းစွာ ကဈ္ဈာဖြစ်၍ သွားလေသည်။

သူ ငေးကြည့်နေဆဲ မိနစ်အနည်းငယ် အကြာမှာ သူမ မျက်ဝန်းတွေ ပွင့်ဟလာခဲ့သည်။

"ဟင် ... ရှင်၊ အမလေး ..."

သူ့ကိုတွေ့တော့ သူမက မကောင်းဆိုးဝါးကို တွေ့သလို အော်ဟစ်လိုက်ရင်း ထထိုင်လိုက်သည်။

"ရှင် ... ကျွန်မကို ဘယ်ခေါ်လာတာလဲ၊ ရှင်ဟာ တကယ့် လူယုတ်မာပဲ၊ ကျွန်မ ထင်တာ မမှားဘူး၊ ရှင်ဟာ တကယ့် လူယုတ်မာကြီး ..."

"မင်းအပေါ် ကိုယ် ဘာမှ မယုတ်မာရသေးပါလား မခ၊ မင်း မူးလဲသွားလို့ ကိုယ် ဒီကို ခေါ်လာခဲ့တာ"





"အဲဒီလို မူးလဲသွားအောင် ရှင်ပဲ အကွက်ဆင်ခဲ့တာ မဟုတ်လား၊ လူတွေ အများကြီးထဲရောက်အောင် တမင် မှားခေါ်ခဲ့တာ မဟုတ်လား၊ ဒါ ဘယ်နေရာလဲ ... ကျွန်မ အခု ပြန်မယ်"

"ဒါ ... ကိုယ့်မိတ်ဆွေ တစ်ယောက်ရဲ့ ဟိုတယ်ပဲ၊ ရန်ကုန်မြို့စွန်မှာ ရှိတယ်၊ မင်း ဒီပုံစံနဲ့ ဒီဟိုတယ်က တစ်ယောက်ထဲ ထွက်ပြန်သွားရင် မင်းကို သူများက ဘာထင်မလဲ၊ ခုပဲ ည ၉ နာရီ ရှိနေပြီ"

"၉ နာရီ ! ဘုရားရေ ... မေမေတော့ ခေါင်းမီးတောက်အောင် ရှာနေလောက်ပြီ"

"မျှော်စင်ကျွန်းထဲမှာ လူကြားထဲ ပိတ်မိနေလို့ အရမ်းကြာသွားတယ်၊ အဲဒီက ထွက်တုန်းကတောင် ၈ နာရီလောက် ရှိနေပြီ"

"လူယုတ်မာကြီး ... ခုချက်ချင်း ကျွန်မကို ပြန်ပို့ပါ"

"မင်း ကိုယ့်ကို လူယုတ်မာကြီးလို့ ခဏခဏ မခေါ်နဲ့ မခ၊ မယုတ်မာတဲ့ သူဟာ ခဏခဏ လူယုတ်မာလို့ အခေါ် ခံနေရရင် ပေါက်တဲ့နဖူး မထူးတော့ဘူးဆိုပြီး တကယ် ယုတ်မာဖို့ ကြိုးစားမိတတ်ကြတယ်"

"ကျွန်မ ရင်ထဲမှာတော့ ရှင်ဟာ လူယုတ်မာလို့ သတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးသားပဲ၊ ရှင် ကျွန်မရှေ့က ဖယ်စမ်းပါ၊ ကျွန်မ အခု မေမေ့ဆီ ဖုန်းဆက်မယ်"

"အခန်းထဲမှာ ဖုန်းမရှိဘူး၊ ရိဆက်ရှင်မှာ သွား ဆက်ရမယ်၊ မင်း ထွက်ဆက်ရင် မင်းကို တစ်မျိုးထင်ခံရလိမ့်မယ်၊ ကိုယ် ဆက်ပေးမယ်"

"ရှင်က ဘယ်လိုဆက်မှာလဲ"

"မင်း သူငယ်ချင်းတစ်ယောက် အနေနဲ့ မင်း မူးလဲသွားလို့ ကူညီထားတယ်၊ ခု လာခေါ်ပါလို့ ပြောမှာပေါ့၊ ပြီးရင် မင်း အိမ်ကလူတွေ ရောက်မလာခင် ကိုယ် ဒီက ထွက်သွားပေးမယ်"

"ကောင်းပြီ ... ဒီလိုဆို ရှင့်ကို ပြောချင်တဲ့ စကားတွေကို နားထောင်သွားဦး၊ ရှင့် ကျွန်မဆီ ပန်းစည်းနဲ့ လုပ်ကြံလီဆည်ထားတဲ့ စာကို ပို့ပြီး မေမေ အထင်လွဲအောင် လုပ်ခဲ့တယ် မဟုတ်လား"

"ဟုတ်တယ် ... မင်းဆီ လာသမျှ စာတွေကို စည်းကမ်းတင်းကြပ်တဲ့ မင်းမေမေက အမြဲ ဖောက်ဖတ်တယ်ဆိုတာ ကိုယ်သိလို့ တမင် ပို့လိုက်တာ၊ ရည်ရွယ်ချက်ကတော့ မင်းနဲ့ ကိုယ့်ကို သမီးရည်းစားလို့ ထင်စေချင်လို့ပဲ"

"ရှင် ... ရှင် တော်တော် အောက်တန်းကျပါလား နယုန်မိုး





အဲဒီကိစ္စကို ရှင် မေမေ့ကို ရှင်းပြပါ၊ ကျွန်မကို တောင်းပန်၊ မနက်ဖြန် ရှင် ကျွန်မအိမ်ကိုလာပြီး မေမေနဲ့ ကျွန်မ ရှေ့မှာ ရှင်လုပ်ခဲ့သမျှ အမှားတွေကို ဝန်ခံပါ"

"ကောင်းပြီ ... ကိုယ် အခု ဖုန်း သွားဆက်လိုက်ဦးမယ်"

နယုန်မိုးက ခပ်ပြတ်ပြတ်ပြောကာ အခန်းထဲမှ ထွက်သွားသည်။ မခကတော့ ဘာတစ်ခုမှ ရှုပ်ရှုပ်ထွေးထွေး မစဉ်းစားတတ်သူပီပီ မေမေ ရောက်အလာကိုသာ မျှော်လင့်တကြီး စောင့်နေလိုက်သည်။ မေမေ ရောက်လာလျှင်တော့ မေမေ့ရင်ခွင်မှာ မျက်နှာအပ်ပြီး ငိုမည်။ ပြီးတော့ မခကို နယုန်မိုး လုပ်ကြံသည့် အကြောင်းတွေ ပြောပြမည်။ မခက ထိုသို့ပင် ရိုးရိုးစင်းစင်းလေး တွေးခဲ့လေသည်။

သို့သော် နောက် တစ်နာရီ အတွင်းမှာပင် မခ ဘဝကို ပြောင်းပြန်လှန်ပစ်လိုက်သော အဖြစ်အပျက်ကြီး တစ်ခုကို မခ သွေးပျက်စွာ ရင်ဆိုင်လိုက်ရသည်။

"ဒေါက် ... ဒေါက် ... ဒေါက် ..."

ဟူသော အခန်းတံခါး ခေါက်သံ ကြားရစဉ်မှာ မခ ပျော်သွားသည်။ မေမေ လာပြီပေါ့ ...။ မခသည် စောင်ခေါင်းမြီးခြုံ ငြိမ်သက်ပုကွေးနေရာမှ ဖြုန်းခနဲ ထ,ကာ အခန်းတံခါးကို ပြေးဖွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ..."

"သမီးမိုက် ..."

"အမယ်လေး ..."

မေမေက မခ ပခုံးကို ဆွဲကိုင်ကာ ခုတင်ပေါ်သို့ တွန်းချလိုက်သည်။

"ဟင် ... မေမေ ... ဘာဖြစ်လို့ ..."

မခ စကားတောင် မဆုံးလိုက်ရပါ။ မေမေက ဒေါသဖြင့် ဆတ်ဆတ်တုန်နေကာ ...

"ဒီအရွယ်လေးနဲ့ ဒီလောက်မိုက်ရသလား မခရဲ့ ... ဟင်၊ ငါ့သမီး ဒီလောက် မိုက်လိမ့်မယ်လို့ ငါ တစ်ခါမှ မထင်ခဲ့မိဘူး"

"မေမေ ... မခ ဘာမိုက်လို့လဲ ..."

"ဟင် ... ညည်းက ဒီလို မေးရဲသေးတယ်၊ ညည်းကြောင့် ငါ ရှက်လွန်းလို့ သေလိမ့်မယ် မခရဲ့၊ နယုန်မိုးရဲ့ စာကို ဖတ်ကတည်းက ညည်း သဲထား ကဲထားတာ အရှင်းကြီးပဲ၊ ညည်းတို့ ကျောင်းက သူငယ်ချင်းတွေကို သွား စုံစမ်းကြည့်တော့လည်း အဲဒါ အတည်ပဲ၊ ငါ့ သူငယ်ချင်းတွေရဲ့ သားသမီးတွေလည်း အဲဒီကျောင်းမှာ ရှိလို့ ငါ စုံစမ်းပြီးပြီ၊ ညည်းနဲ့ နယုန်မိုးဟာ တစ်ကျောင်းလုံးက သိကြတဲ့ ချစ်သူ





တွေတဲ့၊ အဝတ်အစား အသုံးအဆောင်က အစ ဆင်တူဝတ်ကြတယ်တဲ့ ...၊

"အေး ... ရည်းစားထားတာတော့ ထားပါတော့ ... ခွင့်လွှတ်လို့ ရပါသေးတယ်ဆိုပြီး အိမ်ပြန်လာတော့ ညည်းက မရှိတော့ဘူးလေ၊ ခိုးရာ လိုက်သွားပြီလေ"

"ဟင် ... မေမေ ... မဟုတ်ဘူး၊ မခ ခိုးရာမလိုက်ဘူး"

"ညည်း လိမ်တာတော့ ရိုးသွားပြီ မခ၊ နယုန်မိုးက မိသားဖသားပီပီ ကောင်းကောင်းမွန်မွန် ဖုန်းဆက် အကြောင်းကြားလိုက်လို့ တော်သေးတာပေါ့၊ ခဏနေကျရင် သူ့မိဘတွေလည်း ရောက်လာကြလိမ့်မယ်၊ အားလုံး လွန်ပြီးမှတော့ ပေးစားရုံပဲ ရှိတော့တာပေါ့"

"ဟင် ... မေမေ ... မဟုတ်ဘူး၊ အဲ့ဒါ လုံးဝ မဟုတ်ဘူးနော်"

မခက သွေးရူးသွေးတန်း ငြင်းနေဆဲ နယုန်မိုးက အခန်းထဲဝင်လာကာ မေမေ့ရှေ့မှာ ရိုကျိုးစွာ ခေါင်းငုံ့ရင်း ...

"အန်တီ့ကို စိတ်ပူစေမိတဲ့အတွက် ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ၊ မခကို မဆူဖို့လည်း မေတ္တာရပ်ခံပါတယ်၊ အန်တီ စိတ်ပူနေမှာစိုးလို့ ကျွန်တော်တို့ နှစ်ယောက်လုံး မန္တလေးထိ သွားမယ့် အစီအစဉ်ကို ဖျက်ပြီး ညတွင်းချင်းပဲ အကြောင်းကြားလိုက်ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"နယုန်မိုး ...၊ အရူး ရှင် တကယ်ရူးတာပဲ"

မခသည် ခုကျမှပဲ နယုန်မိုးရဲ့ ဓာတ်ကွက်ကို အလုံးစုံ နားလည်သဘောပေါက် သွားလေတော့သည်။ မခက ဒေါသဖြင့် အော်ဟစ်ရင်း အသံတွေ တိမ်ဝင်လာသည်။ ဘယ်လိုမှ ရှင်းပြလို့ မရ။ ငြင်းလို့ မရ။ မေမေက မခကိုလည်း မယုံတော့။ နယုန်မိုးကလည်း သရုပ်ဆောင်ကောင်းလျက် ရှိသည်။

မခ ရှင်းပြဖို့ ကြိုးစားဆဲမှာပင် နယုန်မိုးရဲ့ မိဘများနှင့် လူကြီးတချို့ ရောက်လာခဲ့ကာ ...

"ဩော် ... သမီးရှင်က ဒေါ်နွယ်နွယ်မြ ပါလား"

"နယုန်မိုးက ဦးအောင်ခေတ်မိုး သားလား"

"ဟုတ်ပါ့ဗျာ၊ မတွေ့တာတောင် ကြာပြီနော်၊ သားရေး သမီးရေး ကိစ္စကျမှပဲ တွေ့ဖြစ်ကြတော့တယ်၊ ကိုမင်းမေ တစ်ယောက်ကော နေကောင်းရဲ့လား"

"သူက စင်ကာပူမှာပါ ဦးအောင်ခေတ်မိုး၊ နောက် နှစ်ရက် လောက်ဆို ပြန်ရောက်လာတော့မှာပါ"

"အေးဗျာ ... ဘာပဲဖြစ်ဖြစ် မနွယ်တို့ သမီးလေးဆိုတော့ လည်း စိတ်အေးရတာပေါ့၊ သမီးက ချစ်စရာလေးပဲ"

မေမေတို့ လူကြီးတွေရဲ့ ရင်းနှီးသိကျွမ်းမှုက မခကို ပို၍ ကံဆိုးသွားစေသည်။ သူတို့ လူကြီးချင်း ပြောဆိုနေကြသည်မှာ မခတောင် ဘာမှ ဝင်ပြောခွင့် မသာတော့ချေ။





မခသည် အံတင်းတင်းကြိတ်ကာ နယုန်မိုးကို လှမ်းကြည့်တော့ နယုန်မိုးက ခေါင်းငုံ့ထားခဲ့သည်။

မခက အဲဒီနေ့မှာပင် သူ့ကို သတ်ပစ်ချင်လောက်အောင် ပြင်းထန်သော စိတ်ဖြင့် မုန်းတီး နာကြည်းသွားခဲ့ရလေသည်။

လူကြီးတွေချင်း စကားပြောနေကြဆဲမှာ မခက ခေါင်းငုံ့ထားသော သူ့အနီးသို့ တရွေ့ရွေ့ လှမ်းသွားလိုက်ပြီး အေးစက်စွာ ပြောခဲ့သည်။

"ကျွန်မ အသည်းထဲမှာတော့ ရှင့်ကို လူယုတ်မာ တစ်ယောက်လို့ သတ်မှတ်ပြီးသားပဲ နယုန်မိုး၊ အဲဒီ သတ်မှတ်ချက်ဟာ ရှင် သေတဲ့အထိ ကျွန်မ သေတဲ့အထိ ပျောက်ပျက်သွားမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

❋ ❋ ❋

နောက်တစ်ပတ် အကြာမှာပင် မခသည် နယုန်မိုးရဲ့ ောင်မိုက် ကျဉ်းမြောင်းသော ထောင်ချောက်ထဲသို့ ပြန်လမ်းမဲ့ အပြီးတိုင် ကျရောက်သွားခဲ့သည်။ သူနှင့် လက်ထပ်ခဲ့ရသော နေ့ဟာ မခအတွက်တော့ လောကငရဲထဲသို့ ဝင်ဖို့ လက်မှတ် စ်စောင်သာ ဖြစ်သည်။ မခ လက်ထပ်ချိန်တွင် မခ နံဘေး၌ အပေါ် ချစ်ခင်ပြီး နယုန်မိုးရဲ့ လုပ်ဇာတ်တွေကို သိထားသော သူငယ်ချင်းတွေလည်း မရှိခဲ့ချေ။

ပတ်ဝန်းကျင်တွင် မခနှင့် နယုန်မိုးကို သမီးရည်းစား ဖြစ် သတ်မှတ်ထားရုံမျှမက ခိုးပြေးကြသည်ဟူ၍လည်း သတင်း ား ပျံ့နှံ့ပြီးဖြစ်ရာ မခသည် နောင်ကြိုးတွေထဲမှာ မလှုပ်သာ င် မိခဲ့ရသည်။

သို့သော်... မခသည် ခုချိန်မှာတော့ နာကြည်းစိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင် သိုးကလေးဘဝမှ မြေခွေးဘဝသို့ ပြောင်းခဲ့ပြီ... မခ အနိုင်ကျင့် ခံခဲ့ရသမျှအတွက် ပြန်ပြီး အနိုင်ယူရလိမ့်မည် သူ ကောက်ချစ်တာထက် ပိုပြီး ကောက်ကျစ်ပြရလိမ့်မည်။

အသက် ၂၀ အထိ ဘဝကို ရိုးစင်း ငြိမ်းချမ်း ဖြတ်သန်းလာခဲ့သော မခ ဘဝသည် သူ့ရဲ့ ယုတ်မာမှုကြော ပူလောင်ဆူပွက်လာသည်။ မတရားသဖြင့် သိမ်းပိုက်ခံရလေခြ ဟု ယူကြုံးမရသော စိတ်သည် မခကို ကြီးမားလေးလံစွာ လွှမ်းမိုးထားလေသည်။

'မင်္ဂလာဦးည' ဟူ၍ လှပစွာ အမည်ပေးခြင်း ခံထ ရသော ညတစ်ညသည် မခအတွက်တော့ 'အမင်္ဂလာ ညတစ် သာ ဖြစ်သည်။ ကိုယ်မုန်းတီးတဲ့ ယောကျ်ားတစ်ယောက်၊ ကိုယ့် အကောက်ကြံ သိမ်းပိုက်ထားသော ယောကျ်ားတစ်ယောက်နဲ့အ ရှိရမယ့် ညဟာ ဘယ်လောက် ကျက်သရေ မဲ့လိုက်သလဲ။

အခန်းရဲ့ အပြင်အဆင်ကတော့ အလွန် ခမ်းနားလေသည်။ ဒိတ်ဒိတ်ကျဲ သူဌေးတစ်ယောက်က သူ့သား သူ့ ချွေးမ အသစ်စက်စက်ကလေးတို့ အတူနေဖို့အတွက် ခမ်း သော အိမ်တန်လုံးနှင့် တန်ဖိုးကြီးလှသော အသုံးအဆောင် ဘောဂတွေကို ရက်ရောစွာ ပေးခဲ့သည်။ သို့သော် အဲဒါတွေ မခကို ပျော်အောင် မလုပ်နိုင်ပါ။





ထိုညတွင် လရောင်ကလေးသည်း မှန်ပြတင်းတွေမှ စ်ဆင့် မခတို့ အခန်းထဲသို့ လင်းဖြာလျက် ရှိသည်။ အဲဒီ ရောင်ရဲ့ လှပမှုကိုပင် မခံစားနိုင်သော မခသည် ခုတင်ပေါ်တွင် တောင့်တောင့် ထိုင်ရင်း နယုန်မိုးကို စောင့်နေခဲ့သည်။ မကြာ အခန်းတံခါး ညင်သာစွာ ပွင့်ဟလာပြီး နယုန်မိုးက အခန်း ွင်းသို့ ဝင်ရောက်လာခဲ့သည်။

အံ့သြစရာ ... သူ့မျက်နှာဟာ နူးညံ့လျက်ရှိသည်။ ့မျက်နှာပေါ်တွင် ဒေါသနှင့် မာန်မာနတွေကို လုံးဝ မတွေ့ရ ာ့ချေ။ အေးပေါ့ ... သူက လိုချင်တာ ရပြီကိုး ...။

နယုန်မိုးက မခဆီ တန်းမလာဘဲ အခန်းထောင့် က်ဆက်ဆီသွားကာ စီဒီချပ်တွေ မွှေနှောက်ရှာနေသည်။

"နယုန်မိုး ... ရှင် ကျွန်မရှေ့ကို လာခဲ့ပါ"

သူက ခဏငြိမ်သက်နေပြီးမှ လေးဖင့်သော ခြေ မ်းများဖြင့် လှမ်းလာသည်။ သူ့ မျက်နှာထားနဲ့ သူ့ ဟန်ပန်ဟာ ားလုပ်ထားသော လူတစ်ယောက်ရဲ့ လိပ်ပြာမလုံမှုမျိုးဖြင့် ကုပ်လျက် ရှိသည်။ ဒီတစ်ချက်တည်းနဲ့တင် ရှင်ဟာ ကျွန်မ မှာ ရှုံးနိမ့်နေပါပြီ နယုန်မိုးရဲ့ ...။

"ရှင် ... ကျွန်မ မျက်နှာကို တည့်တည့်ကြည့်စမ်း နယုန်မိုး၊ ကျွန်မ မျက်လုံးတွေကို ရှင် သေသေချာချာ ကြည့်လိုက်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



သို့က မခကို တစ်ချက်သာ ကြည့်ပြီး မျက်နှာ
သွားသည်။ အဲဒီ အကြည့်တစ်ချက်တည်းမှာပင် သူ့အမှားတွေ
ဝန်ခံသွားသည်။

"ရှင် ... မကြည့်ရဲဘူး မဟုတ်လား နယုန်မိုး ... အခု
က စပြီး ရှင်ဟာ မှားနေတဲ့ သူတစ်ယောက်ရဲ့ မျက်
မျိုးတွေကိုပဲ ပိုင်ဆိုင်ခွင့် ရတော့မယ်၊ တစ်သက်လုံး အ
တွေနဲ့ပဲ နေထိုင်သွားရတော့မယ်၊ ရှင့်တစ်သက်မှာ အ
လုပ်ထားတဲ့ သူတစ်ယောက်ရဲ့ လိမ်ပြာမလုံစိတ်နဲ့ ကျွ
က ဒဏ်မခတ်ရသေးခင် ရှင့်ကိုယ်ရှင် ဒဏ်ခတ်ပြီး
ဖြစ်နေပြီ ...၊

"ရှင် နေထိုင်ကြည့်ပါ နယုန်မိုး၊ အမှား
တစ်သက်လုံး သယ်ဆောင်ထားရတဲ့ လူတစ် ယော
အသက်ရှင်နေထိုင်မှုဟာ ဘယ်လောက် မွန်းကြပ် လေ
ပင်ပန်းလိုက်မလဲဆိုတာ ရှင် တဖြည်းဖြည်း သိလာရ
မယ်၊ အဲဒီလို သိလာတာနဲ့ တစ်ပြိုင်နက်တည်းမှာ နောင်
တွေကို ရှင် လက်ခံရမယ်၊ အဲဒီ နောင်တကိုပါ ထ
သယ်ဆောင်သွားရမယ့် ဘဝဟာ ဘယ်လောက် လေး
လိုက်မလဲလို့ ...၊

"ရှင်ဟာ လူငယ်လေးတစ်ယောက်ရဲ့ စိတ် နှ





မလိုက်ဖက်တဲ့ အကွက်ဆင် လုပ်ကြံမှုမျိုးနဲ့ တစ်ဆင့်ချင်း အကွက်ချပြီး ကျွန်မ ဘဝကို သိမ်းပိုက်ဖို့ ကြိုးစားခဲ့တယ်၊ တကယ့်ကို ယုတ်မာတာပဲ ...၊

"ယောကျ်ားတစ်ယောက်ကို ချစ်ဖို့တောင် အဆင်သင့် မဖြစ်သေးတဲ့ မိန်းမပျိုလေး တစ်ယောက်ရဲ့ ရင်ထဲကို ရှင်က အမုန်းတွေ ထည့်ပေးခဲ့တယ်၊ မုန်းတတ်အောင် သင်ပေးခဲ့တယ်၊ ပြီးတော့ ... အမုန်းစိတ်တွေနဲ့ ပြည့်နေတဲ့ အဲဒီ မိန်းမပျိုလေးရဲ့ ဘဝကို မတရားသဖြင့် သိမ်းပိုက်ရယူလိုက်တယ်၊ တကယ့်ကို ရုပ်ရှင်ဇာတ်လမ်း ဆန်တယ်၊ ရုပ်ရှင်ထဲမှာ ဆိုရင်တော့ ရှင်ဟာ စက်ဆုပ်စရာ ကောင်းတဲ့ ဗီလိန်ပဲ"

မခက သူ့ကို အထင်သေးစွာ ... ရွံရှာစွာ စိုက်ကြည့်နေလိုက်မိသည်။ သူက အတန်ကြာ မျက်နှာလွှဲလျက် ငြိမ်သက်နေပြီးမှ သက်ပြင်းချလိုက်ပြီး ...

"တကယ်တော့ မင်းက စ,ပြီး မှားခဲ့တာပါ မခ ..."

"ဘာ ..."

"မင်းက ကိုယ့်ကို တစ်ဖက်သတ် ရန်ပြုခဲ့တယ်လေ၊ စကားလုံးတွေနဲ့ စော်ကားခဲ့တယ်"

"အဲဒါ ရှင်နဲ့ ထိုက်တန်တဲ့ အရာကို ကျွန်မ ပေးခဲ့တာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ရှင့်လို ပွေ့ရှုပ်ပြီး မိန်းကလေးတစ်ယောက်ကို သေစေခဲ့တဲ့ ယောကျာ်းတစ်ယောက်ကို ကျွန်မ အရမ်း အထင်သေးတယ် နယုန်မိုး"

"မင်း ပြောတာ ကိုယ် နားမလည်ဘူး ..."

"သိပ် မကြာခင်ကမှ ကား အက်ဆီးဒင့် ဖြစ်ပြီး သေဆုံးသွားတဲ့ မေမိုးကိုတော့ ရှင် သိမှာပါ၊ ရှင့်ကြောင့် ခံစားပြီး သူ ကားမောင်းပြန်သွားရင်း အက်ဆီးဒင့် ဖြစ်ခဲ့ရတာပဲ၊ ရှင့် ပယောဂကြောင့် သေခဲ့ရတာပဲ ..."

သူက ခဏ ငြိမ်သက်သွားပြန်သည်။ ပြီးမှ ခေါင်းကို လေးပင်စွာ ခါလိုက်ရင်း ...

"ဒီလောကမှာ မရှိတော့တဲ့ မိန်းကလေးတစ်ယောက်ရဲ့ သိက္ခာကိုချနင်းပြီး ကိုယ် ဘာမှ မပြောချင်တော့ဘူး မခ၊ ဒါပေမယ့် ကိုယ် အသေအချာ ပြောရဲတာက မေမိုးအပေါ်မှာ ကိုယ် ဘာမှ မကျူးလွန်ခဲ့ဘူး၊ ကိုယ့်ဘက်က ဘာမှ မမှားခဲ့ဘူး"

"ဒါဆို မေမိုးဘက်က မှားခဲ့တာပေါ့"

"ကိုယ် ဘာမှ မပြောချင်ဘူး"

"ရှင် ဘာမှမပြောလေ ရှင့်အပြစ်တွေကို ဖုံးထားနိုင်လေပေါ့၊ ဒါပေမယ့် ကျွန်မလို အားနည်းချက်ရှိတဲ့ မိန်းကလေး





တစ်ယောက်ကိုတောင် အကောက်ကြံရဲတဲ့ ရှင်လို လူတစ်ယောက်က မေမိုးအပေါ် ဘာမှ မကျူးလွန်ခဲ့ပါဘူးဆိုတာကိုတော့ ကျွန်မ မယုံဘူး နယုန်မိုး ...၊

"ကျွန်မ ရှင့်ကို အရမ်းမုန်းတယ် သိလား၊ ရှင့်ကို မုန်းတယ်ဆိုတဲ့ စကားလုံးကို မပြောဘဲ ကျွန်မ မအိပ်စက်ဘူး၊ အိပ်စက်ခဲ့ရင်လည်း ရှင့်ကို မုန်းတဲ့ အမုန်းစိတ်နဲ့ပဲ အိပ်စက်သွားမယ်၊ အိပ်မက်ထဲမှာတောင် ရှင့်ကို ဆက်မုန်းနေချင်တယ်၊ ရှင့်ကို သတ်ပစ်ချင်လောက်အောင် မုန်းလွန်းလို့ လူသတ်ရဲတဲ့ သတ္တိမျိုးကို လိုချင်လာတယ်"

"မင်း ... ငါ့ကို မုန်းရတာ အရမ်းပင်ပန်းမှာပေါ့"

"ရှင့်ကို မုန်းတဲ့ အမုန်းစိတ်ကြောင့် ကျွန်မ တစ်ကိုယ်လုံးကို လောင်မြိုက်သွားစေမယ် ဆိုရင်တောင် ကျွန်မ မုန်းနေမှာပဲ နယုန်မိုး"

မခသည် ဘယ်သူ့ကိုမှ ဘယ်တုန်းကမှ မကြည့်ခဲ့ဖူးသော ရန်လိုသည့် အကြည့်မျိုးဖြင့် နယုန်မိုးကို စိုက်ကြည့်နေခဲ့မိသည်။

"ရှင့် ရင်ဘတ်ကို ဖွင့်လိုက်စမ်းပါ ..."

မခက အေးစက်စွာ ပြောလိုက်သည်။ သူက မခကို ဆွေဝေစွာ ကြည့်ရင်း ရှပ်အင်္ကျီကြယ်သီး တချို့ကို ဖြုတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ..."

"အား ..."

မခသည် ပွင့်သွားသော သူ့ရဲ့ ဘယ်ဘက်ရင်အုံကို လက်သည်းဖြင့် စိတ်လိုက်မာန်ပါ ဆွဲခြစ်လိုက်မိလေသည်။ သူက နာကျင်စွာ ညည်းညူလိုက်သော်လည်း ရှောင်ဖယ်ခြင်း မပြုဘဲ တောင့်ခံနေသည်။

"ဖြစ်နိုင်ရင် ရှင့်ရဲ့ ရက်စက် ကောက်ကျစ်တဲ့ နှလုံးသား တစ်စုံလုံးကို ဆွဲကုပ် လွှတ်ပစ်လိုက်ချင်တယ်"

မခသည် အားရအောင် ကုပ်ခြစ်ရင်း နာကြည်းစွာ ရေရွတ်လျက် ရှိသည်။ သူ့ ရင်ဘတ်တစ်ပြင်လုံး နီရဲကာ သွေးတွေ စို့လာသော်လည်း သူက ထိုနေရာမှာပင် မတ်တတ်ရပ်နေခဲ့သည်။

မခကတော့ ဒေါသဖြင့် တုန်ရင်နေကာ ဝုန်းခနဲ ထရပ်လိုက်ပြီး အခန်းထောင့်က ပန်းအိုးကို ရိုက်ခွဲလိုက်သည်။ ပြီးတော့ သပ်ရပ်စွာ နေရာတကျ ရှိနေသော ပစ္စည်းတွေကို ရှုပ်ဖွပြီး တစ်ခုပြီးတစ်ခု လွှင့်ပစ်ရင်း သွေးရူးသွေးတမ်း ပြောလျက် ရှိသည်။

"ရယ်ရတယ် .., ဒီညက မင်္ဂလာဦးညတဲ့၊ ဒါ ဘယ်သူပေးခဲ့တဲ့ နာမည်လဲဟင်၊ ဒီ မင်္ဂလာဦးညကို မင်္ဂလာ မရှိအောင် ကျွန်မလုပ်ပြမယ် ... ကြည့်နေ ..."





မခသည် တွေ့သမျှ ပစ္စည်းတွေကို နံရံဆီ ပစ်ပေါက်ခွဲလျက်ရှိသည်။ တစ်ခန်းလုံး ဝုန်းဒိုင်းကျဲ ဆူညံနေသည်။ ဒေါသဖြင့် မခတစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ ချွေးတွေ မျက်ရည်တွေ စိုရွှဲလျက် ရှိသည်။

မခသည် အိပ်ရာခေါင်းရင်း စားပွဲပေါ် တင်ထားသည့် စုံတွဲ အလှပုံ Photo stand ကို ဖျတ်ခနဲ ဆွဲယူ ပစ်ပေါက်ဖို့ လွှဲ မြှောက်လိုက်စဉ် နယုန်မိုးက မခလက်ကို အမိအရ လှမ်းဆွဲလိုက်သည်။

"ဒါတော့ မလုပ်ပါနဲ့ မခ၊ လွှတ်လိုက်ပါ ... ကိုယ့်ကို ပေးပါ"

သူက မခ လက်ထဲက ပစ္စည်းကို မရမက လုယူလိုက်သည်။ မခက သူ့ကို အံ့ဩစွာ စိုက်ကြည့်လိုက်ပြီးမှ မခိုးမခန့် ရယ်လိုက်ရင်း ...

"ရှင့် ထိန်းသိမ်း စောင့်ရှောက်မှုအောက်မှာ အဲဒီဓာတ်ပုံကသာ ငြိမ်ငြိမ်လေး နေမှာပေါ့ နယုန်မိုးရဲ့ ..."

သူက ဘာမှ မပြောဘဲ ဓာတ်ပုံကို သွားသိမ်းလိုက်သည်။ ပြီးတော့ မခကို စိုက်ကြည့်ရင်း ...

"မင်းကို မရ,ရအောင် ယူမိတာဟာ ကိုယ့်အမှားဆိုရင် လူတစ်ယောက်ရဲ့ အကြောင်းကို သေသေချာချာ မသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရမ်းပြီး မုန်းခဲ့တာက မင်းအမှားပဲ၊ ကိုယ်မှားခဲ့သလို မင်းလည်း မှားခဲ့ပါတယ် မခရယ် ...”

သူက ခပ်အေးအေးပြောပြီး အခန်းထဲက ထွက်သွားသည်။ ချွေးတွေ ရွှဲနစ်နေသော မခကတော့ ကျိုးပဲ့ ကြေမွနေသော ပစ္စည်းပုံကြီးအလယ်မှာ ထိုင်၍ ငိုရှိုက်ရင်း တုန်ရင်နေသည်။

သူ စောစောတုန်းဆီက ဖွင့်ထားသော Love me Tender သီချင်းသံသည် အခန်းထဲမှာ ခပ်တိုးတိုး ပျံ့လွင့်လျက်ရှိသည်။ လရိပ် ထိုးကျနေသော ခန်းဆီးသည် လေတိုးသဖြင့် တဖျတ်ဖျတ် လှုပ်ခတ်နေသည်။

မခသည် တစ်ယောက်တည်း ဆက် ထိုင်နေရင်း အားကိုးမဲ့စွာ ချောက်ချားလာသည်။ ခဏကြာတော့ မခရဲ့ ပခုံး တစ်ဖက်ဆီသို့ လက်တစ်ဖက်က ခပ်ဖွဖွ လာရောက် ဆုပ်ကိုင်လိုက်သည်။

“အမလေး ...”

မခ လန့်ဖျပ် အော်လိုက်မိတော့ နယုန်မိုးက မခကို နှစ်သိမ့် ချော့မော့သယောင် ပခုံးကို ခပ်ဖွဖွ ပုတ်လိုက်ရင်း ...

“မင်း မောနေပြီ မခ၊ နွားနို့ပူပူလေး သောက်ပြီး အိပ်လိုက်ပါ”

ဟု ခပ်တိုးတိုး ပြောလိုက်သည်။





“ကျွန်မ ရှင်နဲ့အတူ မအိပ်နိုင်ဘူး၊ ရှင် အခု ထွက်သွားပါ”

“ကောင်းပါပြီ ...”

မခက အော်လိုက်တော့ သူက မခရှေ့မှ လှည့်ထွက်လိုက်သည်။

“ရှင် ခဏနေဦး ...”

သူ့ခြေလှမ်းတွေ ရပ်သွားကာ မခကို လှည့်ကြည့်သည်။ မခက သူ့မျက်နှာကို စက်ဆုပ်စွာ စိုက်ကြည့်ရင်း ...

“ရှင့်ကို ကျွန်မ အရမ်းမုန်းတယ် သိလား”

ဟု တစ်လုံးချင်း ပြောလိုက်သည်။ သူက ခဏ ငြိမ်သက်သွားပြီးမှ ...

“ကိုယ် သိပါတယ်”

ဟု ပြောကာ အခန်းထဲမှ ညင်သာစွာ ထွက်ခွာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

ညက မောပန်းစွာ နွမ်းလျစွာ အိပ်ပျော်သွားခဲ့သော မခသည် မှန်ပြတင်းမှ နေရောင်ခြည်တချို့ မျက်နှာပေါ် ထိုးကျလာတော့မှ အိပ်ရာနိုးလာခဲ့ရသည်။

အသိဝင် လာလာချင်း မခ စတင်ခံစားရသည်မှာ ဝမ်းနည်းမှု ဖြစ်သည်။ ဒီအိမ်ဟာ မခ မိဘများနှင့်အတူ နွေးထွေးစွာ ကြီးပြင်းလာခဲ့ရသော အိမ်မဟုတ်။ ဒီအိမ်မှာ မခအပေါ် အေးမြ ငြိမ်းချမ်းစွာ ချင်ခင်ကြင်နာမည့်သူလည်း တစ်ဦးတစ်ယောက်မျှ မရှိချေ။ ထိုအတွေးက မခကို အားပြတ် နုံးခွေစေကာ မျက်ရည်များ ဝဲလာစေသည်။ ခဏကြာတော့ မခရဲ့ မျက်ဝန်းအိမ် ထောင့်စွန်းကလေးဆီမှ မျက်ရည်ဥတစ်ချို့ စီးကျလာကာ ခေါင်းအုံးကို စိုစွတ်သွားစေသည်။

ခုချိန်ထိ ကလေးတစ်ယောက်ပမာ ချွဲနွဲ့တတ်သော



www.burmeseclassic.com

www.burmeseclassic.com



မခသည် မေမေ့အိမ်မှာဆိုလျှင် အိပ်ရာ နိုးသော်လည်း အနားက အရုပ်ဖက်လုံးကြီး ဖက်ကာ မှိန်နှင့် နှပ်နေလိုက်သေးသည်။ မေမေက တံခါးခေါက်ကာ နိုးတော့မှ ခုမှ နိုးသယောင် ဟန်ဆောင်ကာ ပျင်းကျောဆန့် သမ်းဝေပြကာ အရုပ်ပုံ ဖိနပ်လေးကို ရှပ်တိုက်စီးရင်း မေမေ့ဆီ လျှောက်သွားသည်။ မျက်နှာမသစ်ရသေးဘဲ မေမေကို Morning Kiss ပေးတော့ မေမေက စိတ်ဆိုးချင်ယောင်ဆောင်ပြီး အော်မည်။ အဲဒီတော့ မခက တဟိဟိရယ်ရင်း မျက်နှာသစ်ဖို့ အပြေးသွားရသည်။ ဘယ်လောက် ပျော်စရာ ကောင်းသနည်း။

ခုတော့ ... မခရဲ့ မနက်ခင်းဟာ ချောက်ချားစရာ ကောင်းနေသည်။ ညက မခ ပေါက်ခွဲ ဖျက်ဆီးထားသော ပစ္စည်း အစအနတွေသည် အခန်းထဲမှာ မြင်မကောင်းအောင် ပြန့်ကျဲ ရှုပ်ပွနေခဲ့သည်။ တစ်အိမ်လုံးလည်း တိတ်ဆိတ်နေကာ ဘာသံမှ မကြားရချေ။

မခက နယုန်မိုးကို သတိရမိတော့ 'ဒေါသ'က ထပ်မံ ခံစားရသည်။ အဲဒီနောက် ဆာလောင်မှုကိုပါ ခံစားရသည်။ ညက နွားနို့ခွက်ကို သွန်ပစ်ခဲ့ပြီး ဘာမှမစားဘဲ အိပ်ခဲ့တာ ဒီမနက် အိပ်ရာနိုးချိန်မှာ ဗိုက်ထဲက တကြုတ်ကြုတ် ဆာလောင်လှပြီ။

အိမ်မှာတုန်းကလို မေမေ အသင့်ပြင်ဆင်ထား





မခ အကြိုက် ပေါင့်မုန့်မီးကင်နှင့် ကော်ဖီပူပူလေးကို မခ လွမ်းမိသေးသည်။ ဒီအချိန်မှာ အိမ်ထောင်ကျရလိမ့်မည်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့သဖြင့် အိမ်ရှင်မ တစ်ယောက်ရဲ့ တာဝန်ဆိုတာကို နားမလည်သော မခသည် 'မခ ဗိုက်ဆာပြီ မေမေ၊ ဘာ စားရမလဲ ဟင်'ဟု တမ်းတမ်းတတ ညည်းညူရင်း အိပ်ရာပေါ်မှ ဆင်းလိုက်သည်။ အကွဲအစတွေကို ကျော်လွှားနင်းကာ ရေချိုးခန်းဘက်သို့ လျှောက်သွားပြီး မျက်နှာသစ်လိုက်သည်။ ပြီးတော့ အခန်းအပြင်သို့ ထွက်လာခဲ့သည်။ ကိုယ့်အာသာ ဘယ်လို ချက်ပြုတ် စားသောက်ရမလဲ ဆိုတာကိုပင် မသိနားမလည်သော မခကို မေမေက ဒီလိုပဲ စမ်းပြီးချက်ရင်း တတ်သွားမှာပေါ့ဟု ပြောလိုက်သည်။ သို့သော် မခ ဘာမှ လုပ်ချင်စိတ် မရှိချေ။

စိတ်မဝင်စားသဖြင့် သေသေချာချာ မကြည့်ခဲ့သော အိမ်ရဲ့ အပြင်အဆင်ကို မခ ဒီမနက်ကျမှ သေချာ မြင်တွေ့ရသည်။ အိမ်ကလေးက ဥရောပပုံစံ ဆောက်ထားသော တစ်ထပ်ခွဲ အိမ်ကလေး ဖြစ်သည်။ အပေါ်ထပ်က တစ်ဝက်ပဲရှိကာ လှေကားက အတန်ငယ် မြင့်မတ်သည်။ အိမ်ရဲ့ ထောင့်တွေတိုင်းမှာ အလွန်ကြီးမားသော ကြွေပန်းအိုးကြီးတွေ ချထားသည်။ စဉ့်သုတ်အိုးနှင့် ထည့်ထားသော ဂမုန်းစိမ်းစိမ်းတွေလည်း တွေ့ရသည်။ ထမင်းစားခန်း စားပွဲပေါ်မှာ တရုတ်စကား ဘွန်ဇိုင်းပင်ကလေး တစ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



တင်ထားသည်။ အိမ်ရှေ့ ဝရန်တာမှာတော့ သစ်ခွပင်တွေ လှပစွာ ချိပ်ဆွဲထားတာမို့ အိမ်ဟာ အိမ်နဲ့တောင် သိပ်မတူ ဘဲ ပန်းဥယျာဉ် ဆန်နေသည်။ ပုံမှန် အခြေအနေဆိုရင်တော့ အလွန် နှစ်သက်မည့် အိမ်မျိုး ဖြစ်သည်။ သို့သော် 'နယုန်မိုး အတူ' ဟူသော အသိက ထိုနှစ်သက်စိတ်တွေကို ဆွဲဆုတ် ပစ်လိုက်သည်။

မခသည် ဧည့်ခန်းကိုဖြတ်ကာ ထမင်းစားခန်းတွင်း သို့ ဝင်လာခဲ့သည်။ အခန်းဝ၌ ရပ်မိစဉ်မှာပင် ပေါင်မုန့်မီးကင် ကို ရသဖြင့် အံ့သြသွားသည်။

မခ မြင်ရသည်မှာ မနက်စာအတွက် အဆင်သင့် ပြင်ဆင်ထားသော မခအကြိုက် စားစရာများ ဖြစ်သည်။ ပေါင်မုန့် မီးကင်နံ့က မွှေးနေပြီး ထောပတ်၊ ဂျင် … စသည်တို့နှင့် ခက်ရင်းတို့ကို စနစ်တကျ ပြင်ဆင်ထားသည်။ ကော်ဖီက လည်း အဆင်သင့်ရှိနေသည်။ ပြီးတော့ ကြက်ဥချောင်းကြော် များနှင့် ထမင်းကြော် တစ်ပန်းကန်၊ ပန်းသီး တချို့ကိုပါ ရသည်။ မခက အံ့သြစွာ လှမ်းကြည့်နေမိဆဲ မခ နောက်နား နယုန်မိုးရဲ့ အသံကို ကြားလိုက်ရသည်။

"မင်း ဘာကြိုက်တတ်လဲလို့ မင်းအမေကို လှမ်းမေး ကိုယ် ပြင်ဆင်ထားတာ၊ မင်းက တစ်ခါတစ်လေ ထမင်းကြော်လည်း စားတတ်တယ်ဆိုလို့ ဘာစားချင်စား ချင် အဆင်ပြေအောင် လုပ်ပေးထားတယ်"

မခသည် စားချင်စိတ်ဖြင့် သွားရည်ယိုချင်လာသော် လည်း နှုတ်ခမ်းကို မဲ့ပစ်မိကာ …

"ဒီလို လုပ်ပေးလိုက်ရင် ရှင့်အပြစ်တွေ ကြေပျက်သွားလိမ့် မယ်လို့ ထင်လို့လား၊ ရှင့်စိတ်မှာ guilty (အပြစ်ရှိစိတ်) ဖြစ်နေမှာစိုးလို့ ကျွန်မအပေါ် အတတ်နိုင်ဆုံး ပြန်ပေးဆပ် မယ်လို့ စိတ်ကူးထားတာလား၊ စိတ်ချ၊ ရှင့် အပြစ်တွေ ဘယ်တော့မှ မကြေပျက်စေရဘူး၊ ရှင် အမြဲတမ်း ကျွန်မ အပေါ် အကြွေးတင်နေစေရမယ်၊ ရှင့်စိတ်တွေ ဘယ်တော့ မှ သက်သောင့်သက်သာ ဖြစ်မနေစေရဘူး"

မခက ကော်ဖီကရားကို လှမ်းယူလိုက်ပြီး ဗေစင် ဆီသို့ စိမ်ပြေနပြေ သွားသွန်လိုက်သည်။ ပြီးတော့ ပေါင်မုန့်မီး ကင်၊ ထမင်းကြော်နှင့် ကြက်ဥချောင်းကျော်တို့ကိုပါ အမှိုက်ပုံးထဲ သို့ သွားသွန်ပစ်လိုက်သည်။

သူက ဘာမှ မပြောဘဲ မခကို စိုက်ကြည့်လိုက်ပြီးမှ ထမင်းစားခန်းထဲမှ ထွက်သွားသည်။ သူ အောင့်သည်းအောင့်သက် စားရမှာပေါ့။ ဒေါသလည်း ထွက်သွားနိုင်သည်။ မခကြောင့် သူ့မှာ နာကျင်ခံစားရလျှင် မခ ကျေနပ်သည်။ သူ့ကြောင့် မခ ခံစားရတာက ဒါမျှ မကချေ။




ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



မခသည် ရေခဲသေတ္တာထဲမှ ပန်းသီးတစ်လုံးကို ထုတ်ယူကာ ကိုက်စားလိုက်ရင်း အိပ်ခန်းဘက်သို့ ပြန်လျှောက်လာခဲ့သည်။ အိခန်းရှေ့ ရောက်တော့ အခန်းတံခါးက ခပ်ဟဟ ပွင့်နေသည်ကို တွေ့ရသည်။ မခ ချောင်းကြည့်လိုက်တော့ ညာ မှခ သောင်းကျန်းသဖြင့် ရှုပ်ပွနေသော ပစ္စည်းတွေကို ကောက်ယူ သိမ်းဆည်းနေသော နယုန်မိုးကို တွေ့ရလေသည်။

မခသည် ဒေါသစိတ်ဖြင့် အခန်းတွင်းသို့ လှမ်းဝင်

သွားရင်း ...

"ဟာ ... မခ ... ရပ် ... ရပ် ... ဒီနား မလာနဲ့လေ"

"အ ..."

လွင့်စဉ်ကျနေသော ဖန်ကွဲစ တစ်ခုကို နင်းမိသွားတာမို့ မခ နာကျင်စွာ ညည်းညူရင်း ထိုင်ချလိုက်သည်။ သူက မခ ရှေ့သို့ လျင်မြန်စွာ ရောက်လာကာ မခ ခြေထောက်ကို ဆွဲ ယူလိုက်ပြီး စူးနေသော ဖန်ကွဲစကို ဆွဲနှုတ်ပေးလိုက်သည်။

"ရှင် ... ဖယ်စမ်းပါ၊ ကျွန်မအသားကို မထိစမ်းနဲ့ ..."

မခက ခြေထောက်ကို ရုပ်ဖယ်လိုက်သော်လည်း သူက လွှတ်မပေးဘဲ မခ ခြေထောက်က စို့နေသော သွေးတော ကို သုတ်ပေးလိုက်လေသည်။

မခသည် ခဏတော့ မင်သက် အငိုက်မိသွား





အံ့လည်း အံ့သြသွားရလေသည်။ သူဟာ ဘာကြောင့် ဒီလောက် ပြောင်းလဲသွားရပါလိမ့်။ ဂျစ်ကန်ကန် မြောက်ကြွကြွနှင့် သူ့ ကိုယ်သူလည်း အလွန် အထင်ကြီးပုံရသော နယုန်မိုးသည် ခုချိန် မှာတော့ ဘာ ရည်ရွယ်ချက်ကြောင့်မှန်း မသိဘဲ ပြောင်းလဲသွား သည်။ သူ့ စရိုက်ကို ပြောင်းပြန် လှန်ပစ်လိုက်သလိုပင်။

အို ... ဒါဟာ သူ့ရဲ့ အချိုသတ်မယ့် မာယာတွေပဲ ဖြစ်မှာပေါ့။ မခကို အမှန်တကယ် သိမ်းပိုက်ရရှိဖို့ သူ့ရဲ့ နောက် တစ်ဆင့် မာယာ တစ်မျိုးပဲပေါ့။

"ရှင် ဒီလိုလုပ်ပေးလို့လည်း ရှင့်အပေါ် သာယာမယ် မထင် နဲ့၊ ခွင့်လွှတ်ဖို့လည်း မမျှော်လင့်နဲ့ နယုန်မိုး၊ ရှင့်ရဲ့ မာ ယာတွေက သိပ်ကို ရိုးသွားပြီ"

သူက ဘာမှမပြောချေ။ ဆေးသေတ္တာကို သွားယူ လာကာ အရက်ပျံ၊ ဂွမ်းနှင့် ဆေးပုလင်းတို့ကို မခ အနားမှာ ချပေးလိုက်ရင်း ...

"ငါ့အသားနဲ့ ထိရမှာ မသတီရင် မင်းဘာသာ ဆေးထည့် လိုက်ပါ"

ဟု ပြောလိုက်သည်။ ပြီးတော့ ရှုပ်ပွနေသမျှတွေကို ဆက်လက် သိမ်းဆည်းလေသည်။ မခသည် ဖြန်းခနဲ ထရပ်ကာ သူ့ ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဒီလို တုံဏှိဘာဝေ မနေစမ်းပါနဲ့ နယုန်မိုး၊ ရှင် ကျွန်မနဲ့ ထိပ်တိုက် မတွေ့ရဲဘူးလား၊ ရှောင်မထွက်စမ်းပါနဲ့၊ ကျွန်မရဲ့ စကားတွေ အပြုအမူတွေအတွက် ရှင် နာကျင်ခံစားရမယ်၊ တုန်လှုပ်ရမယ်၊ ရှင့်ကို ကျွန်မ အနိုင်ယူမယ်၊ ရှင့်အပေါ် အမျိုးမျိုး ဒုက္ခပေးတိုင်း ရှင် ဆောက်တည်ရာမရဖြစ်ရမယ်၊ ရှင် ဒေါသထွက်တာကိုလည်း ကျွန်မက တစိမ့်စိမ့် အရသာခံပြီး ထိုင်ကြည့်နေချင်သေးတယ်"

"ကိုယ်ကတော့ မင်းကို လက်ထပ်ပြီး မင်းနဲ့ တစ်သက်လုံး အတူနေဖို့ ဒီအိမ်ကို ရောက်လာကတည်းက စိတ်အေးသွားပြီလေ၊ မင်း ဘာပြောပြော မှုမှာ မဟုတ်တော့ဘူး မင်းဟာ ကိုယ့်ဇနီး၊ ကိုယ်က မင်း ခင်ပွန်း၊ ဒီတစ်ချက်ကို ဘာအကြောင်းနဲ့မှ ပြောင်းလဲပစ်မှာ မဟုတ်ဘူး"

ခါးလိုက်တာ ...။ မခက နှုတ်ခမ်းကို ဖိကိုက်ကာ ခေါင်းကို ခါပစ်လိုက်တော့ မျက်ရည်တစ်စက် လွင့်ထွက်သွားသည်။ ဇနီးတဲ့ ...။ မခဟာ ရည်းစားတစ်ယောက်မှ မထားဖူး ဘယ်ယောကျ်ားနဲ့မှလည်း ရင်းနှီးကျွမ်းဝင်ခြင်းလည်း မရှိခဲ့ဘဲ သူလို လူရုပ်တစ်ယောက်ရဲ့ 'ဇနီး' အမည်ခံလိုက်ရလေပြီ။

အပျိုကလေးရယ်လို့ ဖြစ်လာကတည်းက အချစ်ဝတ္ထုတွေ ဖတ်ရင်း ရုပ်ရှင်တွေကြည့်ရင်း အချစ်ဆိုတာ ဘာပါလိမ့်





ဟု စူးစမ်းချင်စိတ်မျိုးဖြင့် 'တစ်နေ့မှာ အချစ်ကိုတွေ့ရင် ...'ဟု စိတ်ကူး ယဉ်ခဲ့သမျှဟာလည်း အလကား ဖြစ်ခဲ့သည်။ မခသည် သူ့ကို ရန်သူတစ်ယောက်လို စိုက်ကြည့်မိရင်း ...

"ကျွန်မလေ ခဏခဏ စိတ်ကူးယဉ် ကြည့်ခဲ့မိဖူးတယ်၊ တစ်နေ့မှာ အချစ်ကို တွေ့ရင်လို့ပေါ့၊ အချစ်ဆိုတဲ့ အရာကို ကျွန်မ ခံစားကြည့်ချင်ခဲ့တယ်၊ ယောကျ်ားတစ်ယောက်ရဲ့ နူးညံ့ပြီး ကဗျာဆန်တဲ့ အချစ်မျိုးကို ခံယူကြည့်ချင်တယ်၊ ကျွန်မကလည်း တနင့်နင့် ခံစားပြီး သိမ်သိမ်မွေ့မွေ့လေး ပြန်ချစ်မိချင်တယ်၊ အချစ်ကြောင့် ရလာမယ့် သာယာပျော်ရွှင်မှုတွေကို ကျွန်မ ခံစားမယ်၊ ပြီးရင် ပျော်ရွှင်စွာ လက်ထပ်ကြမယ်၊ ကျွန်မတို့ရဲ့ မင်္ဂလာဆောင်မှာ ဘယ်လို အရောင်၊ ဘယ်လို ဝတ်စုံမျိုးလေး ဝတ်မယ်၊ ကျွန်မတို့ အတူနေကြမယ့် အိမ်ကလေးကို ဘယ်လို မွမ်းမံအလှဆင်ပြီး အနာဂတ် အတွက် ဘယ်လို Plan တွေ ချမယ်လို့ပေါ့ ...၊

"ဒါပေမယ့် အဲဒီစိတ်ကူးတွေ အားလုံးဟာ ရှင့်ကြောင့် ပျက်စီးသွားတယ်၊ ရှင့်ကြောင့် အချစ်ကို မခံစားရသေးခင် အမုန်းကို ခံစားလိုက်ရတယ်၊ ယောကျ်ားတစ်ယောက်ကို မချစ်ရသေးဘဲ ရှင့်ရဲ့ ဇနီးအဖြစ် သိမ်းပိုက်



www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရတယ်၊ ရှင့်ကို စက္ကန့်မလပ် နာကြည်းမုန်းတီးနေရတယ်၊ တကယ့် လောက ငရဲပဲ၊ ထပ်ထပ်ပြီး ပြောချင်သေးတယ်၊ ရှင့်ကို ကျွန်မ သိပ်မုန်းတာပဲ၊ ဖြစ်နိုင်ရင် ရှင့်ကို သတ်ပစ်လိုက်ချင်တယ်"

နာကြည်းစွာ ညည်းတွားသလို ရေရွတ် ပြောဆိုနေသော မခရဲ့ မျက်လုံးတွေက နံရံဆီကိုသာ ခပ်ကြောင်ကြောင်ငေးစိုက် ကြည့်နေလေသည်။

❀ ❀ ❀



❀ ❀ ❀

မခသည် အခန်းကို သော့ပိတ်ကာ တစ်ယောက်တည်း အခန်းအောင်းနေသော်လည်း စိတ်ထဲမှာ မလုံခြုံပေ။ နှစ်ယောက်အိပ် ခုတင်ကပင် မခကို ခါးသည်း စက်ဆုပ်စေသည်။ ဖြူစင်မှုမရှိသော နေရာမှာ နေရသည်ဟုပင် စိတ္တဇဆန်ဆန် အယူသည်းချင်သည်။ ချစ်စဖွယ် အမွေးပွရုပ်ကလေးတွေ ပြည့်နှက်နေသော မခရဲ့ အပျိုခန်းလေးကို လွမ်းဆွတ်မိသည်။ အဲဒီလို အခန်းလေးမှာ နေခဲ့ရစဉ်က စိတ်နှလုံး ပျော်မွေ့မှုမျိုးကို ခုချိန်မှာ ပြန်မရတော့။ မခ မုန်းသော ယောကျ်ားတစ်ယောက်နှင့် တစ်မိုးအောက်မှာ နေ, နေရသည်။ တစ်နေ့နေ့မှာ သူက မခကို အမှန်တကယ် သိမ်းပိုက်တော့မည်ဟူသော အသိကပင် မခကို စိတ်နှလုံးညစ်ညူး နောက်ကျိစေသည်။

မခသည် သူ့ကို တစ်ခုခု ဒုက္ခပေးလိုက်ရမှသာ



www.burmeseclassic.com

www.burmeseclassic.com



နေသာထိုင်သာ ရှိသည်။ သူ ဘာကို နှစ်သက် မြတ်နိုးသလဲဟု တိတ်တဆိတ် အကဲခတ်နေကာ ထိုအရာကို ဖျက်ဆီးပစ်ဖို့ အဆင်သင့် ဖြစ်နေသည်။

သူက သစ်ပင် ပန်းပင်များကိုတော့ အလွန် ချစ်တတ်သူ ဖြစ်သည်။ အားလျှင် စပရေးဘူးလေးဖြင့် သစ်ခွပင်တွေ ပန်းအိုးတွေကို ဖြန်းကာ ပြုစုယုယ အရိပ်ကြည့်နေတတ်သည်။ သူ အနှစ်သက်ဆုံးက အိမ်ရှေ့ ဝရန်တာလေးမှာ ချိတ်ဆွဲထားသော သစ်ခွပင်များ ဖြစ်ကြောင်း သေချာသော နေ့မှာပင် မခက ထို သစ်ခွပင်များကို ဖြုတ်ယူကာ ခြေမွ ဖျက်ဆီးပြီး လွှင့်ပစ်လိုက်လေသည်။

စပရေးဘူးလေးကိုင်ကာ ဝရန်တာသို့ ထွက်လာသော နယုန်မိုးက အံ့အားသင့်နေကာ ...

"ဒီက သစ်ခွပင်တွေ ဘယ်ရောက်သွားပြီလဲ"

ဟု မေးလိုက်သည်။ မခက မခိုးမခန့် ပခုံးတွန့်လိုက်ရင်း ...

"လွှင့်ပစ်လိုက်ပြီလေ"

"ဘာ ..."

"ဟုတ်တယ် ... လွှင့်ပစ်လိုက်တာမှ ခြေမွပြီးတော့ကို လွှင့်ပစ်လိုက်တာ"





"မင်းကွာ ..."

"သိပ် မခံချိမခံသာ ဖြစ်သွားမှာပေါ့နော်၊ သစ်ခွပင်ကို ခြေမွခံရတာတောင် ဒီလောက်ဖြစ်နေရင် ဘဝတစ်ခုလုံးကို ခြေမွခံရရင် ဘယ်လောက်ဆိုးမလဲ စဉ်းစားကြည့်ပေါ့"

မခက ခနဲ့တဲ့တဲ့ပြောပြီး ခြံထဲသို့ ဆင်းလာသည်။ မခသည် သူ့နဲ့ လက်ထပ်သော နေ့မှစကာ ပြောင်းလဲသွားခဲ့သည်။ ရန်လိုခြင်း၊ ခနဲ့ခနဲ့ ပမာမခန့် လုပ်ခြင်း၊ အပြစ်ရှာရန်စခြင်းဆိုသည်မှာ မခနှင့် မရင်းနှီးဘူးသော အရာတွေချည်း ဖြစ်သည်။ ခုတော့ မခက ဒါတွေကို အလိုလို တတ်မြောက်လာကာ သူ့ကို အချိန်မရွေး တိုက်ခိုက်ဖို့ အသင့်ဖြစ်နေသည်။

သူကတော့ နေ့စဉ်နေ့တိုင်း မခ စားဖို့ ထမင်းဟင်း ချက်ခြင်း၊ တံမြက်စည်းလှဲခြင်း၊ ရှင်းလင်းသန့်စင်ခြင်း၊ အဝတ်လျှော်စက်ဖြင့် အဝတ်လျှော်ခြင်း စသည်တို့ကို ပုံမှန် လုပ်ဆောင်လျက် ရှိပြီး မခကလည်း သူ ချက်သမျှကို သွန်ပစ်ခြင်း၊ သူ ရှင်းထားသမျှကို တတ်နိုင်သလောက် ရှုပ်ပွခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။

မခက ခြံထဲမှာ ဟိုဟိုဒီဒီ လျှောက်ကြည့်နေရင်း ခြံဝန်းထဲမှာလည်း မြက်ခင်းများ၊ သစ်ပင် ပန်းပင်များဖြင့် လှပ အဆင့်မြင့်စွာ ပြုစု ပျိုးထောင်ထားတာကို တွေ့ရသည်။ မခတို့



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ အိမ်ဖော်တော့ မရှိဘဲ ခြံစောင့် ဦးလေးကြီး တစ်ယောက်သာ ရှိသည်။ ထိုဦးလေးကြီးက မြက်ရိတ်ခြင်း၊ သစ်ပင် ပန်းပင်များကို ညှိ၍ ပုံဖော်ညှပ်ပေးခြင်း၊ ရေလောင်း ပေါင်းနုတ်ခြင်းတွေကို ပုံမှန် လုပ်ကိုင်သည်။

မခက အိမ်နံရံမှာ အလှဆင်ထားသည့် နွယ်ပင်တွေကို လှမ်းမျှော်ကြည့်ရင်းက ထိုအပင်တွေကို ဆွဲချနေလိုက်သည်။ အဲ့ဒီ နံရံစိမ်းစိမ်းကို သူ သဘောကျတာ မခ သိသည်လေ။ သူက ထိုနွယ်ပင်များရှေ့မှာ ဓာတ်ပုံရိုက်ထားကာ ထိုပုံကို ပုံကြီးချဲ့ထားပြီး အခန်းနံရံမှာပင် ချိတ်ထားလိုက်သေးသည်။

မခက စိတ်ရှိလက်ရှိ ဆွဲချနေဆဲ မာလီကြီးက မခ ဆီသို့ ပြေးလာကာ ...

"ကလေးမ ... ကလေးမ၊ မလုပ်ပါနဲ့ ... မလုပ်ပါနဲ့၊ ယုန်ကလေးအပင်တွေ၊ ယုန်ကလေး သိပ်ကြိုက်တဲ့ အပင်တွေ"

ဟု အသံကုန် အော်ဟစ်လိုက်သည်။ မခက ဦးလေးကြီး အသံကို နားမခံသာတာမို့ ဆက်မဆွဲဘဲ ရပ်ပစ်လိုက်သည်။ ဦးလေးကြီးက အပင်ပြတ်တွေကို လိုက်ကောက်ရှင်းလင်းရင်း ...

"ယုန်ကလေးက အပင်တွေကို သိပ်ချစ်တာ ..."

ယုန်တဲ့လား ...။ မဟုတ်ပါဘူး ... မြွေခွေးပါ။

"ဒီအိမ်ကလေးကို သူ့အတွက် သူ့ အဖေက မွေးနေ့လက်





ဆောင် ပေးထားတာ၊ သူရတုန်းက ဘာပင်မှ မပါပါဘူး၊ ဒါတွေ အားလုံးက သူကိုယ်တိုင် လုပ်ထားတာတွေချည်းပဲ၊ အရင်တုန်းကဆို ကျောင်းပိတ်ရက်တိုင်း ဒီကိုလာပြီး တကုပ်ကုပ်နဲ့ အပင်တွေ စိုက်နေတော့တာပဲ၊ တစ်ခါတစ်လေကျရင် သူ့ သူငယ်ချင်းတွေပါ လုပ်အားပေးခေါ်လာပြီး ရှင်းလင်းတော့တာပဲ၊ မြက်လည်း သူကိုယ်တိုင်ရိတ်ချင် ရိတ်တာ၊ အဲဒီတုန်းကတည်းက သူ ပြောတာတော့ သူ့ ကိုယ်ပိုင် မိသားစု ရရင် ဒီမှာနေမှာတဲ့၊ အဲဒီစကားပြောတဲ့ အချိန်က ၁၆ နှစ်ပဲ ရှိသေးတာဆိုတော့ ဦးလေးတောင် ရယ်ရသေးတယ်၊ ခုတော့ သူ့စိတ်ကူးတွေ တကယ်ဖြစ်လာတာပေါ့၊ ကလေးတွေ ဘာတွေ ရရင်လည်း ဒီလိုလှပတဲ့ ခြံလေးထဲမှာ အရမ်းပျော်ကြမှာပါ ..."

ခြံစောင့် ဦးလေးကြီးက ရှုပ်ပွနေတာတွေကို တယုတယ ပြန်လည်ပြင်ဆင်နေသည်။ မခက နည်းနည်းတော့ အံ့သြမိ၏။ နယုန်မိုးဟာ အဲ့ဒီလောက် စိတ်နှလုံး နူးညံ့လိမ့်မည်ဟု မခ မထင်ခဲ့။ မခ သတ်မှတ်ထားတာတော့ သူဟာ ကြမ်းတမ်းတဲ့ လူယုတ်မာပဲပေါ့။

မခက အိမ်ပေါ်သို့ ပြန်တက်လာတော့ သူက မခကို ဆီးကြိုနေကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မခ ... ကိုယ် တောင်းပန်ပါတယ်၊ ကိုယ့်အပင်လေးတွေကို မဖျက်ဆီးပါနဲ့ကွာ"

မခ်ီက မကြားချင်ယောင်ဆောင်ကာ သူ့ရှေ့မှ ဖြတ်လျှောက်လာခဲ့သည်။ သူ့ရဲ့ နိမ့်ချ နူးညံ့မှုတွေကို မခ မယုံကြည်နိုင်ပေ။ သူ မခအပေါ် အံ့သြဖို့ ကောင်းအောင် သည်းခံနေခြင်းဟာ မခကို သူ့ရင်ခွင်ထဲ ယိုင်ကျလာအောင် အားထုတ်ခြင်းဟုသာ ယူဆလျက် မယစ်မူးမိအောင် နေသည်။

သူ မီးဖိုချောင်ထဲဝင်ကာ ချက်ပြုတ်နေစဉ် မခက သူ့နောက်နားမှာ လက်ပိုက်ရပ်ရင်း ...

"နယုန်မိုး ... ရှင် ဘာတွေ အကွက်ချ ကြံစည်နေတာလဲ"

"မင်း ဘာကို ဆိုလိုတာလဲ"

"ရှင်က ဟန်ဆောင်တတ်လွန်း အကွက်ချတတ်လွန်းလို့ ကျွန်မက ကြောက်ရတယ်လေ၊ ဟန်ဆောင် သည်းခံပြ အလုပ်တွေ လုပ်ပြပြီး ဘယ်လို လုပ်ဇာတ်ခင်းဦးမလဲလို့ စဉ်းစားရင် ရတက်မအေးဘူး"

"ကိုယ် ဘာမှ မပြောချင်ဘူး"

"မပြောတာ ကောင်းပါတယ်၊ ပြောရင် အမှားပါနေဦးမယ်"

သူက ဘာမှ ပြောတော့ဘဲ ဟင်းတွေကိုသာ တစ်ခုချင်း ထုတ်ယူ ပြင်ဆင်နေလေသည်။





မခက သူ့ဆီ လျှောက်သွားကာ သူ ပြင်ဆင်ထားသော ဟင်းတွေကို သွန်ပစ်လိုက်ပြီး ဘာလချောင်ကြော် ရယ်ဒီမိတ်ထုပ်၊ ဆတ်သားခြောက်ဖုတ်နှင့် လက်ဖက်ထုပ်တွေကို သွားယူဖောက်ထည့်ကာ ထမင်းစားဖို့ ပြင်ဆင်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

“ကိုယ် အပြင် သွားလိုက်ဦးမယ်၊ မင်း တစ်ယောက်တည်း နေခဲ့ရဲလား”

“အိုး … နေရဲတာပေါ့၊ တစ်ယောက်တည်း နေရတာက ပိုပြီး စိတ်ချမ်းသာတယ်၊ ရှင် မရှိလေ ကျွန်မအဖို့ သက်သောင့်သက်သာ ရှိလေပေါ့”

နယုန်မိုး အပြင်ထွက်သွားတော့ မခ စိတ်ထဲမှာ ွတ်မြောက်သွားသလို ခံစားရလေသည်။ သူ့ကို မုန်းသည်မှန် ာ်လည်း ကိုယ်မုန်းရသည့် လူက ကိုယ်အနားမှာ မရှိတဲ့အခါ ိုအမုန်းကို ခဏလေး မေ့ထားလိုက်လို့ ရသေးသည်။ မုန်းရတာ ည်း အလွန် ပင်ပန်းသည်လေ။

မခသည် သူထွက်သွားလျှင် သွားချင်းပင် မ…ရဲ့ ယ်ချင်းတွေဆီ ဖုန်းဆက်ခေါ်လိုက်လေသည်။ ခ…က ပြန်



www.burmeseclassic.com

www.burmeseclassic.com



အလာမှာ မယုံနိုင်စရာ သတင်းစကားကို ကြားခဲ့ပြီး မခအတွက် ယူကြုံးမရ ဖြစ်နေခဲ့ကြသော သူငယ်ချင်းတွေက မခဆီသို့ ချက်ချင်းပင် ရောက်ရှိလာသည်။ သူတို့ရောက်လာတော့ မခက သူတို့ကို ဖက်ပြီး ငိုမိလေသည်။

"မခရယ် ... နင် အရမ်း စိတ်ဆင်းရဲနေလားဟင်၊ နင့်ကို သူ ဘာတွေ ဘယ်လို နှိပ်စက်သေးလဲ"

"သူ ငါ့ကို လိမ်ညာ လှည့်ဖျားပြီး ယူခဲ့တာကိုက တစ်သက်စာ နှိပ်စက်ပြီးသားပဲလေ"

ရွှေသစ်တို့ အားလုံးကပါ မျက်ရည်ဝဲလာရင်း ...

"ငါတို့လည်း နင်နဲ့ နယုန်မိုး လက်ထပ်လိုက်ပြီ ဆိုတဲ့ သတင်းကို ကြားတော့ လုံးဝ မယုံနိုင်ခဲ့ဘူး၊ ပြီးတော့ ငါတို့ ခရီးထွက်သွားမိခဲ့ကြတာကို နောင်တရတယ်၊ ငါတို့သာ ရှိခဲ့ရင် နယုန်မိုး အကြံက အထမြောက်ချင်မှ မြောက်လိမ့်မယ်၊ နင့်အမေကိုလည်း သေသေချာချာ ရှင်းပြနိုင်မှာပဲ၊ အခုတော့ ငါတို့လည်းပြန်ရောက်ရော အားလုံး လွန်ကုန်ပြီလေ"

"အဲဒီလို လွန်အောင် နယုန်မိုးပဲ လုပ်ခဲ့တာလေ၊ သူက အမြန်ဆုံး လက်ထပ်ဖို့ စီစဉ်ခဲ့တယ်၊ မင်္ဂလာဆောင်ကတော့ ငါကိုယ်တိုင်က မလုပ်ချင်တာပါ၊ ငါ မချစ်တဲ့သူရဲ့ လက်





ကို ချိတ်ပြီး လူပုံအလယ်မှာ မလျှောက်ချင်ဘူး၊ ငါ့အတွက် မင်္ဂလာမရှိဘဲ မင်္ဂလာဆောင်ဆိုတဲ့ အခမ်းအနားကို မလုပ်ချင်ဘူး၊ ပြီးတော့ ငါက လူတွေ အများကြီးကြားထဲမှာလည်း ကြာကြာမနေချင်ဘူးလေ၊ ငါ့အကြောင်းကို သိလို့ မေမေကလည်း ငါ မင်္ဂလာ မဆောင်ချင်တာကို လက်ခံပါတယ်၊ ဟိုဘက်ကတော့ ဆောင်ပေးချင်ပုံပဲ ...၊

"ငါတို့လည်းလေ နင့် အမေဆီ သွားသေးတယ် သိလား၊ အခြေအနေကြည့်ပြီး နယုန်မိုး အကြောင်းတွေ ပြောပြရင် ကောင်းမလားလို့ပေါ့၊ ဒါပေမယ့် နင့် မေမေက နယုန်မိုးကို အရမ်း သဘောကျနေတာ မခရဲ့၊ နယုန်မိုးက နင့်ကို အရမ်း ဂရုစိုက်တယ်တဲ့၊ နင် ဘာကြိုက်တတ်သလဲ လှမ်းလှမ်းမေးပြီး ချက်ပြုတ်ကျွေးတယ်ဆို ... ဟုတ်လား"

"အလကားပါ ... အဲ့ဒါ သူ့ရဲ့ နောက်ထပ် တစ်ခါ ဇာတ်လမ်းဆင်မှုပဲ ဖြစ်မှာပေါ့၊ ငါ့ကို သူ့ဆီမှာ သာယာယစ်မူးလာအောင် လုပ်မယ်၊ ငါ့ မိဘတွေရဲ့ စိတ်ထဲမှာ သူ့ကို သဘောကျလာအောင် လုပ်မယ်၊ သူက ငါ့ကို သိပ်ဂရုစိုက်ကြောင်း သတင်းလွှင့်မယ်၊ ဒါမှ ငါက ကွဲမယ် ကွာမယ် လုပ်ရင် သူ့အလွန် လုံးဝမရှိပါဘူး၊ တာဝန်ကျေပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမျိုး ဖြစ်နေအောင်ပေါ့၊ ငါတော့ သူ့ဘာလုပ်လုပ် အယုံအကြည် မရှိပါဘူး"

"မခ ... နင်လည်း ပြောင်းလဲသွားတာပဲနော်၊ အရင်တုန်းကဆို နင်က ဘာမဆို ရိုးရိုးလေးပဲ တွေးပြီး လူတိုင်းအပေါ် သံသယ ကင်းခဲ့တယ်"

"ခုတော့ နယုန်မိုးက ငါ့ကို သင်ပေးခဲ့ပြီလေ၊ သင်ခန်းစာ ပေးလိုက်ပြီလေ၊ ငါ ရိုးအလွန်းခဲ့လို့သာ သူ့ ထောင်ချောက်မှာ မိခဲ့ရတာ မဟုတ်လား"

"နင် ... သူနဲ့ ပတ်သက်ပြီး ဘယ်လို စဉ်းစားထားလဲဟင် မခ ..."

"ငါ သူနဲ့ တစ်သက်လုံး အတူမနေနိုင်တာကတော့ သေချာတယ်၊ သိပ်မကြာခင် ငါ သူနဲ့ ကွာရှင်းခွင့်ရအောင် ကြိုးစားမှာပဲ"

မခရဲ့ သူငယ်ချင်းများက ရုတ်တရက် တိတ်ဆိတ်သွားကြသည်။ ခဏကြာမှ ရွှေသစ်က သက်ပြင်းချကာ ...

"ဘာပဲပြောပြော နင်က အိမ်ထောင်ကျနေပြီ၊ အိမ်ထောင်ရှင် ဖြစ်နေပြီ၊ နယုန်မိုးရဲ့ ဇနီးဖြစ်နေပြီ ..."

"အဲဒါတွေ ငါ့ကို လာမပြောနဲ့၊ ငါ မကြားချင်ဘူး၊ ငါ မေ့ထားချင်တယ်"





"ခု လက်ထပ်၊ ခု ကွာရှင်းလို့တော့ မတင့်တယ်ဘူး မခ၊ ပတ်ဝန်းကျင်က ရှိတယ်၊ နင်တို့ မိဘတွေ ရှိသေးတယ်"

"ပတ်ဝန်းကျင်က ချစ်သူအဖြစ် သတ်မှတ်ပေးလို့၊ Hotel အထိ ရောက်သွားရတဲ့ အခြေအနေကို ရှက်လွန်းလို့၊ မိဘတွေကို ကြောက်လွန်းလို့ သူ့ကို လက်ထပ်ခဲ့ရပြီးပြီလေ၊ အဲဒါကြောင့်ပဲ စိတ်ဆင်းရဲခဲ့ရပြီးပြီလေ၊ ဒါ ဘာကိုမှ ဂရုမစိုက်ချင်တော့ဘူးဟာ၊ သူ့ဆီကနေ ထွက်ပြေးချင်တာပဲ သိတော့တယ်၊ ချက်ချင်းကြီးဆို မကောင်းလို့သာ အချိန်ကို နည်းနည်း စောင့်နေတာ ..."

"စဉ်းစဉ်းစားစား ဆင်ဆင်ခြင်ခြင်တော့ လုပ်ပါ မခရယ်"

"ဪ ... ဒါနဲ့ မေမိုးကိစ္စကိုရော နင်တို့ ပြောဖြစ်ကြသေးလား"

"ပြောဖြစ်တယ်လေ ..."

"သူက ဝန်ခံလား"

"ဘယ် ဝန်ခံမလဲ၊ ရှောင်ထွက်သွားတာပေါ့"

"ငါတို့လည်း အဲဒီကိစ္စကို စုံစမ်း ကြည့်ပါဦးမယ်ဟယ်၊ ကိုယ့်ဘက်က တစ်ဖက်သတ် အထင်မှားတာမျိုး ဖြစ်ရင် မကောင်းဘူး"

"အထင်မှားတာဆိုရင် သူ ဖြေရှင်းရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားဆိုတာက မိန်းကလေးတစ်ယောက်နဲ့ ပတ်သက်တဲ့ ကိစ္စကို တခြားမိန်းကလေးရှေ့မှာ ပြောဖို့ ခက်ခဲတယ်။ ငါ့မှာကလည်း မောင်ရှိတော့ နည်းနည်း စာနာတယ်၊ ယောကျ်ားနဲ့ မိန်းမ ကိစ္စတစ်ခုခု ဖြစ်လာရင် အများစုက အားနည်းတဲ့ မိန်းကလေးဘက်က ရပ်တည်ချင်ကြတာ၊ တကယ်တမ်းကျတော့လည်း မိန်းကလေးတွေဘက်က အတင်းလိုက်ကပ်တာ၊ အဆင်မပြေတော့ မကောင်းကြောင်း လျှောက်ပြောတာ၊ လွန်တာတွေ အများကြီး ရှိတတ်တယ်၊ ယောကျ်ားလေးတွေမှာတော့ မိန်းကလေး အတင်းကို ပြောရင် သေးသိမ်ရာ ကျမှာစိုးပြီး မထွေးနိုင် မအံနိုင် အထင်မှား ခံရတာတွေ အများကြီး ..."

"ရွှေသစ် နင်က နယုန်မိုးဘက်က လိုက်ပြောနေတာလား"

"ဖြစ်တတ်တဲ့ သဘောကို ပြောတာပါ၊ မေမိုးကိုလည်း ငါ ချစ်ခဲ့၊ သနားခဲ့ပါတယ်၊ ဒါပေမယ့် သူကလည်း အရင်းခြောက်ပစ်ကင်း သဲလဲစင် မိန်းကလေးတော့ မဟုတ်ခဲ့ဘူး ဆိုတာကို နောက်ပိုင်းမှ ငါ သိလာရတယ်၊ ပြီးတော့ နယုန်မိုး ရည်းစားပါ၊ နယုန်မိုးနဲ့ ပတ်သက်ပါတယ်ဆို အသံကောင်း လွင့်နေတဲ့ မိန်းကလေးတွေကလည်း တစ်ယောက်မှ အထင်ကြီးစရာ မရှိဘူး"





"အဲဒါတွေ ထားလိုက်ပါ၊ ငါကတော့ သူ့ကို အရမ်းမုန်းတယ်၊ သတ်ပစ်ချင်လောက်အောင် မုန်းတယ်"

"ကဲ ... ကဲ ... တို့ သူငယ်ချင်းတွေ ဒီအကြောင်း မပြောတော့ဘူး"

အိစံက စိတ်ညစ်စရာ စကားတွေကို နိဂုံးချုပ်ပစ်လိုက်ပြီး စားစရာ တစ်ခုခု လုပ်စားကြဖို့ စီစဉ်လေသည်။

မခသည် သူငယ်ချင်းတွေနှင့်အတူ စကားပြောရင်း ဟိုအရင်ကလိုပဲ ပြန်လည် ပျော်ရွှင်လာသည်။ ပြီးတော့ အဲဒီလို ဘဝမျိုးကိုပဲ ပြန်သွားချင်မိသည်။

"ငါလေ ... အမြဲတမ်းလိုပဲ နင်တို့နဲ့အတူ ကျောင်းသွားတက်ချင်တယ်၊ တစ်ခါတလေဆို တွေးရင်း မျက်ရည်တောင် ကျမိတယ်၊ ဒါပေမယ့် သူ လုပ်ကြံဖာတီ ခင်းခဲ့တဲ့ နေရာကို ငါ မသွားရဲဘူး၊ ပြီးတော့ အဲဒီမှာ သူ့ ရည်းစားဟောင်းတွေလည်း ရှိနေတယ်၊ သူတို့က ငါ့ကို ဘယ်လို မျက်လုံးမျိုးနဲ့ ကြည့်ကြမယ် မသိဘူး"

"အဲဒါတွေ ဂရုစိုက်မနေပါနဲ့ဟယ် ..."

"ငါ ကျောင်းတော့ ပြန်မတက်တော့ဘူးလို့ ဆုံးဖြတ်ပြီးပြီ၊ တစ်ခါတစ်ခါတော့လေ ငါ သူ့ဆီကနေ ထွက်ပြေးသွားချင်တယ်၊ ဒါပေမယ့် ငါက အဖော်မပါဘဲ ဘယ်မှ မသွားရဲ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘာမှ မတတ်နိုင်ဘူး၊ မေမေ့ အိမ်ကိုတောင် သူ ပို့ပေးမှ သွားရဲတာ....”

အို့စံတို့က မခကို ကြည့်ရင်း သက်ပြင်းချလိုက်သည်။ ပြီးတော့ မခ ပျော်အောင် ရယ်စရာတွေ လျှောက်ပြောနေကြသည်။ ခြံထဲဆင်းလာပြီး ဘတ်စကတ်ဘော ကစားကြသည်။ မေသွယ်က မခတို့ အိမ်နှင့် ခြံကလေးကို လှည့်ပတ်ကြည့်ရင်း ...

“နင်တို့ အိမ်နဲ့ ခြံက ချစ်စရာလေး၊ ကဗျာဆန်လိုက်တာ။ အပင်တွေလည်း အများကြီးပဲ၊ နယုန်မိုး ကိုယ်တိုင် ပြင်ဆင်ထားတာလား”

“ဟုတ်တယ် ... သူက အပင်တွေကိုတော့ သိပ် ချစ်တယ် ပြောတယ်”

မေသွယ်က ခဏ တွေဝေငေးငိုင်သွားပြီး ...

“နယုန်မိုးက ထင်သလောက်တော့ မဆိုးဘူးထင်ပါတယ် မခရဲ့၊ ခုချိန်မှာ သူ နင့်ကို တကယ် ချစ်သွားတာကော မဖြစ်နိုင်ဘူးလားဟင်”

“သွားစမ်းပါ ... အဲဒါ စိတ်ကူးယဉ်တွေ၊ ဝတ္ထုတွေထဲမှာပဲ အဲဒါမျိုးတွေ ဖြစ်လိမ့်မယ်၊ သူ့လို ကောက်ကျစ် ယုတ်မာတဲ့ လူတစ်ယောက်ရဲ့ ရင်ဘတ်ထဲမှာ သိမ်မွေ့နူးညံ့တဲ့ အချစ်ဆိုတာ ဖြစ်တည် မလာနိုင်ပါဘူး”





မခက နယုန်မိုးကို အယုံအကြည်မဲ့စွာ ခါးခါး သည်းသည်း ငြင်းဆန်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

"မင်း … အမှန်အတိုင်း ဖွင့်ပြောသင့်တယ် ယုန်"

"ငါ မပြောချင်ဘူးကွာ"

"မင်း … အမှန်အတိုင်း မပြောရင်တော့ မခက မင်းကို ဆက်မုန်းနေဦးမှာပဲ"

"ဒီကိစ္စကို အမှန်အတိုင်း ပြောလိုက်လည်း သူ့ကို ငါ မတရား ယူထားတဲ့ အဖြစ်အပျက်ကြီးက ဖျောက်ပစ်လို့မှ မရတာ၊ ဘာမှ မထူးပါဘူး၊ သူ ငါ့ကို ဆက်မုန်းနေဦးမှာပဲ၊ တစ်ခါ တစ်ခါ သူ့ကို ကြည့်ပြီး ငါ သနားတယ်၊ သူ့မှာ ငါ့ကို မုန်းရတာ အရမ်းပင်ပန်းနေသလိုပဲ၊ ဒေါသတွေ ထွက်ရ၊ ငါ့ကို ဒေါသထွက်အောင် လုပ်ရနဲ့၊ မျက်နှာတွေလည်း နီ၊ မောလည်းမော၊ သူ စိတ်ရှိလက်ရှိ ပြောပြီးရင် မောပြီးတော့ အိပ်ရာထဲမှာ သွားခွေနေတော့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ အရင်လို နူးညံ့သိမ်မွေ့မှုတွေလည်း သူ့မှာ မရှိတော့ဘူး"

နယုန်မိုးသည် မွန်းကြပ်လွန်းတာမို့ သူငယ်ချင်းတွေကို ပြောပြရင်းကပင် မခကို မြင်ယောင်လာကာ စိတ်မကောင်းဖြစ်ရ၏။

မခရဲ့ အထင်မှားမှုမှ စတင်ကာ အမှားတွေ ဆက်တိုက် ဖြစ်လာခဲ့ရပါသည်။ မေမိုးကိစ္စကို သူမ အထင်မှားကြောင်း သူ အချိန်တွေလွန်မှ သိလာသည်။ မေမိုး အကြောင်းကို သူ့သူငယ်ချင်းတွေ အားလုံးလည်း သိခဲ့ကြသည်။ မေမိုး အကြောင်းသာမဟုတ် တခြား ... သူနဲ့ ပတ်သက်သမျှ မိန်းကလေး အတော်များများရဲ့ အကြောင်းကိုလည်း သူငယ်ချင်းတွေ သိကြပါသည်။

သူကတော့ သူ့ကို ပွေတယ် ရှုပ်တယ်လို့ သတ်မှတ်ကြသည့် လူတွေရှေ့မှာ ဘယ်လို မျက်နှာမျိုးနှင့် မိန်းကလေးတွေက ကျွန်တော့်ကို လာစကြတာပါဟု ပြောရမည်နည်း။

ဘုရားစူးပါစေရဲ့ ... သူဟာ ခုချိန်ထိ ဘယ် မိန်းကလေးကိုမှ စ,တင် အရောမဝင်မိခဲ့ဖူးပါ။ နှစ်နှစ်ကာကာလည်း မချစ်မိခဲ့ဘူးပါ။ သို့သော် မိန်းကလေးတွေရဲ့ စိတ်ဝင်စားမှုကို ခံခဲ့ရခြင်းက သူ့အတွက် ကံဆိုးမှုတစ်ခု ဖြစ်ခဲ့ရသည်။

တချို့ မိန်းကလေးတွေက သူ့ ဖုန်းနံပါတ်ကို စုံစမ်း





ကာ ဖုန်းဆက်ကြသည်။ တချို့က သူတို့က စ,တင် ခေါ်ပြောကာ နှုတ်ဆက် မိတ်ဖွဲ့ကြသည်။ သူကလည်း ပုထုဇဉ်ပဲမို့ တစ်ခါတစ်ခါ သာယာကာ အလိုက်သင့်ကလေး ဆက်ဆံရင်း တွဲဖြစ်သွားသည်။ ကိုယ်က ရှောင်နေရင်တောင် သူတို့က ဖွဲ့နဘဲနှင့် လိုက်ရှာကာ ဆက်သွယ်ကြတာမို့ အားနာပါးနာ လက်ခံရင်း နွယ်ငင် ခံရကာ သူတို့ ရည်းစားအဖြစ် သတ်မှတ်ခံလိုက်ရသည်။ သို့သော် ၂ လထက်ပိုပြီး သည်းမခံနိုင်တော့တာမို့ ၂ လ အကြာမှာ ပြတ်ပြတ်သားသား ပြောပြီး ခါထုတ်လိုက်တော့ တချို့က မကျေမနပ်ဖြစ်ကာ သူကပဲ သူတို့ကို အသည်းအသန် လိုက်ခဲ့ပြီး သစ္စာဖောက်သွားသယောင် လူရှုပ်လူပွေ ဖြစ်အောင် လျှောက်ပြောသတင်းလွှင့်ကြသေးသည်။

အဲဒီလို မိန်းကလေးတွေထဲမှာ မေမိုးက အထင်ကရပါခဲ့သည်။ သူမက သူ့ ဖုန်းနံပါတ်ကို စုံစမ်းကာ ညတိုင်းလိုလို ဖုန်းဆက်ခဲ့သည်။ ပြီးတော့ သူ့အတွက် လက်ဆောင်အမျိုးမျိုး ပေးခဲ့တာမို့ သူက ငြင်းဆန်ခဲ့ရသည်။ နောက်တော့ ဟိုလိုက်ပို့ပါ၊ ဒီကိစ္စ ကူညီပါ၊ ကားပျက်နေလို့ လာခေါ်ပေးပါ၊ ဘယ်ကိုဖြင့် ကားမမောင်းတတ်လို့ လာမောင်းပေးပါဦး ဆိုတာတွေ အမျိုးမျိုး ဆင့်ပွားလာကာ မွေးနေ့မို့ ကျွေးချင်တာ၊ ဘာ အထိမ်းအမှတ် ညာအထိမ်းအမှတ်မို့ ကျွေးချင်တာတွေပါ ရောပေါင်းလာပြီး သူကလည်း အားနာပါးနာနှင့် တွဲသလို ဖြစ်လာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုးဆုံးကတော့ မေမိုးက နယုန်မိုးရဲ့ မိဘတွေဆီကိုပါ ဝင်ထွက်သွားလာရင်း နယုန်မိုး ချစ်သူအဖြစ် တရားဝင် အသိအမှတ် ပြုခံရအောင် ကြိုးစားလာခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် သူက သူမကို သိသိသာသာ ရှောင်ဖယ်လာသော တစ်ရက်မှာတော့ သူမက သူ့အိမ်ကို ညကြီးမိုးချုပ်မှ ရောက်လာကာ သူမ အိမ်မှဆင်းလာပြီ ဖြစ်ကြောင်း၊ အိမ်က သူမ၏ မိသားစုက သူမကို ဘယ်လို နှိပ်စက်ကလူ ပြုကြ၍ စိတ်ဆင်းရဲရကြောင်း၊ အိမ်မှာ မနေလိုတော့ကြောင်းတွေ ဇာတ်လမ်းဆင်ပြောကာ ချည်ဖို့တုပ်ဖို့ ကြိုးစားတော့သည်။

အဲဒီတုန်းက သူ တော်တော့်ကို ကြိုးစားပမ်းစား ရှောင်ထွက်ခဲ့ရပါသည်။ အိမ်က မိဘတွေမသိအောင် မေမိုးကို ပထုတ်လာကာ သူငယ်ချင်းတွေဆီ ဖုန်းဆက်ပြီး မေမိုးကို လာခေါ်ပြီး ပြန်ပို့ပေးဖို့ အကူအညီ တောင်းရသည်။ မေမိုးလို မိန်းကလေးကို လက်ထပ်ဖို့ရာ ဘယ်တုန်းကမှ မစဉ်းစားဖူးတာမို့ အဲဒီတုန်းကဆို သူ့မှာ တုန်လှုပ် ချောက်ချားကာ ဇောချွေးတွေ ပြန်နေသည်။ မိန်းမတွေမှာလည်း ဒီလို အထာရှိတတ်ကြောင်း အဲဒီနေ့က သူ ကောင်းကောင်း သိလိုက်ရသည်။

ညကြီးမိုးချုပ် မိုးတွေ ဝုန်းဒိုင်းကျဲအောင် ရွာနေသည့် အချိန်မှာ သူမက အိမ်မပြန်ဘူးဟု ခေါင်းမာစွာ ငြင်းဆန်နေ





ကာ နယုန်မိုးသာ ဥပေက္ခာပြုလိုက်လျှင် ခြေဦးတည့်ရာ လျှောက်သွားတော့မည့် ပုံစံမျိုးဖြင့် ခြိမ်းခြောက်ခဲ့သည်။ အဲဒီလို လျှောက်သွားရင်း သဘာဝပျက်ခဲ့လျှင် နယုန်မိုး တရားခံဟု လက်ညှိုးထိုးလုမတတ် သူမက အကြပ်ကိုင်ခဲ့သည်။ အဲဒီညက တော်တော်သွေးပျက်စရာ ကောင်းသည်။ သူ့မှာ မိန်းကလေးမို့ စာနာကာ ဥပေက္ခာ မပြုချင်တာက တစ်ဖက်၊ လျှောက်သွားလို့ ဘဝပျက်ခဲ့လျှင် သူ့ ပယောဂ မကင်းဟု ဟူဆကာ စိုးရိမ်ပူပန်ရတာက တစ်ဖက်၊ သူမကို မယူမဖြစ် အခြေအနေမျိုးဖြင့် ချောင်ပိတ်အဖမ်းခံရမှာကို သွေးပျက်ရတာက တစ်ဖက်ဖြင့် ကယောင်ချောက်ချား ဖြစ်နေခဲ့ရသည်။

သို့သော် ကံကောင်းစွာပင် သူ့ သူငယ်ချင်း သုံးယောက်က လက်မတင်လေး ရောက်ရှိလာခဲ့သည်။ ကံအကောင်းဆုံးမှာ ထူးကျော်လှရဲ့ အမေပါ ပါလာခဲ့ခြင်း ဖြစ်ပါသည်။ ထူးကျော်လှက သူ့အနားကပ်ရင်း ...

"မင်း ဖုန်းဆက်တော့ ငါက မေမေနဲ့အတူ ဘုရားက ပြန်လာတာကွ၊ အဲဒါ မေမေ့ကိုပါ အကျိုးကြောင်း ပြောပြပြီး အိမ်ပြန်မပို့သေးဘဲ မင်းဆီကို တန်းလာခဲ့တာ ..."

သူ အားရှိသွားခဲ့သည်။ ထူးကျော်လှ မေမေဟာ ခေတ်လည်းမီကာ ဖြောင့်မတ် ထက်မြက်သော အမျိုးသမီးကြီးမို့



www.burmeseclassic.com

www.burmeseclassic.com



သူ့ အားကိုးတကြီး ရှိခဲ့သည်။ ပထမတော့ သူငယ်ချင်းတွေနဲ့ မေမိုးတို့ စကား အခြေအတင် ဖြစ်ကြသည်။

"အိမ်ပြန်လိုက်ပါ မေမိုးရယ် ... မိဘနဲ့ သားသမီးပဲ စိတ်ဆိုးလည်း ခဏပေါ့၊ လာပါ ... ငါ လိုက်ပို့ပေးပါ့မယ်"

"ဟုတ်သားပဲ ... ပြန်လိုက်ပါ မေမိုးရယ်၊ ညဉ့်မနက်ခင် ပြန်တာ ပိုကောင်းပါတယ်"

"ဟင့်အင်း ... ငါ အိမ်မပြန်တော့ဘူးလို့ ဆုံးဖြတ်ချက်ချထားပြီ၊ ငါ့ကိစ္စမှာ နင်တို့ ဝင်ပါစရာ မလိုပါဘူး"

အောင်နေညိုက စိတ်တိုလာပုံ ရကာ ...

"ဒီလိုဆိုလည်း ဘာဖြစ်လို့ မိုးယုန်ဆီကို လာသေးလဲ၊ ကိုယ့်ဘာသာ သွားရောပေါ့"

"သူက ငါ့ ချစ်သူလေ၊ အရေးကြုံရင် သူ့ဆီ အရင်လာရမှာပဲ၊ သူ့ကို အကူအညီ တောင်းရမှာပဲ၊ ယုန် ... မေ ပဲခူးကို သွားမယ်၊ မေ့ကို လိုက်ပို့ ..."

မေမိုးက နယုန်မိုးဘက် လှည့်ပြောလိုက်တော့ ခင်မောင်ဖုန်းက မျက်လုံးပြူးသွားရင်း ကြားဝင်လာသည်။

"နင် သွားချင်ရင် နင့်ဘာသာ ကားမောင်းသွားပေါ့"

"ငါ တစ်ယောက်တည်း ပဲခူးထိ မမောင်းရဲလို့ပေါ့၊ ပြီးတော့ ငါ့မှာ ကားလည်း မပါလာဘူး"





"ကဲ ... ဒါဆို ဒီလိုလုပ်လေ၊ ငါတို့ပါ လိုက်ပို့ပေးမယ်၊ ကားပေါ်မှာ ငါ့အမေလည်း ပါတယ်၊ မိန်းမချင်း အဖော်ရအောင် မေမေ့ကိုပါ ခေါ်ခဲ့လိုက်မယ်"

"မလိုပါဘူး ..."

မေမိုး အထာကို အားလုံးက သဘောပေါက်သွားကြချိန်တွင် ကားပေါ်မှ ထိုင်နေကာ အခြေအနေကို ကြည့်နေသော ထူးကျော်လှ၏ အမေက သူတို့ဆီသို့ အေးဆေးစွာ လျှောက်လာလိုက်ပြီး ...

"ကဲ ... သမီး ...၊ သမီး ဘာဖြစ်ချင်တာလဲ၊ အန်တီ့ကို အမေလို သဘောထားပြီး ပွင့်ပွင့်လင်းလင်း ပြောပါကွယ်၊ သမီးက အန်တီ့သမီး အရွယ်ပါပဲ၊ အန်တီ အထင်တော့ သမီး အိမ်ပြန်သင့်တယ်လို့ ထင်တယ်၊ ဒီအချိန်ဟာ သမီးတို့အရွယ် မိန်းကလေး တစ်ယောက်တည်း အပြင်မှာ လျှောက်သွားနေရမယ့် အချိန် မဟုတ်ဘူး၊ မိန်းကလေးဆိုတာ လှပရုံ၊ ပညာတတ်ရုံ၊ ပိုက်ဆံ ချမ်းသာရုံနဲ့ တန်ဖိုးရှိတာ မဟုတ်ဘူး သမီးရဲ့၊ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို တန်ဖိုးထားတတ်မှ စောင့်စည်း ထိန်းချုပ်တတ်မှ တန်ဖိုးရှိတာ၊ အဲဒီလို တန်ဖိုးရှိတဲ့ မိန်းကလေး မျိုးကိုမှ ယောကျ်ားလေးတွေက တန်ဖိုးထားပြီး လေးထပ်



www.burmeseclassic.com

www.burmeseclassic.com



ယူချင်ကြတာ သမီးရဲ့ ...၊ အန်တီ့မှာလည်း သားရှိတော့ သူတို့ ယောကျ်ားလေးတွေရဲ့ သဘောကို အန်တီလည်း သိနေတာပေါ့၊ အကယ်၍ ခုချိန်မှာ သမီး အိမ်မပြန်ဘူး ဆိုရင်လည်း သမီး သဘောပဲလေ၊ လူဆိုတာ ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးတာပဲ မဟုတ်လား၊ အန်တီကတော့ သမီး မိဘတွေကို လှမ်းအကြောင်းကြားပေးဖို့ တာဝန် ရှိတယ်"

ထူးကျော်လှ မိခင်စကားကြောင့် မေမိုး အခက်တွေ့ သွားခဲ့ပါသည်။ နောက်တော့ ဘာမှ မတတ်နိုင်ဘဲ တက္ကဆီ တစ်စီး ငှားကာ သူ့အိမ်သူ ပြန်သွားတော့သည်။ သူ့မှာတော့ အကျဉ်းအကျပ်ထဲမှ လွတ်မြောက်လာသလို ဝမ်းသာသွားကာ သူငယ်ချင်းတွေကိုရော ထူးကျော်လှ အမေကိုပါ ကျေးဇူးတင် လိုက်သည့် ဖြစ်ခြင်း။ အန်တီလှက ပြန်ခါနီးမှာ တစ်ခွန်းတော့ ပြောသွားသေးသည်။

"မင်း အားနာပါးနာ လိုက်သွားမိရင် သူ့ကို ယူရပြီပဲမှတ်၊ ဒါကြောင့် အန်တီ့ သားတွေကိုလည်း အမြဲ ပြောရတယ်၊ မိန်းကလေးတွေအပေါ် လိုတာထက် ပိုပြီး အားမနာမိပါ စေနဲ့လို့ ..."

အဲဒီကတည်းက သူ မိန်းကလေးတွေရဲ့ အန္တရာယ်ကို ကြည့်ရှောင်တတ်လာသည်။ မေမိုးကိုလည်း အားမနာတမ်း





ပြတ်ပြတ်သားသား ပြောပစ်လိုက်သည်။ အဲဒီမှာ မေမိုးက ဆတ် ဆတ်ခါနာကာ နယုန်မိုးက ရက်စက် ယုတ်မာသူလိုလို လျှောက် ပြောခဲ့ခြင်း ဖြစ်သည်။

ကိုယ့်မှာက သူမအပေါ် နစ်နာစေလိုသော ရည်ရွယ် ချက်'မရှိခဲ့။ ထိုညက အကြောင်းကို ဘယ်သူ့ကိုမှလည်း လျှောက် မပြောခဲ့။ 'ဟိုကောင်မလေး ငါ့ လိုက်နေတာကွာ' လို့လည်း အသားယူကြွားဝါပြီး မပြောခဲ့၊ ကိုယ့်အန္တရာယ် ကိုယ်ရှောင်ကွင်း ထွက်ခဲ့တာသာ ဖြစ်လျက် သူမအပေါ် အရှက်တကွဲ အကျိုးနည်း နာမည်ပျက်စေလိုသော စေတနာမျိုးလည်း တကယ် မရှိခဲ့ရိုး အမှန်ဖြစ်သည်။ သို့သော် သူမကတော့ သူ့ကို ကြုံရင် ကြုံသလို နာမည်ဖျက်လျက်ရှိပြီး သူ့မှာတော့ 'ယောကျ်ားဆိုတာ မိန်းမ အတင်းကို မပြောဘူး' ဟု ခံယူကာ ရေငုံနှုတ်ပိတ် နေခဲ့ရသည်။

ခုချိန်မှာတော့ မေမိုးလည်း မရှိတော့ပြီမို့ သေသူရဲ့ အကြောင်းကို ငယ်ကျိုးငယ်နာ မဖော်ချင်တော့ချေ။

နယုန်မိုးသည် သူငယ်ချင်းတွေနဲ့အတူ ထိုင်ကော ပြောရင်း မခကို သတိတရ နောက်ဆန်တင်းမိနေသည်။ သူမ တစ်ယောက်တည်း ကြာကြာနေရဲပါ့မလားဟု တွေးကာ စိတ်ပူ မိတာမို့ သူငယ်ချင်းတွေထံမှ ခပ်မြန်မြန် ပြန်လာခဲ့သည်။ လမ်းမှ အိမ်အတွက် လိုအပ်သော ပစ္စည်းပစ္စယတွေ၊ စားစရာတွေ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်လိုက်သည်။ ပြီးတော့ မခအတွက် အဝတ်အစား အသစ် တချို့ပါ ဝယ်လိုက်သည်။

သူ့ ခြေလှမ်းတွေက ပုံမှန်ထက် ပို၍ သွက်လက်နေပါသည်။

● ● ●



❋ ❋ ❋

"ဟဲ့ … ဟိုမှာ နယုန်မိုး ပြန်လာပြီ"

ရွှေသစ်က ခြံဝသို့ လှမ်းကြည့်ရင်း သတင်းပေးလိုက်သောအခါ မခ စိတ်ထဲတွင် အုံ့မှိုင်း၍ သွားလေသည်။ ချက်ချင်းပင် ပျော်ရွှင်မှုတွေ ပျောက်ဆုံးကာ အချုပ်အနှောင် တစ်ခုထဲသို့ ကျရောက်သွားသလို ခံစားလိုက်ရသည်။

"ပြန်မလာရင် ကောင်းမယ်"

"ဟဲ့ … သူ့အိမ်ပဲ သူပြန်လာမှာပေါ့"

အိစံက တိုးတိုးပြောသည်။ နယုန်မိုးက ကားပေါ်မှ အထုပ်အပိုးတွေ ဆွဲကာ ဆင်းလာရင်း …

"မသစ်သစ်တို့ ရောက်နေကြတာကိုး …"

"ခုပဲ ပြန်မလို့ပါ"

အိစံက ခပ်ပြတ်ပြတ်ပြောရင်း လက်ထဲက ဘောလုံး



www.burmeseclassic.com

www.burmeseclassic.com



ကို လွှတ်ချလိုက်ကာ အိမ်ထဲသို့ လှည့်ဝင်သွားသည်။ ရွှေသစ်ကတော့ နယုန်မိုးကို နှုတ်ဆက်ပြုံးပြပြီး အိမ်ထဲသို့ လိုက်ဝင်သွားသည်။ ရွှေသစ်တို့က မျှမျှတတ တွေးပေးနိုင်သော်လည်း မခကိုမတရား ယူသည်ဟူသော မကျေနပ်စိတ်ကလေးတော့ ရှိနေသေးတာမို့ နယုန်မိုးအပေါ် မကြည်လင်ချေ။

သူငယ်ချင်းတွေ ပြန်ကြတော့ မခက ခြံဝအထိလိုက်ပို့ပေးရာ နယုန်မိုးကလည်း မခနောက်က လိုက်လာခဲ့ရင်း ...

"နောက်လည်း အလည်လာကြပါ၊ မခ တစ်ယောက်တည်းဆို ပျင်းနေမှာ စိုးလို့ပါ"

ဟု သူ့ကိုယ်သူ မခရဲ့ အုပ်ထိန်းသူ လင်ယောကျ်ားတစ်ယောက်လို လှမ်းပြောလိုက်သေးသည်။ မခကတော့ စိတ်ထဲမှာ 'အဲဒါ အပိုတွေ' ဟု တွေးသည်။ သူ့ရဲ့ စကား၊ အမူအရာအားလုံးကို မခ တစ်ခုမှ အယုံအကြည် မရှိပေ။ ညာတတ်တဲ့သူဟာ ညာမှာပဲ၊ ဟန်ဆောင်တတ်တဲ့သူက အမြဲဆက် ဟန်ဆောင်နေမှာပဲ။

သူငယ်ချင်းတွေကို နှုတ်ဆက် လက်ပြနေစဉ် မခစိတ်ထဲ တစ်မျိုးကြီး ဆို့နင့်ချင်လာလေသည်။ သူတို့ကို အရင်လိုပဲ ချစ်သော်လည်း မခနှင့် သူတို့အကြားမှာ တံတိုင်းကြီးတစ်ခုခြားသွားသလို ခံစားလိုက်ရသည်။ 'သူတို့က အပျို'၊ 'ကိုယ်ကအိမ်ထောင်သည်' ဟု တွေးမိလျှင် တစ်ခုခုကို ဆုံးရှုံးသွားသလိုခံစားရသည်။

နယုန်မိုးက မခရဲ့ ရှေ့နားလောက်ဆီမှာ အိမ်ဘက်သို့ လျှောက်သွားလျက် ရှိသည်။ မခသည် နယုန်မိုးရဲ့ ကျောပြင်ကို စိုက်ကြည့် ကျန်ခဲ့ရင်းက တန့်နှံ့နှာကျင် ခံပြင်းလာသည်။ ထိုခဏမှာ မခက သူ့ဆီသို့ တဟုန်ထိုး ပြေးသွားမိကာ သူ့ကျောပြင်ကို ဆောင့်တွန်းပစ်လိုက်လေသည်။

"ဟာ ..."

သူက ရုတ်တရက်မို့ မထိန်းနိုင်တော့ဘဲ ရှေ့သို့ ငိုက်ကျ လဲပြိုသွားသည်။ သူက လဲကျနေရာမှ မခကို အံ့သြတကြီးမျက်နှာဖြင့် မော့ကြည့်ကာ ...

"မင်း ဘယ်လိုလုပ်လိုက်တာလဲ မခ"

"တွန်းပစ်လိုက်တာလေ၊ ရှင့်ကို ကြည့်မရလို့ သတ်ပစ်ချင်လောက်အောင် မုန်းလွန်းလို့ အဲဒီလို လုပ်လိုက်တာ"

မခက ဒေါသဖြင့် အော်ပြောမိဆဲ ခြံစောင့် ဦးလေးကြီးက မခတို့ဆီ ပြေးလာကာ နယုန်မိုးကို ဆွဲထူပေးလိုက်ရင်း ...

"ကလေးမ ... ကိုယ့်ယောကျ်ားကို ဘယ်လို လုပ်လိုက်တာလဲ၊ ယုန်ကလေး ... ထ ... ထ ..."

ဟု ကြင်ကြင်နာနာ ပြောလိုက်လေသည်။ မခသည်ထို လူကြီးကိုပါ အမြင်ကပ်သွားကာ ...




ပုညခင် စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



“သတ်ပစ်ချင်လောက်အောင် မုန်းလွန်းလို့ အဲ့ဒီလို လုပ်မိတာလေ၊ ဦးလေးရဲ့ ယုန်ကလေးက မြွေခွေးဆိုတာ ဦးလေးမှ မသိဘဲ ...”

“ဦးလေးက ယုန်ကလေးရဲ့ အကြောင်းကို ကလေးမထက်ပိုသိပါတယ်ကွယ်၊ သူ့ကို မမွေးခင်ကတည်းက သူတို့မိသားစုအိမ်မှာ ဦးလေး အလုပ် လုပ်လာတာပါ၊ ဒီကလေးကို မွေးကင်းစ ကတည်းက သိတယ်၊ လူငယ်ပီပီ ဘယ်လိုခေါ်မလဲ၊ အဲ ... ဟော့ရှော့ပေါ့ ... ဟော့ရှော့ ဖြစ်နေတာကလွဲရင် ဒီကလေးလောက် တစ်ဖက်သားအပေါ် ချစ်တတ်၊ သနားတတ်၊ ကူညီတတ်တာ မရှိတော့ဘူး၊ အင်မတန်စိတ်ကောင်းရှိတဲ့ ကလေးပါ”

“ရယ်ရတယ် ...”

မခက ပခုံးတွန့်၍ ပြောလိုက်ပြီး အိမ်ထဲသို့ လှည့်ဝင်လာခဲ့လေသည်။ အိမ်ထဲသို့ ရောက်တော့ ဧည့်ခန်းစားပွဲမှာတင်ထားသော အထုပ်အပိုးတွေကို တွေ့ရသည်။ မခက သိချင်စိတ်ဖြင့် ဖွင့်ကြည့်မိတော့ မခ ဝတ်နေကျ Brand နှင့် အဝတ်အစားများ၊ မခ အမြဲတန်း တဇတ်ဇတ် နှိုက်စားနေကျ အားလူးကြော်ဘူး၊ သိဟိုင်ဠစေ့လှော်ဘူးနှင့် မြေပဲဘူးများ၊ ချောကလက်များကိုတွေ့ရလေသည်။





မခသည် စားချင်စိတ်ဖြင့် သွားရည်ယိုလာသော်လည်း သူဝယ်လာသော ပစ္စည်းမို့ မပတ်သက်ချင်ဘဲ အသာပြန်ချမိစဉ် ...

“အဲဒါတွေ မင်းဖို့ ဝယ်လာတာ၊ ယူသွားပါ”

“မလိုပါဘူး”

မခက သူ့ရှေ့မှ အမြန်ဆုံး ထ,ထွက်မိပြီးမှ သူ့ကို ပြန်လှည့်ကြည့်လိုက်မိရင်း ...

“နေစမ်းပါဦး ... ရှင်ဟာ ရှင်မှ ဟုတ်ရဲ့လား”

“ဘာကိုလဲ ...”

“ရှင်ဟာ နယုန်မိုးမှ ဟုတ်ရဲ့လားလို့ ထင်ရအောင် အရမ်းဟန်ဆောင် ကောင်းနေတယ်လေ၊ ကျွန်မ တွန်းပစ်လိုက်တာကို ရှင် ဘယ်လိုမှ မနေဘူးလား”

သူက မခကို တစ်ချက် စွေကြည့်နေပြီးမှ ကျောခိုင်းကာ ရေချိုးခန်းဘက်သို့ ထွက်သွားလေသည်။

မခသည် သူ့ကို နည်းနည်းတော့ အံ့ဩစ ပြုလာ၏။



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

သူနဲ့ ပတ်သက်ပြီး အံ့သြစရာကောင်းသော ကိစ္စတွေကို မခ မကြာခင် သိခွင့်ရလာလေသည်။

တစ်နေ့တော့ သူက မခကို အသိပေးလာသည်။

"မနက်ဖြန်ကျရင် ကိုယ့် ဖေဖေနဲ့ မေမေတို့ရဲ့ ငွေရတု မင်္ဂလာ အမှတ်တရ ညှိခံပွဲရှိတယ်၊ ဖေဖေတို့ ခြံထဲမှာပဲ လုပ်မှာပါ၊ မင်း ဖေဖေနဲ့ မေမေကိုလည်း ဖိတ်ထားတယ်၊ ကိုယ်တို့လည်း သွားရမယ် ..."

မခသည် ငြင်းချင်သော်လည်း မငြင်းသာပေ ...။ ဖေဖေနဲ့ မေမေတို့လည်း လာမှာသေချာပြီး နယုန်မိုးရဲ့ မိဘတွေ ပွဲမို့ မခ မသွားလျှင် မေမေက ဆူပူမှာ သေချာသည်။ တစ်ခုခက်သည်မှာ လူအများကြီး အလယ်ကိုရောက်လျှင် မခ ကြောက်သည်းကိုက်မိမှာ စိုးတာပင်။ မူးနောက်လာမှာ ကြောက်တာပင်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာတော့ နယုန်မိုးကို ဒေါသတကြီး ရန်တွေ့ရလွန်းတာမို့ ဒေါသဖြင့်သာ မွန်နေကာ ခပ်ငြိမ်ငြိမ်ကလေး ထိုင်ပြီး လက်သည်း မကိုက်ဖြစ်တာ ကြာပြီ။

သို့သော် ဘယ်လိုပဲဖြစ်ဖြစ် သွားကိုသွားရမည့် ပွဲမို့ အဲဒီနေ့မှာ မခ သွားဖို့ ပြင်ဆင်ရလေသည်။ အပြင် မထွက်တာလည်း ကြာပြီမို့ မခက အပြင်သွားရမှာကို အရင်ကထက် ပို၍ ကြောက်နေသည်။

မခသည် အဖျားလေးတွေ ခွေလိမ်ကာ ပခုံးနား တစ်ဝိုက်မှာ ဝဲကျနေသော ဆံပင် ပျော့ပျော့လေးတွေကို ပင့်သိမ်းကာ ကပိုကရိုဆန်ဆန် ဆံထုံးမြင့်မြင့် ဖွာဖွာလေးကို ထုံးလိုက်ပြီး ပုလဲလုံးကလေး တစ်လုံးသာပါသည့် နားဆွဲ ရှင်းရှင်းကလေးကို ပန်လိုက်သည်။ ဇေဒါရောင်ဖျော့ဖျော့ လည်ပင်းကျယ်ကျယ် ဂါဝန် ရှင်းရှင်းလေး ဝတ်လျက် ကြိုးသိုင်းဖိနပ် မြင့်မြင့်ကလေးကို ဝတ်ပြီးသောအခါ မခရဲ့ ပြင်ဆင်မှုက ပြီးသွားသည်။ မျက်နှာကို တော့ ပြောင်ရှဲနေသော နှုတ်ခမ်းနီ ဖျော့ဖျော့ကလေး ဆိုးကာ ပုံမှန်အတိုင်း ပြင်ဆင်လိုက်သည်။ လက်ဝတ်လက်စား ဝတ်ဖို့ ဝါသနာမပါတာမို့ ဘာမှ ဝတ်မလာခဲ့ချေ။

မခသည် မေမေ ဆူမှာစိုးသဖြင့်သာ အထိုက် အလျောက် ပြင်ဆင်လာခဲ့ရသော်လည်း ဒီလို ဝတ်စားပြီး နယုန်မိုး





နှင့်အတူ ယှဉ်တွဲ ပွဲတက်ရမည့် အဖြစ်ကိုတော့ အလွန်ပဲ ခါးသည်း မိလေသည်။

သူကတော့ နီညိုရင့်ရောင် စတိုင်လ်ဘောင်းဘီနှင့် ရုပ်အင်္ကျီ ပန်းရောင် အစင်းကလေးဝတ်ကာ အနီခံပေါ်မှာ အဆင် ကလေးတွေပါသော နက်ခ်တိုင်ကို တပ်ထားသည်။ ဆံပင်ကိုတော့ ထုံးစံအတိုင်းပဲ ဂျဲလိမ်းကာ ထောင်ထားသည်။

အဲဒီညမှာတော့ မခသည် သူ့ကို မုန်းသော်လည်း သူနဲ့အတူ ယှဉ်တွဲကာ ပွဲတက်လာခဲ့ရသည်။ မခတို့ရဲ့ အိမ်တွင်း ရေးကို မသိရှာသော လူတချို့ကတော့ မခတို့ကို လိုက်ဖက်တဲ့ စုံတွဲရယ်လို့ အားကျစွာ လိုက်ကြည့်နေကြသည်။ အားမကျနဲ့ ရှင်ရေ ... ကျွန်မရဲ့ ဘဝက ဘယ်လောက် ဆိုးသလဲဆိုတာ ရှင် တို့မှ မသိကြဘဲ ...။

"ဒီမှာ .. ခဏနေဦး"

မခသည် ခြံဝင်းထဲ ဝင်လာပြီး အတွင်းပိုင်းကျကျ နားဆီ ... လင်းဖြာနေသော မီးရောင်အောက်က လူတွေ အများ ကြီးကို တွေ့လိုက်ရစဉ်မှာ ထုံးစံအတိုင်း ရှက်ရွံ့ တွန့်ဆုပ်လာကာ ခြေလှမ်းတွေကို ရုပ်ပစ်လိုက်သည်။ တစ်ယောက်တည်းလည်း ရုပ်ကျန်ခဲ့လို့ မဖြစ်တာမို့ နယုန်မိုး ကိုပါ လှမ်းခေါ်လိုက်ရပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ လူတွေ အများကြီးပဲ၊ ပြီးတော့ လူတွေအားလုံးက ကျွန်မ မသိတဲ့ တစိမ်းကြီးတွေ၊ ကျွန်မ မလိုက်ရဲဘူး၊ ဒီဘက်နား မောင်ရိပ်က လူရှင်းတဲ့နေရာမှာပဲ ကျန်ရစ်ခဲ့လို့ မဖြစ်ဘူးလား"

"မဖြစ်ဘူး … မင်းနဲ့ ကိုယ်က ဖေဖေနဲ့ မေမေရဲ့ အထူးဧည့်သည်ပဲ၊ မင်း ကြောက်တဲ့ အဲဒီ တစိမ်းကြီးတွေရှေ့မှာ ဖေဖေနဲ့ မေမေက မင်းကို သူတို့ ချွေးမလေးရယ်လို့ ပွဲထုတ်ကြမှာ၊ မင်း သူတို့ကို လက်ဆွဲ နှုတ်ဆက်ရမယ်၊ ရယ်ပြရမယ်၊ အာလာပ သလ္လာပ စကား ပြောရဦးမယ်"

"ဟာ … မဖြစ်နိုင်ဘူး၊ ကျွန်မ အဲဒီလို လုပ်ရဲမှာ မဟုတ်ဘူး"

"အားတင်းပြီး ကြိုးစားကြည့်ပေါ့၊ မရဲဘူးဆိုပြီး နေနေရင် နောက် ဘယ်တော့မှ လူတော မတိုးရဲဘဲ နေလိမ့်မယ်၊ မခ မေမေကလည်း ကိုယ့်ကို ဖုန်းဆက် ပြောထားတယ်၊ မခကို သတိပေးပြီး ဖေးဖေးမမခေါ်ခဲ့ပါတဲ့၊ ကိုယ့် သဘောကတော့ ဒီနေ့ကစပြီး မခကို လူတောတိုးရဲတဲ့ ပုံမှန် မိန်းကလေးတစ်ယောက် ဖြစ်အောင် လေ့ကျင့်ပေးချင်တယ်၊ ဒီလိုပဲ အရဲကိုးရင်း သတ္တိ ရှိသွားနိုင်တာပဲ၊ ဒါကြောင့် ဒီပွဲကို မခကို ခေါ်ခဲ့တာ"





"ရှင် ရှည်ရှည်ဝေးဝေးတွေ လာပြောမနေပါနဲ့၊ ကျွန်မကတော့ အခုကတည်းက အရမ်း စိတ်ကျဉ်းကြပ်နေပြီ"

မခသည် အသံတုန်တုန်ကလေးနှင့် ပြောလိုက်ပြီး ခဏမှာ လက်သည်း တကျိုကျိုကိုက်စ ပြုလာလေသည်။ ပြီးတော့ မခက ခေါင်းကို ငုံ့ချကာ ထိုနေရာမှ မရွေ့ဘဲ နေသည်။

"ကဲ … လာ"

"အို … ရှင် ဘာလာလုပ်တာလဲ"

"မင်း … လက်သည်းကိုက်မှာ စိုးလို့လေ"

နယုန်မိုးသည် မခရဲ့ လက်သည်း ကိုက်နေသော လက်ကို ရုတ်တရက် ဆွဲယူကာ သူ့ချိုင်းကြားမှာ ညှပ်လိုက်ပြီး ဆက်လျှောက်သွားရာ မခမှာ မရုန်းနိုင်ဘဲ သူနှင့်အတူ ကိုးလို့ကန့်လန့် ပါသွားသည်။ သူကတော့ ပြုံးပြုံးကလေးပင် ရှေ့တူရူသို့ ကြည့်သွားသည်။ မခ ဖြစ်နေပုံကို မသိချင်ယောင်ဆောင်၍ နေသည်။ မခသည် လူကြားထဲမှာမို့ ကလန်ကဆန်လည်း မလုပ်ရဲ။ လက်သည်းကိုက်နေကျ လက်ကိုလည်း သူ့ ချိုင်းကြားမှာ ခပ်တင်းတင်း ညှပ်ခံထားရသည်။

"ဟော … သားနဲ့ သမီးတော်လာပြီ၊ ကြည့်စမ်း … သမီးလေးက ရှင်းရှင်းလေးနဲ့ သိပ်လှတာပဲကွယ်"

နယုန်မိုးရဲ့ မိဘတွေက မခကို ချစ်ခင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆီးကြိုလိုက်ကြသည်။ သူတို့ရဲ့ ချစ်ခင်မှုကိုတော့ မခက လက်မခံဘဲ နေလို့ မရချေ။ နယုန်မိုးကို မုန်းသော်လည်း သူ့ မိဘတွေကိုတော့ မခက လေးစားရသည်။

"ဒါက ကျွန်မတို့ရဲ့ ချွေးမကလေး နှင်းမခတဲ့ရှင် ..."

နယုန်မိုးရဲ့ မေမေက မခရဲ့ လက်ကလေးဆွဲပြီး လူတကာကို မိတ်ဆက်ပေးလျက် ရှိသည်။

မခသည် ကမ်းလာသော လက်တွေကို အလိုက်သင့် ဆွဲ နှုတ်ဆက်ကာ ပြုံးရယ်ပြရင်း ခေါင်းထဲက တရိပ်ရိပ်မူးလာကာ ဒူးတွေတုန်နေသည်။ နယန်မိုးက မခနားကပ်ကာ တီးတိုး သတိပေးလျက်ရှိသည်။

"မင်း မူးလဲလို့ မဖြစ်ဘူးနော်၊ အားတင်းထား၊ မင်းဟာ လူတစ်ယောက်ပဲ၊ လူဆိုတာ လူတောတိုးရမယ်၊ လူတွေနဲ့ ပြေပြေချောချော တည်တည်ငြိမ်ငြိမ် ဆက်ဆံတတ်ရမယ်၊ ဘာမှ ကြောက်စရာ မရှိဘူး၊ မူးလဲသွားရင်သာ လူတွေ အများကြီးထဲမှာ အရမ်း ရှက်စရာကောင်းမှာ ..."

မခသည် နားထဲဝင်လာသော စကားလုံးတွေကို နာခံမှန်း မသိ နာခံကာ အားတင်းထားရသည်။ ရင်ထဲမှာတော့ တလှပ်လှပ် တုန်ရင်နေပါသည်။

အံ့ဩစရာ ကောင်းစွာပင် အဲဒီနေ့က ပွဲပြီးသည်





အထိ မခ အဆင်ပြေပြေ နေနိုင်သွားသည်။ ဖေ…ခနေတာလိုပဲ လည်း မခအတွက် ဝမ်းသာနေကြပြီး သူ့ကိုတေ…းအိပ်တော့မယ်၊ သဖွယ် ချီးမွမ်းခန်း ဖွင့်ကြသည်။

"Carry on မောင်မိုး၊ မင်း ဒီပုံအတိုင်း ဆက်…တော့ သူက ပေးသွားရင် ဦးသမီးရဲ့ Social phobia ပျောက်သွာ…

"အို ... ဒါက မခ ဘာသာ အားတင်းလို့သာ အဆ… သွားတာပါ၊ ဘယ်သူ ကူညီလို့မှ မဟုတ်ပါဘူး"

"အဲဒီလို အားတင်းနိုင်အောင် မောင်မိုးက နောက်ကနေ လိုက်သတိပေးနေရတာ မဟုတ်လား"

မေမေတို့ကတော့ မခ ဘာပြောပြော သူ့ကိုသာ …သဘောအကျကြီး ကျနေသည်။ သူက ဘယ်လိုအကြံနဲ့ ဘယ် …လောက် ဖားထားတယ်မှ မသိဘဲ။

အံ့ဩရသည်မှာ လူတကာက နယုန် …ကို ချစ်ခင်ကြခြင်း ဖြစ်သည်။ လူကြီးတွေရော လူငယ်တွေရော …လေးတွေကပါ သူ့ကို လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ကြသည်။ …ဆန်းတာက အဲဒီပွဲဟာ ဂုဏ်သရေရှိ လူချမ်းသာတွေချည်း …ာ တက်ရောက်သည့်ပွဲ မဟုတ်ဘဲ ဝန်ထမ်း အလုပ်သမား …မ်းနွမ်းပါးပါးလေးတွေပါ ပျော်ရွှင်စွာ တက်ရောက်ကြသောပွဲ …ဖြစ်သည်။ သူက အလုပ်သမား ဝန်ထမ်းတွေနှင့်လည်း အဲ့…



www.burmeseclassic.com

www.burmeseclassic.com



ဆီးကြိုလိုက်၊
မခံဘဲ နေလို့ မ ပြာနေသလို ကလေးတွေနှင့်လည်း တရုန်းရုန်းဆူည
ကိုတော့ မခက ပ်မောနေသေးသည်။
"ဒါက အဒေါ်ကြီး တစ်ယောက်ကတော့ သူ့ကို လှမ်းကြည့်
၃. ပြုံးပြရင်း ...
လူတ "ဖိုးယုန်ကလေးက အပေါ်ယံ ဂျစ်ကန်ကန်လေးလို့ ထင်
ပေမယ့် စိတ်ရင်းက သိပ်ကောင်းတာကွယ့်၊ ကူညီတတ်
တယ်၊ အဆင့်အတန်း မခွဲဘူး၊ ကလေးတွေဆို သူ့ကို
သိပ်ချစ်ကြတာ၊ တစ်ခါတစ်လေ ဆင်းရဲတဲ့ ကလေးတွေ
ခေါ်ပြီး ကစားကွင်းကို လိုက်ပို့ပေးတယ်၊ ကစားစရာတွေ
မဲဖောက်ပေးနဲ့ ပျော်နေတာပဲ"

သူလို လူယုတ်မာက အဲဒီလိုဆိုတာ မခ ယုံတော
မယုံချင်ပေ။

အဲဒီညက အိမ်ပြန်ရောက်တော့ မခရဲ့ တင်းထား
သော စိတ်တွေ ပျော့ခွေညွတ်ကျ သွားသည်။ မခသည် အိမ်
ဆိုဖာရှည်ပေါ်မှာ အရုပ်ကြိုးပြတ် ခွေခွေလေး လှဲချလိုက်မိသည်။

မခံသည် မောပန်းနုံးချိလွန်းတာမို့ သံပရာရည် အေး
အေးလေးတစ်ခွက် သောက်လိုက်ချင်သည်။ သို့သော် ကိုယ်
ကတော့ ထ,မဖျော်နိုင်။ ဒင်းကိုလည်း စကား မပြောချင်
အောင့်အည်းနေရသည်။





"ရှင် ဘာတွေပဲပြောပြော အဲဒါတွေဟာ ညာနေတာလို့ပဲ
ကျွန်မ ယူဆတယ်၊ ကဲ ... ကျွန်မ သွားအိပ်တော့မယ်၊
ကျွန်မ ရှင့်ကို သိပ်မုန်းတယ်"

မခက အခန်းဘက်သို့ လျှောက်လာခဲ့တော့ သူက
ဘိတ်ဆိတ်ငွာပင် ကျန်ရစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သွားပဲ၊ ပြီးတော့ လေးလေးရုံးခန်းမှာလည်း လူမှ သိပ် မများတာ၊ ခဏလေးပဲကွာ၊ လာပါ ...”

အမှန်တကယ်လည်း လူရှင်းနေတာမို့ မခက တွန့်ဆုတ်ဆုတ်နှင့်ပင် ကားပေါ်မှ ဆင်းလာခဲ့သည်။

“ရှင့် ဦးလေးက ရုပ်ရှင်ရုံ မန်နေဂျာ ဟုတ်လား၊ တစ်ခါမှ ပြောသံ မကြားဖူးပါဘူး”

မခက မယုံသင်္ကာစွာဖြင့် မေးတော့ နယုန်မိုးက မင်သေသေဖြင့် ...

“သူ ဒီမှာလုပ်တာ သိပ်မကြာသေးဘူးလေ ...”

ဟု ဖြေသည်။

မခတို့က လူရှင်းနေသော လှေကားအတိုင်း အပေါ်ထပ်သို့ တက်လာခဲ့သည်။ သူက မခကို အပေါ်ထပ် လှေကားနားက ရောင်စုံခုံလေးတွေမှာ ထိုင်ခိုင်းလိုက်ပြီး ...

“ဒီမှာ ခဏလေး ထိုင်ဦးနော်၊ ရုံးခန်းတံခါးက ပိတ်ထားတယ်၊ ဟိုနား ဒီနား သွားသလား မသိဘူး၊ ကိုယ် သွားရှာကြည့်လိုက်ဦးမယ်၊ အဲ ... ဟိုလေ ကိုယ် Toilet လည်း ခဏဝင်မှာဆိုတော့ နည်းနည်းတော့ ကြာမယ်နော်”

သူက ပြောပြောဆိုဆိုဖြင့် မခရှေ့မှ လှစ်ခနဲ ထွက်သွားတော့သည်။

ပုညခင် စာအုပ်တိုက်



မခ ထိုင်စောင့်နေတာ နည်းနည်းကြာလာတော့ စိတ်ထဲမှာ သင်္ကာမကင်းသလို ခံစားလိုက်ရသည်။

ထိုခဏမှာ ရုပ်ရှင်ရုံ အခန်းတံခါးတွေ ပွင့်လာတာ တွေ့လိုက်ရသည်။ ရုပ်ရှင်ပြီးပြီ။ ဒါဆို လူများပြီပေါ့။ မခသည် စိုးရိမ်လာမိသော်လည်း Toilet သွားသော ကျားအိမ်သာရှေ့သွားပြီး သူ့ကို မခေါ်ရဲချေ။

ရုပ်ရှင်လွှတ်ပြီး တစ်ပြိုင်နက်တည်းလိုလိုမှာပင် လူအတော်များများ ရုပ်ရှင်ရုံ အပေါ်ထပ်သို့ ရောက်လာသည်။ အောက်ဘက်သို့ ငုံ့ကြည့်လိုက်တော့လည်း နာမည်ကြီးကားမို့ လူတွေ ပွတ်ကြပ်ညပ်နေသည်။

မခသည် ရင်တဒိတ်ဒိတ် ခုန်လာကာ မခကို နယုန်မိုး လုပ်ကြံသွားပြီဖြစ်ကြောင်း နားလည်လိုက်သည်။ ဒီလူအုပ်ကို တိုးဝှေ့ပြီး မခ အပြင်သို့ ထွက်မှရမည်။

မခက ဒူးတုန်ချင်သော်လည်း ကြိုးစား၍ မတ်တတ်ထရပ်လိုက်သည်။ မျက်လုံးတွေကို ခဏ မှိတ်ထားကာ အသက်ကို ဝအောင် ရှူလိုက်သည်။ မခသည် လှေကားထိပ်မှာ ခဏရပ်တုံ့ ဒူးတုန်နေမိသေးသည်။ သို့သော် ကြိုးစားအားမွေးကာ လှေကားအတိုင်း ဆင်းလာခဲ့သည်။ တိုးရမှာ ကြောက်နေလို့ မဖြစ်တော့တာမို့ ကြပ်ညပ်နေသော လူအုပ်ကြီးကို မခက အားကုန် တိုးထွက်လာခဲ့လေသည်။

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

❁ ❁ ❁

အဲဒီနေ့ရဲ့ နောက်ပိုင်းကစလို့ သူက မခကို အမျိုးမျိုး အခက်တွေ့အောင် လုပ်ဆောင်ခဲ့တာ ဖြစ်သည်။

တစ်ရက်မှာ သူက မခကို မမေတို့အိမ်သို့ ပို့ပေးမည်ဟု ပြောကာ ကားမောင်းလာရင်း ကားကို ရုပ်ရှင်ရုံရှေ့မှာ ရပ်လိုက်လေသည်။ မခက သူ့ကို လှမ်းကြည့်မိရင်း ...

"ဘာဖြစ်လို့ ဒီမှာရပ်တာလဲ"

"ဒီ ရုပ်ရှင်ရုံက မန်နေဂျာက ကိုယ့်ဦးလေးလေ၊ သူက ဒီဘက်ကိုရောက်ရင် သူ့ဆီ ဝင်ပါလို့ ပြောထားတာ သတိရ လို့ ခဏပဲဖြစ်ဖြစ် ဝင်နှုတ်ဆက်လိုက်ရအောင်"

"ရုပ်ရှင်ရုံဆိုတာ လူတွေအများကြီး ရှိနေမှာပေါ့၊ မဝင်ချင်ပါဘူး"

"ရုပ်ရှင်ပြနေတဲ့ အချိန်ကြီးလေ၊ မတွေ့ဘူးလား၊ [illegible]ရှင်း



www.burmeseclassic.com

www.burmeseclassic.com



သားပဲ၊ ပြီးတော့ လေးလေးရုံးခန်းမှာလည်း လူမှ သိပ် မများတာ၊ ခဏလေးပဲကွာ၊ လာပါ ...”

အမှန်တကယ်လည်း လူရှင်းနေတာမို့ မခက တွန့်ဆုတ်ဆုတ်နှင့်ပင် ကားပေါ်မှ ဆင်းလာခဲ့သည်။

“ရှင့် ဦးလေးက ရုပ်ရှင်ရုံ မန်နေဂျာ ဟုတ်လား၊ တစ်ခါမှ ပြောသံ မကြားဖူးပါဘူး”

မခက မယုံသင်္ကာစွာဖြင့် မေးတော့ နယုန်မိုးက မင်သေသေဖြင့် ...

“သူ ဒီမှာလုပ်တာ သိပ်မကြာသေးဘူးလေ ...”

ဟု ဖြေသည်။

မခတို့က လူရှင်းနေသော လှေကားအတိုင်း အပေါ်ထပ်သို့ တက်လာခဲ့သည်။ သူက မခကို အပေါ်ထပ် လှေကားနားက ရောင်စုံခုံလေးတွေမှာ ထိုင်ခိုင်းလိုက်ပြီး ...

“ဒီမှာ ခဏလေး ထိုင်ဦးနော်၊ ရုံးခန်းတံခါးက ပိတ်ထားတယ်၊ ဟိုနား ဒီနား သွားသလား မသိဘူး၊ ကိုယ် သွားရှာကြည့်လိုက်ဦးမယ်၊ အဲ ... ဟိုလေ ကိုယ် Toilet လည်း ခဏဝင်မှာဆိုတော့ နည်းနည်းတော့ ကြာမယ်နော်”

သူက ပြောပြောဆိုဆိုဖြင့် မခရှေ့မှ လှစ်ခနဲ ထွက်သွားတော့သည်။





မခ ထိုင်စောင့်နေတာ နည်းနည်းကြာလာတော့ စိတ်ထဲမှာ သင်္ကာမကင်းသလို ခံစားလိုက်ရသည်။

ထိုခဏမှာ ရုပ်ရှင်ရုံ အခန်းတံခါးတွေ ပွင့်လာတာ တွေ့လိုက်ရသည်။ ရုပ်ရှင်ပြီးပြီ။ ဒါဆို လူများပြီပေါ့။ မခသည် နိုးရွှလာမိသော်လည်း Toilet သွားသော ကျားအိမ်သာရှေ့သွားပြီး သူ့ကို မခေါ်ရဲချေ။

ရုပ်ရှင်လွှတ်ပြီး တစ်ပြိုင်နက်တည်းလိုလိုမှာပင် လူအတော်များများ ရုပ်ရှင်ရုံ အပေါ်ထပ်သို့ ရောက်လာသည်။ အောက်ဘက်သို့ ငုံ့ကြည့်လိုက်တော့လည်း နာမည်ကြီးကားမို့ လူတွေ ပွတ်ကြပ်ညပ်နေသည်။

မခသည် ရင်တဒိတ်ဒိတ် ခုန်လာကာ မခကို နယုန်မိုး လှပ်ကြံသွားပြီဖြစ်ကြောင်း နားလည်လိုက်သည်။ ဒီလူအုပ်ကို တိုးဝှေ့ပြီး မခ အပြင်သို့ ထွက်မှရမည်။

မခက ဒူးတုန်ချင်သော်လည်း ကြိုးစား၍ မတ်တတ်ထရပ်လိုက်သည်။ မျက်လုံးတွေကို ခဏ မှိတ်ထားကာ အသက်ကို ဝအောင် ရှူလိုက်သည်။ မခသည် လှေကားထိပ်မှာ ခဏရပ်တုံ့ ဒူးတုန်နေမိသေးသည်။ သို့သော် ကြိုးစားအားမွေးကာ လှေကားအတိုင်း ဆင်းလာခဲ့သည်။ တိုးရမှာ ကြောက်နေလို့ မဖြစ်တော့တာမို့ ကြပ်ညပ်နေသော လူအုပ်ကြီးကို မခက အားကုန် တိုးဝှေ့ လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လှုအုပ်ရဲ့ အပြင်ရောက်တော့မှ မခမှာ မောဟိုက်တုန်ရင်နေသည်။ ထိုခဏမှာ မခရှေ့သို့ ရေသန့်ဘူးတစ်ဘူး ရောက်လာသည်။

"ရော့ ... မခ မောနေတယ် မဟုတ်လား၊ ရေနည်းနည်း သောက်လိုက်ဦး"

နယုန်မိုးက မခကို ရေသန့်ဘူး လှမ်းပေးလိုက်ရင်း ခပ်တည်တည် စောင့်ကြို့နေသည်။ မခသည် သူ့လက်ထဲက ရေသန့်ဘူးကို ဆွဲယူလွှင့်ပစ်လိုက်မိရင်း ...

"ရှင် ... ဒါ ဘာသဘောလဲဟင်၊ ရှင် ကျွန်မကို သက်သက် ဒုက္ခပေးရမှ ကျေနပ်သလား"

"စက်ဘီးစီးသင်တာပဲ ဖြစ်ဖြစ်၊ ကားမောင်းသင်တာပဲ ဖြစ်ဖြစ် တစ်ခုခုကို ကျွမ်းကျင်အောင် သင်ပေးရင် ပထမတော့ အနားက သင်ပေးတဲ့လူက လိုက်ရတယ်၊ နောက်ကျတော့ ပိုပြီး ကျွမ်းကျင် ရဲရင့်စေချင်ရင် တစ်ယောက်တည်း လွှတ်ပေးလိုက်ရတယ်၊ ဒါမှ အမှီအခို မပါဘဲ စွမ်းဆောင်တတ်သွားမှာပေါ့၊ ရေကူးဖို့ ကြောက်နေတဲ့သူကိုတောင် ရေထဲတွန်းချလိုက်ရင် သူ့ဘာသာ ယက်ကန် ယက်ကန်နဲ့ ကူးတတ်သွားတယ်လို့ ကိုယ် ကြားဖူးတယ်"

"အပိုတွေ ပြောမနေနဲ့၊ ဒါ ... ရှင် ကျွန်မကို သက်သက် ဒုက္ခပေးတာပဲ"





"ဒုက္ခပေးတာ မဟုတ်ပါဘူး၊ လေ့ကျင့်ပေးတာပါ၊ ဒီလို သာ ခဏခဏ လေ့ကျင့်ပေးရင် မခ မကြာခင် လူထဲသူထဲ ရဲရဲရင့်ရင့် သွားတတ်လာမှာ သေချာတယ်"

"ဘာ ... ခဏခဏ လေ့ကျင့်ပေးဦးမယ် ဟုတ်လား"

"ဟုတ်တယ် ..."

"ရှင် ... ရှင် နောက်တစ်ခါ လုပ်ရဲ လုပ်ကြည့်"

"ဘာ လုပ်မှာလဲ"

"သတ်ပစ်မှာ ... သတ်ပစ်မှာ"

မခက ဆွေ့ဆွေ့ခုန်နေသလောက် သူက အေးအေး ဆေးဆေး ရှိလှပါသည်။

သူက သူ့အကြံကို အလွယ်တကူ လက်လျှော့တတ်သူ မဟုတ်ချေ။ မကြာခဏ ဆိုသလို မခကို လူတွေအများကြီးထဲ ရောက်သွားအောင် ဖန်တီးခဲ့သည်။ ကစားကွင်းတွေထဲ ခေါ်သွားပြီး အလစ်မှာ မခကို တစ်ယောက်တည်း ထားပစ်ခဲ့ပြီး သူက အထွက်ပေါက်ဝနားကနေ သွားစောင့်နေတတ်သည်။ ထိုသို့ ကြုံရတိုင်း မခက ဒေါသဖြစ်ကာ သူ့ကို အမျိုးမျိုး ပြောဆို ရန်လုပ် မိတတ်သည်။

သူက မင်္ဂလာဆောင်များ၊ ညစ်ခံပွဲများသို့ မခကို ခေါ်သွားကာ လူတွေ အများကြီးကြားထဲမှာ တစ်ယောက်တည်း ထားပစ်ခဲ့တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖြစ်မျိုးကို ခဏခဏ ကြုံရပါ များလာသော အခါ မခရဲ့ ကြောက်စိတ်တွေလည်း တဖြည်းဖြည်း လျော့ကျလာရတော့သည်။

တနင်္ဂနွေ တစ်ရက်မှာတော့ သူက မခကို ကစားကွင်း တစ်ကွင်းသို့ ခေါ်သွားပြီး ထုံးစံအတိုင်း ကြံစည်ပြန်သည်။ တနင်္ဂနွေနေ့မို့ ကစားကွင်းထဲမှာ ကလေးရော လူကြီးပါ ရှုပ်ထွေးနေသည်။ မခသည် ပထမတော့ ကြောက်သလိုလို ရှိသော်လည်း အားတင်းထားရင်းကပင် စိတ်ထဲ ပေါ့ပါးလာသည်။ ရိုလာကိုစတာ စီးသူများဆီက ဟေးခနဲ ဝါးခနဲ အော်သံတွေကြားရတော့ ပိုပြီး ပျော်ရွှင်တက်ကြွလာသည်။

မခသည် နယုန်မိုးကို အပူတပြင်း ရှာချင်စိတ် မရှိတော့ဘဲ အေးအေးဆေးဆေး ရေခဲမုန့် ဝယ်စားကာ တစ်ယောက်တည်း လျှောက်ကြည့်နေလိုက်သည်။ ပြီးတော့ အရဲကိုးကာ ရိုလာကိုစတာ ဝင်စီးရင်း ပို၍ ပျော်လာသည်။ မခသည် တစ်မျိုးပြီး တစ်မျိုး လိုက်ကစား၍ အားရတော့မှ အေးအေးဆေးဆေး ထွက်လာလေသည်။

သူ့ကိုတွေ့တော့ မခက အရင်ဦးအောင် စီးပိုးပြီး ပြောလိုက်သည်။

"မဆိုးပါဘူး၊ ရှင့်အကြံအစည်က အထမြောက်သားပဲ၊





ကျွန်မ အခု လူ မကြောက်တတ်တော့ဘူး၊ တစ်ယောက်တည်း သွားတတ်လာပြီ၊ နောက်ဆို ရှင်မပါဘဲ ကျွန်မ သွားချင်တာ လျှောက်သွားလို့ ရပြီ၊ ဒီ အခွင့်အရေးကို ကောင်းကောင်း အသုံးချရမယ်"

"သတိတော့ ထားပေါ့၊ တော်ကြာ တစ်ယောက်တည်း လျှောက်သွားရင်း လက်သည်းကိုက်ကိုက်နေရင် သူများတကာ ဝိုင်းရယ်တာ ခံရဦးမယ်"

သူက ခပ်ငေါ့ငေါ့ ပြောလေသည်။

မခသည် သွားရဲ လာရဲပြီဖြစ်သော်လည်း လက်သည်းကိုက်သည့် အကျင့်ကိုတော့ တော်တော့်ကို သတိထား ထိန်းသိမ်း နေခဲ့ရသည်။

တစ်နေ့တော့ မခသည် ဧည့်ခန်းထဲမှာ ထိုင်ကာ တစ်ယောက်တည်း ငေးငိုင်တွေဝေနေရင်း အမှတ်တမဲ့ ဖြစ်သွားကာ လက်သည်းလေးကို ကိုက်နေမိသည်။

ထိုစဉ် မခရဲ့ လက်ကို ဆွဲယူခံလိုက်ရသည်။ မခ လန့်သွားကာ ငုံ့ကြည့်မိတော့ နယုန်မိုးက မခရဲ့ လက်မက လက်သည်းလေးကို လက်သည်းညှပ်ဖြင့် တိတိပပ ဖြစ်အောင် ညှပ်လျက် ရှိလေသည်။ မခက လက်ကို ပြန်ရုန်းရင်း ...

"ဒါ ... ဘာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်ငြိမ်နေ … လက်ကို ထိသွားဦးမယ်၊ ဒီလက်သည်းက ဒီလောက်တိုတိုနေမှ တန်ရုံကျမယ်၊ မင်းပဲ စဉ်းစားကြည့် စမ်းကွာ၊ လက်သည်း ကိုက်တယ်ဆိုတာ ဘယ်လောက် ရွံ့စရာကောင်းလဲ၊ လက်သည်းထဲမှာက ကြေး(ချီး)တွေ ဝင်ချင်ဝင်နေမှာ၊ အဲဒါကို မင်းက သွားနဲ့ တကျိုကျို ကိုက် နေတော့ လက်သည်းထဲက ကြေး(ချီး)တွေကို ခြစ်ချသလို ဖြစ်ပြီး ပါးစပ်ထဲတွေ ဝင် …"

"ရှင်နော် … ရွံစရာ မပြောနဲ့ …"

"မင်းက ရွံစရာ လုပ်နေတာကိုး၊ အဲဒီ ကြေးတွေထဲမှာ သန်ကောင်တွေ ပါလာတော့ ဗိုက်ထဲရောက်ပြီး သန်ကောင် တွေဖြစ် …"

"ရှင့်ပါးစပ် ပိတ်ထားနော်"

"သံကောင်တွေ ဖြစ်တော့ ဗိုက်ကြီးကပူ …"

"တော်တော့ …"

မခက လက်ကို ပြန်ရုန်းကာ နားနှစ်ဖက်ကို ပိတ် ထားလိုက်သည်။ သူက တဟီဟီ ရယ်ရင်းက ပါးစပ်နားမှာ လက်နှစ်ဖက်ကို အော်လံဝလို တော့ကာ အော်ပြန်သည်။

"ဗိုက်ကြီးက ပူလာပြီး သံကောင်တွေက ထိုး …"

"တော်တော့လို့ ပြောနေတယ်နော်"





"သံကောင်တွေက ထိုးတော့ ဗိုက်ကအောင့် …"

"နယုန်မိုး …"

"သံချတော့ အထွေးလိုက်ကျ …"

"ရှင် သေလိုက် … ရှင် သေလိုက် …"

သူက အော်ဟစ်ပြောနေရာမှ တဟားဟား အော် ရယ်လိုက်လေသည်။ ပြီးတော့ မခကို ပြုံးစေ့စေ့ကြည့်ရင်း …

"နောက်ကို မင်း လက်သည်းကိုက်တော့မယ် ဆိုရင် ကိုယ် ပြောထားတာလေးတွေကို ပြေးသတိရလိုက်ပေါ့ကွာ …"

ဟု ပြောကာ မီးဖိုချောင်ထဲ ဝင်သွားလေသည်။

မီးဖိုချောင်ထဲမှာ သူ့စိတ်တိုင်းကျ ချက်ပြုတ် စား သောက်နေဦးတော့မှာပေါ့။

ခဏကြာသောအခါ ဟင်းနံ့ကလေးက မွှေးလာတာ မို့ မခသည် စားချင်စိတ်ဖြင့် သွားရည်ယို၍ လာရလေသည်။

မခ ထမင်းစား မကောင်းတာ ဘယ်လောက်ကြာပြီ လဲ …။ သူနဲ့ မပတ်သက်ချင်တာမို့ သူချက်သမျှကို မစားဘဲ သွန်ပစ်နေရသော်လည်း ဟင်းနံ့ကလေး မွှေးလာတိုင်း စားချင်စိတ် ပေါ်လာရမြဲ ဖြစ်သည်။ မခ တစ်နေ့ တစ်နေ့ စားနေရသော အရည်မပါ ဘာမပါ အခြောက်အခြမ်းထုပ်တွေကိုလည်း ကြာတော့ ခံတွင်း မတွေ့နိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



မသည် ခြေကို ဖွနင်းကာ မီးဖိုချောင် အပေါက်ဝသို့ သွားရပ်ရင်း အတွင်းသို့ ချောင်းကြည့်လိုက်လေသည်။

စားပွဲပေါ်မှာ တင်ထားသော ဟင်းပန်းကန်များကို တွေ့သောအခါ မခက ဂလုခနဲ တံတွေး မျိုချလိုက်မိသည်။

"လာမျှော်မနေနဲ့၊ စားချင် လာယူစား ..."

"အမယ် ..."

နယုန်မိုးက မခကို ကျောခိုင်း ထားလျက်ကပင် လှမ်းပြောလိုက်တာမို့ မခ ရှက်သွားသည်။ သို့သော် ဟန်ကိုယ့်ဖို့ ဆိုသလို မျက်နှာထားကို တင်းထားရင်းက မီးဖိုချောင်ထဲသို့ ဝင်လာကာ ...

"ဒါက ဘယ်လိုရောင်းသလဲ ..."

"ဘာကို မေးတာလဲ ..."

သူက မခကို လှည့်ကြည့်ရင်း မေးသည်။ ရုပ်ကိုက ပြုံးစေ့စေ့နဲ့ ...

"ရှင့်ဟင်းကို ဝယ်စားမလို့လေ ... တစ်ပွဲ ဘယ်လောက် ပေးရမလဲ"

"မဆိုးဘူး ... အိမ်နေရင်း ထမင်းဆိုင် ဖွင့်စားရင်တောင် တော်တော် အဆင်ပြေမယ်"

"မေးတာပဲ ဖြေပါ"





"အင်း ... ဘယ်လို ပြောရမလဲဆိုတော့ လမ်းဘေးမှာ စားတယ်လို့ သဘောထားရင် အဝစား ၅၀၀၊ နေပြည် ဒေါ်စောရီ ဆိုင်မှာ စားတယ်လို့ သဘောထားရင် ဒီဟင်းတစ်ပွဲကို ၈၀၀ ၊ စားသောက်ဆိုင်မှာလို့ ... ဟိုတယ်မှာလို သဘော ထားရင်တော့ တစ်ပွဲ သုံးထောင် ..."

"ထမင်းချိုင့် ဆွဲစားမယ်လို့ သဘောထားမယ်၊ တစ်လ လုံးမှ သုံးသောင်းပဲ ပေးနိုင်မယ်"

သူမက ခပ်တည်တည်ပြောပြီး ပိုက်ဆံ သုံးသောင်း သွားယူလာကာ သူ့ရှေ့မှာ ချပေးလိုက်သည်။ ပြီးတော့ ရေခဲသေတ္တာဘက်သို့ မျက်စောင်းထိုး ကြည့်ရင်း ...

"ဟိုနေ့က ဝယ်လာတဲ့ မုန့်တွေကိုရော ပြန်ရောင်းဦး မလား"

"နှစ်ဆ ပိုပေးရင် ရောင်းမယ်"

"ကောင်းပြီ ... ပေးမယ်၊ အားလူးကြော် တစ်ဘူး ဝယ်လိုက်မယ်"

"အဲ့ဒါ ၃၂၀၀ ပေးရတယ်နော်၊ မင်း ပြန်ဝယ်ရင် ၆၄၀၀ ကျမယ်"

"ရတယ် ... ကိစ္စမရှိဘူး၊ ကျွန်မမှာ မေမေ ပေးထားတဲ့ မုန့်ဖိုးတွေ အများကြီး ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



မခသည် ထိုသို့သောနည်းဖြင့် စားဖို့သောက်ဖို့ ကိစ္စကို ဖြေရှင်းလိုက်သည်။

နနယုန်မိုးကတော့ မခကို ကျောခိုင်းထားရင်း ကျိတ်ရယ်နေမိလေသည်။



အနည်းငယ် သွေးအေးနေသော မခရဲ့ ဒေါသစိတ်သည် တစ်ခုသော စနေနေ့ မနက်ခင်းမှာ ပြန်လည်၍ ထ,ကြွလာခဲ့ရသည်။

ထိုနေ့မနက် ၆ နာရီလောက်မှာ ဖုန်းသံကြောင့် မခ အိပ်ရာမှ နိုးလာသည်။ နယုန်မိုး ဖုန်းကိုင်လိမ့်မည်ဟု တွေးကာ မခက ဖုန်းမကိုင်ဘဲ ဆက်အိပ်နေသည်။ သို့သော် ဖုန်းသံက ဆက်မြည်နေပါသည်။

နယုန်မိုးများ ရေချိုးခန်း ဝင်နေသလားဟု တွေးကာ မခက အိပ်ချင်မူးတူးဖြင့် ဖုန်းကိုင်လိုက်ရသည်။

"ဟဲလို ... အမိန့်ရှိပါရှင်"

"အခု ဖုန်းကိုင်တာ ဘယ်သူပါလဲ ..."

ဟင် ... ဘယ်လိုကြီးပါလိမ့်ဟု တွေးကာ မခ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေ ကျယ်လာသည်။ အဲ့ဒီ မိန်းမရဲ့ အသံက တော်တော်ဩဇာပါသည်။ သူ့အိမ်ကို သူ ပြန်ဆက်နေသလိုမျိုး ပိုင်စိုးပိုင်နိုင်ရှိလှသည်။

"ကျွန်မ ဒီအိမ်ရှင်ပါ"

"ဩော် ... နှင်းမခကိုး ... တို့က နယုန်မိုးရဲ့ ချစ်သူပေါင်းပဲ ပြောပါတော့ ..."

မခသည် တစ်ဖက်က ခနဲ့တဲ့တဲ့ အသံကို အသည်းယားသွားရပါသည်။ မခက ဒေါသကို ထိန်းကာ ...

"နယုန်မိုးကို ခေါ်ပေးရမလား

"အံမယ် ... တယ်လည်း သဘောထား ကြီးပါလား၊ ဟင်းဟင်း ... ခေါ်ပေးဖို့ မလိုပါဘူး၊ တို့က နှင်းမခနဲ့ပဲ စကားပြောချင်တာပါ၊ နှင်းမခကို မိန်းကလေးချင်း စာနာပြီး သတိပေးချင်တာပါ ...

"ခုချိန်မှာ နယုန်မိုးလို အရှမ်းချမ်းသာတဲ့ သူဌေးသား တစ်ယောက်ကို ရပြီဆိုပြီး ပျော်မနေနဲ့လို့ သတိပေးချင်တယ်လေ၊ နယုန်မိုးရဲ့ ဗီဇက အိမ်ထောင်ကျသွားလည်း ပျောက်ပျက်သွားမှာမှ မဟုတ်တာ၊ သူ့မှာ ဇာတ်လမ်းတွေက အများကြီးပဲ၊ နောက်ဆိုရင် နှင်းမခက အမည်ခံဇနီး အဖြစ်လောက်နဲ့ပဲ အိမ်ထဲမှာ ကုပ်နေရတော့မှာ သေချာတယ်"





တစ်ဖက်က ရယ်သံ တဟင်းဟင်း ထွက်နေဆဲ မခက ဖုန်းကို ဂွပ်ခနဲမြည်အောင် ချပစ်လိုက်သည်။ ချက်ချင်းပင် ဖုန်းသံ ပြန်မြည်လာတာမို့ မခ ကောက်ကိုင်လိုက်တော့ ...

"ရှင်ကတော့ နယုန်မိုး ဇနီးဘဝကို ဘယ်လိုခံယူထားသလဲ မသိဘူး၊ အားလုံးကတော့ ရှင့်ကို ဝိုင်းပြီး သနားနေကြတယ်"

မခက ဖုန်းချပစ်လိုက်ပြီး ပလပ်ကိုပါ ဖြုတ်ပစ်လိုက်ရင်း ရင်ထဲမှာ တဒိုင်းဒိုင်း ဆောင့်ခုန်လာသည်။ ဘာ့ကြောင့်မှန်း မသိဘဲ ချောက်ချားလာသည်။ အဆုံးမှာတော့ ဝမ်းနည်း နာကျင်၍ လာလေသည်။

ဒီလူနဲ့ ကွာရှင်းဖို့ ဘာ့ကြောင့်များ အချိန်ဆွဲနေခဲ့ပါလိမ့်၊ နောက်ဆုံးမှာ ဒီလိုဒုက္ခတွေနဲ့ပဲ ကြုံရမယ်ဆိုတာ ဘာ့ကြောင့်များ နက်နက်နဲနဲ မတွေးခဲ့မိပါလိမ့် ...။

မခရဲ့ ခတ္တခဏ ငုပ်လျှိုးနေသော ဒေါသများ၊ အမုန်းတရားများ၊ နာကြည်းစိတ်များသည် ထိုမိန်းမရဲ့ ခနိုးခနဲ့သံကြောင့်ပင် ပေါက်ကွဲ ပွင့်ထွက်လာခဲ့သည်။

သူ့ရဲ့ ဂရုစိုက်မှုတွေဟာ ဟန်ဆောင်မှုဆိုတာ မခ ခိုင်ခိုင်မာမာ ယုံကြည်ရမည်။ မိန်းကလေးတစ်ယောက်ကို သေစေခဲ့ပြီး မခကိုလည်း မတရား သိမ်းပိုက်ထားသော သူလို လူယုတ်မာ

www.burmeseclassic.com



မျိုးနှင့် ကြာကြာ ယှဉ်တွဲ မနေသင့်ကြောင်း မခ နားလည်ရမည်။ မခက သူ့ကို သတ်ပစ်ချင်လောက်အောင် မုန်းခဲ့သူလေ။

“နယုန်မိုး ... နယုန်မိုး”

မခသည် သူ့ကို အော်ခေါ်ကာ တစ်အိမ်လုံးအနှံ့ လိုက်ရှာလိုက်သည်။ သူက သူ့အခန်းခွဲအိပ်ရာ အပေါ်ထပ်မှ ဆံပင် ရေစိုကို တဘက်ဖြင့်သုတ်ရင်း ဆင်းလာသည်။

“ကိုယ် ရေချိုးခန်း ဝင်နေလို့၊ ဘာလဲ ... ဗိုက်ဆာလို့ မုန့်ရောင်းမယ့်သူကို လိုက်ရှာနေတာလား ...”

“ကျွန်မကို ကွာရှင်းပေးပါ နယုန်မိုး ...”

သူက မျက်နှာပျက်သွားကာ ...

“ရုတ်တရက်ကြီး ဘယ်လို ဖြစ်တာလဲ ...”

“ရှင် ကျွန်မကို ကွာမလား ... မကွာဘူးလားပဲပြော”

“ကွာမပေးနိုင်ဘူး ...”

“ကျွန်မကတော့ ရှင်နဲ့ ကွာရှင်းမှ ဖြစ်မယ်”

“မင်း ကွာရှင်းချင်ပေမယ့် ကိုယ် ကွာမပေးရင် မင်းဟာ ဘာတတ်နိုင်မှာလဲ မခရယ်၊ ပြီးတော့ ကိုယ့်မှာ ဘာချို့ယွင်းချက်ရှိလို့ ဘယ်လို အကြောင်းပြချက်မျိုးနဲ့ မင်းက ကွာမှာလဲ၊ ကိုယ် မင်းအပေါ် အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ထားခဲ့တာပဲ”





“ဒါက ရှင့်ရဲ့ ခေတ္တ ဟန်ဆောင်မှုတွေ ဖြစ်မှာပေါ့၊ ရှင် ခုချိန်မှာ ဘယ်လိုနေနေ၊ ရှင့် အတိတ်က ပျောက်ဖျက်လို့မှ မရတာ၊ ပြီးတော့ အဲဒီအတိတ်က ကျွန်မအပေါ် အမြဲ မိုးနေမှာ၊ ရှင့် ရည်းစားဟောင်းတွေကို ကျွန်မ အမြဲတမ်း ရင်ဆိုင် ဖြေရှင်းမနေနိုင်ဘူး၊ ရှင် ကျွန်မကိုသာ ကွာရှင်း ပေးပါ၊ လွတ်မြောက်ခွင့်ပေးပါ၊ ကျွန်မ မေမေတို့ဆီ ပြန်ပါရစေ”

“ကွာမပေးနိုင်ဘူး၊ ကိုယ် သေတဲ့အထိ မမျှော်လင့်နဲ့၊ မင်း ကိုယ်နဲ့အတူ မနေချင်ရင် ကိုယ့်ကို သတ်ပစ်မှပဲ ရမယ်”

“သတ်ပစ်ချင်တယ်၊ ရှင့်ကို ကျွန်မ သတ်ပစ်ချင်တယ် သိလား ...”

မခက သူ့ဆီ ပြေးသွားကာ သူ့ရင်ဘတ်ကို ထုနှက်ရိုက်ပုတ်သော်လည်း သူက အံကြိတ်ကာ မျက်ရည်ဝဲလျက် မလှုပ်မယှက် ငြိမ်ခံနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

❁ ❁ ❁

ထိုတယ်လီဖုန်းက မခကို ဆက်တိုက်လိုလို နှောင့်ယှက်နေခဲ့လေသည်။ နယုန်မိုး အပြင် သွားချိန်များတွင် ထိုတယ်လီဖုန်းက မြည်လာခဲ့ကာ မခကို အနှောင့်အယှက် ပေးခဲ့တာ ဖြစ်သည်။

"အခု … နယုန်မိုးနဲ့ သဇင်တို့ ပြန်တွဲနေကြတာ ရှင် သိရဲ့လား နှင်းမခ …"

"ရှင်တို့ကျောင်းက သက်ငုံဆိုတဲ့ ကောင် မလေးကို ကားပေါ်တင်ပြီး လျှောက်သွားနေတာကော ရှင် သိရဲ့လား …"

"ဒါတွေကို ရှင်သိရဲ့နဲ့ ရှင် သူ့နဲ့ ဆက်နေနိုင်တာကိုတို့ အရမ်းအံ့ဩတာပဲ …၊

"နယုန်မိုးက ရှင့်ကို ဂရုစိုက်တာတွေ အပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မယုံစမ်းမိစေနဲ့၊ တို့နဲ့ တွဲတုန်းက ရှိခဲ့ဖူးတဲ့ အမှတ်တရ တွေ တို့ ပြောပြမယ်"

မခက ဖုန်းကို ကယောင်ချောက်ချား လွှတ်ချပြီး အသက်ရှုတွေ ကြပ်လာသည်။ မခသည် အဲ့ဒီ အကြောင်းတွေ ကြားရတိုင်း ဝမ်းပမ်းတနည်း ခံစားရသည်။ မခံမရပ်နိုင်တော့ဘူး နယုန်မိုး ...။

တစ်နေ့တော့ မခက နယုန်မိုးမသိအောင် လျှောက် သွားရင်း ကျောင်းဘက်သို့ ခြေဦးလှည့်မိလေသည်။

မခသည် ကျောင်းရှေ့ ပလက်ဖောင်းပေါ်မှာ ရပ် လျက် ကျောင်းထဲသို့ လွမ်းမောနာကျင်စွာ ငေးကြည့်နေမိလေ သည်။ ဒီအချိန်ဆို ရွှေသစ်တို့လည်း စာသင်နေကြမှာပဲ၊ မခနှင့် ရွယ်တူ တခြား သူငယ်ချင်းတွေလည်း ဒီ UFL ထဲမှာ ပေါ့ပါး ပျော်ရွှင်စွာ ရှိနေကြလိမ့်မည်။

မခကတော့ ...

မခသည် ဝဲလာသော မျက်ရည်များကို လက်ခုံဖြင့် ပင့်သုတ်လိုက်မိသည်။

"မခပါလား ... ဒီကို ဘာလာလုပ်တာလဲ"

နောက်ဘက်မှ အသံကြောင့် မခ လှည့်ကြည့်မိတော့ သဇင်ကို တွေ့ရသည်။ သဇင်က မခကိုကြည့်ကာ မခိုးမခန့်





ပြုံးပြနေသည်။ အဲဒီအပြုံးက မခကို ချောက်ချားစေသည်။ ခုချိန်မှာ မခကို နှုတ်ဆက်သည့် တစ်စိမ်း မိန်းကလေးတိုင်းကို နယုန်မိုးရဲ့ ရည်းစားဟောင်းလို့ ထင်မိတော့အောင် ထိတ်လန့်နေသည်။

မခ သဇင်ရှေ့မှ ချာခနဲ လှည့်ထွက်လာသည်။ ရင်ထဲမှာတော့ ပူပြင်းလောင်မြိုက်လျက် ရှိလေသည်။

မခသည် အိမ်မှာနေလျှင်လည်း ဖုန်းသံကြားတိုင်း နယုန်မိုးရဲ့ အရင်က ရည်းစားဟောင်း တစ်ယောက်ယောက်လား ဟု ထင်ကာ လန့်နေသည်။

အပြင်သွားလျှင်လည်း နယုန်မိုး၏ ရည်းစားဟောင်း တွေနဲ့ ဆုံမလားဟုတွေးကာ ကြောက်နေသည်။

မခသည် နယုန်မိုးနှင့် မျက်နှာချင်း ဆိုင်မိတိုင်း ကွာရှင်းပေးဖို့ကိုသာ တစာစာ တောင်းဆိုနေမိတော့သည်။ နယုန် မိုးကလည်း သူ့အဖြေကို ဘယ်တော့မှ ပြောင်းလဲ မပစ်ချေ။

"ကိုယ် ကွာမပေးနိုင်ဘူး မခ၊ ကိုယ်သေမှပဲ မင်းနဲ့ ကွဲ လိမ့်မယ် ..."

ထိုအခါတိုင်း မခက သတ်ပစ်မယ်ရယ်လို့ ကြိမ်း ဝါးရင်း အသားဆတ်ဆတ် တုန်ရင်လာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

* * *

တစ်ညမှာတော့ မခက သူ့ထံမှ တိတ်တဆိတ် ထွက်ခွာသွားဖို့ ကြံစည်ခဲ့လေသည်။

မခ်သည် သူ့အလစ်မှာ ထွက်သွားဖို့ မခရဲ့ ပစ္စည်းတွေကို သိမ်းဆည်းထားလိုက်ရင်း သူ့ အလစ်ကို စောင့်ရသည်။

သို့သော် သူက မခ်ရဲ့ အကြံကို ရိပ်မိကာ ဘယ်မှ မသွားဘဲ မခကို စောင့်ကြည့်နေပြီး အိမ်သော့၊ ခြံသော့များကို သိမ်းဆည်းထားလေသည်။

အဲဒီ ညနေမှာ မခက သူသောက်မည့် ကော်ဖီခွက်ထဲကို အိပ်ဆေးမှုန့်တွေ တိတ်တဆိတ် ထည့်ထားလိုက်လေသည်။

သူက ညညဆို ဧည့်ခန်းထဲမှာ စာအုပ်တစ်အုပ် ကော်ဖီတစ်ခွက်ဖြင့် ထိုင်နေတတ်မြဲ ဖြစ်သည်။ ထိုညမှာလည်း သူက ကော်ဖီခွက်ကို ဧည့်ခန်းထဲ ယူလာကာ စားပွဲပေါ်မှာ ချထား



www.burmeseclassic.com

www.burmeseclassic.com



ပြီး မဂ္ဂဇင်းစာအုပ် တစ်အုပ်ကို စိတ်ဝင်တစား ဖတ်နေခဲ့သည်။ စာဖတ်ရင်း Toilet ထသွားချိန်မှာ မခက အိပ်ဆေးခပ်လိုက်တာ ဖြစ်သည်။

သူက ဒရင်းဘတ်ပေါ်မှာ ပြန်လာထိုင်လိုက်ပြီး ကော်ဖီခွက်ကို တစ်ဝက် မော့သောက်လိုက်လေသည်။

နယုန်မိုးသည် ကော်ဖီတစ်ဝက် သောက်ပြီးသွားချိန်မှာ စိတ်ထဲမှာ သင်္ကာမကင်းသလို တစ်မျိုးကြီး ခံစားလိုက်ရပါသည်။ အရသာဟာ တစ်မျိုးကြီးလိုပင်။

သူက စိတ်ထင်လိုပဲ နေမှာပါလေဟု တွေးကာ နောက်ထပ် တစ်ငုံ ထပ်သောက်လိုက်ပြန်သည်။

မကြာခင် သူ့တစ်ကိုယ်လုံး လေးလံလာတာကို ခံစားလိုက်ရပြီး မျက်ခွံတွေ စင်းကျလာခဲ့သည်။

သူက ခပ်လှမ်းလှမ်း တီဗီရှေ့ ဆိုဖာပေါ်မှာ ထိုင်ကာ တီဗီကြည့်နေသော မခကို လှမ်းကြည့်လိုက်သည်။ မခက တီဗီကြည့်သလိုလိုနှင့် သူ့ကို အကဲခတ်သလို လှမ်းကြည့်နေသည်။ သူ ရုတ်တရက် ထင့်ခနဲ ဖြစ်သွားကာ ...

"မင်း ... ကိုယ့်ကို အိပ်ဆေးခတ်ထားသလား မခ"

"ဟုတ်တယ် ... ရှင် အေးအေးဆေးဆေး အိပ်လိုက်ပါ"

မခက သူ့ရှေ့မှ ထကာ အခန်းထဲသို့ ဝင်သွား





သည်။ သူက ပိုလေးလာသော မျက်ခွံတွေကို ပင့်ကာ မျက်လုံးကို တအားပြူးထားရင်း ဖြုန်းခနဲ ထရပ်လိုက်တော့ လူက မဟန်နိုင်ဘဲ ယိမ်းယိုင်သွားသည်။

မခ ထွက်သွားတော့မှာ မဟုတ်လား။

မခကို တားမှ ဖြစ်မည်။

သူက ဗေစင်ဆီသို့ ဝုန်းခနဲ ပြေးသွားကာ မျက်နှာသစ်ပြီး ခေါင်းပေါ် ရေတွေ လောင်းချပစ်လိုက်သည်။

အား ... အမြင်တွေ ဝါးလာပြီကွာ ... ။

သူမ အခန်းထဲမှ ခရီးဆောင်အိတ်ကို ဆွဲ၍ ထွက်လာသော မခကို ရိပ်ခနဲ လှမ်းမြင်လိုက်ရသည်။

"မခ ... မခ ... ၊ မင်း မသွားနဲ့၊ မင်း မသွားရဘူး"

သူက မခဆီ ပြေးသွားဖို့ ကြိုးစားလိုက်သော်လည်း ထိုနေရာမှာပင် ဒူးတွေ ညွတ်ကျသွားသည်။ သူက လက်လှမ်းမီရာ ရေခဲသေတ္တာကို ဆွဲဖွင့်ကာ ရေဘူးတွေ ဆွဲယူပြီး သူ့တစ်ကိုယ်လုံးပေါ် လောင်းချလိုက်သည်။ အား ... အိပ်လို့ မဖြစ်ဘူး။ လုံးဝ အိပ်ပျော်သွားလို့ မဖြစ်ဘူး။

"ရှင် အေးအေးဆေးဆေး ကျန်ခဲ့ပါ နယုန်မိုး၊ ရှင့်ဆေး တွေ ဘယ်မှာလဲ၊ ပြောပါ ..."

မခသည် ခရီးဆောင်အိတ်ကိုချကာ အပေါ်ထပ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းသို့ ပြေးတက်သွားသည်။ သော့တွေက သူ့အခန်းထဲမှာ အလွယ်တကူပင် ယူလို့ရနိုင်သော နေရာမှာ ရှိသည်။

သူက ရုတ်တရက် အာခေါင်ထဲသို့ လက်ထိုးကာ အန်ချပစ်လိုက်သည်။ ကော်ဖီရည်တွေ ပြန်ထွက်လာတော့ သူ့ရဲ့ ထုံထိုင်းမှုက သက်သာသွားသည်။

သူ အပေါ်ထပ်သို့ ပြေးတက်လိုက်သည်။ လှေကားထပ် အရောက်မှာ သော့တွဲယူပြီး သူ့အခန်းထဲမှ ထွက်လာသော မခနှင့် ဆုံလေသည်။

"ဟင် ... ရှင် မအိပ်သေးဘူးလား"

"ကိုယ် အန်ပစ်လိုက်ပြီ၊ ပေး ... ကိုယ့်ကို သော့ ပြန်ပေးပါ"

"မပေးဘူး ..."

သူက တရိပ်ရိပ် မူးဝေလျက်နှင့်ပင် မခ လက်ထဲက သော့ကို လိုက်လုနေခဲ့သည်။

မခက သော့တွဲကို နောက်မှာ ဖွက်ထားကာ နံရံကို မှီ၍ ရပ်နေရင်း ...

"ရှင် ... မတားပါနဲ့ နယုန်မိုး၊ ကျွန်မကို လွတ်မြောက်ခွင့် ပေးပါ၊ ရှင့်ကြောင့် ကျွန်မ ဘယ်လောက် ခံစားရတယ် ဆိုတာ နားလည်ပေးပါ"

နယုန်မိုးသည် မခကို စိုက်ငေးကြည့်ရင်း ငြိမ်သက်သွားလေသည်။





ကိုယ်ကရော မခံစားရဘူးထင်သလား မခရယ် ...။

မင်းကို ခေါ်လာမိတဲ့ညမှာပဲ မင်းရဲ့ အပြစ်ကင်းတဲ့ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း မထိရက် မတို့ရက် သိပ် ချစ်သွားခဲ့မိပါတယ်၊ ဒါပေမယ့် အချစ်ဆိုတာကို သိလိုက်ရတဲ့ အချိန်မှာ မင်းက ကိုယ့်ကို အရမ်း မုန်းသွားခဲ့ပြီလေ ...။

"ရှင် ဖယ်ပေးပါ နယုန်မိုး ..."

"မသွားပါနဲ့ မခရယ် ..."

ရင်ခေါင်းထဲက ထိုးထွက်လာသော သူ့ရဲ့ တီးတိုး ရှိုက်ငင် တောင်းပန်လိုက်သံကြောင့် မခလည်း ငြိမ်သက်သွားခဲ့ရ ပါသည်။

သူက နီရဲ စိုစွတ်သော မျက်ဝန်းများဖြင့် မခကို စိုက်ကြည့်ရင်းကပင် ...

"မင်းလိုပဲ ကိုယ်လည်း ခဏခဏ စိတ်ကူးယဉ်ခဲ့ပါတယ်၊ မခရယ်၊ တစ်နေ့မှာ အချစ်ကို တွေ့ရင်ပေါ့ ...၊

"မိန်းကလေး တစ်ယောက်ကို စစ်မှန် နက်ရှိုင်းတဲ့ အချစ်မျိုးနဲ့ သိမ်သိမ် မွေ့မွေ့လေး ချစ်မိသွားချင်တယ်၊ အဲ့ဒီ မိန်းကလေးရဲ့ အချစ်ကိုလည်း ခံယူချင်တယ် ...၊

"ကိုယ့် ဖေဖေက ကိုယ့်အတွက် ဒီအိမ် ကလေးကို လက်ဆောင်ပေးခဲ့တုန်းက တစ်နေ့ကျရင် ဒီ အိမ်ကလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကချစ်ပြီး ကိုယ့်ကိုချစ်တဲ့ ချစ်သူလေး တစ်ယောက် ရယ်၊ ကိုယ့်တို့က မွေးဖွားလာမယ့် ကလေးလေးတွေရယ်နဲ့ အတူနေမယ်လို့ စိတ်ကူးယဉ်ခဲ့တယ် ...၊

"အချစ်ဆိုတာကို မခံစားရသေးခင်ကတည်းက ကိုယ့်ဘဝထဲကို ဘယ်တော့ ရောက်လာမယ်မှန်း မသိတဲ့ အိမ်မက်နတ်သမီးလေးကို မျှော်လင့်ရင်း ကျောင်းပိတ်ရက် တိုင်း ဒီကိုလာပြီး ဒီအိမ်လေးကို စိတ်တိုင်းကျ ပြုပြင် ပြင်ဆင်ခဲ့တယ်၊ အပင်လေးတွေ စိုက်ခဲ့တယ် ...၊

"ဒါပေမယ့် ကိုယ့်စိတ်ကူးတွေ အားလုံး အလကား ပါပဲ၊ ကိုယ် မိန်းကလေး တစ်ယောက်ကို ချစ်မိသွားတဲ့ အချိန်မှာ အဲ့ဒီ မိန်းကလေးက ကိုယ့်ကို ခါးခါးသီးသီး မုန်းနေခဲ့ပြီ ...၊ သူ့ဆီက အမုန်းတွေပဲ ကိုယ် လက်ခံထား ခဲ့ရတယ်၊ ကိုယ် စိတ်ကူးတွေ ယဉ်ပြီး မွမ်းမံခဲ့တဲ့ ဒီအိမ် ကလေးကို သူက မမြတ်နိုးဘဲ ဖျက်ဆီးချင်ခဲ့တယ်၊ ဒီအိမ် ကလေးက သူ့ကို ပျော်ရွှင်မှု မပေးနိုင်ခဲ့ဘူး"

အို ... မဟုတ်ဘူး။ အဲ့ဒါ ညာနေတာ၊ သူ သရုပ် ဆောင်ပြနေတာ။

မခသည် သူ့စကားတွေထဲတွင် နစ်မွန်းငိုက်ကျသွား လုဆဲဆဲ စိတ်ကို သတိပြန်ပေးကာ သူ့ကို ရှောင်ကွင်းထွက်ဖို့





ကြိုးစားလိုက်သည်။ သို့သော် သူက လှေကားထိပ်မှ ပိတ်ရပ် နေခဲ့ကာ ...

"ကိုယ့်မှာ သာမန် လူငယ်လေးတစ်ယောက် [illegible] အမှား သေးသေးလေးတွေပဲ ရှိခဲ့ဖူးပါတယ် [illegible] လိမ်ညာ လှည့်ဖျားခဲ့မိတာ တစ်ခုသာ ကိုယ့်ဘဝမှာ အကြီး မားဆုံး မှားခဲ့တဲ့ အမှားပါ၊ အဲ့ဒီအတွက် ကိုယ် [illegible] အနူးအညွတ် တောင်းပန်ပါတယ်၊ ကြေပါတော့ [illegible] ကိုယ့်အမှားအတွက် အတတ်နိုင်ဆုံး ပြန်ပြီးတော့ ပေးဆပ် ပါ့မယ် ...၊

"ရာဇဝတ်မှု ကျူးလွန်တဲ့ သူတွေတောင်မှ သူတို့နဲ့ ထိုက်တန်တဲ့ ပြစ်ဒဏ်ကို ကျခံပြီးရင် လွတ်မြောက်တဲ့ တစ်နေ့ကို ရောက်လာရပါသေးတယ်၊ မခ ပေးတဲ့ အပြစ် ကို ခံပြီး မခ ခွင့်လွှတ်လာမယ့် တစ်နေ့ကို ကိုယ် စိတ်ရှည် လက်ရှည် စောင့်ပါ့မယ် ..."

သူက ရတ်တရက် ရေစိုရွှဲနေသော သူ့ ရှပ်အင်္ကျီ ရင်ဘတ်ကို ဖျတ်ခနဲ ဖွင့်လိုက်ရင်း သူ့ ဘယ်ဘက်ရင်အုံကို ဖိ ကာ ...

"မင်္ဂလာဦးညတုန်းက ဒီ နှလုံးဟာ ရက်စက်ကောက်ကျစ် တဲ့ နှလုံးဆိုပြီး မင်း ကုတ်ခြစ်ပစ်ခဲ့တယ်၊ ခုထိ ဒဏ်ရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ထင်ကျန်နေတုန်းပဲ မခ၊ ကိုယ်ကလည်း ဖြစ်နိုင်ရင် မင်း အမုန်းတွေကို မနိုင်မနင်း လက်ခံထားရတဲ့ ဒီနှလုံးကို ဆွဲထုတ်ပြီးလှှင့်ပစ်ချင်ပါတယ်၊ တကယ်တော့ ဒီနှလုံးမှာ မင်းကို ချစ်တဲ့စိတ်တွေလည်း ရှိနေခဲ့တာကို မင်း မမြင်ခဲ့ လို့ပါ မခရယ် ...”

သူ့ ဘယ်ဘက်ရင်ဘတ်မှာ ခပ်ဖြူဖြူ လက်သည်း စင်းရာများ ထင်ကျန်နေတာကို မခ ခပ်ကြောင်ကြောင် ငေးစိုက် ကြည့်ရင်း မွန်းကြပ်လာသည်။ မခသည် ခံစားမှုများစွာဖြင့် တုန် လှုပ်လာကာ ...

“ရှင် ကျွန်မကို ချစ်ခဲ့တယ်ဆိုရင်တောင် ရှင် ချစ်တဲ့သူ အပေါ် အမှားတွေ ကျူးလွန်ခဲ့ပြီးပြီ၊ ဘာပဲပြောပြော ရှင်ဟာ လူယုတ်မာပဲ၊ ရှင့်ကြောင့် မိန်းကလေးတစ်ယောက် သေခဲ့ ဖူးတဲ့ အဖြစ်ကို ကျွန်မ ဘယ်တော့မှ မမေ့ဘူး”

“လောကမှာ ကိုယ် အရှက်ဆုံးက မိန်းကလေးတစ်ယောက် ရဲ့ အတင်းကို ပြောရမှာကိုပဲ မခ ...”

“ယောကျ်ားတစ်ယောက်က မိန်းကလေး တစ် ယောက်ကို ဖွတ်အတင်း လိုက်နှောင့်ယှက်ခဲ့ရင်၊ ဒုက္ခပေး ခဲ့ရင်၊ ညာဏ်နီညာဏ်နက်တွေ သုံးခဲ့ရင် အဲ့ဒီ မိန်းကလေး က အဲ့ဒီ ယောကျ်ားလေးကို မုန်းတီးကြောင်း ပြတ်ပြတ်





သားသား ပြောပြီး ရှောင်ဖယ်လို့ ရတယ်၊ ရန်တွေ့လို့ရ တယ်၊ တခြားသူကို ပြောပြဦးတော့ တင့်တယ်သေး တယ် ...၊

“ဒါပေမယ့် ကိုယ်တို့ ယောကျ်ားလေးတွေ မှာတော့ အဲဒီလို အခွင့်အရေး မရှိဘူး၊ တကယ်လို့ အမှန်အတိုင်း ပြန်ပြောမိရင်တောင် ယောကျ်ားဖြစ်ပြီး မိန်းမ တစ် ယောက်ရဲ့ အတင်းကို ပြောတယ်ဆိုပြီး အထင်သေးခံရ သေးတယ် ...၊

“မေမိုးလည်း မရှိတော့တဲ့ အချိန်မှာ ကိုယ် ဘာမှ မပြောချင်တော့ဘူး၊ ဒါပေမယ့် ကိုယ် မေမိုးအပေါ် မမှား ခဲ့ဘူး၊ မေမိုးသေရတာ ကိုယ့်ကြောင့်လည်း မဟုတ်ခဲ့ ဘူး ...”

“ဒါက ရှင့် အပြောပါ၊ ရှင့်လို ပွေရှုပ်တဲ့ လူတစ်ယောက် ရဲ့စကားကို ကျွန်မ ဘယ်တော့မှ မယုံဘူး”

“ပွေရှုပ်တယ်ဆိုတဲ့ နာမည်ကို ကိုယ်ရခဲ့တာလည်း အံသြ စရာပဲ၊ တစ်နေ့မှာ အချစ်ကို တွေ့ရင်လို့ ကိုယ် စိတ်ကူး ယဉ်ခဲ့တဲ့ အချိန်တွေတုန်းက ကိုယ်က မဖိတ်ခေါ်ဘဲ ကိုယ့် ဘဝထဲကို ဝင်ချင်ခဲ့တဲ့ သူတွေက ကိုယ့်အတွက် ဒီနာမည် ဆိုးကို ပေးခဲ့တယ် ထင်ပါရဲ့ ...”



www.burmeseclassic.com

www.burmeseclassic.com



သူက ခေါင်းငုံ့လျက် တိုးတိတ်စွာ ညည်းတွားလိုက်ပြန်သည်။

မခသည် သူ့ စကားတွေထဲ နစ်မွန်းသွားမလို ဖြစ်သွားလိုက်၊ သတိပြန်ဝင်လာလိုက်ဖြင့် မိန်းမောနေရာမှ အားတင်းလျက်နှင့်ပင် ...

"မယုံဘူး ... မယုံဘူး၊ ရှင် ဘာပြောပြော ကျွန်မ မယုံဘူး"

ဟု အော်လိုက်ရင်း မခ ရှေ့မှ ရပ်နေသော သူ့ကို တွန်းတိုက်လျက် လှေကားဆီသွားဖို့ ကြိုးစားလိုက်လေသည်။

သူက မခကို တားထားရင်း ...

"မခ ... မသွားပါနဲ့"

"ဖယ် ... ရှင် ကျွန်မရှေ့က ဖယ် ..."

"မဖယ်ဘူး"

"ရှင့်ကို ကျွန်မ အရမ်းမုန်းတယ်၊ သတ်ပစ်ချင်တယ်၊ သိရဲ့လား"

"မင်း သတ်ချင်ရင် သတ်လိုက်ပါ ..."

"ကဲ ..."

"အ ..."

မခက ဖျတ်ခနဲ ဆောင့်တွန်းပစ်လိုက်ရာ သူက လှေကားပေါ်မှ ဒလိမ့်ခေါက်ကွေး ကျသွားလေသည်။





"ဟင် ..."

မခသည် လှေကား တစ်ဆစ်ချိုးဆီမှာ လဲကျနေသော သူ့ကို ငုံ့ကြည့်ရင်း ကြက်သေသေနေဆဲ ခြံစောင့်ကြီး ဦးသာညွန့်က လှေကား တစ်ဆစ်ချိုးဆီ တဝုန်းဝုန်း ပြေးတက်လာကာ ...

"မင်း ... ဘယ်လိုလုပ်လိုက်တာလဲ ကလေးမ၊ ကိုယ့်ယောကျ်ားကို သတ်ပစ်တဲ့အထိ မုန်းရလားဟင် ..."

ဦးသာညွန့်က နယုန်မိုးကို ပွေ့ကာ ဟိုဟိုဒီဒီ စမ်းသပ်လိုက်ရင်း ...

"သေပြီ ... ယုန်ကလေး သေပြီ၊ ဒီလို အမြင့်က ကျရင် ဦးနှောက်ထဲကို သွေးယိုပြီး သေတာပဲ၊ မင်း လုံးဝ ထွက်မပြေးနဲ့၊ ငါ ယုန်ကလေး မိဘတွေကို ခေါ်လိုက်မယ်"

ဦးသာညွန့်က တယ်လီဖုန်းဆီ ပြေးသွားချိန်တွင် မခက နယုန်မိုးကို ပြေးပွေ့ထားလိုက်ပြီး ရင်ခွင်မှာ ဖိအပ်လိုက်မိပါသည်။

"ဟင့်အင်း ... ဟင့်အင်း ... မဟုတ်ဘူး၊ ရှင့်ကို ကျွန်မ သတ်တာ မဟုတ်ဘူး ဟုန် ..."

မခသည် သွေးရူးသွေးတန်း ဖြစ်နေကာ မျက်ရည် မကျနိုင်ဘဲ ခပ်ကြောင်ကြောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ထဲက ဆိုးဆိုးဝါးဝါး ထိုးအောင့်လာကာ သူ့ပါးကို မခပါးဖြင့် အပ်လိုက်မိစဉ် ခဏမှာ မခရဲ့ အတွင်းစိတ်ကို မခ ပြန်မြင်ရလေသည်။

သူ့ကို တွေ့စတုန်းကလေ ... မခကို ကလေးတစ်ယောက်လို ချစ်စနိုး ဆက်ဆံရင်း မခ လက်ကကြိုးကို ဖြည်ပေးခဲ့တဲ့ သူ့ကို ညွတ်ချင်သွားတဲ့ စိတ်ဟာ သူ့ရဲ့ ပွေရှုပ်တဲ့ သတင်းတွေကြောင့် မခ နှလုံးသားရဲ့ ဟိုးအတွင်းပိုင်း နက်နက်ထဲမှာ သွားပုန်းနေပြီး သိစိတ်နဲ့ သူ့ကို မုန်းခဲ့တာ ...။ အဲ့ဒါ ချစ်ခဲ့လို့ပါ နယုန်မိုးရယ်။

ကိုယ်ချစ်မိတဲ့ သူကို ခြောက်ပစ်ကင်း သဲလဲစင် ဖြစ်စေချင်တာတဲ့ စိတ်ဟာ အလိုမပြည့်ခဲ့လို့ အမုန်းအဖြစ် ပြောင်းသွားခဲ့ရတာပါ။

လက်ထပ်ပြီးတဲ့ နောက်မှာ မခအပေါ် ဂရုစိုက်ခဲ့တာတွေကို သာယာချင်မိပေမယ့် မယုံကြည်ရဲခဲ့လို့ ရုန်းထွက်ချင်ခဲ့တာပါ။

မခ အပြင် တခြားမိန်းမ ဆိုတာကို မသိ၊ မမြင်၊ မကြားရဲလို့ ...၊ သဝန်တိုခဲ့မိလို့ ရှင့်ကို ရန်ပြုခဲ့မိတာပါ ...။

မခစိတ်တွေ ညွတ်ကျသွားမှာစိုးလို့ ကိုယ့်ကိုယ်ကို သတိပေးရင်း အမုန်းဆိုတာကို ထပ်တလဲလဲ ရေရွတ်ပြခဲ့မိတာပါ။





အချစ်ကို မျှော်လင့်မိခဲ့တဲ့ မိန်းမ တစ်ယောက်ဟာ လှည့်စား ဖျားယောင်းခြင်းတွေကိုပဲ လက်ခံခဲ့ရလို့ နာကြည်းညိုးတေးခဲ့မိတာပါ။

ဒေါသအလျှောက် တွန်းခဲ့မိပေမယ့် ရှင့်ကို သေစေလိုတဲ့ ရည်ရွယ်ချက်မျိုး မရှိခဲ့ပါဘူး နယုန်မိုးရယ် ...။

မခသည် နယုန်မိုးကို ပွေ့ဖက်ကာ ပါးချင်းအပ်ထားရင်း သတိလစ်လုမတတ် အသိစိတ် ကင်းလွတ်လာသည်။

ထိုခဏအတွင်း နယုန်မိုးရဲ့ မိဘတွေ ရောက်လာပြီး ဦးသာညွှန့်ရဲ့ အသံကို ဝိုးတဝါး ကြားရသည်။

"သူ တွန်းချပြီး သတ်ခဲ့တာပဲ ဆရာ သူ ယုန်ကလေးကို သေစေချင်နေတာ ကြာပြီ ...၊ ခဏခဏ သတ်ပစ်မယ်လို့ ကြိမ်းဝါးနေတာလည်း ကျွန်တော် ကြားဖူးတယ်၊ အခုလည်း သူ့ပါးစပ်က သတ်ပစ်မယ်လို့ ပြောပြီး တွန်းချပစ်လိုက်တာ ကျွန်တော့် ရှေ့တင်ပဲ၊ ခုတော့ သေရှာပါပြီဗျာ၊ အဟင့် ... ဟီး ... ဟီး ... ကျွန်တော့် မျက်စိရှေ့မှာတင် ကြီးလာခဲ့တဲ့ ဒီကလေး ... မိန်းမတစ်ယောက်ကြောင့် သေရှာပါပြီ၊ ရုပ်ကလေးနဲ့မှ မလိုက် ရက်စက်လိုက်တာ၊ ရဲကိုသာ ဖုန်းဆက် ခေါ်လိုက်ကြပါဗျာ ..."

ဦးသာညွှန့်က ရှိုက်ကြီးတငင် ပြောနေဆဲ နယုန်မိုးမိဘတွေက ဦးသာညွှန့်ကို တွန်းဖယ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကလည်း တစ်မျိုးဗျာ၊ လေကား ခြောက်ထစ်လောက်က ကျတာ မသေနိုင်ပါဘူး၊ ခဏ ဖယ်စမ်းပါ"

နယုန်မိုး မိခင်က နယုန်မိုးကို ဖက်တွယ်ထားသည့် မခကို ဆွဲဖယ်ရင်း ...

"မခ ... သမီး ... သတိထားစမ်း၊ ဖယ် ... ဖယ် ... ခဏလွှတ်၊ မေမေ ကြည့်ဦးမယ်"

နယုန်မိုး ဖခင်က နယုန်မိုးကို ပွေ့ယူလိုက်ဆဲ နယုန်မိုးက ညည်းညူသံ တစ်ချက်ဖြင့် လူးလွန့်လာကာ ...

"မဟုတ်ဘူး ... မခ ကျွန်တော့်ကို တွန်းချတာ မဟုတ်ပါဘူး ..."

ဟု အားယူ၍ ပြောလိုက်သည်။ မခသည် သူ့ကို ကြိုး ပွေ့ကာ သူ့ရင်ဘတ်မှာ မျက်နှာအပ်ရင်း ဆို့နင့်နေသည်။

"သား ... နေသာရဲ့လား"

"မသေလောက်ပါဘူး ဖေဖေရာ၊ နည်းနည်းတော့ မူးနေတယ်"

နယုန်မိုးက ခပ်တိုးတိုး ပြန်ပြောရင်း သူ့ရင်ခွင်ထဲက မခရဲ့ ခေါင်းလေးကို ဖွဖွပွတ်သပ် နစ်သိမ့်ပေးလိုက်သည်။

ထိုစဉ် တယ်လီဖုန်းသံ မြည်လာတာမို့ နယုန်မိုး မေမေက သွားကိုင်လိုက်ပြီး ...





"သမီး ... သမီး သူငယ်ချင်း သစ်သစ်တဲ့၊ အရေးတကြီးကိစ္စရှိလို့ အခု ပြောပါရစေတဲ့၊ ကိုင်လိုက်ပါဦး သမီး ...၊ သားအတွက် မစိုးရိမ်ပါနဲ့၊ ဘာမှ မဖြစ်ပါဘူး"

နယုန်မိုး ရင်ခွင်ထဲမှာ ပျော့ခွေ ရှိုက်ငင်နေသော မခကို နယုန်မိုး မေမေက ဖေးမ ဆွဲထူပေးလိုက်ပြီး ကော့ဒ်လက်ဖုန်းကို ယူလာကာ မခလက်ထဲ ထည့်ပေးလိုက်သည်။

မခက ဖျော့တော့သော အသံကလေးဖြင့် ...

"ဟဲလို ... ရှေ့သစ် ..."

"ဟဲ့ ... မခ နင့်ကို သတင်းထူး ပြောမလို့ သိလား၊ ငါ မေမိုးအကြောင်း အားလုံး သိပြီးပြီ၊ မေမိုးသေတာ နယုန်မိုးနဲ့ ဘာမှ မဆိုင်ဘူး၊ ငါ အခုပဲ အန်တီလှနဲ့ တွေ့ပြီးပြီ၊ သိလား ..."

မခသည် ဖျော့တော့နေရာမှ ထူမတတ် တက်ကြွသွားကာ ...

"အန်တီလှ ဆိုတာ ..."

"နယုန်မိုး သူငယ်ချင်း ထူးကျော်လှရဲ့ အမေ၊ ငါ့အမေရဲ့ သူငယ်ချင်းပေါ့၊ အန်တီလှက စိန်ဆိုင်ဖွင့်ထားတာလေ၊ မေမေ့ဆီ ခဏခဏ လာပြီး စိန်ပြတတ်တယ်၊ အဲဒါနဲ့ စကားစပ်မိရင်းက မေမိုးအကြောင်း ပြောဖြစ်တာ၊ သူ့သား



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ပြောပြောနေလို့ မေမိုးက နယုန်မိုးကို ဝင်ရောတာတွေ အားလုံး သူသိထားတယ်တဲ့၊ တစ်ညတော့ မေမိုးက အိမ်က ဆင်းလာပြီး နယုန်မိုးကို အတင်းခေါ်နေလို့ နယုန်မိုးက အကူအညီတောင်းတာနဲ့ သူ့သားနဲ့အတူ လိုက်သွားပြီး ဖြေရှင်း ပေးရသေးတယ်တဲ့၊ မေမိုးက ရဲတာ အလွန်ပဲ တဲ့၊ အဲ့ဒီညက ကိစ္စနဲ့ အညိုးထားပြီး မေမိုးက နယုန်မိုး ကို သွားပုပ်လေလွှင့် ပြောတာတွေလည်း သူ့သားပြောလို့ သူ ကြားရတယ်တဲ့၊ ဟဲလို ... ဟဲလို ... ကြားလား"

မခသည် ရွှေသစ် စကားကိုဆုံးအောင် နားမထောင် မိတော့ဘဲ ဖုန်းကို ချပစ်လိုက်ပြီး နယုန်မိုးရှေ့မှာ ဒူးတုပ်ထိုင်ချ လိုက်မိသည်။ မခလည်း တောင်းပန်ချင်ပါရဲ့ နယုန်မိုးရယ်။

မခက သူ့ကို ငေးကြည့်ရင်း မျက်ရည်ကျနေမိတာ မို့ သူက မခ ပါးပေါ်က မျက်ရည်တွေကို လှမ်းသုတ်ပေးလိုက် သည်။

ထိုခဏမှာ ခြံရှေ့ဆီမှ အရေးပေါ် လူနာတင်ကား အသံကို ကြားလိုက်ရသည်။ နယုန်မိုး ဖေဖေက နယုန်မိုး ဝခုံးကို ဖွဖွပုတ်၍ ပြုံးလိုက်ရင်း ...

"ဦးသာညွန့် ပြောပုံက အသည်းအသန်ဆိုတော့ ဖေဖေလည်း ambulance ကား ခေါ်လိုက်မိတယ်၊ ဖေဖေ့ ဆေးရုံက



BURMESE CLASSIC .com



ကားပါပဲ၊ ဆရာဝန်လည်း ပါလာလိမ့်မယ်၊ ဆေးရုံတော့ ခဏ လိုက်သွားပေါ့ကွာ၊ ခေါ်ထားမိတာ အားနာစရာ ကြီး ..."

ဖေဖေ ပြောနေဆဲ ambulance ကားထဲမှ လူနာတင် ကပ် ကိုင်ထားသူတွေ အိမ်ထဲ ပြေးဝင်လာသည်။

နယုန်မိုးက အသာပြန်မှိန်းနေကာ ကပ်ပေါ် ဇိမ်နဲ့ ပါသွားသည်။ မခလည်း နယုန်မိုးနှင့်အတူ ကားပေါ် တက်လိုက် လာခဲ့ရပါသည်။

ambulance ကားပေါ်ရောက်တော့ နယုန်မိုးက ဆရာဝန်ကို ကြည့်ရင်း ...

"ဟာ ... ဒေါက်တာပါလား၊ မတွေ့တာတောင် ကြာပြီ နော်၊ ကျွန်တော်လည်း ဖေဖေ့ ဆေးရုံကို မရောက်ဖြစ်တာ ကြာပြီ"

"ဟင် ... မင်း အဖေပြောတော့ မင်း အသည်းအသန်ဆို"

"လေကား ခြောက်ထစ်က ကျတာလေ၊ ခေါင်းတော့ နည်း နည်းကွဲသွားမလားပဲ၊ ခဏတော့ မူးသွားတယ်၊ ခုတော့ ဘာမှ မဖြစ်တော့ပါဘူး"

"ဟာ ... ဒါဆို အသက်နဲ့ အဝေးကြီးပဲ ..."

"သေချာအောင် နည်းနည်းတော့ စမ်းသပ်ပေးဦး"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က နယုန်မိုးကို သေချာစမ်းသပ်ပေးပြီး ...

"ခေါင်းကို ဆေးထည့်ပေးလိုက်မယ်၊ ဘာမှ မဖြစ်ဘူး"

ဟုပြောကာ ဆေးထည့် ပတ်တီးစည်းပေးလိုက်သည်။

နယုန်မိုးက ပြုံးစိစိဖြင့် ဆရာဝန်ကို ကြည့်ရင်း ...

"ဒါဆို ဆရာတို့ ရှေ့နားလေးမှာ ဆင်းလိုက်ပါလား ဆရာ၊ ဟဲ ... ဟဲ ... အားတော့နာပါတယ်၊ ကျွန်တော်တို့ သွားစရာလေး ရှိလို့ ..."

နယုန်မိုးက ဆရာဝန် နားနားကပ်ကာ တီးတိုးပြောလိုက်တော့ ဆရာဝန်က နယုန်မိုး ပခုံးကို ခပ်ဖွဖွ လှမ်းထိုးလိုက်ပြီး ကားကိုရပ်ခိုင်းကာ အလိုက်တသိ ဆင်းသွားကြသည်။ နယုန်မိုးက ကားမောင်းသူကို ဟိုင်းဝေး လမ်းမဘက်သို့ မောင်းရန် အချက်ပြလိုက်သည်။ မခက နယုန်မိုးကို နားမလည်သလို ကြည့်ရင်း ...

"ဘယ်သွားမလို့လဲဟင် ..."

"ဟန်းနီးမွန် ထွက်မလို့လေ"

ambulance ကားလေးက မီးနီလေး တလှုပ်လှုပ်ဖြင့် ဟိုင်းဝေးလမ်းမပေါ်မှာ ပြေးလွှားနေသည်။ မခက နယုန်မိုး ရင်ခွင်မှာ ပါးကလေး ဖွဖွအပ်လို့ ငြိမ်သက် အေးချမ်းနေသည်။ ဒီကမ္ဘာ





မှာ ambulance ကားဖြင့် ဟန်းနီးမွန်း ထွက်သည့် စုံတွဲဆိုလို့ မခတို့ စုံတွဲသာ ရှိလိမ့်မည်လေ ...။

ပုညခင်



www.burmeseclassic.com